DPNS
ပြန်ကြားရေး



# ဗိုလ်ထက်မင်း

# တပ်မတော်အရာရှိတစ်ဦး၏ တင်ပြချက်

DPNS
ပြန်ကြားရေးဌာန

# ဗိုလ်ထက်မင်း

# တပ်မတော်အရာရှိတစ်ဦး
# ၏
# တင်ပြချက်

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း
ပထမအကြိမ်
ဖေဖော်ဝါရီလ၊ ၂၀၀၈ ခုနှစ်

အုပ်ရေ
၁၀၀၀

ထုတ်ဝေသူ
ပြန်ကြားရေးဌာန၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

မျက်နှာဖုံးဒီဇိုင်း
သီဟမောင်မောင်

ဖြန့်ချိရေး
ပြန်ကြားရေးဌာန၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ


P.O Box: 83, Mae Sot, 63110, Tak Province, Thailand.
email: information@dpns.org
http://www.dpnsburmese.org

# စာရေးသူ၏ အမှာ

ကျွန်တော်သည် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ဖြင့် ကြီးမားသော မျှော်လင့်ချက်ထားပြီး တပ်မတော်သားဘဝကို ခံယူခဲ့ပါသည်။ တပ်မတော်အတွင်း စတင်တာဝန် ထမ်းဆောင်လိုက်သည်နှင့်တပြိုင်နက် မျှော်လင့်ထားသလို ဖြစ်မလာဘဲ အထက်လူကြီးများ၏ ရာထူးအာဏာ တည်မြဲရေးအတွက် လက်အောက်ကို နိုင့်ထက်စီးနင်း အပြစ်ပုံချမှု၊ တာဝန်မယူမှု၊ အရာရှိအချင်းချင်း ခွဲခြားဆက်ဆံမှု၊ အထက်အရာရှိကြီးများ၏ မတရား ကိုယ်ကျိုးစီးပွားရှာကြံမှု၊ အဂတိလိုက်စားရာတွင် ကမ်းကုန်အောင်အကျင့်ပျက်နေမှုတို့ကို အံ့သြဖွယ်ရာတွေ့မြင်ခဲ့ရပါသည်။ မြန်မာပြည်သူလူထုအများစုနည်းတူ တပ်မတော်အတွင်းမှ လက်အောက်ငယ်သားများမှာလည်း ဒုက္ခဆင်းရဲကျပ်တည်းမှုကို ခံစားနေကြရ၍ သနားကရုဏာသက်ခဲ့ရသဖြင့် ကျွန်တော်တပ်ရင်းမှူး တာဝန်ထမ်းဆောင်ခဲ့စဉ်တွင် အစွမ်းကုန် ဖြည့်ဆည်းပေးခဲ့မိပါသည်။သို့ရာတွင် ကြိုးနီစနစ်ဖြင့် အထက်ကချုပ်ကိုင်နေမှုကြောင့် ကောင်းရာကောင်းကြောင်းကို လွတ်လပ်စွာ လုပ်ပိုင်ခွင့်မရဘဲ ထိထိရောက်ရောက် မစွမ်းဆောင်နိုင်ခဲ့ပါ။ ၎င်းအပြင် **"ပြည်သူချစ်သော တပ်မတော်"** အစား **"ပြည်သူနှစ်သော တပ်မတော်"** ဖြစ်နေသည်ကို စိတ်မကောင်းစွာ ကြုံတွေ့နေရပါသည်။ **"ပြည်သူ့တပ်မတော်"** ဖြစ်ရမည့်အစား **"ပြည်သူ့သတ်မတော်"** ကေန်စစ်စစ် အမှန်ပင် ဖြစ်နေပါသည်။ လက်ရှိတပ်မတော်တွင် အောက်ခြေအဆင့် ဖြစ်ပျက်ကြုံတွေ့နေရမှုမှန်သမျှကို (NCUB) နိုင်ငံရေးအံ့တုမှုကော်မတီမှထုတ်ဝေခဲ့သော **"တပ်မတော်အတွင်းမှ ဖြစ်ရပ်မှန်များ"** စာအုပ်တွင် ကျွန်တော်တင်ပြခဲ့ပြီးဖြစ်ပါသည်။

ယခု ဒုတိယတွဲစာအုပ်ထုတ်ဝေရသောရည်ရွယ်ချက်မှာ သားသုံးသားတွင် တာဝန်ကျေပွန်ခဲ့ပြီးဖြစ်တဲ့ ဘုရားသား ရဟန်းသံဃာတော်များနဲ့ကျောင်းသားများရဲ့ ရင်ဆို့ဖွယ်ရာ အသက်ခန္ဓာပေးလှူရင်း မြန်မာပြည်သူလူထုအတွက် တိုက်ပွဲဝင်နေသည်ကို မျိုးဆက်သစ်လူငယ်များအားလုံး သိရှိပြီး စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် ဆက်လက် တိုက်ပွဲဝင်ကြရန်ဖြစ်ပါသည်။ ထို့အပြင် သားသုံးသားမှ စစ်သားအနေဖြင့်လည်း ပြည်သူလူထုဘက်ရပ်တည်ခဲ့သူများရှိခဲ့သလို ဆက်လက်၍ သားသုံးသားပူးပေါင်းပြီး ကမ္ဘာ့အလယ်တွင် **"မြန်မာဟေ့"** ဟု ဝင့်ထယ်အောင် ကြိုးစားကြစေလိုကြောင်း ရည်ရွယ်ရင်းဖြစ်ပါသည်။ စစ်အာဏာရှင်တို့၏ မဟာဗျူဟာ၊ နည်းဗျူဟာများကိုလည်း ဒီမိုကရေစီဘက်တော်သားအားလုံးသိရှိပြီး တော်လှန်ရေးသတိဖြင့် အောင်မြင်မှုပန်းတိုင်သို့ ချီတက်နိုင်စေရန်လည်း ရည်ရွယ်ပါသည်။

စာရေးသူသည် တပ်မတော်တွင် အမှုထမ်းဆောင်စဉ် အတောအတွင်း တပ်စုမှူးသင်တန်း၊ တပ်ခွဲမှူးသင်တန်း၊ အထူးသင်တန်းများဖြစ်ကြသည့် တိုက်ပွဲထောက်လှမ်းရေး အရာရှိသင်တန်း၊ တန်ပြန်ထောက်လှမ်းရေးအရာရှိသင်တန်း၊ ဦးဆောင်ချေမှုန်းရေးအရာရှိသင်တန်း၊ တိုက်ပွဲဝင်စည်းရုံးရေးမှူမ်းမံသင်တန်းနှင့် နိုင်ငံခြားဘာသာသင်တက္ကသိုလ်မှ သင်တန်းတို့ကို တက်ရောက်အောင်မြင်ခဲ့ပါသည်။ တပ်မတော်၌ တိုက်ပွဲအတွေ့အကြုံများကို အရာရှိငယ်ဘဝမှာကတည်းကပင် များစွာရရှိခဲ့ကာ ထောက်လှမ်းရေးတပ်ဖွဲ့မှူး တာဝန်အပြင် စစ်ဦးစီးမှူး (တတိယတန်း)၊ စစ်ဦးစီးမှူး (ဒုတိယတန်း) နှင့် တပ်ရင်းမှူးတာဝန်များကိုပါ ထမ်းဆောင်ခဲ့ပြီး နအဖက ပေးအပ်သောအရေးကြီးတာဝန်များကိုလည်း ထမ်းဆောင်ခဲ့ပါသည်။ ဤသို့ရေးသားတင်ပြရာတွင် စာရေးသူအနေဖြင့် ယခုအချိန်တွင် လုံခြုံရေးဘဝအာမခံချက်မရှိသေး၍ နာမည်ရင်းကို ဖော်ပြခွင့်မပြုနိုင်ခြင်းအား နားလည်ခွင့်လွှတ်ပေးစေလိုပါသည်။ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အကူအညီပေးကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်လိုပါသည်။

**စာဖတ်သူများအားလုံးကို လေးစားစွာဖြင့်**
**ဗိုလ်ထက်မင်း**

■

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း (ဘုရားသား၊ ကျောင်းသား၊ စစ်သား) | ၁၁ |
| | အခန်းကြီး (၁) | |
| | ကျောင်းသား | |
| ၂။ | မြန်မာ့နိုင်ငံရေးနှင့် မဟာကျောင်းသား | ၁၅ |
| ၃။ | ဆဲဗင်းနိဂျူလိုင်နိဒါန်း | ၁၇ |
| ၄။ | ရန်ကုန်တက္ကသိုလ် | ၂၀ |
| ၅။ | နိုပ်ကွပ်မှုကြားက ဆက်တိုက်လှုပ်ရှားမှုများ | ၂၃ |
| ၆။ | ၁၉၈၈ ခု အရေးအခင်းအစ ကျောင်းသားတွေက | ၂၆ |
| ၇။ | မဆလအစိုးရပြုတ်ကျခဲ့တဲ့ အောင်မြင်မှု | ၂၉ |
| ၈။ | ''စွန့်လွှတ်စွန့်စား'' ကျောင်းသားစိတ်ဓာတ်များ | ၃၂ |
| ၉။ | လှေခွက်ချည်းကျန် အလံမလှဲ | ၃၅ |
| | အခန်းကြီး (၂) | |
| | စစ်သား | |
| ၁၀။ | စစ်အာဏာရှင်နှင့်စစ်တပ် | ၄၃ |
| ၁၁။ | ပြည်သူ့တပ်မတော်သား အစစ်အမှန်များ | ၄၅ |
| ၁၂။ | မြွေမြွေချင်းခြေမြင် | ၄၉ |
| ၁၃။ | အာဏာရှင်ကို ဖြုတ်ချဖို့ ကြိုးစားခဲ့တဲ့ စစ်တပ်အရာရှိ | ၅၁ |
| ၁၄။ | အမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ ဗိုလ်ခင်ညွန့် | ၅၄ |
| ၁၅။ | မျိုးဆက်သစ်တပ်မှူးများရဲ့ သမိုင်းပေးတာဝန် | ၅၇ |
| | အခန်းကြီး (၃) | |
| | ဘုရားသား | |
| ၁၆။ | ဘုရားသားနဲ့ ဖြဟ္မစိုရ်တရား | ၆၃ |
| ၁၇။ | သားသုံးသားနဲ့ လုပတဲ့ပန်းချီကား | ၆၇ |
| ၁၈။ | ပထမအကြိမ် ပတ္တနိက္ကုဇ္ဇနကံ သပိတ်ကံဆောင်ပွဲ | ၆၉ |
| ၁၉။ | သပိတ်ကံအကျိုးဆက် | ၇၁ |

| | | |
|---|---|---|
| ၂၀။ | ဒုတိယအကြိမ် ပတ္တနိက္ကုဋ္ဌနကံ သပိတ်ကံဆောင်ပွဲ | ၇၄ |
| | အခန်းကြီး (၄) | |
| | နိုင်အောင်ဖိမယ့် နအဖ | |
| ၂၁။ | နဝတဥက္ကဋ္ဌရဲ့ ဇာတ်သိမ်းပွဲ | ၇၉ |
| ၂၂။ | ညကျောင်း (သို့မဟုတ်) ညာကျောင်း | ၈၁ |
| ၂၃။ | စိတ်ဓာတ်စစ်ဆင်ရေးနည်းဗျူဟာများ | ၈၃ |
| | အခန်းကြီး (၅) | |
| | နအဖရဲ့ National Defense Strategy | |
| ၂၄။ | လုပ်ထုံးလုပ်နည်းများ | ၉၁ |
| ၂၅။ | ဆရာဒကာ၊ ကျောင်းဒကာ စီမံချက် | ၉၇ |
| ၂၆။ | ငါ့လှေငါထိုး မေမြို့ရောက်ရောက်၊ | ၁၀၀ |
| | ငါ့မြင်းငါစိုင်း ကြပ်ပြေးရောက်ရောက် | |
| | အခန်းကြီး(၆)၊ | |
| | အသားထဲက ''လောက်'' | |
| ၂၇။ | အစမကောင်းတဲ့ ကြံ့ဖွံ့နဲ့ ကိုယ်တွေ့ ဖြစ်စဉ် | ၁၀၅ |
| ၂၈။ | အဆိပ်ပင်ရေလောင်း | ၁၀၇ |
| ၂၉။ | သခင်အားရ ကျွန်ပါးဝ | ၁၀၉ |
| ၃၀။ | ဒေါ်အောင်ဆန်းစုကြည်နှင့် ကြံ့ဖွံ့ထိပ်တိုက်တွေ့ဆုံခြင်း | ၁၁၁ |
| ၃၁။ | အကြမ်းဖက်မှုကျူးလွန်လာတဲ့ကြံ့ဖွံ့ | ၁၁၃ |
| ၃၂။ | မင်းသားခေါင်းဆောင်းပေးထားတဲ့ ဘီလူး | ၁၁၅ |
| ၃၃။ | စစ်အာဏာရှင်ရဲ့လက်ကိုင်တုတ် | ၁၁၆ |
| ၃၄။ | ဖျက်မြင်း | ၁၁၈ |
| ၃၅။ | နအဖရဲ့ နည်းပရိယာယ် စင်ပြိုင်အဖွဲ့ငယ်များ | ၁၁၉ |
| ၃၆။ | ပြည်သူ့ချဉ်ဖတ် အမြစ်ဖြတ် | ၁၂၀ |
| | အခန်းကြီး (၇) | |
| | ရွှေဝါရောင်တော်လှန်ရေးနှင့် နအဖရဲ့ ဗျူဟာ | |
| ၃၇။ | မြန်မာ့တပ်မတော်ရဲ့ အသုံးချခံဘဝ | ၁၂၅ |
| ၃၈။ | နိဂုံးချုပ်။ | ၁၂၇ |

# နိဒါန်း
# သားသုံးသား

မြန်မာ့တပ်မတော်မှာ “တော်သုံးတော်” ရှိတယ်ဆိုတဲ့အကြောင်း ပထမဆုံး ထုတ်ဝေတဲ့ စာအုပ်မှာ တင်ပြခဲ့ပြီးတဲ့နောက် ယခုတဖန် မြန်မာပြည်မှာ စစ်အာဏာရှင်တွေ ကြောက်ရွံ့တဲ့ “သားသုံးသား” ရှိတယ်ဆိုတာ တင်ပြပါမယ်။ အဲဒီ စစ်အာဏာရှင်တစ်စု ကြောက်ရွံ့တဲ့ သားသုံးသားဆိုတာကတော့ ဘုရားသား ရဟန်းသံဃာတော်များ၊ ကျောင်းသား များနဲ့ စစ်သားများဘဲ ဖြစ်ကြပါတယ်။ မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ အာဏာရှင်ဆန့်ကျင်မှု အရေးအခင်းလှုပ်ရှားမှုအများစုဟာ အဆိုပါသားသုံးသားတို့ ပါဝင်ခဲ့ခြင်းကြောင့် စစ်အာဏာရှင်တွေ တုန်လှုပ်ချောက်ချား ဖြစ်ခဲ့ကြရပါတယ်။ ဒါတင်မကသေးဘဲ သားသုံးသားဟာ ပြည်သူလူထုနဲ့ လက်တွဲပြီးတော့ အစိုးရအဖွဲ့ ဆက်တိုက် ဖြုတ်ချနိုင်တဲ့အထိ အစွမ်းထက်မြက်လှပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၆၂ မတ်လ(၂) ရက်နေ့ကစပြီး ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းခဲ့ရာမှ

စစ်အာဏာရှင်ခေတ်အဆက်ဆက် မဆလ၊ နဝတ၊ နအဖတို့တိုင် သားသုံးသား ဦးဆောင်ပါဝင်လှုပ်ရှားခဲ့တဲ့ အာဏာရှင်ဆန့်ကျင်ရေး အရေးအခင်းကြီးတွေ ဆက်တိုက် ပေါ်ပေါက်ခဲ့ပါတယ်။ အထင်အရှား ဖြစ်ခဲ့ရတဲ့ အရေးအခင်းတွေကို တင်ပြရမယ်ဆိုရင် ပထမဦးဆုံး ၁၉၆၂ ဇူလိုင်လ (၇) ရက်နေ့မှာ ဖြစ်ပွားခဲ့တဲ့ "ဆဲဗင်းဂျူလိုင်" လို့လူသိများခဲ့တဲ့ တက္ကသိုလ်သမဂ္ဂ အဆောက်အဦး မိုင်းနဲ့ဖြိုခွဲခံရပြီး ကျောင်းသားအများအပြား သေဆုံးဒဏ်ရာရ ဖမ်းဆီးခံရသော ကျောင်းသားအုံကြွမှု အရေးအခင်း၊ ၁၉၆၃ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ ငြိမ်းချမ်းရေးကျောင်းသားဆန္ဒပြပွဲ၊ ၁၉၆၇ ခုနှစ် ဇူလိုင်လမှာဖြစ်ပွားခဲ့တဲ့ တရုတ်–ဗမာ အရေးအခင်း၊ ၁၉၆၉ခုနှစ် ကျွန်းဆွယ်အားကစားပွဲတော် အဓိကရုဏ်း၊ ၁၉၇၀ ရန်ကုန်တက္ကသိုလ် ရွှေရတု လှုပ်ရှားမှု၊ ၁၉၇၄ခုနှစ် ဇွန်လ (၆)ရက်နေ့ အလုပ်သမား အရေးအခင်း၊ ၁၉၇၄ခုနှစ် ဒီဇင်ဘာလ(၅)ရက်နေ့ ဦးသန့်စျာပန ကျောင်းသား အရေးအခင်း၊ ၁၉၇၆ခုနှစ် မတ်လ(၂၃) ရက်နေ့ မှိုင်းရာပြည့်အရေးတော်ပုံ၊ ၁၉၇၆ခုနှစ် ဇူလိုင်လ (၂၀) ရက်နေ့ ဗိုလ်ကြီးအုံးကျော်မြင့်နဲ့အဖွဲ့ အာဏာသိမ်းရန် ကြံစည်မှုနဲ့ ဗိုလ်ချုပ်ကြီးတင်ဦးအား သိလျက်နှင့် ထိန်ချန်မှုဖြင့် အရေးယူတဲ့ဖြစ်စဉ်၊ ၁၉၈၈ခုနှစ် ဒီမိုကရေစီ လူထုအုံကြွမှု အရေးတော်ပုံကြီး၊ ၁၉၉၀ ဘုရားသားသံဃာတော်များ၏ ပတ္တနိက္ကုဇ္ဇနသပိတ်ကံဆောင်ပွဲ၊ ၁၉၉၁နဲ့ ၁၉၉၆ ခုနှစ်တွေမှာ ဖြစ်ပွားခဲ့တဲ့ ရန်ကုန်တက္ကသိုလ် ကျောင်းသားအုံကြွမှုအရေးအခင်း၊ ၁၉၉၅ ရန်ကုန် တက္ကသိုလ် စိန်ရတုအထိမ်းအမှတ် ကျောင်းသားလှုပ်ရှားမှု၊ ၁၉၉၇ခုနှစ် မဟာမြတ်မုနိဘုရားကြီး ဖိုက်ဖောက်ခံရမှု အရေးအခင်း၊ ၂၀၀၃ခုနှစ် ကျောက်ဆည် သံဃာတော်များ နဲ့ ကုလားအဓိကရုဏ်း၊ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ထောက်လှမ်းရေးအဖွဲ့အစည်းများကို ဖျက်သိမ်းနှိပ်ကွပ်မှုဖြစ်စဉ်၊ ယနေ့ ၂၀၀၇ ခုနှစ် စက်တင်ဘာမှာ ဖြစ်ပွားခဲ့တဲ့ သံဃာတော်တွေ ဦးဆောင်တဲ့ ရွှေဝါရောင်တော်လှန်ရေး တို့ဖြစ်ကြပါတယ်။

ဒီအရေးအခင်းတွေဟာ စစ်အာဏာရှင်တွေကို ဆန့်ကျင်တဲ့အတွက် ဖြစ်ပေါ်လာရတဲ့ အရေးအခင်းတွေ ဖြစ်ကြပါတယ်။ ဒီအရေးအခင်းတွေမှာ သားသုံးသားရဲ့အရေးကြီးတဲ့ ဦးဆောင်မှု အခန်းကဏ္ဍတွေကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ စစ်အာဏာရှင်တွေဟာ သားသုံးသားကို ဘယ်လိုရင်ဆိုင်ခဲ့ရတယ်၊ ထိတ်လန့်တကြား ဘယ်လိုဖြေရှင်းနှိပ်ကွပ်ခဲ့ရတယ် ဆိုတာတွေကို မျိုးဆက်သစ်တွေသိရှိဖို့ အသေးစိတ်တင်ပြသွားပါ့မယ်။ အာဏာရှင်စနစ်အောက်က ပြည်သူလူထုတွေကို ကယ်တင်ချင်တဲ့ "သားသုံးသား" ရဲ့တော်လှန်ရေးဖြစ်စဉ်တွေကို လေ့လာဖတ်ရှုရင်း မြန်မာပြည်သူလူထုအားလုံး ဒီမိုကရေစီတော်လှန်ရေးသတိနဲ့ အတူ သားသုံးသားနဲ့ လက်တွဲကာ အောင်ပွဲရသည်အထိ ဆက်လက်တိုက်ပွဲဝင်ကြရမှာဖြစ်ပါတယ်■

# အခန်းကြီး (၁)
## ကျောင်းသား

## မြန်မာ့နိုင်ငံရေးနဲ့မဟာကျောင်းသား

စစ်အာဏာရှင်တွေဟာ သားသုံးသားထဲက ကျောင်းသားတွေကိုဘယ်လို အငြိုးကြီးကြီးနဲ့ နှိပ်ကွပ်တယ်၊ ကျောင်းသားတွေကရော ကြောက်စရာကောင်းလောက်အောင် ဘယ်လိုအစွမ်းအစတွေရှိတယ် ဆိုတာကို ရှေးဦးစွာ တင်ပြသွားပါ့မယ်။ကျောင်းသားဆိုတာဟာ ပွင့်လင်းရိုးသားပြီး ဖိနှိပ်မှု၊ မတရားမှုကို မကြိုက်တဲ့ သဘာဝရှိပါတယ်။ ခေတ်ပညာတတ်ဖြစ်ပြီး နိုင်ငံတကာနဲ့ယှဉ်ကာ အမြင်ကျယ် အသိဉာဏ်ကြွယ်ဝသူတွေလည်း ဖြစ်ကြပါတယ်။ နယ်ချဲ့ ကိုလိုနီလက်အောက်က လွတ်မြောက်ဖို့ ကြိုးစားခဲ့တဲ့ မြန်မာနိုင်ငံကို ကယ်တင်ခဲ့တဲ့ "အာဇာနည် သူရဲကောင်း" တွေဟာ ကျောင်းသားတွေက ဖြစ်လာတာမဟုတ်ပါလားခင်ဗျား။ ကျောင်းသားတွေဟာ သူတို့ရဲ့ ငယ်ရွယ်နုပျိုတဲ့ ဘဝတွေကို စတေးပြီး အသက်ပေးနေကြတာ တွေဟာ ရာထူးအာဏာကို လိုချင်လို့ မဟုတ်ဘူးဆိုတာကို လူတိုင်းသိကြပါတယ်။ ဒါကြောင့် ရာထူးအာဏာကို မတရားလိုချင်တဲ့ စစ်အုပ်စုဟာ ကျောင်းသားတွေကို ကြောက်ရွံ့ပြီးအကြမ်း ဖက် နှိပ်ကွပ်ခဲ့တာဘဲ ဖြစ်ပါတယ်။ ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားလှုပ်ရှားမှုတွေဟာ နိုင်ငံရေး ပါတီအဖွဲ့အစည်း လောင်းရိပ်တွေအောက်က ကင်းလွတ်ပြီး သီးခြားလွတ်လပ်တဲ့ အမျိုးသား နိုင်ငံရေး အင်အားစုကြီးတစ်ရပ်အဖြစ် ပေါ်ထွက်ခဲ့ပါတယ်။ဒါ့အပြင် ပြည်သူလူထုရဲ့ ယုံကြည် စိတ်ချမှုနဲ့ အားကိုးအားထားပြုမှုကို ရရှိပြီး ကျောင်းသားတွေရဲ့ စွန့်လွှတ်စွန့်စားတဲ့ စိတ်ဓာတ် နဲ့ အနစ်နာခံတဲ့စိတ်ဓာတ်တွေဟာလည်း အံ့မခန်းဖြစ်ခဲ့ရပါတယ်။ ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားတွေဟာ ပြည်သူလူထုနဲ့ ပူးပေါင်းလက်တွဲပြီး ကြီးမားတဲ့ အမျိုးသားနိုင်ငံရေးလမ်း ကြောင်းပေါ်မှာ ရပ်တည်ခဲ့ကြတာ တွေ့ရမှာဖြစ်ပါတယ်။

ခေတ်(၅)ခေတ်ဖြစ်တဲ့ ကိုလိုနီခေတ်နဲ့ လွတ်လပ်ရေး ကြိုးပမ်းမှုခေတ်၊ ပါလီမန် ဒီမို ကရေစီခေတ်၊ မဆလစစ်အာဏာရှင်ခေတ်၊ နဝတစစ်အာဏာရှင်ခေတ်၊ နအဖစစ်အာဏာရှင် ခေတ်တွေမှာ ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားတွေဟာ လွတ်လပ်ရေးရရှိမှုပြဿနာ၊ပြည်တွင်း စစ်ရပ်စဲရေး ပြဿနာ၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးပြဿနာ၊ အမျိုးသားပြန်လည်သင့်မြတ် ရေး ပြဿနာ စတာတွေကို အကြိတ်အနယ် ဖြေရှင်းတောင်းဆိုခဲ့ကြပါတယ်။

ကိုလိုနီခေတ် လွတ်လပ်ရေးကြိုးပမ်းမှုမှာ တပြည်လုံးမှာရှိတဲ့ ကျောင်းသားလှုပ်ရှား မှုတွေကို စည်းရုံးခေါင်းဆောင်နိုင်ဖို့ (All Burma Student Union) A.B.S.U လို့ခေါ်တဲ့ ဗမာ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂကို ၁၉၃၆ခုနှစ် မေလ(၈)ရက်နေ့မှာ စတင်ဖွဲ့စည်းနိုင်ခဲ့ ပါတယ်။ ဥက္ကဋ္ဌဟာ မစ္စတာရာရှစ်ဖြစ်ပြီး အထွေထွေအတွင်းရေးမှူးကတော့ ဗိုလ်ချုပ် အောင်ဆန်းဘဲ ဖြစ်ပါတယ်။ ၁၉၃၈ခုနှစ် ကုန်ပိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်းဟာ ဥက္ကဋ္ဌ ဖြစ်လာ ခဲ့ပါတယ်။လွတ်လပ်ရေးရပြီးချိန် ပါလီမန်ခေတ်ဖြစ်တဲ့ ၁၉၅၁ဩဂုတ်လ (၁၅) ရက်နေ့မှာ ဗမာ

နိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂရဲ့ ပထမအကြိမ် ညီလာခံကြီးကို ခေါ်ယူကျင်းပခဲ့ပါတယ်။ အဲဒီညီလာခံကြီးမှ A.B.S.U ကို ဖျက်သိမ်းပြီး ( All Burma Federation of Student Union) လို့ ခေါ်တဲ့ A.B.F.S.U ကို ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနဲ့ အမျိုးသားပညာရေး တည်ဆောက်ရေးတို့ကို ချမှတ်နိုင်ခဲ့ပါတယ်။ ၁၉၅၃ခုနှစ် မတ်လမှာ ကျောင်းတစ်လပိတ်အရေးတော်ပုံ ပေါ်ပေါက်ခဲ့ရာ ဖဆပလအစိုးရက သပိတ်ကို ပစ်ခတ်ဖြိုခွဲခဲ့ပါတယ်။ ၁၉၅၆ အောက်တိုဘာလမှာ ဖဆပလအစိုးရဟာ ကျောင်းသားသမဂ္ဂများကို အစိုးရအထက်တန်းကျောင်းတွေမှာ မဖွဲ့စည်းဖို့ အမိန့်ထုတ်ပြန်ခဲ့ပါတယ်။ ဒါ့အပြင် ကျောင်းတွင်းစည်းရုံးလှုပ်ရှားမှုများကို မပြုလုပ်ရန်လည်း ညွှန်ကြားလာရာ ထိုအမိန့်ထုတ်ပြန်ချက်အပေါ်တွင် ကျောင်းသားများက ဆန့်ကျင်ကန့်ကွက်ကြပြီး မြန်မာတပြည်လုံးသပိတ်တိုက်ပွဲ ပျံ့နှံ့ဆင်နွှဲခဲ့ကြပါတယ်။ ကျောင်းသားခေါင်းဆောင်(၅၀)ကျော် အဖမ်းခံရပြီး (၂၀၀)ကျော် ကျောင်းထုတ်ခံခဲ့ရပါတယ်။ ဖဆပလ အစိုးရဟာ အထက်တန်းကျောင်းတွေမှာ ကျောင်းသားသမဂ္ဂများအစား ကျောင်းကောင်စီများသာ ဖွဲ့စည်းဖို့ ညွှန်ကြားခဲ့ပါတယ်။ ၁၉၅၆ခုနှစ်မှာ A.B.F.S.U ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ်ရဲ့ စတုတ္ထအကြိမ် ကွန်ဂရက်ကိုလည်းကောင်း၊ ၁၉၅၈ ခုနှစ်မှာ ပဥ္စမအကြိမ်ကွန်ဂရက်ကိုလည်းကောင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

၁၉၅၈ ခုနှစ် စက်တင်ဘာလမှာ စစ်အစိုးရဟာ အိမ်စောင့်အစိုးရအဖြစ် တက်လာတဲ့အခါ ဒီမိုကရေစီအင်အားစုတွေနဲ့ ကျောင်းသားသမဂ္ဂများဟာ တပြည်လုံးကို စည်းရုံးလှုံ့ဆော်ပြီး ဥပဒေဘောင်အတွင်း ကန့်ကွက်ဆန္ဒပြခဲ့ကြပါတယ်။အိမ်စောင့်အစိုးရဟာ တက္ကသိုလ်ကျောင်းသားသမဂ္ဂခေါင်းဆောင်ဖြစ်တဲ့ ကိုခင်မောင်အုံးနဲ့ ဖိုးသာအေးတို့ကို ကိုကိုးကျွန်းသို့ပို့ခဲ့ရာမှ အစပြုပြီး ကျောင်းသားနဲ့ စစ်အာဏာရှင် စတင် ထိပ်တိုက်တွေ့ခဲ့ကြပါတယ်။

၁၉၆၀ ခုနှစ် အောက်တိုဘာလမှာ A.B.F.S.U ရဲ့ဆဋ္ဌမအကြိမ်မြောက် ကွန်ဂရက်ကို ဆက်လက်ကျင်းပနိုင်ခဲ့ပါတယ်။ ဒါ့အပြင် KMT တရုတ်ဖြူများ မြန်မာနိုင်ငံအတွင်း နောက်ဆုံးအကြိမ် ကျူးကျော်ဝင်ရောက်ခဲ့ရာ "တရုတ်ဖြူကျူးကျော်မှုနဲ့ နယ်ချဲ့ဆန့်ကျင်ရေးကော်မတီ" ကို ဖွဲ့စည်းကာ ကျောင်းသားသမဂ္ဂများက ဦးစီးပြီး အမေရိကန်သံရုံးမှာ ဆန္ဒပြကန့်ကွက်ခဲ့ကြပါတယ်။

ပါလီမန်ခေတ်ကာလမှာ လက်နက်ကိုင်တော်လှန်ရေးထက် ဥပဒေအတွင်း ဒီမိုကရေစီ လှုပ်ရှားမှုများ ပိုမိုများပြားခဲ့ပါတယ်။ ဥပဒေအတွင်း ဒီမိုကရေစီလှုပ်ရှားမှုဟာ တိုက်ပွဲအမျိုးအစား (၃) မျိုးရှိပါတယ်။ ပထမ အမျိုးအစားကတော့ ဘဝတိုက်ပွဲလို့ ခေါ်တဲ့ စီးပွားရေးကျပ်တည်းမှု တိုက်ပွဲဖြစ်ပြီး အလုပ်သမား၊ စာရေး၊ ကျောင်းသားလူငယ်များရဲ့ စားဝတ်နေရေးအတွက် ဥပဒေ၊ ကျောင်းစည်းကမ်းနဲ့ကုန်ဈေးနှုန်း၊ လစာတိုးမြှင့်ရေး စတာတွေကို တောင်းဆိုတဲ့

တိုက်ပွဲ ဖြစ်ပါတယ်။ ဒုတိယအမျိုးအစားကတော့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတိုက်ပွဲ ဖြစ်ပါတယ်။ တတိယ အမျိုးအစားကတော့ နိုင်ငံရေးတိုက်ပွဲလို့ခေါ်တဲ့ ပြည်တွင်းစစ်ရပ်စဲရေးနဲ့ စစ်အာဏာရှင်စနစ် ဆန့်ကျင်ပြုတ်ကျရေးတိုက်ပွဲ ဖြစ်ပါတယ်။ ဥပဒေအတွင်း ဒီမိုကရေစီလှုပ်ရှားမှုဟာ ပြည်သူလူထုပါဝင်မှုအားကို လုံးဝအားပြုရတဲ့ တိုက်ပွဲဖြစ်သလို ကျောင်းသားလှုပ်ရှားမှုနဲ့ ကျောင်းသားသမဂ္ဂတွေဟာ လူထုတိုက်ပွဲတွေရဲ့ရှေ့ "လှံသွားထိပ်" ကနေ ပါဝင်ခဲ့တာတွေ့ရပါတယ်။

ပြည်တွင်းစစ်နဲ့ စစ်အာဏာရှင်စနစ်ဟာ လွတ်လပ်ရေးရပြီးချိန်ကစပြီး ခေတ်သစ်မြန်မာပြည်ရဲ့ သမိုင်းကျောရိုးဖြစ်နေသလို ပြည်တွင်းစစ်ရပ်စဲရေးနဲ့ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးတိုက်ပွဲတွေဟာလည်း ခေတ်ရဲ့တောင်းဆိုမှုဖြစ်တဲ့ ၁၉၆၂ မတ်လ (၂) ရက်နေ့ ဗိုလ်နေဝင်း အာဏာသိမ်းရာကစပြီး စဉ်ဆက်မပြတ်ဖြစ်ပေါ်လာခဲ့ရပါတယ်။

## ဆဲဗင်းဂျူလိုင် နိဒါန်း

၁၉၆၂ မတ်လ (၂) ရက်နေ့မှာ ဗိုလ်နေဝင်း အာဏာသိမ်းပြီးတဲ့အခါ စစ်အာဏာရှင်စနစ်ကို ပထမဦးဆုံး ဆန့်ကျင်ကန့်ကွက်သူဟာ ကျောင်းသားများ ဖြစ်ကြပါတယ်။ အာဏာသိမ်းပြီးပြီးချင်း မတ်လ (၃) ရက်နေ့မှာ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ)၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (တကသ)နဲ့ ရန်ကုန်ခရိုင်ကျောင်းသားများသမဂ္ဂ (ရကသ) တို့ ပူးတွဲပြီး ကြေညာချက်တစ်စောင်ထုတ်ပြန်ကာ စစ်တပ်က အာဏာသိမ်းခြင်းကို ကန့်ကွက်လိုက်ကြပါတယ်။ ဖဆပလ၊ ပမညတ စတဲ့ နိုင်ငံရေးပါတီကြီးတွေက စောင့်ကြည့်ဖို့ ဆုံးဖြတ်ထားတဲ့အချိန်မှာ ကျောင်းသားတွေက ပြတ်ပြတ်သားသား ကန့်ကွက်ခဲ့ကြလို့ ဗိုလ်နေဝင်းဟာ ကျောင်းသားသမဂ္ဂတွေအပေါ်မှာ "အာဃာတ" တရားထားခဲ့တယ်လို့ သိရှိခဲ့ရပါတယ်။

တက္ကသိုလ်ရဲ့ အုပ်ချုပ်ရေးနဲ့စီမံခန့်ခွဲရေးကို ပညာရေးဝန်ကြီးဌာနက တိုက်ရိုက်ကိုင်တွယ်ခြင်းမပြုရန် တော်လှန်ရေးကောင်စီက မေလ(၉)ရက်နေ့မှာ ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။ တက္ကသိုလ်အက်ဥပဒေမှာပါတဲ့ လုပ်ပိုင်ခွင့်အားလုံးကိုလည်း တော်လှန်ရေးကောင်စီက ကျင့်သုံးသွားမှာဖြစ်ကြောင်းနဲ့ ကျောင်းသားတွေကို နှိပ်ကွပ်ချုပ်ချယ်တဲ့ ကျောင်းဆောင်စည်းကမ်း (၂၂) ချက်ကိုလည်း သတ်မှတ်လိုက်ပြန်ပါတယ်။ အဲဒီနောက် မေလ (၁၀)ရက်နေ့မှာ ဗိုလ်နေဝင်းဟာ တက္ကသိုလ်ကောင်စီဝင်တွေကို ဒဂုံရိပ်သာမှာ ခေါ်ယူတွေ့ဆုံပြီး တက္ကသိုလ်ကောင်စီကို ဖျက်သိမ်းလိုက်တဲ့အကြောင်းပြောရာ ကျောင်းသားထုအတွင်းမှာ မကျေနပ်မှု ပိုမိုများပြားလာပါတယ်။

မေလ(၂၇)ရက်နေ့မှာ တက္ကသိုလ်ကောင်စီကို တော်လှန်ရေးကောင်စီရဲ့ ကြေညာချက်အမိန့် (၃၀) နဲ့ ထုတ်ပြန်တဲ့အခါ တက္ကသိုလ်ကျောင်းသားများမပါဝင်ဘဲ စစ်အာဏာရှင် အရာရှိ

ကြီးများနဲ့သာ ပါဝင်ဖွဲ့စည်းထားလို့ ကျောင်းသားများအနေနဲ့ ပိုမို မကျေမနပ် ဖြစ်ခဲ့ကြ ပြန်ပါတယ်။ မေလ(၃၁)ရက်နေ့မှာ ကျောင်းသားများနဲ့ပြေလည်မှုရှိတဲ့ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာလှကို ရာထူးကဖယ်ရှားလိုက်ပြီး ဗိုလ်နေဝင်းဟာ သူ့ရဲ့ဆရာ သချာင်္ပါမောက္ခ ဦးကာကို အစားထိုး ခန့်အပ်လိုက်ခြင်းဖြင့် အာဏာရှင်အပြုအမူဇာတိ ပေါ်လာပါတော့တယ်။ အမှန်မှာ တက္ကသိုလ်အက်ဥပဒေအရ ပါမောက္ခချုပ်ရာထူး လစ်လပ်ရင် ပါမောက္ခတွေထဲက ယှဉ်ပြိုင်အရွေးခံခွင့်ရှိပြီး တက္ကသိုလ်ဘွဲ့ရအသင်းဝင်တွေ လျှို့ဝှက်မဲပေးတဲ့စနစ်နဲ့ ရွေးကောက်တင်မြှောက်ရမှာဖြစ်ပါတယ်။ စစ်အာဏာရှင်တွေထုတ်ပြန်တဲ့ ပညာရေးစည်းကမ်းသစ်မှာလည်း လူ့အခွင့်အရေး ချိုးဖောက်ရာရောက်တဲ့ အချက်အလက်တွေ များစွာပါရှိပြီး ကျောင်းသားတွေက ထောက်ပြကန့်ကွက်မှု ပြုလုပ်လာကြပါတယ်။ တကာသအဖွဲ့မှ ပါမောက္ခချုပ်ရုံးသို့ တရားဝင်စာ ပေးပို့ခဲ့သော်လည်း ပြန်ကြားမှုတစ်ခုမှမရရှိခဲ့လို့ အုပ်ချုပ်ရေးအပိုင်းနဲ့ ကျောင်းသားများအကြားမှာ တင်းမာမှု ပြင်းထန်လာခဲ့ပါတယ်။ ဗိုလ်နေဝင်းဟာ ဆရာကြီးဦးကာကို ကျောင်းသားများ အလိုမလိုက်ရန် ဖိအားပေးခဲ့ပါတယ်။ တက္ကသိုလ် အဆောင်တံခါးများကို ည(၈)နာရီပိတ်မယ်၊ ဘယ်သူမှ အဝင်အထွက်မလုပ်ရလို့ တင်းကျပ်စွာ တားမြစ်လိုက်ပြန်ရာ ကျောင်းသားတွေဟာ ဒေါသထွက်ကုန်ကြပါတယ်။ ဇူလိုင်လ(၄) ရက်နေ့ ည (၉)နာရီမှာတော့ အဆောင်နေကျောင်းသားတွေဟာ ကြွေးကြော်ကန့်ကွက် ဆန္ဒပြကြပါတော့တယ်။ ဇူလိုင်လ (၅) ရက်နေ့မှာ ကျောင်းသားတွေဟာ ပါမောက္ခချုပ်နှင့် တွေ့ခွင့်ပေးဖို့ ပန်ကြားပေမယ့် တွေ့ခွင့်မရတာကြောင့် ပိုဆိုးလာပြီး အဆောင်တံခါးကို လူအင်အားနဲ့ တွန်းဖွင့်လိုက်ကာ လမ်းမပေါ်ထွက်လာကြပါတယ်။ ဇူလိုင်လ (၆) ရက်နေ့မှာ တက္ကသိုလ်နယ်မြေကို ပုဒ်မ (၁၄၄) အမိန့်ထုတ်ပြန်ခဲ့ပါတယ်။ ဇူလိုင်လ (၇) ရက်နေ့ နံနက် (၁၁) နာရီမှာ ကျောင်းသားထု အစည်းအဝေးကျင်းပပြီး ပုဒ်မ (၁၄၄) ကို ဆန့်ကျင်ကန့်ကွက်ခြင်း၊ မတရားထုတ်ပြန်ထားတဲ့ စည်းကမ်းချက် (၂၂) ချက်ကို ဖျက်သိမ်းပေးရန်တောင်းဆိုခြင်းနှင့် တက္ကသိုလ်ပရဝုဏ်အတွင်း စီတန်းလှည့်လည်ခြင်း ပြုလုပ်ကြပါတယ်။ ထိုစဉ် အစည်းအဝေးခန်းမအတွင်း စစ်ထောက်လှမ်းရေး (၂)ဦး ကျောင်းသားအယောင်ဆောင်ဝင်လာတာကို ကျောင်းသားများ ဖမ်းဆီးရမိသော်လည်း သဘောထားကြီးစွာ ပြန်လွှတ်ပေးခဲ့ပါတယ်။

ကျောင်းသားတွေ ဆန္ဒပြပွဲပြီးဆုံးချိန်မှာ လှည်းတန်းဂိတ်တဲက ရဲကားတန်းတစ်ခု ရုတ်ခြည်း ဝင်ရောက်လာပြီး အင်အား (၂၀၀) ခန့်သုံးကာ ကိုဗဆွေလေးနဲ့ ကိုသက်အပါအဝင် ကျောင်းသားခေါင်းဆောင်တွေကို ဖမ်းဆီးခေါ်ဆောင်သွားပါတယ်။ ကျောင်းသားများနဲ့ ရဲတွေဟာ အဓိပတိလမ်းပေါ်မှာ ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံပြီး ရဲတွေက မျက်ရည်ယိုဗုံးများနဲ့ပစ်ခြင်း၊ နံပါတ်

တုတ်များနဲ့ရိုက်ခြင်းတို့ကြောင့် ကျောင်းသားတွေကလည်း ရရာခဲများနဲ့ ပစ်ပေါက်ရာမှရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့ပါတယ်။

သွေးသံရဲရဲနဲ့ ကျောင်းသားတွေကို တွေ့ရတဲ့အခါမှာ ကျောင်းသားထုဟာ ပိုမို နာကျည်းလာပြီး တောင်ပူဆောင်၊ ဒဂုံဆောင်၊ မန္တလေးဆောင် စတဲ့ ကျောင်းသားတွေဟာ အင်အားကြီးမားစွာ ပြန်လည်တုန့်ပြန်ကြရာမှ တိုက်ပွဲပြင်းထန်လာပြီး နောက်ပိုင်းမှာ ရဲတွေက ဆုတ်ခွာပေးလိုက်ကြရတယ်။ ဒါပေမယ့် စစ်အာဏာရှင်တွေဟာ အဝိုင်းလေးမှတ်တိုင်အနီးမှာ ဆွဲအားကောင်းတဲ့ အသံဖမ်းစက်နဲ့ လှုပ်ရှားမှုမှန်သမျှကို ဖမ်းယူပြီးတော့ မြန်မာ့အသံကွပ်ကဲမှုရုံးကို စဉ်ဆက်မပြတ် သတင်းပို့နေပါတယ်။ သူတို့ရဲ့ အနီးကပ်ကွပ်ကဲမှုနေရာကတော့ မြန်မာ့အသံမှာဘဲဖြစ်ပါတယ်။ ဗဟိုလုံခြုံရေးကောင်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်စိုး၊ ဗိုလ်မှူးကြီးလှဟန်၊ ဗိုလ်မှူးကြီးသန်းစိန်၊ ဗိုလ်မှူးကြီးမောင်လွင်၊ ဗိုလ်မှူးကြီးဘဦး၊ ရဲချုပ်ဦးဘအေး၊ ပါမောက္ခချုပ် ဦးကာတို့ရှိနေကြပြီး အနီးကပ်ကွပ်ကဲမှုအဖွဲ့မှာ သနက (၄)တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးစိန်လွင်၊ စစ်အင်ဂျင်နီယာတပ်မှူး ဒုတိယဗိုလ်မှူးကြီးလှမြင့်၊ လက်ထောက် ရဲမင်းကြီး ဦးလှငွေတို့ ပါဝင်တဲ့အဖွဲ့က အခြေအနေကို မပြတ်စောင့်ကြည့်နေပါတယ်။ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှူးချုပ်အောင်ကြီးလည်း လှုပ်ရှားသွားလာနေပါတယ်။ ညနေပိုင်းမှာတော့ စစ်ကားများရောက်ရှိလာကာ ဂျာမဏီနိုင်ငံလုပ် B.A(63)G3. BA(64)G4 မောင်းပြန်ရိုင်ဖယ်များကိုင်ဆောင်ပြီး တက္ကသိုလ်ဝင်းစာတိုက်မှစကာ အဓိပတိလမ်းတလျှောက်နှင့် မန္တလေးဆောင်ဝင်းဘက်ကို မျက်နှာမူ၍ စစ်သားများဟာ အသီးသီး နေရာယူထားလိုက်ကြပါတယ်။ စာတိုက်ဝင်း ခြံစည်းရိုး အနီးမှာ ဒုဗိုလ်မှူးကြီး စိန်လွင်ကို ကျောင်းသားတစ်ချို့က တွေ့ဆုံဆွေးနွေးခဲ့ရာ ကျောင်းသားတွေက ဗိုလ်မှူးတို့တပ်တွေ ကမာရွတ်ဂါတ်တဲအထိ ဆုတ်ခွာပေးရန် လေပြေထိုး၍ပြောရာအထက်အမိန့်အရ လာခြင်းဖြစ်လို့ ဆုတ်မပေးနိုင်ဟု ပြန်လည်ပြောဆိုခဲ့ကြောင်း သိရှိရပါတယ်။ ဗိုလ်စိန်လွင်က လူစုခွဲရန်နှင့် သူငယ်ချင်းတွေကို ကိုယ့်အဆောင်ကိုယ် ပြန်ဝင်ခိုင်းရန်သာ ကျောင်းသားတွေကို ပြန်လည်ပြောဆိုခဲ့ပါတယ်။ ကျောင်းသားထဲမှ တချို့ဟာ ၎င်းတို့အတွက်မရပ်တည်တဲ့ ပါမောက္ခချုပ်ဦးကာရဲ့ ကားနံပါတ် (စ–၆၅၉)နဲ့ ကျောင်းပိုင်ကား (စ–၆၂၀၃)တို့ကို လမ်းမပေါ်မှာ မီးရှို့လိုက်ရာ တင်းမာမှု အထွဋ်အထိပ်ကို ရောက်ရှိလာပါတယ်။ ထိုစဉ်တက္ကသိုလ်ရိပ်သာလမ်းပေါ် စာတိုက်အနီးကို ဖီးယက်ကားတစ်စီး ရောက်ရှိလာကာ ဗိုလ်စိန်လွင်အား စာတစ်စောင်ပေးလိုက်ပါတယ်။ ဒီစာကတော့ ကျောင်းသားတွေကို ရက်ရက်စက်စက်ပစ်ခတ်ဖို့ ''ပစ်မိန့်'' ပေးတဲ့စာဘဲဖြစ်ပါတယ်။

## ရန်ကုန်တက္ကသိုလ်

ရန်ကုန်တက္ကသိုလ်ဟာ ကျောင်းသားတွေအတွက် ရန်ကျန်တက္ကသိုလ်ဖြစ်ခဲ့ပုံကို ဆက်လက်တင်ပြသွားပါမယ်။ ဗိုလ်စိန်လွင်ဟာ တပ်မှူးတွေကို ခေါ်ယူပြီး ပစ်ရန်ညွှန်ကြားပါတော့တယ်၊ အဲဒီနောက် **G3, G4** မောင်းပြန်ရိုင်ဖယ်တွေနဲ့ တက္ကသိုလ်ဝင်းအတွင်းမှာရှိတဲ့ ကျောင်းသားတွေကို (၃)မိနစ်ပစ်၊ (၂) မိနစ်နားစနစ်နဲ့ စတင်ပစ်ခတ်ပါတော့တယ်။ စစ်တပ်ရဲ့ ရက်စက်စွာ ပစ်ခတ်မှုကြောင့် ဒဏ်ရာရ သေဆုံးသူ (၁၀၀) ဝန်းကျင်ရှိခဲ့ပြီး တက္ကသိုလ်နယ်မြေမှာ ကျောင်းသားတွေအတွက် ဥဒါန်းမကြေစရာ ''သွေးကြွေး'' တင်ခဲ့ရပါတယ်။ အာဏာရှင်စစ်ဘီလူးဟာ အားမရသေးဘဲ ၁၉၆၂ ဇူလိုင်လ ၈ ရက် နံနက် (၄)နာရီ ဝန်းကျင်မှာ စစ်အင်ဂျင်နီယာတပ်က ဗိုလ်မှူးထွန်းရီဦးစီးပြီး တက္ကသိုလ်သမဂ္ဂ အဆောက်အဦးကြီးကို ဒိုင်းနမိုက်နဲ့ ဖောက်ခွဲ ဖျက်ဆီးလိုက်ပါတယ်။ (၇) နာရီမှာ ဗိုလ်နေဝင်းဟာ မြန်မာ့အသံမှ ''ဓားဓားချင်း၊ လှံလှံချင်း'' စိန်ခေါ်တဲ့မိန့်ခွန်းကို နားခါးစရာ ပြောကြားခဲ့ပါတယ်။

ဒီဖြစ်စဉ်နဲ့ စပ်လျဉ်းပြီး ဗိုလ်နေဝင်းနဲ့ ဗိုလ်အောင်ကြီးတို့က ''အိုကေ'' ဆိုတဲ့ စကားလုံးနဲ့ သူလုပ်တယ်၊ ငါလုပ်တယ်လို့ နောက်ပိုင်းမှာ အပြန်အလှန် စွပ်စွဲပြောဆိုကြပါတယ်။ ဗိုလ်နေဝင်းဟာ ဗဟို ကွပ်ကဲမှုဌာန၌ ဗိုလ်မှူးကြီး ကျော်စိုးကို သမဂ္ဂအဆောက်




ကျောင်းသားသမဂ္ဂအဆောက်အဦ

## တပ်မတော်အရာရှိတဦး၏ တင်ပြချက်




ကျောင်းသားသမဂ္ဂအဆောက်အဦ ဖုံးခွဲခံရပြီးနောက်
တနှစ်ပြည့်အခမ်းအနား ဗိုလ်အောင်ကျော်ဂူဗိမာန်ဘေးတွင်

အဦးထဲမှာရှိတဲ့ ကျောင်းသားတွေကိုထွက်လာဘို့၊ အသံချဲ့စက်နဲ့ပြောကြားရန်၊ မထွက်လာရင် ရီကွိုင်လက် လက်နက်ကြီးနဲ့ ပစ်ဖမ်းမယ်လို့ ထည့်သွင်းပြောကြားရန်၊ ညနေပိုင်းမမှောင်ခင် လုပ်ရန်နှင့် လိုအပ်ရင် လက်နက်ကြီးသုံးဖို့ အမိန့်ပေးခဲ့တယ်လို့သိရပါတယ်။ ရီကွိုင်လက်လက်နက်ကြီးဟာ ပေါက်ကွဲမှု ပြင်းထန်လွန်းတဲ့ စွမ်းအားရှိရာ ၎င်းလက်နက်ကြီးနဲ့ပစ်လျှင် အဆောက်အဦးမခံနိုင်ဘဲ ပွင့်ထွက်ကာ မိုင်းဖောက်ခွဲခြင်းနှင့် စွမ်းအားအတူတူဘဲဖြစ်ပါတယ်။ ဦးအောင်ကြီးက ဆင်ဖေ့ရန်ရှောင်ရှင်းရာမှာ ဗိုလ်လှဟန်နဲ့အတူ ဦးနေဝင်းထံ သမဂ္ဂအဆောက်အဦး ဖုံးခွဲမယ့်ကိစ္စ၊ တားဆီးဖို့သွားရောက်ကြောင်းပြောပါတယ်။ ဖြစ်စဉ်အမှန်က ဖုံးခွဲရန် ကွပ်ကဲမှုအဖွဲ့က ဆုံးဖြတ်တာကို ၎င်းက ဦးနေဝင်းထံ အတည်ပြုပေးရန် သွားရောက်တင်ပြခြင်းသာဖြစ်ပြီး ၎င်းကိစ္စအား ''အိုကေ'' ဆက်လုပ်ပါဟု ဦးနေဝင်း သဘောတူခဲ့ပြီး ဦးအောင်ကြီးက ကွပ်ကဲမှုအဖွဲ့သို့ ညွှန်ကြားပြောဆိုခြင်းသာဖြစ်ပါတယ်။

သမဂ္ဂ အဆောက်အဦးအတွင်းမှာ နားခိုနေကြတဲ့ ဒါဏ်ရာရကျောင်းသူ၊ ကျောင်းသားတွေဟာ အဆောက်အဦးကြီးနဲ့အတူ ပျောက်ကွယ်သွားခဲ့ပုံဟာ ရင်နင့်စရာ ကောင်းလှပါတယ်။ နယ်ချဲ့တွေကို တော်လှန်ဖို့ ဖွဲ့စည်းခဲ့တဲ့တပ်မတော်ဟာ ကျောင်းသားအရွယ် လူငယ်ကလေးတွေကို သုတ်သင်ချေမှုန်းနေတာက ပိုပြီး ရင်နင့်စရာကောင်းပါတယ်။ စစ်အာဏာရှင်တွေအနေနဲ့ တက္ကသိုလ်ကောင်စီတွင် ပါဝင်ကြရာမှာ ကျောင်းသားတွေရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ ကျောင်းသားအခွင့်အရေးတွေကို နားလည် ကိုယ်ချင်းစာနာစိတ်မထားဘဲ ချုံးနှိမ်ကိုင်တွယ်မှုဟာ မှားယွင်းမှုတစ်ခုဖြစ်ပါတယ်။ နောက်ထပ် မှားယွင်းမှုတစ်ခုကတော့ ကျောင်းသားတွေ စီတန်းလှည့်လည်ပြီးဆုံးချိန်မှာ ကျောင်းသားခေါင်းဆောင်တွေကို ရဲတွေက နေ့ခင်းကြောင်တောင်အချိန် ကျောင်းဝင်းအတွင်း အတင်းဝင်ရောက် ဖမ်းဆီးခြင်းဘဲဖြစ်ပါတယ်။ ကွပ်ကဲမှုလုပ်နေတဲ့စစ်အရာရှိကြီးတွေကလည်း အခြေအနေတွေကို ထိန်းသိမ်းဖို့၊ စီမံခန့်ခွဲဖို့နဲ့ နိုင်ငံရေးပရိယာယ်

ပေါင်းစပ်ညှိနှိုင်းရေး ညံ့ဖျင်းပြီး နှိပ်ကွပ်ဖို့ကိုဘဲ တာစူနေကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ဗိုလ်နေဝင်းထံက ပစ်မိန့်စာမရခင် ကျောင်းသားများ ဗိုလ်စိန်လွင်နှင့်ညှိနှိုင်းစဉ် ပါမောက္ခချုပ် ဦးကာ၊ ဗိုလ်အောင်ကြီး၊ ဗိုလ်ကျော်စိုးတို့အနေနဲ့ အမြန်လာရောက် ညှိနှိုင်းထိန်းသိမ်းသင့်ပါတယ်။

၁၉၆၃ ဇူလိုင်လ (၇) ရက်နေ့မှာတော့ ဆဲဗင်းဂျူလိုင် (၁) နှစ်မြောက်အခမ်းအနားကို ပြုလုပ်ခဲ့ကြရာ ကျောင်းသားများအားလုံး မျက်ရည်ကျ ဝမ်းနည်းဂုဏ်ယူကြပြီး ကျဆုံးသူများအတွက် လွမ်းသူ့ပန်းခွေချခဲ့ကြပါတယ်။ မူလနေရာမှာ ယာယီ ကျောင်းသားသမဂ္ဂ အဆောက်အဦးကို ဖွင့်ပွဲပြုလုပ်ခဲ့ကြပါတယ်။ အဲဒီအချိန်ကစပြီး ကျောင်းသားတိုင်းရဲ့ရင်ထဲ၊ နှလုံးသားထဲမှာ စစ်အာဏာရှင်ဆန့်ကျင်ရေးကို ဆုံးဖြတ်ချက်ခိုင်မာစွာနဲ့ အမြစ်တွယ် ကိန်းဝပ်လာခဲ့ပါတယ်။ ကျောင်းသားတွေရဲ့ နုပျိုသစ်လွင်တဲ့ ရယ်မောသံတွေနဲ့စည်ကားခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ပရိဝုဏ်ဟာ ယနေ့ဆိုရင် ခြောက်သွေ့တိတ်ဆိတ်နေခဲ့ပြီဖြစ်ပါသည်။ တက္ကသိုလ်တွေကို ပြန်မဖွင့်ရဲလောက်အောင် စစ်အာဏာရှင်တွေဟာ ကျောင်းသားတွေရဲ့ သတ္တိကို ကြောက်ရွံ့ တုန်လှုပ်ခဲ့ရပြီဖြစ်ပါတယ်။

ဆယ်စုနှစ်များချီပြီး ကြာမြင့်ခဲ့ပြီဖြစ်ပေမယ့် ဒီဂျူလိုင် (၇) ရက်နေ့အရေးအခင်းကိုမမှီလိုက်တဲ့ မျိုးဆက်သစ် ကျောင်းသားလူငယ်တိုင်းဟာ လက်ဆင့်ကမ်း တကူးတက ပေးဝေလို့ မဟုတ်ဘဲ နှလုံးသားအသိလေ့လာမှုကြောင့် ကိုယ်စီ၊ ကိုယ်စီ စစ်အာဏာရှင်အား ဆန့်ကျင်ရမယ်ဆိုတဲ့ ခံယူချက် အလိုလို ပေါက်ဖွားလာခဲ့ကြပါတယ်။ တပ်မတော်မှာ ဗိုလ်လောင်း အပတ်စဉ် (၂၉) တက်ရောက်ခဲ့တဲ့ ထိပ်ပိုင်းအဆင့်က စစ်အရာရှိကြီးတချို့ဟာ ဂျူလိုင် (၇)ရက်နေ့ အရေးအခင်းကို မှီလိုက်ကြပါတယ်။ ဒါကြောင့် ကျောင်းနေဘက်သူငယ်ချင်းတွေရဲ့ ဖြစ်စဉ်အပေါ်မှာ သနားဂရုဏာသက်နေကြကြောင်း ဗိုလ်နေဝင်းက ရိပ်စားမိလို့ အရေးအခင်းမှီလိုက်သူတွေကို သတိနဲ့ စီစစ်ပြီး စောင့်ကြည့်ခိုင်းခဲ့ကြောင်း သိရှိရပါတယ်။

၁၉၆၃ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကြီး ဖြစ်လာတဲ့အခါမှာလည်း ကျောင်းသားသမဂ္ဂဝင် ကျောင်းသားတွေဟာ ဥပဒေအတွင်းရှိ ဒီမိုကရေစီပါတီ အသင်းအဖွဲ့တွေနဲ့ ပူးပေါင်းဖွဲ့စည်းထားတဲ့ ပြည်သူ့ကော်မတီမှာ တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ကြပါတယ်။ ၁၉၆၃ နိုဝင်ဘာလ (၁၀) ရက်နေ့မှာလည်း ရန်ကုန်မြို့တော်ခန်းမရှေ့ (၆)ခရိုင်ငြိမ်းချမ်းရေး ဆန္ဒပြပွဲမှာ ကျောင်းသားသမဂ္ဂများ ခေါင်းဆောင်ပြီး ကျောင်းသားထုတစ်ရပ်လုံး သောင်းချီ ပါဝင်ခဲ့ကြရာ လူထုအင်အားသုံးသောင်းကျော် ပါဝင် တက်ရောက်ခဲ့ကြပါတယ်။ ၁၉၆၃ နိုဝင်ဘာလ (၁၈) ရက်နေ့မှာ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားခဲ့ပြီးနောက် စစ်အာဏာရှင်တွေဟာ အစုလိုက် အပြုံလိုက်

ကျောင်းသားများ အပါအဝင် လူပေါင်း သုံးထောင်ခန့်ကို ဖမ်းဆီးထောင်ချခဲ့ပါတယ်။ အဖမ်းမခံ ချင်တဲ့ ကျောင်းသား ခေါင်းဆောင် ကိုဗဆွေလေး၊ ကိုသက်၊ ကိုတင်ထွန်း၊ ကိုစိုး၊ ကိုဉာဏ်ဝင်း၊ ကိုစောဟင်နရီ စသည်တို့ဟာ လက်နက်ကိုင်တော်လှန်ရေးမှာ ပါဝင်သွားခဲ့ပါတော့တယ်။ ၁၉၆၃ မတ်လမှာ အမျိုးသားညီညွတ်မှုဥပဒေပြဋ္ဌာန်းကာ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေကို စစ်အာဏာရှင်တွေက ဖျက်သိမ်းခဲ့ပြီး ကျောင်းသားလှုပ်ရှားမှုနဲ့ ကျောင်းသားတွေကို တဆင့်တိုးဖိနှိပ်ခဲ့ရာမှ ကျောင်းသားသမဂ္ဂကြီး (၃)ခုနဲ့ လုပ်ငန်းတာဝန်တွေဟာလည်း ၁၉၆၇ ဧပြီလမှာ ခေတ္တ ရပ်ဆိုင်းခဲ့ရပါတယ်။ ဒါပေမယ့် ကျောင်းသားတွေဟာ အခွင့်သာရင်သာသလို စစ်အာဏာရှင်ဆန့်ကျင်ရေး ဆက်လက်လှုပ်ရှားခဲ့ရာ အလုပ်သမားသပိတ်၊ ဦးသန့်နှင့် မှိုင်းရာပြည့်အရေး အခင်းတွေမှာ သမိုင်းကမ္ဘည်း ထိုးလောက်အောင် ဆက်လက်စွမ်းဆောင်နိုင်ခဲ့ကြပါတယ်။

## နှိပ်ကွပ်မှုကြားက ဆက်တိုက်လှုပ်ရှားမှုများ

ကျောင်းသားတွေရဲ့ ကြံ့ခိုင်တဲ့စိတ်ဓာတ်နှင့် မြင့်မြတ်တဲ့အတွေးအခေါ်တွေကြောင့် စစ်အာဏာရှင်တွေဟာ ကျောင်းသားတွေကို နှိပ်ကွပ်ဖို့ အစီအမံတွေကို စနစ်တကျ ချမှတ်ဆောင်ရွက်လာပါတယ်။ ကျောင်းဝင်ခွင့်နဲ့ စာမေးပွဲပုံစံတွေကို ပြောင်းလဲပစ်သလို ကျောင်းစည်းကမ်းမျိုးစုံကို ပြဋ္ဌာန်းခြင်း၊ သင်ရိုးညွှန်းတမ်းများကို ၎င်းတို့အလိုကျ မကြာခဏ ပြုပြင်ပြောင်းလဲခြင်း၊ အင်္ဂလိပ်ဘာသာကို (၅)တန်းမှ စတင်သင်ကြားစေခြင်း၊ (၈)တန်းနှင့် (၁၀) တန်းကို ကျောင်းစစ်မှ အစိုးရစစ်သို့ ပြောင်းလဲခြင်း စသည်တို့ကို အမျိုးမျိုးအဖုံဖုံ အာရုံပြောင်းရန်လုပ်ဆောင်ခဲ့ကြပါတယ်။ ကျောင်းသားတွေကို နည်းမျိုးစုံနဲ့ ဖိနှိပ်ခဲ့ကြပါတယ်။

၁၉၆၇ မှာတော့ မြန်မာ့သမိုင်းမှာ တစ်ခါမှမကြုံဖူးတဲ့ ဆန်ရှားပါးမှုပြဿနာ ဖြစ်လာခဲ့ရာ စစ်အာဏာရှင်တွေဟာ တရုတ်–မြန်မာ အရေးအခင်းအဖြစ် လမ်းကြောင်းလွှဲပစ်လိုက်ပြန်ပါတယ်။ ဒါပေမယ့် မန္တလေးတက္ကသိုလ်နဲ့ မန္တလေး GTI တို့က တရုတ်ဆန့်ကျင်ရေးအစား စစ်အာဏာရှင်ဆန့်ကျင်ရေးခေါင်းစဉ် ပြောင်းလိုက်ရာ စစ်အာဏာရှင်တွေအငိုက်မိသွားပြီး ကျောင်းသားတွေကို မီးကုန်၊ ယမ်းကုန် ဖမ်းဆီးပြန်ပါတယ်။ ၁၉၆၇ ဇူလိုင်လ (၈) ရက်နေ့မှာ မန္တလေးနန်းတွင်းထဲက ထောင်ကို ကားတွေနဲ့ ကျောင်းသားများအား တရစပ်ပို့သွင်းနေတယ်လို့ ကြားသိခဲ့ရပါတယ်။ ၁၉၆၇ ဩဂုတ်လမှာ ရခိုင်ပြည်နယ်မှာ ဆန်လုပွဲကြီးမားစွာ ဖြစ်ပွားခဲ့ရာ ရခိုင်ကျောင်းသားများကို စစ်အာဏာရှင်တွေက အကြမ်းဖက် နှိမ်နင်းခဲ့ပြန်ပါတယ်။ တခါ ၁၉၆၉ ကျွန်းဆွယ်အားကစားလှုပ်ရှားမှုမှာ စစ်အာဏာရှင်တွေရဲ့ ဒီမိုကရေစီအခွင့်အရေးဖိနှိပ်မှုနဲ့ ကျောင်းသားတွေကို နှိပ်ကွပ်ထားမှုများအား အာရှအိမ်နီးချင်းများသိအောင် ကျောင်းသားတွေက

ဖော်ထုတ်ပြနိုင်ခဲ့တယ်။ ၁၉၇၀ ခုမှာလည်း ကျောင်းသားတွေဟာ ရန်ကုန်တက္ကသိုလ် ရွှေရတု အထိမ်းအမှတ် အနေနဲ့ လှုပ်ရှားဆောင်ရွက်ရင်း နောင်တော်ကျောင်းသားတွေရဲ့ ခြေရာကို နင်းနိုင်ခဲ့ပါတယ်။

၁၉၇၄ မေလမှာ သမိုင်းချည်မျှင်နှင့် အထည်စက်ရုံနဲ့ ဆင်မလိုက်သင်္ဘောကျင်းမှ အလုပ်သမားများ ပါဝင်သော အလုပ်သမားသပိတ်ကြီး ပေါ်ပေါက်ခဲ့ပါတယ်။ သမိုင်းချည်မျှင်နှင့် အထည်စက်ရုံရဲ့ သပိတ်စကားပြောစဉ်မြင့်ပေါ်မှာ ရန်ကုန် စက်မှုတက္ကသိုလ်မှ ကျောင်းသား ကိုတင်အေးကြူက တရားဟောခဲ့ရာ အလုပ်သမားထု နှလုံးသားကို ရိုက်ခတ်သွားစေခဲ့ပါတယ်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်ဟာ ကမ္ဘာ့နိုင်ငံများက လေးစားကြတဲ့ပုဂ္ဂိုလ်ကြီး ဖြစ်သလို မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာ သမိုင်းတင်ရမယ့် နိုင်ငံရဲ့ သားကောင်းရတနာဖြစ်ပါ တယ်။ ဒါပေမယ့် ဗိုလ်နေဝင်းဟာ ဦးသန့်ကို ဦးနုရဲ့ အတွင်းဝန်ဖြစ်ခဲ့ဖူးလို့ မယုံကြည်၊ မလေးစားတဲ့ အပြင် ဦးသန့်ရဲ့ အောင်မြင်ကျော်ကြားမှု၊ ထူးချွန်ထက်မြက်မှုကိုလည်း မနာလိုမရှုစိမ့် ဖြစ်နေပါ တယ်။ ကမ္ဘာ့နိုင်ငံတွေနဲ့ ရင်ဘောင်တန်းနိုင်တဲ့ ဦးသန့်ကို နိုင်ငံတော်ဈာပနအဖြစ် ခမ်းခမ်းနားနား ဂုဏ်ပြုလိုတဲ့ ကျောင်းသားတွေရဲ့ တကယ့်နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တွေကြောင့် ဦးသန့် အရေး အခင်းကြီး ပေါ်ပေါက်လာခဲ့ပါတယ်။ ဗိုလ်နေဝင်းဟာ ဦးသန့်ဈာပနကိစ္စကို ဝတ်ကျေတန်းကျေ လောက်သာ ဦးသန့်ရဲ့အစ်ကို ဦးခန့်အား လွှဲအပ်တာဝန်ပေးခဲ့ပါတယ်။ ၁၉၇၄ ဒီဇင်ဘာ (၅) ရက် နေ့တွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းမှာ ထားရှိတဲ့ ဦးသန့်ရုပ်ကလာပ်ရှိရာကို ကျောင်းသား များနဲ့ ရဟန်းသံဃာတော်တွေပူးပေါင်းပြီး ရောက်ရှိလာကာ ဈာပနကော်မတီ အဟောင်းကို ဖျက်သိမ်း၍ ပြည်သူ့ဈာပနကော်မတီကို ဖွဲ့စည်းလိုက်ပါတယ်။ ဦးသန့်အလောင်းကိုလည်း ရန်ကုန်တက္ကသိုလ်ဝင်းထဲကို ယူဆောင်သွားခဲ့ရာ တက္ကသိုလ်ရိပ်သာလမ်းတလျှောက်မှာ လူလှိုင်း ကြီး တလိပ်လိပ်တက်လာတာကို တွေ့ခဲ့ရပါတယ်။ ဘွဲ့နှင်းသဘင် ခန်းမရှေ့မှတရားဟောပွဲစင်မှာ အစိုးရရဲ့ မတရားမှု၊ ဒီမိုကရေစီ ဆိတ်သုဉ်းမှု၊ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ကျောင်းသား တွေက ပြောပြရင်း ဇူလိုင်လ(၇)ရက် နာကျည်းမှုတွေ ပြန်လည်အောက်မေ့ဖွယ် ဖြစ်ခဲ့ကြရပါ တယ်။တကသအလံ၊ သင်္ကန်းအလံနဲ့ ကုလသမဂ္ဂအလံ ဖုံးအုပ်ထားတဲ့ ဦးသန့်အလောင်းဟာ အောင်မြင်မှုနိမိတ်ကို ဖော်ပြနေသလို ကျက်သရေမင်္ဂလာတစ်ပါး ဖြစ်နေရပါတယ်။ စစ်အာဏာရှင် တွေရဲ့ နှိပ်ကွပ်မှုကြားထဲက ပြည်သူလူထုကြီးဟာ ကျောင်းသားတွေကို ရဲရဲတောက် တက် ရောက် အားပေးနေကြပုံဟာ ကြက်သီးမွေးညှင်းများ ထလောက်အောင် အားရစရာ ကောင်း လှပါတယ်။ ကျောင်းသားတွေဟာ ဦးသန့်အုတ်ဂူကို ကန်တော်မင်ပန်းခြံမှာဖြစ်ဖြစ်၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း အုတ်ဂူဘေးမှာဖြစ်ဖြစ် မြှုပ်နှံဖို့ တောင်းဆိုကြပါတယ်။ တောင်းဆိုချက်ကို မလိုက်လျောရင် မြက်ခင်းပြင်မှာဘဲ ဂူသွင်းမယ်လို့ တောင်းဆိုကြပါတယ်။ အချိန်မှီ ပြန်ကြား

ချက်မရရှိတဲ့အတွက် ၁၉၇၄ခုနှစ် ဒီဇင်ဘာလ (၈) ရက်နေ့မှာ ရန်ကုန်စက်မှုတက္ကသိုလ်မှ ကျောင်းသားတွေက ပုံစံဒီဇိုင်းရေးဆွဲပြီး သမဂ္ဂမြက်ခင်းမှာ ဦးသန့်ရုပ်အလောင်းကို ဂူသွင်းလိုက်ကြပါတယ်။ မဆလ စစ်အာဏာရှင်တွေဟာ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးကို အာဏာကုန်လွှဲအပ်၍ ပုဒ်မ (၁၄၄)ထုတ်ပြန်စေကာ နှိပ်ကွပ်ရန်ပြင်ဆင်ပြီး အဆိုပါအရေးအခင်းကိုလည်း C.I.A ရဲ့ ပရောဂလို့ အခြေအမြစ်မရှိဘဲ စွပ်စွဲခဲ့ပါတယ်။

စစ်အာဏာရှင်တွေဟာ ဒီဇင်ဘာလ(၁၁)ရက်နေ့ မနက်စောစော (၃)နာရီခန့် အချိန်တွင် ထိုးစစ်ဆင်ပြီး တိုက်ခိုက်လာပါတော့တယ်။ ကျောင်းသားတွေကို မျက်ရည်ယိုဗုံး သုံးပြီး လူစုခွဲပါတယ်။ကျောင်းသားတွေ အမြတ်တနိုးလုပ်ထားတဲ့ ဦးသန့်ဂူကိုလည်း ဘူဒိုဇာကြီးနဲ့ တိုက်ဖျက်ပြီး အလောင်းကို ကရိန်းနဲ့မချီခဲ့ပါတယ်။ကျောင်းသားတွေဟာ လက်ချင်းချိတ်ပြီးတော့ အုတ်ဂူကိုပတ်ပြီး ကာကွယ်ပိတ်ဆို့ထားတဲ့ကြားက လုယူသွားခဲ့တာဖြစ်ပါတယ်။ အုတ်ဂူကို စောင့်ကြပ်နေတဲ့ အာဂသတ္တိ ကျောင်းသားတွေနဲ့ စစ်ဘီလူးတွေဟာ ရန်းရင်းဆန်ခတ်နဲ့ ကျောင်းဝင်းအတွင်းမှာ ငရဲပွက်နေပါတော့တယ်။ မိုးလင်းလာလို့ ရန်ကုန်မြို့တွင်းက ကျောင်းသားတွေ ရောက်ရှိလာတဲ့အခါ အလောင်းကို လုယက်သွားတဲ့သတင်းကြားပြီး ကျောင်းသားများအားလုံး ပူးပေါင်းကာ အစိုးရအဆောက်အဦးများ၊ မီးပွိုင့်၊ ရုပ်ရှင်ရုံ စတာတွေကို တိုက်ခိုက်ခဲ့ကြပါတယ်။ကျောင်းတွေကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်ပါတယ်။ အဲဒီနောက် ရန်ကုန်မှာ နေ့ကျောင်းသားနဲ့ အဆောင်နေကျောင်းသားတွေကို စစ်အာဏာရှင်တွေက ဒလကြမ်း ဖမ်းဆီးပါတော့တယ်။ကျောင်းသားအများအပြားဟာ လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲနေတဲ့ ပြည်ချစ်ပါတီကို ဝင်ရောက်သွားခဲ့ကြပါတယ်။ အဲဒီနောက်မှာတော့ ဦးသန့်ဂူကို သခင်ကိုယ်တော်မှိုင်းဂူဘေးမှာ ထားရှိပေးလို့ ကျောင်းသားတွေ အောင်မြင်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဗိုလ်နေဝင်းဟာ ဗျူဟာပြောင်းပြီး ပညာရေးဝန်ကြီး ဒေါက်တာခင်မောင်ဝင်းနဲ့ ကျန်းမာရေးဝန်ကြီး ဒေါက်တာလှဟန်တို့ကို ၁၉၇၅ ခုနှစ် ဇွန်လ (၅) ရက်နေ့နဲ့ (၆) ရက်နေ့တွေမှာ တိမ္မေးကုတက္ကသိုလ်နဲ့ ရန်ကုန်စက်မှုတက္ကသိုလ်တွေကို စေလွှတ်ပြီး ကျောင်းသားတွေနဲ့ ဆွေးနွေးခိုင်းပါတယ်။ကျောင်းသားတွေက "မြန်မာပြည်ရဲ့ လက်ရှိအခြေအနေ တိုးတက်ဖို့ဆိုရာမှာ စီမံကိန်းတစ်ခု မအောင်မြင်ရင်၊ အရှုံးပေါ်ရင် သက်ဆိုင်ရာဝန်ကြီး နုတ်ထွက် ပေးဖို့နဲ့ တပြည်လုံးရဲ့ စီးပွားရေးကို တိုးတက်အောင်မလုပ်နိုင်ရင် အစိုးရအဖွဲ့ နုတ်ထွက်ပေးဖို့" တောင်းဆိုကြပါတယ်။ အဲဒီအခါမှာ ဗိုလ်နေဝင်းဟာ ယမ်းပုံမီးကျ ဒေါသူပုန် ထပြီး ကျောင်းသားအင်အားစုတွေကိုဖြိုခွဲဖို့ ကျန်းမာရေးဝန်ကြီးနဲ့ ပညာရေးဝန်ကြီးကို စီမံချက်တင်စေပါတော့တယ်။အဲဒီစီမံချက်အရ ကျောင်းသား တွေဟာ (၁၀) တန်းအောင်ရင်တက္ကသိုလ်မတက်ရဘဲ "ဒေသကောလိပ်" ဆိုပြီးတော့ (၂) နှစ် ထပ်မံ တက်စေပါတယ်။ (၁၀)တန်း

အောင်မှတ်ရယ်၊ ဒေသကောလိပ်(၂)နှစ်အောင်မှတ်ရယ် ပေါင်းပြီးတော့မှ ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ် စသဖြင့် လိုင်းခွဲ တက်ရောက်စေပါတယ်။ ကျောင်းသားတွေဟာ ဒေသကောလိပ်မှာ ထပ်မံကြိုးစားရလို့ နိုင်ငံရေးမှာ အားနည်းစေခဲ့ပါတယ်။ အင်အားကောင်းလှတဲ့ ရန်ကုန်ဝိဇ္ဇာနဲ့ သိပ္ပံတက္ကသိုလ်ရဲ့ ကျောင်းသားအင်အားထုကို ဖြိုခွဲထားသလို ဒေသကောလိပ်တွေနဲ့ ထိမ်းချုပ်ထားခြင်းဖြစ်ပါတယ်။ တစ်နည်းပြောရရင် ဒေသကောလိပ်(၁၆)ခု ထားရှိပြီး ကျောင်းသားတွေကို လူစုခွဲထားခြင်းဖြစ်ပါတယ်။ သို့သော်လည်း ကျောင်းသားတွေဟာ ၁၉၇၆ ဖေဖော်ဝါရီလ ကျောင်းတွေ ပြန်ဖွင့်တဲ့အခါမှာ “ဆရာကြီးသခင်ကိုယ်တော်မှိုင်း” ရဲ့ ရာပြည့်ပွဲကို လုပ်ဖို့ စိုင်းပြင်းလာပြန်ပါတယ်။၁၉၇၆ မတ်လ (၂၃) ရက်နေ့မှာတော့ ဆရာကြီးသခင် ကိုယ်တော်မှိုင်း အုတ်ဂူကို အလေးပြုဖို့ ကျောင်းသားတွေ ချီတက်ပါတော့တယ်။ ဂူမှာ အလေးပြုနေတဲ့ ကျောင်းသားတွေနဲ့ ဝိုင်းထားတဲ့ စစ်တပ်ဟာ မပြေမလည်ဖြစ်ပြီး ကျောင်းသားတွေက အာဏာရှင်ဆန့်ကျင်ရေးသပိတ်ကို စတင်လိုက်ပြန်ပါတယ်။မဆလစစ်အစိုးရဟာ ကျောင်းသားတွေကို ဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ ကျောင်းထုတ်ခြင်း၊ ကျောင်းများကိုပိတ်ခြင်း စသဖြင့် ဆက်တိုက်လုပ်ပြန်ပါတယ်။သားသုံးသားထဲမှာ စစ်အာဏာရှင်အကြောက်ဆုံး ကျောင်းသားတွေရဲ့ အံ့မခန်းတဲ့ လှုပ်ရှားမှုတွေကို ဆက်လက်ဖတ်ရှုကြပါခင်ဗျား။

## ၁၉၈၈ အရေးအခင်းအစ ကျောင်းသားက

စစ်အာဏာရှင်ခေတ်အဆက်ဆက်မှာ ကျောင်းသားတွေဟာ မတရားနှိပ်ကွပ်ခံရပေမယ့် “အာဃာတ” မထားဘဲ အမျိုးသားရေးတာဝန်တစ်ရပ်ကို ယနေ့တိုင် အသက်ပေးထမ်းဆောင်နေကြပါတယ်။ မြန်မာပြည်သူလူထုရဲ့ နှလုံးသား၊ သည်းပွတ်ပမာ ကျောင်းသားလူငယ်တွေဟာ လူကိုတိုက်နေတာမဟုတ်ဘဲ၊ မူကိုတိုက်နေတာ ဖြစ်တဲ့အပြင် မဆလအစိုးရပြုတ်ကျသည်အထိ ပြည်သူလူထုနဲ့ လက်တွဲပြီးတိုက်ပွဲဝင်ခဲ့ကြပါတယ်။ ဘုန်းမော်အရေးအခင်းဖြစ်ပွားခဲ့ခြင်းကြောင့် ကျောင်းသားများဟာ အာဏာရှင်စနစ် ပြုတ်ကျရေးအတွက် တိုက်ပွဲဝင်ရန်ကြေညာလိုက်ပုံကို ဆက်လက်တင်ပြသွားပါ့မယ်။ ၁၉၇၈၊ ၁၉၈၂ခုနှစ်တွေမှာလည်း မဆလစစ်အစိုးရဟာ လူပေါင်း(၈၀၀)ခန့်ကို U.G လို့ စွပ်စွဲပြီး ထောင်ချခဲ့ပါတယ်။ ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ (၅)ရက်နေ့မှာတော့ မဆလအာဏာရှင်ဟာ ငွေစက္ကူတွေကို တရားမဝင် ရပ်စဲခဲ့ပါတယ်။ ဒီလုပ်ရပ်ဟာ အစိုးရရဲ့သိက္ခာမယ့်တဲ့ လုပ်ရပ်ဖြစ်လို့ ကျောင်းသားတွေ ဆူပူမှုဖြစ်ပွားခဲ့ပါတယ်။ အစိုးရဆန့်ကျင်တဲ့ လှုပ်ရှားမှုတွေမှာ ထိပ်ဆုံးက အမြဲလိုလို ပါဝင်ခဲ့တဲ့ ကျောင်းသားတွေကို ကြောက်ရွံ့ပြီး ထုံးစံအတိုင်း အစိုးရဟာ ကျောင်းတွေကို ပိတ်လိုက်ပြန်ပါ တယ်။ ၁၉၈၇ ခုနှစ်၊

အောက်တိုဘာလ (၂၆) ရက်နေ့မှာ ကျောင်းတွေ ပြန် လည်ဖွင့်လှစ်ပေးလိုက်တာနဲ့ ရခိုင်ပြည်နယ် စစ်တွေ ဒေသကောလိပ်က ကျောင်းသားတွေဟာ နိုဝင်ဘာလ(၂)ရက် နေ့နဲ့ (၃)ရက်နေ့တွေမှာ ဆက် တိုက်ဆန္ဒပြခဲ့ပြီး နိုဝင်ဘာလ (၇) ရက်နေ့မှာတော့ ရေဇင်းစိုက်ပျိုးရေး တက္ကသိုလ်၊ တိရိစ္ဆာန်မွေးမြူရေးနဲ့ ဆေးကုသရေး တက္ကသိုလ်တွေက ကျောင်းသားတွေဟာ ဦးနေဝင်းရဲ့ ရုပ်ပုံတွေကို မီးရှို့ကာ ဆန္ဒပြခဲ့ကြပါတယ်။

၁၉၆၂ ခုနှစ် ဗိုလ်နေဝင်း အာဏာသိမ်းပြီးတဲ့အချိန်ကစပြီး မြန်မာနိုင်ငံရဲ့ အခြေအနေဟာ တစထက်တစ ဆိုးဝါးလာခဲ့ပြီး ခါးသီးတဲ့ တစ်ပါတီစနစ်ဆိုးရဲ့ဒဏ်ကို ပြည်သူလူထုတွေ လည် စင်းပြီး ခံခဲ့ကြရပါတယ်။ ၁၉၈၈ မတ်လ (၁၂) ရက် စနေနေ့ညနေမှာ ရန်ကုန် စက်မှုတက္ကသိုလ် ကျောင်းသား ကိုဝင်းမြင့်နဲ့ ကိုကျော်စံဝင်း အပါအဝင် ကျောင်းသား(၄)ဦးဟာ ရန်ကုန်မြို့ အနောက်ကြို့ကုန်းမှာရှိတဲ့ စန္ဒာဝင်းလက်ဖက်ရည်ဆိုင်ကို ရောက်လာခဲ့ပါတယ်။ သူတို့ဟာ လက်ဖက်ရည်ဆိုင်မှာ စိုင်းထီးဆိုင်သီချင်း ဖွင့်ပေးဖို့ တောင်းဆိုခဲ့ကြပါတယ်။ ဆိုင်ရဲ့ အတွင်းဘက်မှာ ထိုင်နေတဲ့ ရပ်ကွက်ကောင်စီဥက္ကဋ္ဌရဲ့ သားဖြစ်သူဟာ အရက်မူးနေပြီး ကျောင်းသားတွေရဲ့ သီချင်းတောင်းဆိုမှုကို မကျေမနပ်ဖြစ်ကာ ထိုင်ခုံကို ကောက်ကိုင်ရင်း ကိုဝင်းမြင့်ရဲ့ခေါင်းကို ရိုက်လိုက်ပါတယ်။ ခေါင်းကွဲသွားလို့ ကျောင်းသား(၃)ဦးလည်း ရဲစခန်းကို သွားရောက် အကြောင်းကြားရာ ကောင်စီဥက္ကဋ္ဌရဲ့ သားကို ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ဒါပေမယ့် တစုံတရာမပြော ဆိုဘဲ နောက်တစ်နေ့မနက်မှာ ရိုက်နှက်ခဲ့သူကို ပြန်လွှတ်ပေးခဲ့ပါတယ်။ဒါကြောင့် စက်မှု တက္ကသိုလ် ကျောင်းသား(၂၀)ခန့် ပြည်သူ့ကောင်စီရုံးသို့ သွားရောက်ကာ ကန့်ကွက်ခဲ့ကြပါတယ်။ ကောင်စီဥက္ကဋ္ဌက ဂရုမစိုက်၊ နားမထောင်လိုကြောင်း ငြင်းပယ်လိုက်၍ ကျောင်းသားများ ဒေါသူပုန်ထ ကာ ကောင်စီရုံးကို ခဲများနဲ့ပစ်ပေါက်ကြပါတယ်။

ရပ်ကွက်ကောင်စီဥက္ကဋ္ဌရဲ့ သားအပါအဝင် ကြို့ကုန်းအနောက်ပိုင်းသားတွေနဲ့ ကျောင်းသားတွေ ထပ်မံ ရန်ပွဲဖြစ်ပွားပြီး ကျောင်းသားဝင်းမြင့် ဓါးထိုးခံရပြန်ပါတယ်။ ကျောင်းသားတွေဟာ ကျောင်းကို ပြန်ပြေးပြီး လူပြန်စုရာ အင်အား (၃၀၀) ခန့် အထိ ရှိလာပြီး ရပ်ကွက်ထဲသို့ တဖန် ချီတက်လာပြန်ပါတယ်။ ကျောင်းသားအုပ်ကြီးဟာ အဲဒီအခါမှာ မီးသတ် ပိုက်ကိုင်ထားတဲ့ မီးသတ်တွေနဲ့ လုံထိန်းတပ်ဖွဲ့တွေကို ရင်ဆိုင်လိုက်ရပါတော့တယ်။ ကျောင်းသားအုပ်ဟာ ဒေါသယမ်းအိုး ပေါက်ကွဲပြီး လုံထိန်းများရှိရာကို ခဲများဖြင့် ပစ်ပေါက်ကြရာ လုံထိန်းများကလည်း ဒလကြမ်း ပစ်ခတ်ပါတော့တယ်။ အဲဒီပစ်ခတ်မှုကြောင့် အသက် (၂၃) နှစ် သာ ရှိသေးတဲ့ ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသား မောင်ဖုန်းမော်ကျဆုံးပြီး အများအပြား ဒဏ်ရာရခဲ့ကြပါတယ်။ ကျောင်းသားတွေဟာ အချက်(၇)ချက်ပါတဲ့ တောင်းဆိုချက်ပြုလုပ်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

ပညာရေး ဒုတိယ ဝန်ကြီး ဒေါက်တာမောင်ဒီဟာ ကျောင်းသားတွေကို ချက်ချင်း သွားရောက် ညှိနှိုင်းခဲ့ပေမယ့် အဆင်မပြေဘဲ ဆက်လက်တင်းမာနေဆဲ ဖြစ်ပါတယ်။ ၁၉၈၈ မတ်လ (၂၅) ရက်နေ့မှာ လုံထိန်း (၅၀၀) ခန့်ဟာ ရန်ကုန်စက်မှုတက္ကသိုလ်ကို ဝင်ရောက်စီး နင်းခဲ့ပြီး ကျောင်းသားတွေကို နံပါတ်တုတ်နဲ့ ဝင်ရိုက်ခဲ့လို့ ကျောင်းသားအများအပြား ဖမ်းဆီး ခံရဒဏ်ရာရခဲ့ကြပါတယ်။ ကျောင်းသားတွေဟာ စက်မှုတက္ကသိုလ်မှာ စာရွက်စာတမ်းတွေ ဝေငှကာ အစိုးရဆန့်ကျင်ရေးအတွက် အဖွဲ့အစည်းနဲ့ ခြေလှမ်းစတင်လိုက်ပါတော့တယ်။ စက်မှု တက္ကသိုလ် ကျောင်းသားများကိစ္စဟာ အခြားတက္ကသိုလ်တွေကို တောမီးပမာ ပျံ့နှံ့သွားပြီး အင်အားကြီးမားတဲ့ ရန်ကုန်တက္ကသိုလ်ပင်မက ကျောင်းသားထောင်ပေါင်းများစွာဟာ ခွပ်ဒေါင်း အောင်လံကို လွှင့်ထူကာ အစိုးရ ဆန့်ကျင်ရေးအသွင် သိသိသာသာ ပြောင်းလဲသွားပါတယ်။ ၁၉၈၈ မတ်လ (၁၆) ရက်နေ့မှာ ပြည်လမ်းအတိုင်း လှိုင် ဒေသကောလိပ်ကို ချီတက်လာတဲ့ ကျောင်းသားတပ်ဖွဲ့ ဟာ တံတားဖြူအနီးကို ရောက်ရှိစဉ် လမ်းမပေါ်တွင် သံဆူးကြိုးခွေတွေနဲ့ ပိတ်ထားတဲ့ လုံထိန်းတပ်ဖွဲ့တွေရဲ့ ထပ်မံပိတ်ဆို့ထားခြင်းခံရပြီး အမိန့်ပေးသံနဲ့အတူ ကျောင်း သားတွေကို လုံထိန်းတွေက ဝင်ရိုက်ပါတော့တယ်။ အရိုးအက်ကွဲသံ၊ ကျောင်းသားများရဲ့ ညည်းတွားသံ၊ ငယ်သံပါအောင် အော်ဟစ်သံတွေ ပွက်လောရိုက်သွားပါတော့တယ်။ တံတား ဖြူမှာ သွေးတွေလွှမ်းပြီး ‘‘တံတားနီ’’လို့ စာတင်ရလောက်အောင် လူမဆန်စွာ နှိပ်ကွပ်ခြင်း ခံခဲ့ရပါတယ်။ မတ်လ (၁၇) ရက်နေ့မှာ ရန်ကုန်ပင်မတက္ကသိုလ်ဝင်း ပတ်ပတ်လည်မှာ ကွန်မန်ဒို တပ်သားတွေနဲ့ လုံထိန်းတပ်သားတွေက ဝိုင်းရံပိတ်ဆို့ထားပြီး ဘရင်းကယ်ရီယာများ တက္က သိုလ်ဝင်း အပြင်ဘက်မှာ အသင့်ရပ်စောင့်နေကြပါတယ်။ မွန်းလွဲ (၂) နာရီမှာ လုံထိန်းတွေဟာ ပင်မတက္ကသိုလ်နယ်မြေထဲကို အတင်းဝင်စီးပြီး ရဲချုပ်ကိုယ်တိုင် ကြီးကြပ်ကာ ကျောင်းသားတွေ ကို အချုပ်ကားအတွင်း မောင်းသွင်းဖမ်းဆီးပါတော့တယ်။ ရဲတွေက ကျောင်းဆောင်အထဲထိ ဝင် လာပြီး ကျောင်းသူ၊ ကျောင်းသားတစ်ထောင်ခန့်ကို ဖမ်းဆီးခေါ်ဆောင်သွားပါတယ်။ အချုပ် ကားတွေမှာ မတန်တဆ ပြွတ်သိပ်ထည့်လို့ ကျောင်းသားအများအပြားမွန်းကျပ်၊ သေဆုံးကုန် တာကြောင့် ပြည်သူလူထုဟာ ကျောင်းသားတွေအပေါ်မှာ ကရုဏာပိုမိုဖြစ်ပွားနေပါတော့ တယ်။ မတ်လ (၁၈) ရက်နေ့မှာ တိုက်ပွဲအရှိန်အဟုန် မြင့်တက်လာပြီး ဖိလေကြွလေဖြစ်တဲ့ ကျောင်း သားအဖွဲ့အစည်းတွေဟာ နီးစပ်ရာကို လက်ဆင့်ကမ်းပြောဆိုကာ ရန်ကုန်မြို့လယ်ခေါင်သို့ အဖွဲ့ပေါင်းများစွာခွဲ၍ လိုင်းကားစီးထွက်လာကြပါတယ်။ ရန်ကုန်မြို့လယ် ဆူးလေကို ကျောင်း သားအင်အား (၃၀၀) ခန့် ရောက်ရှိလာပြီး ပထမဦးဆုံး အင်အားပြလှည့်လည် ဆန္ဒပြပွဲအနေနဲ့ ဆူးလေဘုရားကိုပတ်ပြီးချီတက်ကြရာ ပြည်သူလူထုရဲ့ အံ့သြချီးကျူး လက်ခုပ်တီးအားပေးသံ များဟာ အထက်ဘဝဂ်အထိ သိမ့်သိမ့်တုန်သွားပါတော့တယ်။

စစ်အာဏာရှင်တွေဟာ ယခင် ကျောင်းသားအရေးအခင်းတွေလို လက်နက်အား ကိုးနဲ့ နိုင်ထက်စီးနင်း နှိပ်ကွပ်ရင် လွယ်လွယ်နဲ့ရမယ်လို့ ထင်ထားကြပေမယ့် ကျောင်းသားတွေဟာ အစိုးရပြုတ်ကျနိုင်တဲ့အထိ ပြည်သူလူထုနဲ့ ဆောင်ရွက်ခဲ့ကြပါတယ်။

## မဆလအစိုးရ ပြုတ်ကျခဲ့တဲ့အောင်မြင်မှု

ဖုန်းမော်အရေးအခင်းကို သုံးသပ်ရမယ်ဆိုရင် မဆလ စစ်အာဏာရှင်တွေရဲ့ ကြီးမားတဲ့ ပထမ အမှားတစ်ခုက ရပ်ကွက်ကောင်စီ ဥက္ကဋ္ဌကို ဘက်လိုက်ကာကွယ်ပေးမှုနဲ့ လုံထိန်းတပ်ဖွဲ့ အင်အား အဆမတန်သုံးပြီး ကျောင်းသားတွေကို မညှာမတာ နှိပ်ကွပ်မှုပဲ ဖြစ်ပါတယ်။ ဒုတိယ အမှားကတော့ သတင်းစီစစ်တင်းကြပ်မှု ပြုလုပ်သည်သာမက သတင်းလိမ်လည် ကြေညာခြင်း ပဲဖြစ်ပါတယ်။ လုံထိန်းတပ်ဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရဲချုပ်တို့က အုပ်ချုပ်ရတယ် ဆိုပေမယ့် မဆလရဲ့ အုပ်ချုပ်ရေးယန္တရား ဖွဲ့စည်းပုံအရ အမိန့်ပေးစနစ်ဟာ ရောထွေးနေပြီး အထက်မှ စွက်ဖက်မှုများစွာ ရှိခဲ့ပါတယ်။ ရန်ကုန်တိုင်းမှာလည်း ဒေသပါတီဥက္ကဋ္ဌ၊ တိုင်း ကောင်စီဥက္ကဋ္ဌနဲ့ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဆိုပြီး အမိန့်ပေးနိုင်တဲ့ အာဏာပိုင် (၃) ဦး ရှိနေပါတယ်။ ရန်ကုန်မြို့ လုံခြုံရေးအတွက် တပ်မ (၂၂)၊ (၄၄)၊ (၇၇) တို့ကို ဆွဲခေါ်ရာမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ချက်ခြင်းမသိလိုက်တာမျိုးရှိခဲ့သလို အမိကရဏ်းနှိမ်နင်းရာ မှာလည်း လုံထိန်းတွေနဲ့ စစ်တပ်ရောထွေးနေတာကို တပ်မှူးတွေက မကြိုက်ကြကြောင်းလည်း သိရပါတယ်။

ဇွန်လ (၈) ရက်နေ့မှာ ဦးအောင်ကြီးက ဦးနေဝင်းထံကို အိပ်ဖွင့်စာပေးပို့ရာ တိုင်းပြည်ရဲ့ အခြေအနေအမှန်ကို သိရှိပြီး၊ ပြည်ထဲရေးဝန်ကြီး ဦးမင်းခေါင်နဲ့ ရဲချုပ်တို့ကို တံတားနီနဲ့ ဖုန်းမော် အရေးအခင်းတွေမှာ တာဝန်ရှိသူတွေလို့ စွပ်စွဲကာ အရေးယူ ထုတ်ပစ်လိုက်ပေမယ့် ပြည်သူလူထုက လက်မခံပဲ အမှန်တကယ် တာဝန်ရှိသူတွေ ကျန်ရှိနေသေးတယ်လို့ ယုံကြည် ကြပါတယ်။ မေလ (၃) ရက်နေ့ ကျောင်းတွေ ဖွင့်လှစ်တဲ့အခါ အကျဉ်းထောင်က ပြန်လွတ်လာတဲ့ ကျောင်းသားတွေက သူတို့ရဲ့အတွေ့အကြုံတွေကို ပြန်လည်ရှင်းလင်းကြရာ ဇွန်လ (၁၅) ရက် နေ့မှ (၂၀) ရက်နေ့အထိ ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာတွင် ဆန္ဒပြပွဲများ ဆက်တိုက် ဖြစ်ပွားခဲ့ပြန်ပါတယ်။ ရဟန်းသံဃာတော်တွေ၊ အလုပ်သမားတွေ၊ အထက်တန်းကျောင်းသားများပါ မကျန် ပြည်သူလူထု အမြောက်အများ ပါဝင်လာကြပါတယ်။ ဇွန်လ (၂၁) ရက်နေ့မှာတော့ ကျောင်းများကို ပြန်ပိတ်ကြောင်း အစိုးရက ကြေညာပေမယ့် သပိတ်မှောက်မှုဟာ တပြည်လုံး ကို ပျံ့နှံ့သွားပါတယ်။ ရန်ကုန်မြို့ထဲမှာရှိတဲ့ ဆေးတက္ကသိုလ် (၁) ကို ကျောင်းသားထုဟာ ပြည်လမ်း

အတိုင်း ဆက်လက်ချီတက်သွားရာ ဟံသာဝတီအဝိုင်းအကျော် မြေနီကုန်းအရောက် လုံထိန်းများက တားဆီးကြပြန်ပါတယ်။ မူလက "ဥဒါန်းမကျေတဲ့" ကျောင်းသားတွေရဲ့ ပြင်းထန်တဲ့ တုန့်ပြန်မှုနဲ့ အနီးနားမှာ ရပ်ကြည့်နေတဲ့ ပြည်သူလူထုရဲ့ အံ့သြဖွယ်ရာ ပူးပေါင်းလိုက်မှုကြောင့် လုံထိန်းများ ထွက်ပြေးခဲ့ရပါတယ်။ အဲဒီတိုက်ပွဲမှာ ပြည်သူ (၁၀၀) ခန့်နဲ့ လုံထိန်း (၂၀) ခန့် သေဆုံးကြပါတယ်။

ဇွန်လ (၂၁) ရက်နေ့မှာ ရန်ကုန်မြို့တော်တွင် ညမထွက်ရအမိန့်ကို ရက်ပေါင်း (၆၀) ထုတ်ပြန်လိုက်ပါတယ်။ ဇူလိုင်လ (၇) ရက်နေ့မှာ မြန်မာ့အသံကနေပြီး မတ်လဆူပူမှုအတွက် ထိန်းသိမ်းခြင်းခံထားရတဲ့ ကျောင်းသားတွေအားလုံးကို ပြန်လွှတ်ပေးမယ်လို့ ကြေညာခဲ့ပါတယ်။ဒါပေမယ့် ဇွန်လ (၂၃) ရက်နေ့ကတည်းက ကျောင်းသားတွေဟာ လူစု လူဝေးမပြုရဆိုတဲ့ အမိန့်ကို ဆန့်ကျင်ပြီး ရွှေတိဂုံစေတီမှာ သပိတ်စခန်း ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။ ဇူလိုင်လ (၈) ရက်နေ့မှာတော့ ဦးနေဝင်းဟာ ညမထွက်ရအမိန့်ကို ချွေးသိပ်တဲ့အနေနဲ့ ရုပ်သိမ်းပေးပါတယ်။ ကျောင်းထုတ်ခံရတဲ့ ကျောင်းသားတွေဟာ ကျောင်းပြန်တက်နိုင်ပေမယ့် ကျောင်းသားတွေရဲ့ ရင်ထဲက ဝေဒနာတွေဟာ ပျောက်သွားဖို့မလွယ်ကူတော့ကြောင်း ဦးနေဝင်း ရိပ်မိသွားပြီဖြစ်ပါတယ်။ ဒါကြောင့် ဦးနေဝင်းက မဆလ အတွင်းရေးမှူးများအဖွဲ့အား ပါတီညီလာခံ အရေးပေါ်အစည်းအဝေးကို ဇူလိုင်လ (၂၃) ရက်နေ့မှာ ခေါ်ယူကျင်းပရန် ညွှန်ကြားလိုက်ပါတယ်။ ပါတီညီလာခံ ကျင်းပတဲ့အခါမှာ ဦးနေဝင်းက သူနုတ်ထွက်မယ်လို့ပြောရာ အားလုံး အံ့သြကုန်ကြပါတယ်။ အဲဒီနောက် ဦးစိန်လွင်ကို သမ္မတ တင်လိုက်ပါတယ်။ ဦးနေဝင်းဟာ သူ့မှာ အပြစ်ရှိကြောင်းသိလို့ ကောင်းကောင်းမွန်မွန် ထွက်တာမဟုတ်ဘဲ စစ်တပ်ဆိုတာ မိုးပေါ် ထောင်ပြီး ပစ်တာမဟုတ်ဘူး၊ ပစ်ရင် မှန်အောင်ပစ်တယ်လို့ လူထုနဲ့ ကျောင်းသားတွေကို စိန်ခေါ်ပြီး သမိုင်းမှာ အမည်းစက် ကြီးဖြစ်အောင် ပြောကြားခဲ့ပါတယ်။ ဇူလိုင်လ (၂၈) ရက်နေ့မှာ ရွှေတိဂုံဘုရား ပေါ်တွင် ကျောင်းသားများ စုရုံးဆန္ဒပြပြီး မကြောက်ရွံ့ကြောင်း တုန့်ပြန်လိုက်ပါတယ်။

ဩဂုတ်လ (၁) ရက်နေ့မှာ ဗမာပြည်လုံးဆိုင်ရာကျောင်းသားများသမဂ္ဂက ရှစ်လေးလုံး အထွေထွေသပိတ်ကြီးအတွက် လှုံ့ဆော်ရေးစာစောင်တွေ စတင်ဖြန့်ဝေပါတော့တယ်။ ဩဂုတ်လ (၃) ရက်နေ့မှာတော့ ရန်ကုန်မြို့မှာ ဆန္ဒပြသူထောင်ပေါင်းများစွာ စတင် အရှိန်ယူစပြုပြီး မာရှယ်လော စစ်ဥပဒေထုတ်ပြန်ချက်ကို ဖီဆန်လိုက်ပါတယ်။ ဩဂုတ်လ (၈) ရက်နေ့မှာတော့ သမိုင်းတွင်မယ့် အထွေထွေသပိတ်ကြီးကို ပြည်သူလူထု သိန်းနဲ့ချီပြီး ဆင်နွှဲလိုက်ကြပါတော့တယ်။ မြို့တော်ခန်းမမှ ရန်ကုန်တိုင်း တိုင်းမှူးဟာ လူစုခွဲကြဖို့နဲ့ မခွဲရင် ပစ်ခတ်မယ်လို့ ခြိမ်းခြောက်ခဲ့ပါတယ်။ လူထုဟာ မကြောက်ရွံ့၊ မတုန်လှုပ်လို့ ည ၁၁ နာရီမှာ စက်သေနတ်သံတွေ ထွက်လာပြီး အစုလိုက်အပြုံလိုက် လဲကျသွားပါတယ်။ ဩဂုတ်လ (၁၁) ရက်နေ့မှာ မြောက်ဥက္ကလာပ၊

ရွှေဂုံတိုင်နဲ့ ရန်ကုန်ဆေးရုံကြီးတွေမှာ ဆန္ဒပြတဲ့ ပြည်သူလူထုတွေကို စစ်တပ်ကပစ်ခတ်လို့ အထွေးလိုက်အပုံလိုက် ကျဆုံးခဲ့ကြပါတယ်။ နောက်မတွန့်ပဲ မကြောက်မရွံ့ ဆက်လက် ဆန္ဒပြကြရာ ဩဂုတ်လ (၁၂) ရက်နေ့မှာ ဦးစိန်လွင်ပြုတ်ကျပြီး ဒေါက်တာမောင်မောင်အစိုးရ တက်လာပြန်ပါတယ်။ ဩဂုတ်လ (၂၄) ရက်နေ့မှာ စစ်ဥပဒေကို ရုပ်သိမ်းပေးလိုက်ပြီး တပ်များကိုလည်း ပြန်လည်ရုပ်သိမ်းပေးလိုက်ပါတယ်။ ဩဂုတ်လ (၂၆) ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ ရွှေတိဂုံအနောက်ဘက်မုခ်တွင် ပထမဦးဆုံး မိန့်ခွန်းပြောကြားပြီး လူထု (၅) သိန်းကျော် အားပေးခဲ့ရာ ကျောင်းသားများက အနီး ကပ်နဲ့ အပြင်စည်း လုံခြုံရေးယူပေးခဲ့ကြပါ တယ်။

ဩဂုတ်လ (၂၈) ရက်နေ့မှာ သတ္တမအကြိမ်မြောက် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂကို ရန်ကုန်မြို့မှာ တရားဝင်ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် သတ္တဗေဒ တတိယနှစ် ကျောင်းသား မင်းကိုနိုင်ကို တင်မြှောက်ခဲ့ကြပါတယ်။ အလားတူ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ''မကသ'' အား မင်းဇေယျာမှ ဦးဆောင်ခဲ့ပါတယ်။ စက်တင်ဘာလ (၆) ရက်နေ့ ရန်ကုန်ဆေးရုံကြီး အထွေထွေသပိတ်ကော်မတီဖွဲ့စည်းရာမှာလည်း ဗကသမှ ကျောင်းသားကိုဇော်ထွန်းဟာ အထွေထွေအတွင်းရေးမှူးအဖြစ် ပါဝင်လှုပ်ရှားခဲ့ပါတယ်။ စက်တင်ဘာလ (၆) ရက်နေ့မှာ ရန်ကုန်စစ်ရုံးချုပ်အနီးရှိ ကျောက်တိုင်တွင် လူထုနှင့်စစ်တပ် ထိပ်တိုက် ရင်ဆိုင်ကြရာ ဦးအောင်ကြီးနဲ့ ကိုမင်းကိုနိုင် ဝင်ရောက်ဖြန်ဖြေခဲ့မှုကြောင့် လူထုကြီးလည်း လူစုကွဲသွားခဲ့ပါတယ်။ စက်တင်ဘာလ (၁၇) ရက်နေ့မှာ ကုန်သွယ်ရေးဝန်ကြီးရုံးက လုံခြုံရေးတပ်ခွဲကို လူထုက ဝိုင်းဝန်းတိုက်ခိုက်ရန် ပြင်ဆင်နေတာကို ကျောင်းသားတွေက ရဟန်းသံဃာတော်တွေနဲ့ ပူးပေါင်းပြီး တပ်မတော်သားတွေရဲ့အသက်ကို ကယ်တင်ခဲ့ပါတယ်။



**ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ (၈၈၈၈) ဥက္ကဋ္ဌ မင်းကိုနိုင်**

စက်တင်ဘာလ (၁၈) ရက်နေ့မှာ အခြေအနေ ယိမ်းယိုင်နေတဲ့ ဒေါက်တာမောင်မောင်အစိုးရလည်း ပြုတ်ကျပြီး ဗိုလ်ချုပ်စောမောင်ဦးစီးတဲ့ စစ်တပ်က အာဏာသိမ်းလိုက်ချိန်မှာ

တော့ ကျောင်းသားတွေရဲ့ စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှု နည်းဗျူဟာ တမျိုးတဖုံ ပြောင်း လဲ သွားရပါတော့တယ်။

## စွန့်လွှတ်စွန့်စား ကျောင်းသားစိတ်ဓာတ်များ

စစ်တပ်က အာဏာသိမ်းပြီး ဗိုလ်ချုပ်စောမောင်ဦးစီးတဲ့ နဝတအစိုးရ တက်လာပြီးတဲ့နောက် နှိပ်ကွပ်မှုကြီးမားလွန်းလို့ ကျောင်းသားတွေဟာ ဥပဒေအတွင်း ဒီမိုကရေစီ လှုပ်ရှားလုပ်ကိုင်ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်း နည်းပါးသွားပါတယ်။ အဲဒီအခါမှာ ကျောင်းသားတွေဟာ တိုက်ပွဲနည်းဗျူဟာ (၃)မျိုးနဲ့ ဆန့်ကျင် တိုက်ခိုက်သွားကြပါတယ်။ ပထမ နည်းဗျူဟာကတော့ မြေပေါ်မှာ တရားဝင် ရပ်တည်လို့ရတဲ့ မိုးသီးဇွန်ဦးဆောင်ပြီး လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ ဖွဲ့စည်းကာ လှုပ်ရှားကြခြင်းဖြစ်ပါတယ်။ ဒုတိယ နည်းဗျူဟာကတော့ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲဖို့ လွတ်မြောက်နယ်မြေမှာ ''မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး'' **(ABSDF)**ကို (၁၉၈၈) ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့မှာ ဖွဲ့စည်းပြီး လှုပ်ရှားကြခြင်းဖြစ်ပါတယ်။ တတိယ နည်းဗျူဟာကတော့ လက်ရှိဖွဲ့စည်းထားတဲ့ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂအဖွဲ့ကို မြေအောက်လှုပ်ရှားမှု **(UG)** အသွင်မျိုးစုံနဲ့ အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားကြပါတယ်။ စစ်တပ်ရဲ့ ပစ်ခတ်မှုကို မခံနိုင်တော့တဲ့ အကျိုးမယ့် စွန့်စားမှုမျိုး မလုပ်ချင်ကြတဲ့ ကျောင်းသား ထောင်ပေါင်းများစွာဟာ ထိုင်းနိုင်ငံနယ်စပ်နဲ့ အိန္ဒိယနိုင်ငံနယ်စပ်ကို ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါတယ်။ ဗိုလ်စောမောင်ကို ဖြုတ်ချပြီး တက်လာတဲ့ ဗိုလ်သန်းရွှေဟာ ကျောင်းသားတွေကို ပြန်လာကြဖို့နဲ့ အိမ်က စိတ်ဆိုးပြီး ထွက်သွားတဲ့ သားသမီးများပမာ ဖမ်းဆီးခြင်းပြုမည် မဟုတ်ကြောင်း အချိုသပ်ပြီး လက်မှတ်ထိုးခေါ်ယူခဲ့ပါတယ်။ ထိုင်းနိုင်ငံနဲ့ညှိနှိုင်းပြီး တာ့ခ်ခရိုင်မှာ ကျောင်းသားကြိုဆိုရေး လက်ခံစခန်းများ ဖွင့်လှစ်ပေးခဲ့ပါတယ်။ စစ်အာဏာရှင်ကို အယုံအကြည်မရှိကြတော့တဲ့အတွက် ကျောင်းသားအနည်းငယ်သာ မြန်မာပြည်အတွင်းကို ပြန်ဝင်သွားကြပြီး ပြည်တွင်းမှာ အခွင့်သာရင်သာသလို ဆက်လက် လှုပ်ရှားကြပါတယ်။

(၁၉၈၉) ခုနှစ် မတ် လ (၂၂) ရက်နေ့မှာ ရေးမြို့ ကို မွန်ပြည်သစ်ပါတီနဲ့ ကျောင်းသားများ ဒီမိုကရက် တစ်တပ်ဦးတို့ ပူးပေါင်းပြီး ဝင်ရောက် သိမ်းပိုက်နိုင်ခဲ့ပါ တယ်။ နဝတစစ်အစိုးရဟာ (၁၉၈၈) ခုနှစ်အကုန်မှာ ရန် ကုန်မှာရှိတဲ့ ကျောင်းသားခေါင်း ဆောင်တွေနဲ့ ပထမဦးဆုံး တွေ့ ဆုံဆွေးနွေးခဲ့ပါတယ်။ ကျောင်း သားတွေက ဒီမိုကရေစီနဲ့ လူ့ အခွင့်အရေး၊ ကျောင်းသားထု အခွင့်အရေး၊ အမျိုးသားအကျိုးစီးပွားအပါအဝင် တောင်းဆိုချက် (၁၇) ချက် တောင်းဆိုခဲ့ပါ တယ်။ နဝတက ကျောင်းသား သမဂ္ဂဖွဲ့စည်းခွင့်နှင့် ရုံးကို မန္တလေးဆောင်မှာ



လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌဟောင်း မိုးသီးဇွန်

သတ်မှတ်ခြင်းအပါအဝင် (၂) ချက်ကိုသာ လိုက်လျောခဲ့ရာ ဆွေးနွေးပွဲမအောင်မြင်ဘဲ ပျက်ပြားခဲ့ပါတယ်။ ၁၉၈၉ မတ်လ (၂၄) ရက်နေ့မှာ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်ကို နဝတက ဖမ်းဆီးလိုက်ပြီး နှစ်ရှည်ထောင်ဒဏ်ချမှတ်လိုက်ပါတယ်။ (၁၉၈၉) ဧပြီလ (၂) ရက်နေ့မှာ လူ့ဘောင်သစ်ပါတီ ဥက္ကဋ္ဌ ကျောင်းသားခေါင်းဆောင် မိုးသီးဇွန်ဟာ စစ်အာဏာရှင်တွေရဲ့ ဖိနှိပ်ဖမ်းဆီးမှုကိုမခံနိုင်လို့ ရန်ကုန်မှ နယ်စပ်ကိုတိမ်းရှောင်ခဲ့ပြီး **(ABSDF)** ကျောင်းသားတပ်ဦးနဲ့ ပူးပေါင်းခဲ့ပါတယ်။ (၁၉၉၁) ခုနှစ် ဒီဇင်ဘာ (၁၀) ရက်နဲ့ (၁၁) ရက်နေ့တွေမှာ ရန်ကုန်တက္ကသိုလ်ပင်မတွင် ရန်ကုန် စက်မှုတက္ကသိုလ်ကျောင်းသား (၅၀၀) ကျော်လာရောက်ပူးပေါင်းပြီး ဒီမိုကရေစီရရှိရေး၊ စစ်အစိုးရဖြုတ်ချရေး၊ ကျောင်းသားသမဂ္ဂဖွဲ့စည်းရေး၊ ဖမ်းဆီးခံရသော ကျောင်းသားများပြန်လွတ်ပေးရေး စသည်တို့ကို ကြွေးကြော်ဆန္ဒပြခဲ့ကြပါတယ်။ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးညွန့်ဟာ ကုန်းမြင့်သာရုံးမှထွက်လာကာ ကားပေါ်တွင် ဆက်သွယ်ရေးဝိုင်ယာလက်စက်နဲ့ တပ်တွေကို ရန်ကုန်ပင်မတက္ကသိုလ်ဝင်းအတွင်း ဝိုင်းဝန်းကြဖို့ ကတုန်ကရင်နဲ့ အမိန့်ပေးခဲ့ပါတယ်။ စစ်အစိုးရဟာ ဆန္ဒပြပွဲကို ဖြိုခွဲခဲ့ပြီး ကျောင်းသားကိုဇော်မင်းအပါအဝင် (၄) ဦးကို ထောင်အနှစ် (၂၀) ချမှတ်ခဲ့ပါတယ်။ ကျန် (၅၀) ဦးကို ထောင် (၁၅) နှစ်နဲ့ (၄) ဦးကို ထောင် (၁၀) နှစ် အသီးသီး ချမှတ်နှိပ်ကွပ်ခဲ့ပါတယ်။ ကျောင်းသားလှုပ်ရှားမှုကို ခါးဆက်ပြတ်သွားအောင် ချေမှုန်းခဲ့ပါတယ်။ ဘယ်လိုပဲ နှိပ်ကွပ်ပေမယ့် ကျောင်းသားတွေရဲ့ စိတ်ဓာတ်နဲ့ခံယူချက်ကတော့ ထာဝစဉ်ရှင်သန်နေဆဲဖြစ်ပါတယ်။

(၁၉၉၅) ဩဂုတ်လ (၈) ရက်နေ့မှာ (၈၈) မျိုးဆက်ကျောင်းသား ကိုမောင်မောင်ဝမ်းနဲ့ တက္ကသိုလ် ကျောင်းသားသမဂ္ဂအဖွဲ့ဝင် (၂၈) ဦးဟာ တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၅၄) နေအိမ်မှာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီး **(National Reconciliation)** အမျိုးသားပြန်လည်သင့်မြတ်ရေးမှ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဆုံးဖြတ်

ထားခဲ့တဲ့မှုကို ဆက်လက်ဆောင်ရွက်ခဲ့ပြန်ပါတယ်။ အောက်တိုဘာ ၁၀ ရက်နေ့ ဒေါ်အောင်ဆန်း စုကြည်နေအိမ်မှာ ကျင်းပတဲ့အခမ်းအနားတွင် ကျောင်းသားများရဲ့ ကြိုးပမ်းမှုကြောင့် ရှမ်းနှင့် မွန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်များမှ တိုင်းရင်းသားခေါင်းဆောင်များ အပါအဝင် ညှော့်ပရိသတ် ပေါင်း (၁၅၀၀) တက်ရောက်ကြတဲ့ မြေပေါ်ဒီမိုကရေစီအင်အားစုများ စုစည်း ညီညွတ်မှုရလဒ် ကို တည်ဆောက်နိုင်ခဲ့ကြပါတယ်။ တချိန်တည်းမှာ အေဒီလမ်းက ဦးနေဝင်းအိမ်ကိုကျောင်းသား (၇) ဦးသွားရောက်ပြီး လုံခြုံရေးအရာရှိမှတဆင့် တွေ့ဆုံဆွေးနွေးရေး၊ နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပတ်သက်ပြီး ဦးနေဝင်း ကိုယ်တိုင်ပါဝင် ဆောင်ရွက်ပေးရန် ကြိုးပမ်းကမ်းလှမ်းခဲ့ပါတယ်။ ဦးနေဝင်းက စာပြန်ကြားရာမှာ ယခုလို လာရောက်တွေ့ဆုံခြင်းအတွက် အံ့သြဝမ်းသာမဆုံး ဖြစ်မိပါကြောင်း၊ အမျိုးသားပြန်လည်သင့် မြတ်ရေးဟာ မရှိမဖြစ် အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်တာကို လက်ခံပါကြောင်း၊ ကျန်းမာရေး အတွက် ကိုယ်တိုင် ထွက်မတွေ့နိုင်ခြင်းကို နားလည်ပေးဖို့နဲ့ ကျောင်းသားများအတွက် အောင်မြင်တဲ့ အထိ လုပ်ဆောင်နိုင်ပါစေလို့ ဆုမွန်တောင်းပါကြောင်း ရေးသားခဲ့တယ်လို့သိရပါတယ်။

ကျောင်းသားများရဲ့ စွမ်းဆောင်ချက်နှင့် မေတ္တာရောင်ပြန်ဟပ်မှုကြောင့် များမကြာမီ ဝန်ကြီးများရုံးမှာ တပ်မတော်ထောက်လှမ်းရေးမှူးရုံးက စစ်ဦးစီးမှူး (ပထမတန်း) ဗိုလ်မှူးကြီး သန်းထွန်း ဦးစီးတဲ့အဖွဲ့နဲ့ (၈၈) မျိုးဆက်ကျောင်းသားများ အပါအဝင် ကျောင်းသားခေါင်းဆောင်များ အနည်းဆုံး (၂) ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးရာမှာ (ကကလှမ်း) အနေနဲ့ ကျောင်းသား များကို ရိုးသားစွာလုပ်မယ်ဆိုရင် ပြောစရာမလိုပါကြောင်း၊ အစိုးရမဆန့်ကျင့်ဘူးဆိုရင် ကျောင်းသားအရေးကို လိုအပ်မယ်ဆိုရင် ကျောင်းသားသမဂ္ဂကို ဖွဲ့စည်းခွင့်ပြုမှာဖြစ်ပါကြောင်း၊ အချိန်ကာလတခုအထိ လုပ်ဆောင်မှုကို စောင့်ကြည့်မှာဖြစ်ပါကြောင်း ပြောဆိုခဲ့ပါတယ်။ ကျောင်းသားတွေက ပြန်လည်ဆွေးနွေးရာမှာ အစိုးရက မှားနေတယ်ဆိုရင် ဆန့်ကျင်မှာ ဖြစ်ပါ ကြောင်း၊ နိုင်ငံရေးမပြေလည်ဘူးဆိုရင် ကျောင်းသားအရေးလည်း မပြေလည်နိုင်ပါကြောင်း၊ နိုင်ငံရေးနဲ့ ကျောင်းသားဟာ ခွဲခြား၍မရပါကြောင်း၊ ခေါင်းနှင့် ပန်းပမာ ပြဿနာ ဒွန်တွဲလျက် ရှိကြောင်း စသည်ဖြင့် ပြန်လည်ဆွေးနွေးခဲ့တယ်လို့ သိရှိရပါတယ်။ အဲဒီနောက် (၈၈) မျိုးဆက် ကျောင်းသားဖြစ်တဲ့ ကိုမောင်မောင်ဝမ်းဟာ တိုင်းရင်းသား လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့တွေနဲ့ ဆက်သွယ်ညှိနှိုင်းပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းနေချိန်မှာ ဖမ်းဆီးခံခဲ့ ရပြီး ထောင်ဒဏ် (၁၀) နှစ် ကျခံခဲ့ရပါတယ်။

(၁၉၉၆) ဒီဇင်ဘာ (၂) ရက်နေ့မှ (၉) ရက်နေ့အထိ ရန်ကုန်တက္ကသိုလ်အနီး ကမာ ရွတ် လှည်းတန်းလမ်းဆုံတွင် ကျောင်းသားအင်အား (၁၅၀၀) ခန့် ဆန္ဒပြကြပြန်ပါတယ်။ ကျောင်းသားသမဂ္ဂဖွဲ့စည်းရေး တောင်းဆိုကြရာ စစ်အာဏာရှင်တို့ နှိပ်ကွပ်မှုကြောင့် ကျောင်းသား

(၂၅၀) ကျော် ဖမ်းဆီးခံရပြီး အများအပြား ဒဏ်ရာရခဲ့ကြပါတယ်။ ကျောင်းသား ကိုသက်ဦးကို ရက်ရက်စက်စက် ထောင်ဒဏ် (၅၂) နှစ် ချမှတ်ခဲ့ပါတယ်။ မျိုးဆက်သစ်ကျောင်းသားတွေဟာ မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းကောင်းမွေကို မည်သူ့တိုက်တွန်းမှုမှမပါဘဲ အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ကြပါတယ်။

## လှေခွက်ချည်းကျန် အလံမလှဲ

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းလှုပ်ရှားမှုမှာ ကျောင်းသားများကိုင်လှုပ်ခဲ့ခြင်းကြောင့် အစိုးရများပြုတ်ကျခဲ့ရပုံကို သဘောပေါက်တဲ့ ဗိုလ်သန်းရွှေဟာ (၄) လပတ် အစည်းအဝေး တိုင်းမှာ ကျောင်းသားတွေနဲ့ ထိပ်တိုက်မဖြစ်ပွားရေးနဲ့ ''မီးစ'' ပွားလာရင်လည်း အမြန်ဆုံး ငြိမ်းသတ်ဖို့ မှာကြားခဲ့ပါတယ်။ (၁၉၉၅) ခုနှစ် မင်္ဂလာဒုံလေဆိပ်အနီးမှာ လုံခြုံရေး တာဝန်ယူ ထားတဲ့ တပ်ရဲ့ ကင်းသမားနဲ့ လမ်းလျှောက်ပြန်လာတဲ့ ဆေးတက္ကသိုလ်မှ ကျောင်းသားအချို့ ကင်းရှေ့မှာ သေးပေါက်မိရာမှ စကားများပြီး ကင်းသမားက ထွက်ပြီး ရိုက်ခဲ့ပါတယ်။ ဒါကို မကျေနပ် လို့ ကျောင်းသားတွေဟာ နောက်ပြန် အင်အားစု အများအပြား ခေါ်ယူပြီး အဲဒီစစ်သားကို ထုတ်ပေးဖို့ တောင်းဆိုပါတယ်။ စစ်ကြောင်းမှူးလည်း အဲဒီစစ်သားကို ချော့မော့ပြီး အရိုက်ခံရန် ထုတ်ပေးလိုက်ပါတယ်။ ကျောင်းသားတွေက သဘောထားကြီးစွာ ဆုံးမရုံသာ ပြန်ရိုက်ပြီး ကျေနပ်စွာ ပြန်သွားတဲ့ ဖြစ်စဉ်လည်းရှိခဲ့ပါတယ်။ ကျောင်းနဲ့နီးတဲ့ အဝေးပြေးကားဂိတ် အတွင်းက အရက်မူးနေတဲ့လူနဲ့ ကျောင်းသားများ စကားများရန်ဖြစ်လို့ အာဏာပိုင်တွေက ကြောက်ရွံ့ပြီး အဝေးပြေးဂိတ်အတွင်း အရက်လုံးဝမရောင်းချရေး ညွှန်ကြားကာ ကြိုတင်ကာကွယ်မှု ပြုလုပ်ခဲ့ ကြပြန်တယ်။

ဗိုလ်သန်းရွှေဟာ (၁၉၉၃) ခုနှစ်မှာ ကြံ့ဖွံ့ဆိုတဲ့ အဖွဲ့အစည်းတစ်ခု တည်ထောင်ပေးပြီး ကျောင်းသားထုအတွင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ထိုးဖောက် စည်းရုံးကာ ကျောင်းသားလှုပ်ရှားမှုကို အားနည်းသွားအောင် မဟာဗျူဟာချမှတ် စီမံခဲ့ပါ တယ်။ (၁၉၉၅) ခုနှစ် နိုဝင်ဘာလမှာ ရန်ကုန်တက္ကသိုလ် (၇၅) နှစ်မြောက် စိန်ရတု အခမ်း အနားကို ၈၈ မျိုးဆက် ကျောင်းသားများနဲ့ အခြားကျောင်းသားများဟာ အာဏာပိုင်တွေ စောင့်ကြည့်တားဆီးနေတဲ့ကြားထဲက ''နဝတ''အဖွဲ့ တစ်ခုတည်းသာ စိန်ရတုအခမ်းအနား ပြုလုပ်နိုင်တာမဟုတ်ဘဲ ကျောင်းသားများကလည်း မိမိတို့ဖာသာလုပ်နိုင်ကြောင်း၊ ဖိတ်စာများ ဝေငှကာ အခမ်းအနားတခု လုပ်နိုင်ခဲ့ပုံကို တင်ပြပါအုံးမယ်။ နဝတက စိန်ရတုပွဲပြုလုပ်မယ့် စင်မြင့်မှာ ကျောင်းသားများဟာ လက်ဦးမှုရယူကျင်းပရန် စီစဉ်ရာမှ သတင်းပေါက်ကြားသွားပြီး ဒေါ်စုကြည်အိမ်နှင့် မနီးမဝေး အင်းလျားကန်စောင်း ဓာတ်ဆီဆိုင်အနီး ဘုန်းကြီးကျောင်းကို

ချီတက်ဖို့ ပြောင်းလဲစီစဉ်ကြောင်း သိရှိခဲ့ရပါတယ်။ ဗိုလ်ခင်ညွန့်၊ ဗိုလ်ကျော်ဝင်းတို့ဟာ စစ်ကိုင်း ဆောင်မှာ နေခဲ့ကြတာမို့ ကျောင်းသားဟောင်းမိတ်ဆုံစားပွဲများ ပြုလုပ်ကာ ကျောင်းသားများကို စည်းရုံးရန် စီစဉ်ထားပါတယ်။ ယနေ့ နအဖ အလိုကျ လှုပ်ရှားနေပြီး YMBA တွင် သတင်းစာ ရှင်းလင်းပွဲလုပ်ခဲ့တဲ့ (၈၈) မျိုးဆက် ကျောင်းသားဆိုသူ ကိုအေးလွင်ဟာ ငွေကြေး အလွဲသုံးစားမှု နှင့် ထောင်ကျနေပြီး သူ့ညီနှစ်ဦးကို စာရေးဆက်သွယ်ကာ နဝတ စိန်ရတု အခမ်းအနား ကျင်း ပမယ့် အစီအစဉ်ကို နဝတအကြိုက် ဖြန့်ဝေခိုင်းပါတယ်။ ကိုအေးလွင်ဟာ ကျောင်းသားထု အတွင်းမှာ အမှန်မသိအောင်၊ ကျောင်းသားများ နဝေတိမ်တောင်ဖြစ်အောင် လှည့်စားခဲ့ပါ တယ်။ ကျောင်းသားတွေဟာ ဘုန်းကြီးကျောင်းမှာ စုဝေးနေစဉ် ထပ်မံ သတင်း ပေါက်ကြားပြီး စစ်တပ်နဲ့ စစ်ထောက်လှမ်းရေးက ကားတွေရောက်ရှိလာလို့ မူလအစီအစဉ် သတ်မှတ်ထားတဲ့ နေရာကို မသွားတော့ဘဲ လက်ရှိ ဘုန်းကြီးကျောင်းမှာဘဲ ''လျှပ်တပြက်'' စိန်ရတု အခမ်း အနား ကျင်းပကြောင်း သိရှိရပါသည်။ အခမ်းအနားကို သတင်းထောက်တွေ၊ နိုင်ငံရေးပါတီတွေ၊ သံတမန်တွေ၊ အရွေးချယ်ခံကိုယ်စားလှယ်တွေ ကျောင်းသားတွေနဲ့ သခင်၊ သခင်မကြီးတွေပါ မကျန် စုံညီစွာ တက်ရောက်ကြပါတယ်။ အခမ်းအနားမှာ ဗိုလ်ချုပ်အောင်ဆန်းကို ရန်ကုန် တက္ကသိုလ် ဂုဏ်ထူးဆောင် ကျောင်းသားအဖြစ် ဂုဏ်ပြုခြင်းနဲ့ သမီးဖြစ်သူမှ လက်ခံယူရန် အစီအစဉ်ပါရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း အမျိုးသားညီလာခံကိစ္စအတွက် NLD ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးကျင်းပနေဆဲ အလုပ်များနေတဲ့ကြားထဲက ဒီအခမ်း အနားအစီအစဉ်ကို ထောက်ခံတဲ့သဝဏ်လွှာအား အထွေထွေအတွင်းရေးမှူးအနေနဲ့ လက် မှတ်ရေးထိုးပေးပို့နိုင်ခဲ့ပြီး ဖတ်ကြားနိုင်ခဲ့ကြောင်း သိရှိရပါတယ်။ အခမ်းအနားတက်ရောက်သူတွေကို စစ်တပ်က ဝင်ရောက်ဖမ်း ဆီးခြင်းမပြုရဲတော့ပဲ စိန်ရတုအခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ (၁၉၉၈) ခုနှစ် စက်တင်ဘာ (၂) ရက်နေ့မှ (၄) ရက်နေ့အထိ စက်မှုတက္ကသိုလ်ကျောင်းဝင်းအတွင်း ကျောင်းသား (၇၀၀)ခန့်၊ ဩဂုတ်လ (၂၄) ရက်နေ့မှာ ရန်ကုန် ပင်မတက္ကသိုလ်ကျောင်းဝင်းအတွင်း ကျောင်းသား (၂၀၀) ကျော် ခွပ်ဒေါင်းပုံခေါင်းစည်းပြီး မိနစ် (၉၀) ကျော် ဆန္ဒပြခဲ့ကြပါ တယ်။ အဲဒီလှုပ်ရှားမှုတွေကို ရန်ကုန်ခရိုင်ကျောင်းသားသမဂ္ဂက ဦးဆောင်ခဲ့ပြီး ကျောင်းသားကိုသက်ဝင်းအောင်ဟာ ထောင်ဒဏ် (၅၉) နှစ်ကျခံခဲ့ရပြီး မကြာမီကပင် ကျဆုံးခဲ့ရပြီဖြစ်ပါတယ်။



**အကျဉ်းထောင်ထဲတွင် ကျဆုံးခဲ့သည့် ကိုသက်ဝင်းအောင်**

ကျောင်းသားတွေရဲ့ သံမဏိလှုပ်ရှားမှုကြောင့် ဗိုလ်သန်းရွှေဟာ တုန်လှုပ်ခြောက်ခြားကာ ကျောင်းများ၊ တက္ကသိုလ်များကို ရန်ကုန်မြို့တွင်းမှ အဝေးသို့ခွဲထုတ်ပစ်ရန် ညွှန်ကြားခဲ့ပါတယ်။ အဲဒီစီမံချက်ကြောင့် လူ့စွမ်းအားအရင်းအမြစ်တွေဆုံးရှုံးခဲ့ရပါတယ်။ ကျောင်းသားထုကို နှိပ်ကွပ်ဖြိုခွဲရာမှာ ရန်ကုန် ပင်မတက္ကသိုလ်ကို မြောက်ဒဂုံနဲ့ တာဝသို့လည်းကောင်း၊ စီးပွားရေးတက္ကသိုလ်နဲ့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ကို တောင်ဒဂုံသို့လည်းကောင်း၊ ရန်ကုန်စက်မှုတက္ကသိုလ်ကို လှိုင်သာယာနဲ့ ပြည်သို့လည်းကောင်း၊ ဂျီတီစီကို ထပ်မံခွဲထုတ်ပြီး သန်လျင်နဲ့ ထန်းတပင်သို့လည်းကောင်း၊ ဆေးတက္ကသိုလ်ကို မကွေးမြို့သို့လည်းကောင်း ကျောင်းတွေကို အသီးသီး အလှမ်းဝေးအောင်ခွဲထုတ်ခဲ့ပါတယ်။ ကျောင်းသားထုအတွင်းမှာ သီးခြားစုံစမ်းထောက်လှမ်းဖို့ ထောက်လှမ်းရေးအကူ (၂) တပ်ဖွဲ့ကြီးကိုဖွဲ့စည်းကာ စီမံချက်ချပြီး ရန်ကုန်နဲ့ မန္တလေးအားဗဟိုပြု၍ ထိုးဖောက်ရေးစီမံခဲ့ပါတယ်။

(၂၀၀၅) ခုနှစ်မှာ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးခဲ့ပေမယ့် မောင်ဦးရဲ့ ရန့်ရင်းကြမ်းတမ်းမှုကြောင့် အဆင်မပြေဖြစ်ခဲ့ရပါတယ်။ ယနေ့အခါမှာ ကျောင်းသားခေါင်းဆောင်တွေဟာ အဖြူရောင် လှုပ်ရှားမှုနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆက်တိုက်တောင်းဆိုလျက်ရှိပါတယ်။ ကျောင်းသားတွေဟာ မြန်မာ့နိုင်ငံရေးသမိုင်းမှာ အရေးကြီးတဲ့ အစိတ်အပိုင်းက စွန့်လွှတ်စွန့်စား၊ အနစ်နာခံလိုစိတ် ပြင်းပြစွာပါဝင်ခဲ့ကြောင်း သမိုင်းက သက်သေထူနေပါတယ်။ စစ်အာဏာရှင်တွေ အငြိုးကြီးကြီးနဲ့ တစ်လျှောက်လုံး ဖိနှိပ်ခဲ့တဲ့ကြားက ‘‘လှေခွက်ချည်းကျန် အလံမလှဲစတမ်း’’ လှုပ်ရှားခဲ့လို့ ပြည်သူလူထုရဲ့ ယုံကြည်လေးစားအားကိုးမှုကို ရရှိခဲ့ပါတယ်။ တချိန်က ရက်စက်စွာချေမှုန်းခဲ့တဲ့ ဦးနေဝင်းကိုလည်း သင်ပုန်းချေပြီး ရဲဝံ့စွာကမ်းလှမ်းခဲ့ပါတယ်။ စစ်ဘက် အရာရှိကြီးတွေထက် သဘောထားကြီးပြီး ပိုမိုရင့်ကျက်မှုကို သက်သေပြခဲ့ပါတယ်။ (၁၉၈၈) အရေးတော်ပုံကြီးမှာ ကုန်သွယ်ရေးရုံးက စစ်သည်တွေကို ရန်သူလိုသဘောမထားဘဲ ကယ်တင်ခဲ့တဲ့ ကျောင်းသားတွေရဲ့ကျေးဇူးကိုထောက်ထားသောအားဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို လက်ခံသင့်ကြောင်း နအဖကို ပြောကြားလိုပါတယ်။ ကျောင်းသားတွေဟာ ပြည်သူလူထု စားဝတ်နေရေးကျပ်တည်းမှု၊ မတရားဖိနှိပ်ခံရမှု၊ နိုင်ငံရေးအကျပ်အတည်း ဖြစ်မှုတို့ကို လုံ၏ဦးဖျားမှ ဓားသွားပမာ ရှေ့တန်းက မားမားမတ်မတ် ရပ်တည်ခဲ့လို့ မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းမှာ ကြီးမားတဲ့ အစဉ်လာကောင်းကြီးတစ်ရပ် ဖြစ်ခဲ့ရပါတယ်။ စဉ်ဆက်မပြတ် ဇွဲ၊ လုံ့လနဲ့ ကြိုးစားဆောင်ရွက်ခဲ့ပုံသမိုင်းကြောင်းဟာ ပြည်သူလူထုအတွက် မျက်ရည်စို့လောက်ပါတယ်။ (၈၈) မျိုးဆက်ဖြစ်တဲ့ ကျောင်းသားတွေဟာ နှစ်ရှည်လများထောင်ကျပြီး ပြန်ထွက်လာတဲ့အခါမှာလည်း မိမိတို့ရဲ့ခိုင်မာတဲ့ယုံကြည်ချက်ကို မစွန့်လွှတ်၊ အတိတ်မှ ခံစားခဲ့ရမှုများအတွက် အာဃာ



တမထားဘဲ အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းကိုသာ မမှိတ်မသုန် တစိုက်မတ်မတ်လုပ်ကိုင်နေလို့ အံ့မခန်းချီးကျူးထိုက်ပါတယ်။

နအဖဟာ ၂၀၀၇ ခုနှစ် ဩဂုတ်လ (၁၅) ရက်နေ့မှာ လောင်စာဆီဈေးနှုန်းကို အဆမတန်တိုးမြှင့်လိုက်ရာ ပြည်သူလူထုစားဝတ်နေရေး ပိုမိုကျပ်တည်း ဒုက္ခရောက်ခဲ့ပါတယ်။ ပြည်သူလူထုရှေ့က မားမားမတ်မတ် အမြဲရပ်တည်ခဲ့တဲ့ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်ဦးစီးပြီး ဩဂုတ်လ (၂၂) ရက်နေ့မှာ ကုန်ဈေးနှုန်းကျဆင်းရေးအတွက် ဦးစွာလမ်းလျှောက်ဆန္ဒပြခဲ့ကြပါတယ်။ ဒါကြောင့် ဩဂုတ်လ (၂၅) ရက်နေ့မှာ မင်းကိုနိုင်ကို ထပ်မံဖမ်းဆီးခဲ့ပါတယ်။ ယနေ့အခါမှာ စစ်အာဏာရှင်တွေဟာ ကျောင်းသားတွေရဲ့ အစွမ်းသတ္တိကို ကြောက်လန့်တုန်လှုပ်နေပြီး ကိုကိုကြီး၊ ကိုဒွေးကြွယ်၊ ကိုမင်းဇေယျာ၊ ကိုမြအေး၊ ကိုဂျင်မီစတဲ့ (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင် (၁၃) ဦးကို ဆက်တိုက် ဖမ်းဆီးချုပ်နှောင်ထားခဲ့ပါတယ်။

ဒါပေမယ့် ကျန်ရှိတဲ့ မျိုးဆက်သစ်ကျောင်းသား လူငယ်တွေဟာ စစ်အာဏာရှင်တွေက ဖမ်းဆီးနှိပ်ကွပ်နေတဲ့ကြားထဲမှာ ကျောင်းသားသမဂ္ဂပြန်လည် ထူထောင်ကာ လက်လွှဲဦးဆောင်မှုပြုလုပ်ပြီး အာဏာရှင်ကို ရဲဝံ့စွာတုန့်ပြန်နေပါတယ်။ နအဖဟာ ကျောင်းသားတွေကို အကြမ်းဖက်အုပ်စုနဲ့ဆက်သွယ်နေတယ်လို့ စွပ်စွဲနေခြင်းဟာ အခြေအမြစ်မရှိ စွပ်စွဲနေခြင်းဖြစ်ပြီး နအဖကသာ ကျောင်းသားတွေကို အကြမ်းဖက်နေခြင်းဖြစ်ပါတယ်။ နအဖကပေးထားတဲ့ အတွေ့အကြုံတွေကြောင့် ကျောင်းသားတွေဟာ တည်ငြိမ်ရင့်ကျက်မှုရှိနေပြီး မှန်မြတ်တဲ့ တိုင်းချစ်၊ ပြည်ချစ် စိတ်ဓာတ်ကို ဆက်လက် အကောင်အထည်ဖော် ချီတက်နေကြပါတယ်။



နအဖဟာ မစေ့စပ်ရေး၊ မဆွေးနွေးနေရေး ဆုပ်ကိုင်ထားတဲ့ တင်းမာတဲ့မူဝါဒကိုမပြောင်းလဲရင် စစ်တပ်အတွင်းမှာပင် ပြုပြင်ပြောင်းလဲမှု လိုလားတဲ့တပ်မှူးအချို့ရှိနေတာကြောင့် သား (၂) သားဖြစ်တဲ့ ကျောင်း

**ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ**
**ကျော်ကိုကို**

သားနဲ့ စစ်သား ပူးပေါင်း သွားရင် အခြေအနေ ပိုဆိုးသွားနိုင်ကြောင်း နအဖကို သတိပေးလိုပါတယ်။ ကျောင်းသားတွေရဲ့ ကြီးမားတဲ့အခန်းကဏ္ဍပြီးတဲ့နောက်မှာ နောက်သားတစ်သားဖြစ်တဲ့ စစ်သားအကြောင်းကို တင်ပြသွားပါမယ် ■

# အခန်းကြီး (၂)
## စစ်သား

## စစ်အာဏာရှင်နဲ့ စစ်တပ်

လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ပါလီမန်ခေတ်များမှာ ပြည်သူထဲက ပေါက်ဖွားပြီး ပြည်သူကို ရပ်တည် ကာကွယ်စောင့်ရှောက် ခဲ့လို့ ပြည်သူချစ်သော တပ်မတော် ဖြစ်ခဲ့ပါတယ်။ စစ်အာဏာရှင်ခေတ် အဆက်ဆက်မှာ ပြည်သူ့ဘက်ရပ်တည်ချင်တဲ့ စစ်သားတွေရဲ့ ကြိုးပမ်းမှု အတိုင်းအတာနဲ့ ၎င်းတို့ရဲ့ အခက်အခဲ အခွင့်အလမ်းမပေးရတဲ့ အကြောင်းရင်းတွေကို ပြည်သူ အများ သိမြင်နားလည်ခွင့်လွှတ်စေဖို့ တင်ပြသွားပါမယ်။ ဒါ့အပြင် ပြည်သူ့ဘက် ရပ်တည်ရန် စစ်သားတချို့ရဲ့ ကြိုးပမ်းခဲ့မှုဟာ နိုင်ငံရေးအလှည့်အပြောင်း ဖြစ်လာသည်အထိ စွမ်းဆောင်နိုင်မှု မရှိခဲ့ပေမယ့် စစ်အာဏာရှင်တွေအတွင်းမှာတော့ နှလုံးသည်းခြေရိုက်ကာ မျက်ကလဲဆံပြာ ဖြစ်သွား စေတာကို စစ်သားအချင်းချင်း အသိဆုံးမို့ တင်ပြပါဦးမယ်။ စစ်တပ်ထိပ်ပိုင်း အကြီးအကဲ အချင်းချင်း အာဏာရာထူး နေရာလုမှု၊ သူ့လူ ကိုယ့်လူမွေးမှုနဲ့ ''ဖြုတ်၊ ထုတ်၊ ချ'' နေတာ တွေကြောင့် စစ်တပ်အတွင်းမှာ အပြောင်းအလဲ မကြာခဏ ဖြစ်ပေါ်နေပြီး တည်ငြိမ်မှုမရှိတာကို လည်း တွေ့ရပါတယ်။ ပြည်သူ့ဘက် ရပ်တည်ချင်တဲ့ စစ်သားတွေဟာ အဘက်ဘက်က ချင့်ချိန် စဉ်းစားနေရပြီး အာဏာရှင်တွေရဲ့ လက်ဦးမှုနဲ့ အငိုက်မိခံသွားရတာတွေလည်း ရှိခဲ့ပါတယ်။ ယနေ့ မြန်မာ့စစ်တပ်မှာ ထွက်ချင်တဲ့စစ်သား ရဲဘော်အဆင့်ဆိုရင်တောင် လုပ်သက်စေ့လို့မှ ထွက်ခွင့် မရဘဲ ငွေသိန်းချီ ကုန်ကျကြောင်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။ စစ်တပ်အရာရှိမဆိုထားနဲ့ ရုံးဝန်ထမ်း တွေကိုတောင် ယခုအခါမှာ ထွက်ခွင့်မပေးဘဲ နှိပ်ကွပ်ထားပါတယ်။ ကြပ်ပြေးကို ဝန်ကြီးဌာနတွေ ပြောင်းရွှေ့ရာမှာ မသွားလိုကြလို့ ထွက်ခွင့်တင်တဲ့ ဝန်ထမ်းတွေကို ထောင် (၃) နှစ်ချမယ်လို့ အာဏာပိုင်တွေက ခြိမ်းခြောက်ကြေညာခဲ့ပါတယ်။

တပ်မတော်ဝန်ထမ်းအရာရှိတွေ၊ အကြပ်တပ်သားတွေကို အာဏာပိုင်တွေ ပြောလေ့ရှိတာက ''စစ်တပ်မှာ အရှင်ထွက်မရှိဘူး အသေထွက်ပဲရှိတယ်'' ဆိုတဲ့ စကားပဲ ဖြစ်ပါတယ်။ ကြိုးနီစနစ်နဲ့ ထိန်းချုပ်မှုများအပြင် ဝါဒရေးရာအရလည်း ရိုက်သွင်းထားပါတယ်။ စစ်တပ်ထဲ ဝင်ရောက်လာပြီဆိုရင် မင်းတို့ကိုယ် မင်းတို့မပိုင်တော့ဘူး မိဘ၊ ဘုန်းကြီး၊ အုပ်ထိန်းသူတွေနဲ့လည်း မဆိုင်တော့ဘူး၊ တပ်မတော်သာအမိ၊ တပ်မတော်သာအဖ ဖြစ်တယ်ဆိုပြီး ပုံစံသွင်းပါ တော့တယ်။ အထက်အကြီးအကဲကို ''အဘ၊ အမေ'' လို့ ခေါ်စေကာ စစ်တပ်အဝန်းအဝိုင်း ထဲက အပြင်ကိုမထွက်အောင် နည်းအမျိုးမျိုးနဲ့ ထိန်းချုပ်ထားပါတယ်။ တပ်ရင်းကနေ မြို့ထဲကို ထွက်ရင်လဲ Out Pass ခွင့်ပြုချက်ယူပြီးမှ အချိန်နဲ့သွား၊ အချိန်နဲ့ပြန်လာရပါတယ်။ အရပ်သား မိတ်ဆွေတွေရဲ့ သာရေး၊ နာရေး ကိစ္စရှိလို့ အလည်အပတ်သွားရင် ဖြစ်စေ၊ မိမိတပ်ရင်းထံ လာလည် ရင်ဖြစ်စေ လုံခြုံရေးကို အကြောင်းပြကာ ဝင်ထွက်သွားလာမှုကို မကြိုက်၊ မနှစ်သက်ဘဲ ကန့်သတ် ချုပ်ချယ်ထားပါတယ်။ လက်အောက်ငယ်သားတွေဟာ ငွေကြေးတတ်နိုင်လို့ မိဘ၊ ယောက္ခမတွေက

ကိုယ်ပိုင်ဆလွန်းကားမျိုး ဝယ်ပေးလို့ အသုံးပြုရင်လည်း တပ်မှူးတွေက သူတို့ကားနဲ့ ခြေရာတိုင်း တယ်လို့ ယူဆကြလို့ နှိပ်ကွပ်ပြန်ပါတယ်။ တပ်ရင်းရုံးတွေမှာ သတင်းစာကိုတောင် အစောင် အရေအတွက် အနည်းငယ်သာရလို့ မနည်းလုဖတ်နေကြရပါတယ်။ ဒါ့အပြင် စစ်သည်အရာရှိ တွေရဲ့ မိဘ၊ ဆွေမျိုး၊ ဆရာတွေထဲမှာ နိုင်ငံရေးလုပ်တဲ့သူရှိနေရင် သူတို့တွေနဲ့ ဆက်သွယ်မှုကိုစောင့် ကြည့်နေတတ်ပြီး အကြောင်းအမျိုးမျိုးနဲ့ အဲဒီစစ်သည်အရာရှိကို ချောင်ထိုးထားလိုက်ပါတယ်။ တပ်ရင်းတွေကို ရောက်လာတဲ့ စာတွေ၊ ပါဆယ်တွေကို တိုက်ရိုက်မပေးဘဲ တပ်ရေးဗိုလ်ကြီးက ဖွင့်ဖောက်စစ်ဆေးပြီးမှပေးတာမျိုးနဲ့ လူတစ်ယောက်ရဲ့ အခွင့်အရေးကို ပိတ်ပင်ထားပါတယ်။

တပ်ရင်းတွေမှာ ''ဒါဘာ'' ဆိုတဲ့ ဆန္ဒဖော်ထုတ်ပွဲတွေရှိပေမယ့် အာဏာပိုင် တွေဟာ လစာ၊ ရိက္ခာနဲ့ ပတ်သက်လို့ဖြစ်ဖြစ်၊ တခြားရပိုင်ခွင့်၊ နစ်နာခွင့်၊ လိုလားချက်တွေကို စစ်သည်တွေက တောင်းဆိုတဲ့အခါမှာတော့ ဖြေရှင်းမပေးတဲ့အပြင် ဆန့်ကျင်သူ ANTI ဆိုပြီး အပြိုးတရားထား စွပ်စွဲပြန်ပါတယ်။ ရပ်ကွက်အတွက်၊ ဌာနအတွက်၊ နိုင်ငံအတွက်၊ ကောင်းရာ ကောင်းကြောင်း အားနည်းချက်တွေ ထောက်ပြပြန်ရင်လည်း ဒီကောင် ပွကြီး ဆိုပြီး နှိပ်ကွပ်ပြန် ပါတယ်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) က တောင်းဆိုတဲ့အချက်အလက် တွေကို နအဖအာဏာပိုင်တွေက လက်မခံဘဲ ခေါင်းမာနေလို့ ကြယ်ငါးပွင့်လုပ်ငန်းမှ ဦးဆောင် ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးခင်မောင်ကြည်ဟာ လိုက်လျောသင့်ပါကြောင်းနဲ့ နိုင်ငံအတွက် ကုန်စည်ကူးသန်းရောင်းဝယ်တင်ပို့ရေးတွေမှာ (ILO) မှ ကြပ်မတ်လာပါက တိုင်းပြည်အတွက် နစ်နာသွားနိုင်မယ့်ရလဒ်ကို တင်ပြခဲ့ပါတယ်။ နအဖအာဏာပိုင်တွေဟာ လက်မခံဘဲ အဲဒီလို အမှန်တရားကို တင်ပြရဲတဲ့ ဗိုလ်မှူးကြီးနဲ့ အရာရှိတချို့ကို မညှာမတာ ရာထူးမှဖြုတ်၊ ထုတ်ခဲ့ပါ တယ်။ အဲဒီလို တင်ပြချက်ရလဒ် မှန်ကန်ကြောင်းသိရှိပြီး (ILO)ရဲ့ တောင်းဆိုချက်ကို ပြန်လည် လိုက်နာရပေမယ့် ဗိုလ်မှူးကြီးနဲ့ ဝန်ထမ်းတွေကို ပြန်လည်မခန့်ကြောင်း ကြားသိခဲ့ရပါတယ်။ အလားတူ ဗိုလ်မှူးချုပ်ဇော်ထွန်းဟာ (GDP) ကိစ္စမှာ နိုင်ငံရဲ့ စီးပွားရေးဆိုင်ရာကိန်းဂဏန်း တွက်ချက်ပုံ မှားယွင်းနေလို့ ပွင့်လင်းစွာပြောဆိုရာ နအဖမူဝါဒနှင့် နအဖလူကြီးတွေကို တိုက်ခိုက်တယ်လို့ မတရားစွပ်စွဲပြီး ရာထူးမှ ဖြုတ်ပစ်လိုက်ပါတယ်။ နအဖ အာဏာပိုင်တွေဟာ လိမ်ညာပြီး မတိုးတက်တာကို တိုးတက်တယ်လို့ ဖြီးဖြန်းနေတာကိုမှ ကျေနပ်ပီတိဖြစ်နေကြပါ တယ်။ ပြည်ပအသံလွှင့်ဌာန အစီအစဉ်တွေကို နားထောင်တဲ့စစ်သည်တွေကိုလည်း စောင့် ကြည့်ဖို့နဲ့ လိုအပ်ရင် ရေဒီယိုသိမ်းရန် ညွှန်ကြားတာမျိုးလည်းရှိပါတယ်။ စစ်သည်တွေကို ပြင်ပနဲ့ အဆက်အသွယ်မရအောင် အနားယူခွင့်၊ လေ့လာခွင့်မပေးဘဲ တနေကုန် လုပ်အားပေး ခိုင်းထားဖို့လည်း အာဏာပိုင်တွေက ညွှန်ကြားထားပါတယ်။ တခါတရံ ညဘက်အိပ်ချိန်မှာတောင် မအိပ်ရဘဲ လူစစ်၊ တန်းစီ စစ်ဆေးပါတယ်။ အရာရှိတွေကိုလည်း အစည်းအဝေးတွေ ဆက်တိုက်

ခေါ်ပြီး ညွှန်ကြားချက်ပေါင်း မြောက်မြားစွာနဲ့အတူ ''ဆောင်ရွက်ပြီးစီးမှု'' အခြေအနေတွေကို တပ်မှူးများထံ မကြာခဏ တင်ပြခိုင်းပါတယ်။ တခါတရံ အိပ်မရဘဲ နံနက်မိုးလင်းသည်အထိ သိမ်းကြုံးလုပ်နေကြရပါတယ်။ အရေးကြီးသတင်းနှင့် ထူးခြားဖြစ်စဉ်ကို စီစစ်ဖို့ အချိန် လုံလောက်အောင်မပေးဘဲ အမိန့်မနာခံမှု၊ တာဝန်ပျက်ကွက်မှုဆိုပြီး သေဒဏ်နဲ့ တစ်သက် တစ်ကျွန်း ပြစ်ဒဏ်ဟာလည်း အချိန်မရွေး ကျရောက်နိုင်ပါတယ်။ ထစ်ခနဲဆို အချုပ်နဲ့ထိပ်တုံး နှစ်ပါးသွားနေရပါတယ်။ ဒီလို ကျပ်တည်းလှတဲ့ စစ်တပ်အတွင်းမှာ ပြုပြင်ပြောင်းလဲရေး လိုလားတဲ့ စစ်သားတွေရဲ့ ဖြစ်စဉ်တွေရှိခဲ့ပါတယ်။

## ပြည်သူ့တပ်မတော်သားအစစ်အမှန်များ

အာဏာရှင်တွေရဲ့ တင်းကျပ်တဲ့အမိန့်နဲ့ စည်းကမ်းချက်တွေကိုဆန့်ကျင်ပြီး ပြည်သူ့ဘက် မားမားမတ်မတ် ရပ်တည်ပေးခဲ့သူကတော့ ဗိုလ်ကြီးစိုင်းဝင်းကျော် ဖြစ်ပါတယ်။ ၁၉၈၈ ဒီမိုကရေစီ လူထုအုံကြွမှုအရေးတော်ပုံမှာ တပ်မ (၂၂) က ဗိုလ်ကြီးစိုင်းဝင်းကျော်ဟာ ပြတ်ပြတ်သားသား ပြည်သူ့ရင်ခွင်ကို ခိုလှုံသွားခဲ့ပါတယ်။ သူဟာ တပ်မတော်သားတွေအားလုံး အံ့သြချီးကျူးရလောက်အောင် ဇနီးနဲ့ သားသမီးကိုတောင် မငဲ့ကွက်ဘဲ ရာထူးအဆောင်အယောင်၊ စည်းစိမ်ဥစ္စာစွန့်လွှတ်ကာ ပြည်သူလူထုနဲ့ ရဲဝံ့စွာပူးပေါင်းခဲ့ပါတယ်။ စစ်တပ်က အာဏာသိမ်းမှု ဖြစ်သွားတဲ့အခါမှာလည်း နယ်စပ်ကို ထွက်ပြေးတိမ်းရှောင်ခြင်းမရှိဘဲ ပြည်တွင်းမှာ ဆက်လက်နေရဲတဲ့သတ္တိဟာ သူရဲကောင်းစိတ်ဓာတ်ဖြစ်ပါတယ်။ နောက်ဆုံး နဝတရဲ့ ဖမ်းဆီးခြင်းကိုခံရပြီး ပြည်သူ့ဘက်ကို ရပ်တည်ပေးတဲ့အတွက် ဗိုလ်ကြီးစိုင်းဝင်းကျော်ကို အငြိုးကြီးစွာ သေဒဏ်ပေးခဲ့ပါတယ်။ သူ့ရဲ့မိတ်ဆွေတချို့က သနားဂရုဏာသက်လို့ အသနားခံဝင်ပြောခဲ့၍သာ တစ်သက်တစ်ကျွန်းပြစ်ဒဏ်ပြောင်းလဲကျခံစေခဲ့ပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ထောင်မှ ပြန်လွတ်လာရာမှာ ရပ်တည်ချက်ပြတ်သားပြီးတော့ နဝတကို ဆက်လက်ဆန့်ကျင်ခဲ့သူဖြစ်ပါတယ်။ ဗိုလ်ကြီးစိုင်းဝင်းကျော်ကို အမေရိကန်နိုင်ငံ NGO အဖွဲ့အစည်းတစ်ခုမှ ၂၀ဝ၇ ခုနှစ်တွင် ''ပြည်သူ့လွတ်မြောက်ရေးဆု'' ကို ဂုဏ်ပြု ချီးမြှင့်ခဲ့ပါတယ်။ လူငယ်တပ်မှူးတွေဟာ တပ်မတော်မှ အာဏာရှင်ထိပ်ပိုင်းခေါင်းဆောင်တွေရဲ့ လုပ်ကိုင်ပုံမှားယွင်းနေတာကို တပ်တွင်းမှာဝေဖန်ပြောကြားတဲ့ ဖြစ်စဉ်တခုကို တင်ပြပါဦးမယ်။ မဆလအစိုးရ ပြုတ်ကျသွားတဲ့အခါ ဦးနေဝင်းက သူ့ရဲ့ဓာတ်ပုံကို ရုံးခန်းတွေထဲမှာ ချိတ်ဆွဲခြင်းမပြုဖို့ သတင်းစာထဲမှာ ထည့်သွင်းပြောကြားလာပါတယ်။ ယခင်က စစ်တပ်တွေ၊ ရုံးခန်းထဲတွေမှာ ဦးနေဝင်းပုံနဲ့ ဗိုလ်ချုပ်အောင်ဆန်းပုံတွေကို ထားရှိကြပါတယ်။ အဲဒီအခါမှာ ဦးနေဝင်းဓာတ်ပုံတွေ ဖြုတ်တဲ့အပြင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဓာတ်ပုံတွေကို ပါဖြုတ်ခဲ့ကြလို့ တပ်အတွင်းမှာ မကျေနပ်မှုတွေ ဖြစ်ပွားခဲ့ကြပါတယ်။ တပ်မှူးတွေနဲ့ အရာရှိ



ဗိုလ်မှူးကြီး (ဟောင်း) စိန်မြ (ပြည်သူ့ကာကွယ်ရေးတပ်)

တချို့ဟာ ဗိုလ်ချုပ်အောင်ဆန်းကိုတုန့်နိုင်းလို့မမီတဲ့ အမျိုးသား ခေါင်းဆောင်ကြီးတစ်ဦးဖြစ်လို့ ဦးနေဝင်းဓာတ်ပုံကိုသာ ဖြုတ်ပြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဓာတ်ပုံကိုတော့ ဂုဏ်ပြုရမှာဖြစ်ကြောင်း ပြင်းထန်စွာဝေဖန်ကြပါတယ်။ တိုင်းမှူးတွေက အထက်အမိန့် မလွန်ဆန်ရဲတာလား၊ နဝတဥက္ကဋ္ဌကို မိမိရာထူးတက်အောင် ဖားတာလားမသိရဘဲ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဓာတ်ပုံကိုပါဖြုတ်ခိုင်းပြီး ဗိုလ်ချုပ်သန်းရွှေရဲ့ ဓာတ်ပုံတစ်ပုံသာ ချိတ်ခိုင်းခဲ့ပါတယ်။ အဲဒီအချိန်မှာ ဒီသတင်းကိုကြားတဲ့ ပြည်သူတွေစိတ်မကောင်းဖြစ်ကြပြီး အာဏာရှင်တွေရဲ့ ယုတ်ညံ့တဲ့ဆောင်ရွက်ချက်ကြောင့် ယနေ့ထက်တိုင် ဒေါ်အောင်ဆန်းစုကြည်အပေါ် တခဲနက် ထောက်ခံအားပေးနေကြပါတယ်။ ပြည်သူလူထုက တခဲနက်ထောက်ခံ၊ အားပေးနေတယ်ဆိုရာမှာ ''နအဖ''က ဒေါ်အောင်ဆန်းစုကြည်ကိုနေအိမ်အကျယ်ချုပ်က လွှတ်မပေးရဲတာကိုကြည့်ခြင်းဖြင့် သိရှိနိုင်ပါတယ်။ ဗိုလ်မှူးကြီး စိန်မြဟာ စစ်တပ်ကအာဏာသိမ်းပြီးတဲ့နောက် (၁၉၈၉) မှာ အသက်အန္တရာယ်ကြီးရင့်တာကိုတောင်ဂရုမထားဘဲ မုဒုံမှ ဘုရားသုံးဆူသို့ မွန်ပြည်သစ်ပါတီ (NMSP) ရဲ့ အကူအညီနဲ့ တောတွင်းလမ်းအတိုင်းချီတက်ခဲ့ပါတယ်။ သူဟာ စစ်သည်များနဲ့ ကျောင်းသားအချို့ပါဝင်တဲ့ ပြည်သူ့ကာကွယ်ရေးတပ်ဦးကိုဖွဲ့စည်းပြီး မဟာမိတ် KNU, NMSP တို့နှင့်လက်တွဲကာ အာဏာရှင်တို့အားတော်လှန်ရင်း ဖျားနာမှုဒဏ်ကြောင့် အသက်ပေးခဲ့ရပါတယ်။ အလားတူ ဒုတိယဗိုလ်မှူးကြီးအေးမြင့်ဟာ နယ်ဖြူစင်တဲ့ ကျောင်းသားတွေအထိနာမှာစိုးရိမ်ပြီး ''မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး'' မှာ စစ်ပညာကိုသွားရောက်သင်ကြားပေးခဲ့ပါတယ်။ အသက်အန္တရာယ်ကြီးရင့်သည်အထိ တောထဲတောင်ထဲမှာ နှစ်ပေါင်းမြောက်မြားစွာ ကျောင်းသားတွေနဲ့ အတူတကွဆင်းရဲဒုက္ခခံပြီး မိမိတတ်ကျွမ်းတဲ့စစ်ပညာကို လေ့ကျင့် သင်ကြားပေးခဲ့တဲ့ ဒီစစ်သားကြီးရဲ့ မေတ္တာ၊ စေတနာဟာကြီးမားလှပါတယ်။ '' ကျောင်းသားနဲ့ စစ်သား'' သား

(၂) သား ပူးပေါင်းလှုပ်ရှားကြတဲ့ ဒီဖြစ်စဉ်တွေဟာ လှပတဲ့ ပန်းချီကားတစ်ချပ်အသွင် အံ့သြချီးကျူးထိုက်ပါတယ်။

လေတပ်မှ အငြိမ်းစား ဗိုလ်မှူးတစ်ဦးဖြစ်ပြီး ''လေသူရဲတစ်ဦး'' ကလောင်နာမည်နဲ့ စာရေးရာမှာ ထင်ရှားတဲ့ ဗိုလ်မှူးဂျွန်လှဝင်းဟာလည်း (၁၉၈၈) ဒီမိုကရေစီ အရေးတော်ပုံကြီးမှာ တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ သူဟာ အစ္စရေးနိုင်ငံမှာ သင်တန်းဆင်းလာတဲ့ ထူးချွန်သူတစ်ဦးဖြစ်ပြီး ပြည်သူနဲ့ လက်တွဲတိုက်ပွဲဝင်ခဲ့လို့ ထောင်ဒဏ် (၂၀) နှစ် ကျခံခဲ့ရပါတယ်။ ကာကွယ်ရေး ဦးစီးချုပ်ရုံး (လေ) မှ တပ်ကြပ်ကြီး ဒေါ်နုနုအေးကတော့ (၁၉၈၈) လူထုအုံကြွမှုကြီးမှာ ရှေ့တန်းက ပါဝင်ဆင်နွှဲခဲ့ပြီးနောက် နဝတ တက်လာတဲ့အခါ အရှုံးမပေးဘဲ နယ်စပ်ကို ထွက်လာပြီး ကျောင်းသားတပ်မတော် ABSDF နဲ့ လက်တွဲကာ ဆက်လက်တော်လှန်ခဲ့ပါတယ်။ တောထဲ၊ တောင်ထဲမှာ ယောကျ်ားရင့်မကြီးများနဲ့ ရင်ပေါင်တန်းကာ ပင်ပန်းဆင်းရဲမှုဒဏ် ကြံ့ကြံ့ခံ၍ တိုက်ပွဲဝင်ခဲ့သူဖြစ်ပါတယ်။ အသက်အရွယ် ကြီးရင့်လာသော်လည်း အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကုလသမဂ္ဂရုံးရှေ့မှာ အစာတော်ခံဆန္ဒပြပွဲ ဆင်နွှဲခဲ့တဲ့အထိ ဆန္ဒပြင်းပြခဲ့ပါတယ်။ ဒ့ါအပြင် ခရီးရှည်ချီတက်ဆန္ဒပြပွဲကိုလည်း စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့တဲ့ အာဂ အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။ ဗိုလ်ကြီးဝင်းဘိုဟာ ၁၉၉၀ ပြည့်နှစ်မှာ နာမည်ကျော် နဝတပတ္တမြားတရားမဝင်ရောင်းချရာမှာ ပါဝင်ပတ်သက်မှုနဲ့ ထောင်ကျခဲ့ပါတယ်။ အထက်အာဏာပိုင်တွေက အောက်ခြေအရာရှိတွေကို မပါရင်လည်း အပြစ်ဖွဲ့ရန်ငြိုး၊ ပါပြန်လို့ တစ်ခုခုဖြစ်ရင်လည်း တာဝန်မယူဘဲ အပြစ်ပုံချတတ်တာ သဘာဝလို၊ ထုံးစံလို ဖြစ်နေပါတယ်။ ဗိုလ်ကြီးဝင်းဘိုဟာ ၁၉၉၇ မှာ ပြန်လည်လွတ်မြောက်လာပြီးနောက် မျက်ဝါးထင်ထင် တွေ့မြင်လာတဲ့ ထောင်တွင်းက နိုင်ငံရေးအကျဉ်းသားတွေအတွက် ရင်ထုမနာဖြစ်ခဲ့ရပါတယ်၊ ၂၀၀၀ ပြည့်နှစ်မှာ မန္တလေးမြို့ မဟာဂန္ဓာရုံကျောင်း၊ ရွှေကျင်ဆရာတော်ဘုရားကြီးနဲ့ သံဃာအပါး (၁၀၀၀) လက်မှတ်ရေးထိုးထားတဲ့စာကို ဆရာတော်ကြီးရဲ့ ခွင့်ပြုချက်နှင့် ယူဆောင်ခဲ့ပါတယ်။ အဲဒီစာမှာ မြန်မာနိုင်ငံရဲ့ လတ်တလော နိုင်ငံရေးဖြစ်စဉ်တွေ၊ ကုန်ဈေးနှုန်းကြီးမြင့်လို့ ပြည်သူအားလုံး စားဝတ်နေရေး ကျပ်တည်းကာ ဆင်းရဲဒုက္ခမျိုးစုံတွေ့ကြုံနေရတာတွေ တိုင်းပြည်ကောင်းကျိုးရှေးရှုပြီး ဦးနေဝင်း၊ ဦးသန်းရွှေ၊ ဒေါ်အောင်ဆန်းစုကြည်တို့ တစ်ဦးနဲ့တစ်ဦး အာဃာတမထားဘဲ ဆွေးနွေးညှိနှိုင်းဖို့နှင့် အကျဉ်းထောင်အသီးသီးမှာ ဒုက္ခဆင်းရဲခံစားနေကြရတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ မေတ္တာရပ်ခံထားတဲ့စာဖြစ်ပါတယ်။ ဗိုလ်ကြီးဝင်းဘိုဟာ အဲဒီစာပေးမှုနဲ့ ထောင်ဒဏ် (၂၁) နှစ် ကျခံခဲ့ရပါတယ်။ ထောင်အတွင်းမှာ ထောင်အာဏာပိုင်တွေဟာ လူ့အခွင့်အရေးကိုချိုးဖောက်ပြီး မတရားအုပ်ချုပ်နေတာကို ဗိုလ်ကြီးဝင်းဘိုဟာ အမှန်တရားဘက်ကကာကွယ်ရင်း ထောင်အာဏာပိုင်တွေရဲ့ ရန်ငြိုးဖွဲ့မတရားရိုက်နှက်မှုကြောင့်

ထောင်တွင်းမှာဘဲ ကျဆုံးခဲ့ရပါတယ်။ ဗိုလ်ကြီးဝင်းဘို သေဆုံးခဲ့တဲ့နေ့ကို မြန်မာနိုင်ငံရေး အကျဉ်းသားများနေ့အဖြစ် ဒီမိုကရေစီဘက်တော်သားများက ဂုဏ်ပြုသတ်မှတ်ခဲ့ကြပါတယ်။ ဗိုလ်ကြီးဝင်းဘိုဟာ မတရား အကျဉ်းကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသားတွေရဲ့ ဒုက္ခကို မျက်ဝါး ထင်ထင်မြင်တွေ့ခဲ့ရာမှာ ယူကြုံးမရခံစားရပြီး တတ်စွမ်းသမျှဆောင်ရွက်ရင်း အသက်ပေးခဲ့ရ တဲ့ တကယ့် ပြည်သူ့တပ်မတော်သားတစ်ဦး ဖြစ်ခဲ့ပါတယ်။ ၁၉၈၈ အရေးအခင်းကြီးမှာ တက် ကြွစွာပါဝင်ခဲ့တဲ့ (ကြည်း၊ရေ၊လေ) က အရာရှိ အရာခံ အကြပ်တပ်သားတွေ အများအပြားရှိပေ မယ့်အချို့ဟာ ပြည်တွင်းမှာရှိနေလို့၊ ၎င်းတို့အား ထိခိုက်မှာစိုးရိမ်လို့ လုံခြုံရေးအတွက်အနည်း ငယ်သာ ဖော်ပြပေးလိုက်ရပါတယ်။ ဒီလို စစ်သားတွေ ကိုယ်တိုင် အာဏာရှင်စနစ်ကို ဆန့်ကျင် ပြီး ပြည်သူလူထုဘက် ရပ်တည်ခဲ့လို့ စစ်တပ်ဟာ အပူတပြင်း အာဏာသိမ်းခဲ့ခြင်း ဖြစ်ပါတယ်။

ဆက်လက်ပြီး တပ်မတော်အတွင်း တာဝန်ထမ်းဆောင်ရာမှာ ကောင်းရာ ကောင်း ကြောင်း ကြိုးစားလုပ်ဆောင်ခဲ့သော်လည်း ကံတရားကြောင့် လွဲမှားချွတ်ချော်ခဲ့ရင် အာဏာရှင်ထိပ်ပိုင်း ခေါင်းဆောင်တွေဟာ လုံးဝခွင့်မလွှတ်ဘဲ နှိပ်ကွပ်တဲ့ဖြစ်စဉ်တွေကို အလျဉ်းသင့်လို့တင်ပြပါဦး မယ်။ တပ်မမှူးတစ်ဦးဟာ (၄) လပတ်အစည်းအဝေး တက်ရောက်နေစဉ် လက်အောက်ခံ ဗျူဟာမှူးတစ်ဦးက ကေအင်န်ယူ တပ်မဟာ (၇) က နာမည်ကြီး ဗိုလ်မှူးကြီးဂျော်နီအနေဖြင့် ဆက်သွယ်လာတဲ့အကြောင်း ရှေ့တန်းမှ တင်ပြလာပါတယ်။ အဲဒီတပ်မမှူးလည်း သူနာမည် ရဖို့အရေး အခွင့်အခါကောင်းမို့ အစည်းအဝေး၌ ခွင့်တောင်းကာ ရှေ့တန်းသို့ ချက်ချင်း လိုက် သွားပါတော့တယ်။ တင်ပြခဲ့တဲ့ ဗျူဟာမှူးဟာ ကေအင်န်ယူဗျူဟာမှူး ဗိုလ်မှူးကြီးဂျော်နီနဲ့ ဆက်သွယ်မှုရခဲ့ပေမယ့် ဗိုလ်မှူးကြီးဂျော်နီက စိတ်ပြောင်းသွားတာလား၊ လှည့်စားပြီး စစ်ရေး ဗျူဟာခင်းတာလား မသိရဘဲ တွေ့ဆုံဖို့ အစီအစဉ် ပျက်သွားခဲ့ပါတယ်။ အဲဒီအခါမှာ တပ်မမှူး လည်း အရှက်ဒေါသဖြစ်ပြီး အဲဒီဗျူဟာမှူးနှင့်အဖွဲ့ကို ထောင်ဒဏ် (၂၂) နှစ်ချမှတ်ကာ နှိပ်ကွပ် လိုက်ပါတယ်။ ဗိုလ်မှူးတစ်ဦးဟာလည်း တပ်ရင်းရန်ပုံငွေအတွက် တပ်ပိုင်စစ်ကားနှင့် ခရီး သည်တွေ တင်ဆောင်လာရာမှာ မတော်တဆကားမှောက်သွားလို့ ကားပေါ်ပါလူအချို့ သေ ကြေဒဏ်ရာရကြပါတယ်။ အဲဒီဗိုလ်မှူးကိုယ်တိုင် ကားမောင်းတာမဟုတ်ဘဲ ဒရိုင်ဘာဘေး က ထိုင်လိုက်ခဲ့ခြင်းဖြစ်ပြီး ကားမှောက်ရာမှာ ဗိုလ်မှူးဖြစ်သူဟာ အသက်မသေဘဲ ဘဝသေသွား ခဲ့ပါတယ်။ သူ့ကို ပြင်းထန်စွာ အရေးယူပြီး ရာထူးလုံးဝတက်ခွင့်မပေးတဲ့အပြင် မကောင်းတဲ့ နေရာမှာ ချောင်ထိုးထားလိုက်ပါတယ်။ ဒီလို တပ်ရင်းအတွက် ကောင်းရာကောင်းကြောင်း လုပ်ပေမယ့် မတရားနှိပ်ကွပ်တာကို ခံလိုက်ရတဲ့ဖြစ်စဉ်တွေ အမြောက်အမြားရှိပါတယ်။ စစ်အာဏာရှင် အထက်လူကြီးတွေဟာ လက်အောက်ငယ်သားတွေအပေါ်မှာ မတရားခိုင်းစေပြီး တစုံတစ်ခု ဖြစ်လာရင် လုံးဝ တာဝန်မယူဘဲ အပြစ်ပုံချတဲ့ သာဓကတွေ အများကြီးရှိပါတယ်။

## မြွေမြွေချင်းခြေမြင်

တပ်မတော်အတွင်းမှာ စစ်အာဏာရှင်တွေ အကြွင်းမဲ့ လုပ်ချင်တိုင်းလုပ်လို့ရအောင် ဖွဲ့စည်းထားတဲ့ တပ်ရဲ့ဖွဲ့စည်းပုံနှင့် သြဇာရှိတဲ့တပ်က အရာရှိတချို့ ပြုပြင်ပြောင်းလဲရေး ကြိုးစားခဲ့ပုံတွေကို ဆက်လက် တင်ပြသွားပါမယ်။ တပ်အချင်းချင်း စောင့်ကြည့်တဲ့အဖွဲ့ကတော့ MI လို့ခေါ်တဲ့ စစ်ထောက်လှမ်းရေးအဖွဲ့ဖြစ်ပြီး စစ်အာဏာရှင်တွေရဲ့ ဒေါက်တိုင်တွေ ဖြစ်ခဲ့ပါတယ်။ စစ်သည်တွေနဲ့ အရာရှိတွေရဲ့လှုပ်ရှားမှုကို အမြဲမပြတ်စောင့်ကြည့်ပြီး ပြင်ပပုဂ္ဂလိက ကုန်သည်တွေနဲ့ ပလူးပလဲနေလို့ မနာလိုမရှုစိမ့် ဖြစ်လာရင်ဖြစ်စေ စစ်ထောက်လှမ်းရေးရဲ့ စီးပွားရေးနဲ့ အပြိုင်လုပ်လာရင်ဖြစ်စေ ထောက်လှမ်းရေး Report အစီရင်ခံစာဖြင့် နှိပ်ကွပ်ပါတော့တယ်။ ဒါ့အပြင် စစ်သား၊ အရာရှိတစ်ဦးကို နောက်ကြောင်းရာဇဝင်လိုက်ခိုင်းတဲ့အခါမှာ ထောက်လှမ်းရေးရဲ့ လုပ်ပိုင်ခွင့်ဆိုပြီး အခွင့်ကြုံရင် နှိပ်ကွပ်တတ်ပါတယ်။ ရဲဘော်တစ်ဦး သင်တန်းအတွက် စရိတ်မရှိလို့ မှောင်ခို Carry လုပ်မိရင်တောင် ချမ်းသာခွင့်မပေးတဲ့အပြင် ဝန်ကြီးတွေ ဗိုလ်ချုပ်ကြီးတွေနဲ့ အတွင်းရေးမှူး(၃) ကို ဖြုတ်ချတဲ့ ဖြစ်စဉ်တွေအထိ ထောက်လှမ်းရေးရဲ့ ပရောဂမကင်းတာ တွေ့ရပါတယ်။ သာမန်စစ်တပ်ရဲ့ အထက်အောက်သွားတဲ့ ဆက်သွယ်ရေးလမ်းကြောင်းဟာ ဆက်သွယ်ရေးအတိုဝှက်နဲ့ ဆက်သွယ်ရပြီး လျှင်မြန် လုံခြုံတဲ့ ဆက်သွယ်ရေး အဆင့်မြင့်စက်တွေ သုံးတဲ့အတွက် စစ်အာဏာရှင်များ အလွယ်တကူ ချက်ချင်း သိရှိခြင်းဖြစ်ပါတယ်။ ဒါ့အပြင် သာမန်သုံး ဆက်သွယ်ရေးစက်များကို ကြားဖြတ်ဖမ်းစက်နဲ့လည်းကောင်း၊ ဖုန်းကြားဖြတ်နားထောင်စက်နဲ့လည်းကောင်း ထိန်းချုပ်ထားပြီး တစ်ခုခု မရိုးမသား ကြံစည်မှုတွေကို ချက်ချင်း သိရှိနိုင်ပါတယ်။ တပ်အချင်းချင်း ဆက်သွယ်ရာမှာ ခွင့်ပြုချက်ရှိမှသာ ဆက်သွယ်ရေးလမ်းကြောင်းထဲသို့ ဝင်ခွင့်ရပြီး အကြောင်းကိစ္စမရှိပါက မဝင်ရလို့ အခြားတပ်မှာ ဘာဖြစ်နေတယ်ဆိုတာတောင် တပ်အချင်းချင်း သိဖို့ခက်ပါတယ်။ အထက်အဖွဲ့အစည်းတွေမှာလည်း အရာရှိအချင်းချင်းတောင် မသိဘဲ အမျိုးသားထောက်လှမ်းရေးအဖွဲ့နဲ့ တန်ပြန်ထောက်လှမ်းရေးအဖွဲ့ ဆိုပြီး အသွင်အမျိုးမျိုး ဖျောက်ထားတဲ့အဖွဲ့တွေ ရှိပါတယ်။ တစ်ဖွဲ့ကို အရေးကြီးတဲ့ကိစ္စ ခိုင်းထားပြီးရင် မယုံကြည်လို့ စောင့်ကြည့်ခိုင်းတဲ့အဖွဲ့လည်း ရှိပါသေးတယ်။

စစ်တပ်ရဲ့ ဖွဲ့စည်းပုံအရ အများစုမှာ General Staff လို့ခေါ်တဲ့ (G) စစ်ဦးစီးပိုင်းဆိုင်ရာဌာန၊ Adjutant လို့ခေါ်တဲ့ (A) စစ်ရေးဌာန၊ Quarter Master လို့ခေါ်တဲ့ (Q) စစ်ထောက်ဌာန ဆိုပြီး ဒေါက်တိုင် (၃) ခုရှိပါတယ်။ အဲဒီ G, A, Q လို့ခေါ်တဲ့ ဦး၊ ရေး၊ ထောက် ဌာနကြီး (၃)ခုစလုံး ဆက်စပ်ဆောင်ရွက်ထားရှိပေမယ့် အတွင်းရေးကိစ္စနဲ့ ပုံမှန်လုပ်ငန်း အသေးစိတ်ကိစ္စတွေကိုတော့ ဌာနအချင်းချင်းတောင် မသိအောင် စည်းခြားထားပါတယ်။ အဲဒီမှာတောင် အာဏာအရှိဆုံးက G ဆိုတဲ့ စစ်ဦးစီးပိုင်းဆိုင်ရာဌာနဖြစ်ပြီး စစ်ဆင်ရေး၊ ထောက်လှမ်း

ရေး၊ တာဝန်နဲ့ လေ့ကျင့်ရေး၊ ဆက်ဆံရေး၊ ပြည်သူ့စစ် ဆိုတဲ့ ဌာနခွဲ (၅)ခုမှ (၆) ခု အထိထပ်မံထားရှိပါတယ်။ A ဆိုတဲ့ စစ်ရေးဌာနကတော့ ရာထူးတိုးမြှင့်ခွင့်၊ လစာ၊ ခွင့်နှင့် ပင်စင်ကိစ္စ၊ ခုံရုံးဖွဲ့တဲ့ကိစ္စ စတဲ့ ကိစ္စတွေကို ဆောင်ရွက်ရပြီး ဌာနခွဲ (၄) ခုပါရှိပါတယ်။ ၎င်းအပြင် စစ်ဥပဒေဌာနတစ်ခုကို သီးခြားဖွဲ့စည်းထားပြီး စစ်ရေးဌာနနှင့် ဆက်စပ်ဆောင်ရွက်ပါတယ်။ Q ဆိုတဲ့ စစ်ထောက်ဌာနကတော့ တပ်ရဲ့ ထမင်းအိုးကြီးဖြစ်ပြီး ရိက္ခာ၊ စက်သုံးဆီ၊ ပရိဘောဂ၊ မော်တော်ယာဉ်၊ လိုင်းခန်း၊ စစ်ဝတ် ပစ္စည်း၊ ခဲယမ်း၊ စသည်ဖြင့် ကိုင်တွယ်ရပြီး ဌာနခွဲ (၆)ခုပါရှိပါတယ်။ တပ်တွေအများစုရဲ့ ဆုံးဖြတ်ခွင့်အမြင့်ဆုံးရှိသူဟာ တိုင်းမှူးဖြစ်ပေမယ့် ထောက်လှမ်းရေးတပ်ဖွဲ့ကတော့ အုပ်ချုပ်မှု (ရေး၊ ထောက်) ကိစ္စသာ တိုင်းရဲ့ လက်အောက်ခံသည်မှ လွဲပြီး စစ်ဦးစီးပိုင်းဆိုင်ရာကိစ္စတွေမှာတော့ သီးခြားကင်းလွတ်နေပါတယ်။ ဒါ့အပြင် ထောက်လှမ်းရေးတပ်ဖွဲ့ဝင်တွေဟာ သာမန်စစ်တပ်တွေနဲ့စာရင် အနှောင်အဖွဲ့ကင်းကာ လွတ်လပ်စွာ အရပ်ဝတ်နှင့် ရုံးတက်လို့ရတဲ့ အသေးအဖွဲကိစ္စကအစ အခြားတပ်တွေလို စာရင်းစစ်စစ်ဆေးခံရတဲ့ကိစ္စတွေကိုလည်း ကင်းလွတ်ခွင့် အခွင့်အရေးရတဲ့ စစ်သားတစ်မျိုး ဖြစ်ပါတယ်။ ဒါ့အပြင် ထောက်လှမ်းရေးတပ်တွေဟာ ထိပ်ပိုင်းစစ်အာဏာရှင်တွေကို အဓိကလုံခြုံရေး တာဝန်ယူရလို့ (အတွင်းစည်း၊ အပြင်စည်း၊ အဝေးစည်း) ဆိုတဲ့ စည်းသုံးစည်းနဲ့ ရုံးတွေ၊ အိမ်တော်ကြီးတွေရဲ့ ဝင်လမ်း၊ ထွက်လမ်း၊ လေ့စရိုက် အထာတွေကိုလည်း သိရှိကျွမ်းဝင်ပြီးသား ဖြစ်ပါတယ်။

လုပ်ပိုင်ခွင့်အပြည့်အဝရထားတဲ့ နောက်ရာထူးတစ်ခုကတော့ ကိုယ်ရေးအရာရှိ( P.A) များဘဲ ဖြစ်ကြပါတယ်။ ဦး၊ ရေး ၊ ထောက် ဌာနကြီး (၃)ခုရဲ့ ဖိုင်တွဲမှန်သမျှကို စုစည်းတင်ပြရာမှာလည်းကောင်း၊ ထိပ်ပိုင်းအာဏာရှင်တွေကို ကိုယ်တိုင်တွေ့ဆုံတင်ပြလိုလျှင်လည်းကောင်း၊ P.A ထံမှ တဆင့်ဝင်ရလို့ တပ်အားလုံးရဲ့ လှုပ်ရှားမှုတွေ၊ ကိစ္စရပ်တွေကို သူတို့ဟာ ဂဃဏန သိရှိနေပါတယ်။ဒါ့အပြင် တချို့ကိစ္စရပ်တွေမှာ ထိပ်ပိုင်းအာဏာရှင်နဲ့ တိုင်းမ–းတို့ ပြောဆိုညှိနှိုင်းရာမှာ လက်အောက်ကို P.A မှတဆင့်သာ ပြောခိုင်းတာကြောင့် 'အဘ' ခိုင်းလို့ ဆိုပြီး P.Aတွေရဲ့ လျှာစောင်းထက်နေပုံဟာ ကြီးမား လှပါတယ်။ ဒါတွေကို သုံးသပ်ရမယ်ဆိုရင် အထက်အာဏာရှင်တွေရဲ့ မှားယွင်းမှုကို အနီးကပ်သိရှိပြီး တပ်မတော်အတွင်း ပြုပြင်ပြောင်းလဲရေးကို ဖန်တီးခွင့်ရှိသူတွေဟာ လုပ်ပိုင်ခွင့်အများဆုံး ရရှိထားတဲ့ ကိုယ်ရေးအရာရှိတွေနဲ့ ထောက်လှမ်းရေးတပ်ဖွဲ့တွေသာ ဖြစ်ကြပါတယ်။ ဒါကြောင့် သူတို့ဟာ စစ်အာဏာရှင်တွေကို ကိုင်လှုပ်ခဲ့သူတွေအဖြစ် ပေါ်ထွက်ခဲ့ပါတယ်။

ပထမဦးဆုံးကတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးသူရကျော်ထင်ရဲ့ ကိုယ်ရေးအရာရှိ ဗိုလ်ကြီးအုံးကျော်မြင့် ဖြစ်ပါတယ်။သူဟာ D.S.A ကျောင်းဆင်း အကောင်းဆုံးဗိုလ်လောင်းဆု ရရှိသူဖြစ်ပြီး ပျော်ဘွယ်နဲ့ ရမည်းသင်းအကြား ယင်းတော်ရွာ ဇာတိဖြစ်ကာ

ငယ်စဉ်ကပင် ထူးချွန်ထက်မြက်သူအဖြစ် ကျော်ကြားပါတယ်။စစ်ရုံးမှာ မိန့်ခွန်းတွေ ရေးသား တာကအစ လူကြီးများက ဗိုလ်ကြီးအုံးကျော်မြင့် ရေးသားတယ်ဆိုရင် ပြင်ဆင်မှုမရှိဘဲ အတည် ပြုပေးတဲ့အထိ ထက်မြက်လှပါတယ်။သူဟာ ထိုင်းနိုင်ငံကို သွားရောက်ခဲ့စဉ် တိုးတက်စ ပြုနေတဲ့ ထိုင်းနိုင်ငံရဲ့ အခြေအနေ၊ စိမ်းလန်းစိုပြေနေတဲ့ စပါးခင်းတွေကို ကြည့်ပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေးကျဆင်းနေမှုနဲ့ တိုင်းပြည်ကို အုပ်ချုပ်နေတဲ့ ဆိုရှယ်လစ်စနစ်ရယ်၊ စစ်အာဏာရှင် တွေရယ်ကို သဘောကျနှစ်ခြိုက်မှုမရှိကြောင်း သိရှိခဲ့ရပါတယ်။ သူလေးစားတဲ့ ပုဂ္ဂိုလ်တွေထဲ က ဗိုလ်ချုပ်ကြီးသူရတင်ဦး ဖြုတ်ချခံရမှုနဲ့ ပတ်သက်လို့ တရားမျှတမှုမရှိတာကိုလည်း သုံးသပ် လာပါတယ်။ ဒီနေရာမှာ ဗိုလ်ချုပ်ကြီးသူရတင်ဦးနဲ့ပတ်သက်ပြီး တင်ပြရမယ်ဆိုရင် သူဟာ စစ်သည်တွေကို အဆင့်အတန်း မခွဲခြားဘဲ ခြင်းခတ်ရာမှာ အတူတူ ထမင်းလက်ဆုံစား ခဲ့သူ လည်း ဖြစ်ပါတယ်။ စစ်သည်တွေ ရိက္ခာမလောက်လို့ တင်ပြလာချက်အပေါ် ရှေ့တန်းထွက် စစ်သည်တွေကို တိုက်ခိုက်ရေးရိက္ခာထုတ်နဲ့ ရိက္ခာနှစ်ဆစီစဉ်ပေးခဲ့ပြီး စစ်သည်တွေရဲ့ လေးစား ချစ်ခင်မှုကို ရရှိခဲ့သူဖြစ်ပါတယ်။ ဒီသတင်းတွေကို ထောက်လှမ်းရေးမ–းချုပ် ဗိုလ်မ–းချုပ် မျက်မှန် တင်ဦးက အုပ်စုဖွဲ့လေဟန် ဦးနေဝင်းထံ တင်ပြခဲ့ရာ ဦးနေဝင်းက စတင် သံသယဝင်ခဲ့ပါတယ်။ တဖန် ဗိုလ်ချုပ်ကြီးတင်ဦးရဲ့ဇနီးဟာ ပညာတတ်ဆရာဝန်မဖြစ်တဲ့ အားလျော်စွာ ဗိုလ်ချုပ်ကြီး စန်းယုရဲ့ ဇနီးနဲ့ မသင့်မတင့် ပြဿနာတွေရှိနေခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးတင်ဦးက တပ်ရဲ့ သက်သာချောင်ချိရေးခေါင်းစဉ်နဲ့ ဦးစားပေးလုပ်နေတာကြောင့် နိုင်ငံရဲ့ဘဏ္ဍာငွေ ပိုမို ကုန်ကျ နေမှု ဖြစ်နေတယ်လို့ ဗိုလ်ချုပ်ကြီးစန်းယုဟာ ဦးနေဝင်းထံ ဘဝင်မကျကြောင်း သွေးထိုး ပြောဆို ခဲ့ပါတယ်။ထိုစဉ် ဗိုလ်ချုပ်ကြီးတင်ဦးရဲ့သား နိုင်ငံခြားမှာ ဆေးသွားကုတဲ့ကိစ္စနဲ့ အိမ် ဆောက်လုပ် ဖို့ လိုအပ်တဲ့ ဆောက်လုပ်ရေးပစ္စည်းတွေ နိုင်ငံခြားက တင်သွင်းတဲ့ကိစ္စကို အကြောင်းရှာပြီး ဗိုလ်ချုပ် ကြီးတင်ဦးအား အရေးယူဖြုတ်ပစ်လိုက်ပါတယ်။ ဒါတွေကို သိရှိနားလည်တဲ့ ဗိုလ်ကြီး အုံးကျော်မြင့် ဟာ ဗိုလ်ချုပ်ကြီးတင်ဦးကို ခေါင်းဆောင်ပြန်တင်ကာ တပ်မတော်အတွင်း ပြုပြင်ပြောင်းလဲရေး လုပ်ရန် ရည်ရွယ်ပြီး အာဏာသိမ်းဖို့ ကြံစည်ပုံနဲ့ ထောက်လှမ်းရေးတပ်ဖွဲ့ ခေါင်းထောင်လာပုံ တွေကို ဆက်လက်တင်ပြသွားပါ့မယ်။

## အာဏာရှင်ကို ဖြုတ်ချဖို့ ကြိုးစားခဲ့တဲ့ စစ်တပ်အရာရှိ

ဗိုလ်ကြီးအုံးကျော်မြင့်ဟာ အဲဒီလို သူတစ်ပါးနိုင်ငံ တိုးတက်နေတာကို ကြည့်ပြီး မဆလစနစ်နဲ့ အာဏာရှင် စစ်ခေါင်းဆောင်တွေကို အာဏာသိမ်းဖို့ စဉ်းစားဆုံးဖြတ်ခဲ့ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမ–း ဗိုလ်မ–းစိန်မြင့်နဲ့လည်းကောင်း၊ ဗိုလ်ကြီးသိန်းဝင်းနဲ့ ကိုယ်ရေး

အရာရှိအချို့ကို လည်းကောင်း၊ ခလရ (၁၆) က ဗိုလ်မ–းမောင်လတ်ကိုလည်းကောင်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမ–း ဗိုလ်မ–းကြီးလှဖေကိုလည်းကောင်း၊ လေတပ်ဦးစီးချုပ် ဗိုလ်ချုပ်စောဖြူနဲ့ ဗုံးကြဲလေယာဉ် တောင်းခံမှုလုပ်ထုံးလုပ်နည်းကိုလည်းကောင်း၊ သံချပ်ကာနဲ့ တင့်ကားတပ်မ–းကိုလည်းကောင်း အသီးသီး တီးခေါက်ဆွေးနွေးမေးမြန်းပြီး ဆက်တိုက်လှုပ်ရှား ခဲ့ပါတယ်။ ဗိုလ်ကြီးအုံးကျော်မြင့်ဟာ တစ်ခါတစ်ရံ ကားပေါ်မှာဆွေးနွေးခြင်း၊ မထင်မှတ်တဲ့ နေရာမှာ ချိန်းဆိုခြင်းတို့ကို ပြုလုပ်ခဲ့ပါတယ်။အာဏာသိမ်းရန် ကြံစည်မှုအစီအစဉ်ကို တချို့ ဆွေးနွေးနေတဲ့ အရာရှိကြီးများကို မပြောဘဲ လိမ္မာပါးနပ်စွာ လျှို့ဝှက်ထားပြီး သူ့ဆရာ ကာကွယ်ရေးဦးစီးချုပ်က မေးခိုင်းသလို ပုံစံမျိုးတွေကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ယုံကြည် စိတ်ချရမယ်ထင်တဲ့ အရာရှိတွေကိုတော့ အရိပ်အမြွက် ပြောခဲ့ပြီးနောက် ဗိုလ်ချုပ်တင်ဦးထံ သွားရောက်တွေ့ဆုံခဲ့ပါတယ်။၎င်းရဲ့ မဟာဗျူဟာအစီအစဉ်မှာ လေဆိပ်နဲ့အသံလွှင့်ဌာနကို ထိန်းချုပ်ထားပြီး ညစာစားပွဲမှာဖြစ်စေ၊ ပါတီညီလာခံမှာ ဖြစ်စေ ဝင်ရောက်စီးနင်းဖို့ စနစ်တကျ အစီအစဉ် ရေးဆွဲထားပါတယ်။ဒါ့အပြင် ဗိုလ်ကြီးအုံးကျော်မြင့်ဟာ ၎င်းရဲ့ဆရာ ကာကွယ်ရေး ဦးစီးချုပ်ရဲ့ အရှိန်အဝါကြောင့်လည်းကောင်း၊ ၎င်းကိုယ်တိုင် ထူးချွန်ထက်မြက်တာကြောင့် လည်းကောင်း၊ (ကကြည်း) ရုံးတံဆိပ်ကြောင့်လည်းကောင်း၊ လက်အောက်ခံ ကြည်းတပ်များ ကြောက်ရွံ့ပြီး အလွယ်တကူလိုက်နာလှုပ်ရှားကြဖို့ ယုံကြည်မျှော်လင့်ထားခဲ့ပါတယ်။ ဒါပေ မယ့် လေတပ်ဦးစီးချုပ် ဗိုလ်ချုပ်စောဖြူဟာ သံသယဝင်ခဲ့ပြီး တိုးတိုးတိတ်တိတ် မေးမြန်းလာရာ မှ အသံဗလံ အစအန ထွက်လာခဲ့ပါတယ်။ အဲဒီနောက် ညစာစားပွဲတစ်ခုမှာ ဗိုလ်ကြီး အုံးကျော်မြင့် ရဲ့ သကာ်မကင်းဖွယ်ရာ လှုပ်ရှားမှုကို ထောက်လှမ်းရေးတပ်ဖွဲ့က ခြေရာခံလိုက်မိနေပါတယ်။ ဒ့ါအပြင် ကြည်းတပ်တပ်မ–းတစ်ချို့ဖြစ်တဲ့ ဗိုလ်မ–းမောင်လတ်နဲ့ သံချပ်ကာတပ်မ–းတို့ဟာ အစီ အစဉ် အကောင်အထည်ဖော်ရာမှာ ရှောင်ရှားကြောက်ရွံ့လို့ ဟန်ချက်လွဲသွားခဲ့ပါတယ်။ ပိုပြီး ဆိုးသွားတာက ဗိုလ်ကြီးအုံးကျော်မြင့်ဟာ ဗိုလ်မ–းကြီးသန်းတင်ကို သွားရောက်တိုင်ပင်ခဲ့ရာ အမှားကြီးမှားခဲ့ပါတယ်။ ဗိုလ်မှူးကြီးသန်းတင်က မလုပ်သင့်ကြောင်းပြောရာ ၎င်းက လက်မခံ၍ တိုင်ကြားနိုင်သည်ကို ရိပ်မိသိရှိပြီး ဗိုလ်ကြီးအုံးကျော်မြင့်ဟာ အမေရိကန်သံရုံးမှာ ၁၉၇၇ ခုနှစ် ဇူလိုင်လ (၂) ရက် ညနေမှာ နိုင်ငံရေးခိုလှုံခွင့် တောင်းခံခဲ့ပါတယ်။ သံရုံးအနေနဲ့ ဥပဒေအရ လုပ်ပေးလို့မရတာကို အကြောင်းပြန်တာကြောင့် သံရုံးက ပြန်ထွက်လာစဉ်မှာဘဲ ထောက်လှမ်း ရေးတပ်ဖွဲ့ရဲ့ ဖမ်းဆီးခြင်းကို ခံလိုက်ရပါတယ်။ ၁၉၇၇ ခုနှစ် ဇူလိုင်လ (၂၀) ရက်နေ့မှာ ဗိုလ်ကြီး (၁၁) ဦး၊ ဗိုလ်မ–း (၃) ဦးနဲ့ တိုင်းမ–း (၁) တစ်ဦးအပါအဝင် ဗိုလ်ချုပ်ကြီးတင်ဦးတို့ကို ခုံရုံးတင်ကာ ဗိုလ်ကြီးအုံးကျော်မြင့်အား သေဒဏ်အမိန့်ပေးခဲ့ပါတယ်။

မြန်မာပြည်မှာ သေဒဏ်ပေးခံရတဲ့ လောစစ်ဟန်နဲ့ မြောက်ကိုးရီးယားပုံးခွဲသူ ကွန်မန်ဒို (၂) ဦးအပါအဝင် အရပ်သားတချို့ဟာ အမှန်တကယ် ကြိုးပေးကွပ်မျက်ခံရခြင်းမရှိဘဲ ဆိုင်းငံ့နဲ့ တစ်သက်တစ်ကျွန်း ထားတာများပြီး ဗိုလ်ကြီးအုံးကျော်မြင့်ကိုတော့ မသေမချင်း ရက်ရက်စက်စက် ကြိုးပေးကွပ်မျက်ခဲ့ပါတယ်။ သားသုံးသားမှာ စစ်သားကို အထူးကြောက်ရွံ့ပြီး အငြိုးကြီးစွာနှိပ်ကွပ်ခဲ့ခြင်းဖြစ်ပါတယ်။ စစ်အာဏာရှင်တွေဟာ ဒီကိစ္စနဲ့ပတ်သက်ပြီး စိုးရိမ်ထိတ်လန့်စွာနဲ့ တိုင်း၊တပ်မ၊ တပ်ရင်း၊ တပ်ဖွဲ့တွေကို ကိုယ်စားလှယ်စေလွှတ်ရှင်းလင်းခြင်း၊ အသံသွင်းပြီး ရှင်းလင်းခြင်းနဲ့ စစ်သည်အရာရှိတွေအုံကြွမှု မဖြစ်ပွားရေးအတွက် အပူတပြင်း လုပ်ဆောင်ခဲ့ရပါတယ်။ တချို့စစ်သည်တွေဟာ သူတို့ ချစ်ခင်လေးစားတဲ့ ဗိုလ်ချုပ်ကြီးတင်ဦး ပြုတ်သွားခြင်းကို ယူကြုံးမရဖြစ်ပြီး ငိုယိုနေလို့ ကြီးစွာဂယက်ရိုက်မှု ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ မဆလဗဟိုကော်မတီဝင် (၄၀) ဦးနဲ့ ပါတီဝင် (၅၀၀၀၀) ခန့်ကို ပါတီသန့်စင်ရေး ဆိုပြီး ဖြုတ်၊ ထုတ်၊ ချ လုပ်ခဲ့ရပါတယ်။ ဦးနေဝင်းက အဆင့် (၁) ဖြစ်ပြီး အရပ်ခေါ် နံပါတ်ဝမ်း၊ ဦးစန်းယုက အဆင့် (၂) နံပါတ်တူးဖြစ်ပြီး၊ ထောက်လှမ်းရေးက ဗိုလ်မှူးချုပ်မျက်မှန်တင်ဦးက အဆင့် (၁.၅) ရှိရာ အာဏာသိမ်းရေးအစီအစဉ်ဟာ ထောက်လှမ်းရေးတပ်ဖွဲ့ အင်အား ကောင်းနေလို့ ချေမှုန်းခြင်းခံရတာဖြစ်ပါတယ်။

ဆက်လက်တင်ပြရရင် မျက်မှန်တင်ဦးဟာ ဦးနေဝင်းထံကို အချိန်မရွေး ဝင်ထွက်ခွင့်ရှိရာ အိမ်တော်ကြီးမှာ အရေးပါတဲ့ ဦးနေဝင်းရဲ့ သမီး ဒေါ်ခင်စန္ဒာဝင်းနဲ့ နေရာယူမှုမှာထိပ်တိုက်တွေ့လာရပါတယ်။ မျက်မှန်တင်ဦးရဲ့သား မင်္ဂလာဆောင်ပြီး ထိုင်းနိုင်ငံကို ပျားရည်ဆမ်းခရီးထွက်ရာ ကော်ဇောနီခင်းပြီး ကြိုဆိုခံရတဲ့ဖြစ်စဉ် ဗွီဒီယိုခွေအား ဒေါ်ခင်စန္ဒာဝင်းက ဦးနေဝင်းကို ပြသခဲ့ပါတယ်။ ဝန်ကြီးချုပ်ဦးမောင်မောင်ခကလည်း မျက်မှန်တင်ဦးရဲ့တပည့် ပြည်ထဲရေးဝန်ကြီး ဦးဘိုနီဟာ မဂိုလမ်းက ရွှေကုန်သည်တစ်ဦးနဲ့ ပူးပေါင်းပြီး ရွှေချောင်းခိုးထုတ်ရောင်းချနေကြောင်း သတင်းပို့လာပါတယ်။ မျက်မှန်တင်ဦးရဲ့ ထောက်လှမ်းရေးတပ်အတွက် အစွရေးက ခေတ်မီအူဇီသေနတ်တွေ ဝယ်ယူဖို့ ရွှေချောင်းတွေနဲ့ဖလှယ်တဲ့ အစီအစဉ်ဟာ ဗူးပေါ်သလိုပေါ်ခဲ့ရပါတယ်။ အဲဒီလို ထောက်လှမ်းရေးတပ်ဖွဲ့ အင်အားတောင့်တင်းဖို့ တည်ဆောက်နေတာကို ဦးနေဝင်း မသိလိုက်ရလို့ ဒေါသူပုန်ထပြီး ၁၉၈၃ မေလ (၁၇) ရက်နေ့မှာ မျက်မှန်တင်ဦးကို တွဲဖက်အတွင်းရေးမှူးရာထူးက ဖြုတ်ကာ ထောင်ချခဲ့ပါတယ်။ အဲဒီအခါမှာ မြန်မာနိုင်ငံရဲ့ လုံခြုံရေးဟာကွက်ဖြစ်သွားပြီး ၁၉၈၃ အောက်တိုဘာ (၉) ရက်မှာ အာဇာနည်ဗိမာန် ဗုံးပေါက်ကွဲကာ တောင်ကိုးရီးယား ဝန်ကြီးတွေ သေဆုံးခဲ့ရပါတယ်။

ဦးနေဝင်းဟာ တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူး အသစ် ဗိုလ်မှူးကြီးကံညွန့်ကို ဖြုတ်ပစ်လိုက်ပြီး တပ်မ (၄၄) နည်းဗျူဟာမှူး ဗိုလ်မှူးကြီးခင်ညွန့်ကို



**အာဏာပြုတ်ကျ သွားလေသူဗိုလ်ခင်ညွန့်**

ခန့်အပ်လိုက်ပါတယ်။ ဗိုလ်ခင်ညွန့်ဟာ သွက်လက်ချက်ချာလို့ ဦးနေဝင်းကသဘောကျပြီး သူဟာ အားနည်းနေတဲ့ ထောက်လှမ်းရေးတပ်ဖွဲ့ကို ယခင်ကလို အင်အားကြီးအောင် လုပ်ပိုင်ခွင့်ရရှိဖို့ကြိုးစားခဲ့သူ ဖြစ်ပါတယ်။ ၁၉၈၈ ဒီမိုကရေစီတောင်းဆိုမှု လူထုအရေးတော်ပုံကြီး ပြင်းထန်နေချိန် ဩဂုတ်လ (၂၃) ရက်နေ့မှာ အေဒီလမ်းရှိ ဦးနေဝင်းအိမ်တွင် အရေးပေါ်အစည်းအဝေးကျင်းပခဲ့ပါတယ်။ ဒေါက်တာ မောင်မောင်အစိုးရကို မာရှယ်လောစစ်ဥပဒေရုပ်သိမ်းစေဖို့၊ ပြည်တွင်းအုံကြွမှုမှာ တပ်မတော်မပါဝင်စေရေး ကြပ်မတ်သွားဖို့နဲ့ စစ်သည်တွေပါလာရင် စစ်တပ်က အာဏာသိမ်းရေးအစီအစဉ်ကို မဟာဗျူဟာချမှတ်ခဲ့ပါတယ်။ စက်တင်ဘာလဆန်းမှာ ရေတပ်တပ်ထိန်း၊ ပင်မခဲယမ်းမီး ကျောက်တပ်၊ စက်မှုလက်မှုတပ်၊ (၅၀၁) (၅၀၂) လေတပ်ပြုပြင်ထိန်းသိမ်းရေး လေတပ်စခန်းမှ စစ်သည်အချို့၊ ခလရ (၁၆) မှ စစ်သည် (၁၆)ဦး၊ တပ်မ (၂၂) မှ ဗိုလ်ကြီးစိုင်းဝင်းကျော်တို့ ပြည်သူ့ရင်ခွင်ခိုလှုံလာရာ ခမရ (၆) မှ တပ်ခွဲမှူးနဲ့ စစ်သည်များ၏ လက်နက်ခဲယမ်း၊ ဆုံးရှုံးသွားသည်မှစပြီး အခြေအနေ တင်းမာလာခဲ့ပါတယ်။ ဒါကြောင့် စက်တင်ဘာ (၁၈) ရက် မနက်ပိုင်း အေဒီလမ်း ဦးနေဝင်းအိမ်မှာ ဗိုလ်ချုပ်စောမောင်ကို ခေါ်ယူကာ အာဏာသိမ်းဖို့နဲ့ ဗိုလ်ခင်ညွန့်ကို အတွင်းရေးမှူး (၁) ခန့်အပ်ဖို့အတူတွဲပြီး လုပ်ဆောင်ဖို့ စီစဉ်ကြောင်းသိရှိရပါတယ်။ ဗိုလ်ခင်ညွန့်ဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စတွေကို တစိုက်မတ်မတ်ကြိုးစားလုပ်ဆောင်ခဲ့ပေမယ့် အင်အားကောင်းပြီး မူပျက်လာတဲ့ ထောက်လှမ်းရေးတပ်ဖွဲ့ကိုမထိန်းနိုင်ဘဲ သတိထား စောင့်ကြည့်နေတဲ့ စစ်အာဏာရှင်တွေရဲ့ နှိပ်ကွပ်ချေမှုန်းမှုကို ခံလိုက်ရပြန်ပါတယ်။



## အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဗိုလ်ခင်ညွန့်

ဗိုလ်ခင်ညွန့်ဟာ တပ်မမှူး၊ တိုင်းမှူးမဖြစ်ခဲ့ဘဲ စစ်တပ်ရဲ့ထိပ်ဆုံးနီးပါးအဆင့်ကို အချိန်တိုတိုမှာ ရောက်ခဲ့သူဖြစ်ပါတယ်။ နိုင်ငံတကာခေါင်းဆောင်တွေနဲ့ ထိတွေ့ဆက်ဆံမှု၊ နိုင်ငံရေး ပရိယာယ်ကြွယ်ဝမှု၊ အလုပ်လုပ်ရာမှာ ကျွမ်းကျင်မြန်ဆန်မှုရှိသူ ဖြစ်

**၈၈၈၈ အရေးတော်ပုံကြီးအတွင်း ပြည်သူ့ဖက်သို့ ခိုလှုံလာသည့် တပ်မတော်သားများ**

ပါတယ်။ နိုင်ငံရေးအရအောင်မြင်ဖို့နဲ့ ရာဇပလ္လင်မှာမြဲစေဖို့ အမျိုးမျိုးစွမ်းဆောင်နိုင်လို့ စစ်အာဏာရှင်တွေက သူ့ကိုကြောက်ရွံ့ခဲ့ခြင်း၊ ချေမှုန်းခဲ့ခြင်းလည်းဖြစ်ပါတယ်။ သူဟာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် သူမတူအောင်စွမ်းဆောင်ခဲ့ပြီး တိုင်းရင်းသား (၁၇) ဖွဲ့နဲ့ အင်အားကောင်းလှတဲ့ နာမည်ကြီး ဘိန်းဘုရင်ခွန်ဆာရဲ့ လွယ်မော်အဖွဲ့ကို ငြိမ်းချမ်းရေးရရှိအောင်၊ လက်နက်ချအောင် စည်းရုံးသိမ်းသွင်းနိုင်ခဲ့သူဖြစ်ပါတယ်။ ဒါ့အပြင် ကေအန်ယူအဖွဲ့နဲ့ ညှိနှိုင်းဆွေးနွေးမှုလည်း အောင်မြင်လုနီးပါးရရှိခဲ့ပါတယ်။ သူ့ရဲ့ကြိုးပမ်းမှုကြောင့် ၂၀၀၀ ခုနှစ် အောက်တိုဘာမှ ၂၀၀၁ ခုနှစ် ဇွန်လအထိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တရားဝင် (၅) ကြိမ်တိုင်တိုင် ဆွေးနွေးပွဲကျင်းပနိုင်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အား တွေ့ဆုံညှိနှိုင်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကကလုမ်းမှ ဗိုလ်မ–းချုပ်သန်းထွန်းနဲ့အဖွဲ့ကို တာဝန်ပေးစေခိုင်းခဲ့ရာ အထိုက်အလျောက်အောင်မြင်မှုရရှိခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ဗိုလ်သန်းရွှေနဲ့ တစ်ကြိမ်၊ ဗိုလ်မောင်အေး အပါအဝင်သုံးဦးနဲ့ တစ်ကြိမ်တွေ့ဆုံစေရန်ကြိုးပမ်းခဲ့ပြီး ထမင်းလက်ဆုံစားကြတဲ့အထိ အောင်မြင်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ဒီပဲယင်းမှာ အကြမ်းဖက်ခံရတဲ့အခါမှာတော့ ဗိုလ်သန်းရွှေဟာ နိုင်ငံရေးအကျပ်အတည်းပိတ်မိပြီး အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်ဖို့ရှိလို့ ဗိုလ်ခင်ညွန့်ကို ဝန်ကြီးချုပ်ရာထူးပေးကာတွန်းလွှတ်ခဲ့ပါတယ်။ ဗိုလ်ခင်ညွန့်ဟာ နိုင်ငံတကာဖိအားပေးမှုကြောင့် ရေရှည်မှာ မိမိနိုင်ငံနစ်နာမှာကိုသိမြင်ပြီး **'ROAD MAP'** (၇) ချက်ကြေညာကာ ထွက်ပေါက်ရှာခဲ့ပါတယ်။ ဒါ့အပြင် ဗိုလ်ခင်ညွန့်ဟာ အမျိုးသားညီလာခံမှာ အတိုက်အခံပါတီ **NLD** ပါဝင်မှ သဘာဝကျမယ်လို့သိမြင်ပြီး နအဖဥက္ကဋ္ဌကို ဖျောင်းဖျစည်းရုံးကာ **NLD** ပါတီကို ဖိတ်ကြားနိုင်တဲ့အထိ ဆောင်ရွက်ခဲ့သူဖြစ်ပါတယ်။

ဗိုလ်ခင်ညွန့်ဟာ ထောက်လှမ်းရေး တပ်ဖွဲ့အင်အားကို တိုးချဲ့ရာမှာ မဟာဗျူဟာလေ့လာရေးဌာနကို တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်လက်အောက်ကို သွတ်သွင်းစေပြီး အဆိုပါဌာနမှ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များအားလုံးကို ပြန်လည်ခေါ်ယူ၍ တစ်စုတစ်ဝေးတည်း တပ်မတော် ထောက်လှမ်းရေးမ–းချုပ်ရုံးအဖြစ် ဖွဲ့စည်းပုံသီးသန့်ပြင်ဆင်ခဲ့ပါတယ်။ ယင်းကိစ္စအား ဗိုလ်မောင်အေးက ကန့်ကွက်နေတဲ့ကြားထဲတွင် ဗိုလ်ခင်ညွန့်ဟာ အကောင်အထည် ဖော်နိုင်ခဲ့ပြီး အောင်မြင်မှုရရှိခဲ့ပါတယ်။အဲဒီနောက် ထောက်လှမ်းရေးဗိုလ်မ–းချုပ် (၁၀) ဦးနဲ့ ဌာနကြီး (၁၀) ခုဖြစ်လာပြီး လက်နက်တွေ တိုးချဲ့တပ်ဆင်လာတာကို ထိပ်ပိုင်း စစ်အာဏာရှင်တွေ အနေနဲ့ ဘဝင်မကျ ဖြစ်လာခဲ့ပါတယ်။ အဲဒီအချိန်မှာဘဲ ဦးနေဝင်းရဲ့ မြေးတွေဟာ ရဲချုပ်ကို ဝင်ရောက်စည်းရုံးပြီး ဥပဒေအကာကွယ်ရယူ၍ ရန်ကုန်မြို့တွင် ထင်တိုင်းကြဲနေခြင်း၊ ၂၀၀၁ ခုနှစ်တွင် ဆီဒိုးနားဟိုတယ်တွင် ဦးနေဝင်းမွေးနေ့ ကျင်းပခဲ့ခြင်းတို့ကို စစ်အာဏာရှင်တွေဟာ

ဘဝင်မကျဘဲ သတိကြီးစွာ စောင့်ကြည့်နေခဲ့ကြပါတယ်။ ဆက်လက်ပြီး ဦးနေဝင်းအတွက် လုံခြုံရေး ယူထားတဲ့ သနက (၄) တပ်ခွဲရဲ့ လက်နက်တွေ အေဒီလမ်းအိမ်ကို ရောက်ရှိခဲ့ပါတယ်။ ဒီသတင်းတွေ ဟာ တော်လှန်ရေးနေ့အတွက် ရန်ကုန်မြို့မှာ လုံခြုံရေးယူထားတဲ့ တပ်မ(၇၇)တပ်မမှူး ဗိုလ်မှူး ချုပ်သန်းဌေးကို ဦးနေဝင်းမြေးတွေ သွားရောက်စည်းရုံးခဲ့ရာမှ အဲဒီတပ်မမှူး သတင်းပို့ လိုက်လို့ သိရှိရခြင်း ဖြစ်ပါတယ်။အဲဒီသတင်းကို ထောက်လှမ်းရေးက ပေးပို့နိုင်ခြင်းမရှိလို့ ဗိုလ်ခင်ညွန့် အပေါ် ထိပ်ပိုင်းအာဏာရှင်နှစ်ဦးဟာ သံသယစတင်ဝင်ခဲ့ပါတယ်။

၂၀၀၄ ခုနှစ်မှာ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်ဟာ ‘မကြာခင် ထူးခြားသိသာတဲ့ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာတော့မှာပါ’ လို့ အနက်ခွစကားလုံးကို နိုင်ငံခြား အစည်းအဝေး တစ်ခုမှာ ပြောမိလိုက်တဲ့အတွက် စစ်အာဏာရှင်နှစ်ဦးက စိတ်ဆိုးခဲ့ကြပါတယ်။ ဦးဝင်းအောင် ဟာ ဗိုလ်ခင်ညွန့်ရဲ့ တပည့်ဖြစ်ပြီး နိုင်ငံခြားမှာတင် သူ့ကို တန်းဖြုတ်ခဲ့ရာမှ အခြေအနေ တင်းမာမှု ကြီးထွားခဲ့ပြန်ပါတယ်။ အမှန်တကယ်တော့ စစ်အာဏာရှင်တွေဟာ အာဏာကို လိမ်လည်ပြီး မတရား ရယူထားတာကြောင့် တိုင်းပြည်အနေနဲ့ အဖက်ဖက်က ယိုယွင်းပျက်ဆီးနေလို့ နိုင်ငံတကာ အလယ်မှာ ရှက်ဖွယ်လိလိ ဖြစ်နေခဲ့ရခြင်းဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဧရိယာအတွင်းက တပ်တွေရဲ့ သက်သာချောင်ချိရေးအတွက် နယ်စပ်က ဂြိုလ်တု စလောင်းတွေ တင်သွင်းလာတာကို ဥပဒေဘောင်အတွင်း မကိုက်ညီဘူးဆိုပြီး ထောက်လှမ်းရေးက ပိတ်ဆို့မှုဖြစ်ပွားခဲ့ပါတယ်။ အောက်ခြေတပ်မတော်အတွင်းမှာ ကြည်းတပ်နဲ့ ထောက်လှမ်းရေး တပ်ဖွဲ့တွေအကြား အစာမကြေမှုတွေ များစွာရှိနေခဲ့ပါတယ်။ ကြည်းတပ်က ဗျူဟာမှူးအဆင့် ဗိုလ်မှူးကြီးတစ်ဦးဟာ ထောက်လှမ်းရေးက တပ်ခွဲမှူးအဆင့် တပ်ကြပ်ကြီးတစ်ဦး ကို တွေ့ခွင့် တောင်းနေရတဲ့ ဖြစ်စဉ်မျိုးတွေလည်း ရှိနေပါတယ်။

အဲဒီနောက်မှာတော့ ထောက်လှမ်းရေးတပ်ဖွဲ့တွေရဲ့ ဖောက်ပြန်မှုကို တိုင်ကြားစာ တစောင်ဟာ ရမခတိုင်းမှူးထံကို မိတ္တူအနေနဲ့ ပေးပို့ရောက်ရှိလာပါတယ်။ ယခင်ကဆိုရင် ယခုလို မိတ္တူပေးလာပါက တိုင်းမှူးများဟာ ထောက်လှမ်းရေးနဲ့ မပြဿနာလိုဘဲ ရှောင်ရှားကြပေမယ့် ရမခတိုင်းမှူး အနေနဲ့ ယခုအခါ (ကကကြည်း) ထံ တင်ပြကာ အရေးယူဆောင်ရွက်လာပါတယ်။ (၁၀၅) မိုင်စခန်း ထောက်လှမ်းရေးတပ် ဧရိယာဝင်းအတွင်း ဝင်ရောက်စီးနင်းသိမ်းပိုက်တဲ့အခါ တရားမဝင် ပစ္စည်းတန်ဖိုးဟာ ခန့်မှန်းလို့မရအောင်များပြားတာကြောင့် မနိုင်မနင်းဖြစ်ပြီး ရန်ကုန်က ဝန် ကြီး ဦးစိုးသာ၊ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ်တို့ ပါဝင် တဲ့ အဖွဲ့ကြီးဖွဲ့ကာ သွားရောက်စစ်ဆေးခဲ့ရပါတယ်။ အခြေအနေမကောင်းကြောင်းသိရတဲ့ အတွက် ထောက်လှမ်းရေးမှူးချုပ်ရုံးက ဗိုလ်မှူးချုပ်မြင့်ဇော်ဟာ အဲဒီအဖွဲ့ကြီးထံကို အပြေး အလွှား လေယာဉ်ပေါ်မှာ ကိုယ်တိုင်သွားရောက် တောင်းပန်ခဲ့ပေမယ့် နောက်ကျသွားခဲ့ပြီဖြစ်ပါ

တယ်။ ဒါ့အပြင် ဗိုလ်သန်းရွှေက ဗိုလ်ခင်ညွှန့်ကို နှစ်နာရီကြာခေါ်ယူတွေ့ဆုံပြီး သတိပေး ဆူပူခဲ့ပါတယ်။ မနိုင်မနင်းဖြစ်နေတဲ့ ကကလှမ်းရဲ့တာဝန်ကို ဒုတိယညွှန်မှူး ဗိုလ်ချုပ်ကျော်ဝင်းကို လွှဲပေးဖို့နဲ့ လက်အောက်ခံတာဝန်ရှိသူတွေကို ထိရောက်စွာ အရေးယူဖို့ပြောကြားခဲ့တယ်လို့ သိရှိခဲ့ရပါတယ်။ အဲဒီအချိန်ကာလအထိ ဗိုလ်ခင်ညွှန့်အနေနဲ့ တစ်ခုခုကိုဆုံးဖြတ်ဖို့ အချိန်ကျနေပြီ ဖြစ်ပေမယ့် စစ်အာဏာရှင်တွေက လက်ဦးမှုယူ နှိပ်ကွပ်သွားခဲ့ပုံကို ဆက်လက် တင်ပြသွားပါမယ်။

## မျိုးဆက်သစ်တပ်မှူးများရဲ့ သမိုင်းပေးတာဝန်

ဗိုလ်ခင်ညွှန့်အနေနဲ့ လမ်းခွဲကို ရောက်နေပြီဖြစ်လို့ တစ်ခုခုကို ဆုံးဖြတ်ရတော့မှာဖြစ်ပါတယ်။ ထောက်လှမ်းရေးတပ်ဖွဲ့အင်အားဟာ ခိုင်မာတောင့်တင်းနေပေမယ့် အာဏာသိမ်းမယ်ဆိုရင် အစာမကြေဖြစ်နေတဲ့ တိုင်းမှူးအများစုရှိနေလို့ တိုင်းပြည်မှာ သွေးထွက်သံယို ပြည်တွင်းစစ်မလွဲမသွေဖြစ်မယ်လို့ ယုံကြည်ချိန်ဆနေဟန်ရှိပါတယ်။ ဆက်ပြီးနေရင်လည်း နိုင်ငံရေးမှာ အောင်မြင်မှုရှိနေတဲ့ မိမိအပေါ် မကျေနပ်တဲ့ ထိပ်ပိုင်းစစ်အာဏာရှင်တွေရဲ့ နှိပ်ကွပ်မှုကို ခံရမှာဖြစ်ပါတယ်။ အဲဒီလို ဘေးကျပ်နံကျပ်ဖြစ်နေစဉ် ထောက်လှမ်းရေးမှူးချုပ်ရုံး အစည်းအဝေးမှာ ဗိုလ်ခင်ညွှန့်က လက်အောက်ငယ်သားတွေကို မင်းတို့အချင်းချင်းမညီညွတ်လို့ ဖြစ်တာလို့ပြောမိတဲ့စကားအပေါ် ကောက်ချက်ချပြီး နအဖ အာဏာရှင်ထိပ်ပိုင်းခေါင်းဆောင်ဟာ ဗိုလ်ခင်ညွှန့်ကို အမိန့်မနာခံမှု၊ အဂတိလိုက်စားမှုနဲ့ စွဲချက်တင်ကာ မန္တလေးကအပြန် ၂၀၀၄ ခုနှစ် အောက်တိုဘာ (၁၈) ရက်နေ့တွင် ဖမ်းဆီးပြီး ဆိုင်းငံ့ထောင်ဒဏ် (၄၄) နှစ် ချမှတ်အရေးယူလိုက်ပါတယ်။ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းကို စစ်ကားအစီး (၁၀၀) ကျော် ကားတန်းရှည်ကြီးနဲ့ စစ်တပ်အလုံးအရင်းဝင်ရောက်လာကတည်းက စစ်အာဏာရှင်တွေဟာ သွေးထွက်သံယိုထိမျှော်မှန်းပြီး ကြောက်လန့်တကြားဖြစ်နေကြပါတယ်။ (၈) မိုင် လမ်းဆုံမှာရှိတဲ့ ထောက်လှမ်းရေးဌာနချုပ် ရုံးချုပ်ကို တပ်မ (၁၁) မှ ဝင်ရောက် စီးနင်းခဲ့ပါတယ်။ အကြောင်းသိနေတဲ့ ထောက်လှမ်းရေးတပ်ဖွဲ့ရဲ့ ရန်အန္တရာယ်ကြောင့် ထိပ်ပိုင်းအာဏာပိုင်နှစ်ဦးရဲ့ မိသားစုတွေကို



၈၈၈၈ အရေးတော်ပုံကြီးအတွင်း
ပြည်သူ့ဖက်သို့
ခိုလှုံလာသည့် တပ်မတော်သားများ

မူလအိမ်တော်ကြီးမှ အမြန်ဆုံး ပြောင်းရွှေ့ပေးခဲ့ရပါတယ်။

စစ်အာဏာရှင်တွေဟာ ဖြုတ်၊ ထုတ်၊ ချ စနစ်နဲ့ ကျူပင်ခုတ် ကျူငုတ်ပါမကျန် မျက်မှန်တင်ဦးရဲ့ ထောက်လှမ်းရေးတပ်ဖွဲ့တွေကို နှိပ်ကွပ်တာထက်တောင် ပိုမိုပြင်းထန်စွာ နှိပ်ကွပ်ခဲ့ပါတယ်။ ပြန်လည်ဖွဲ့စည်းထားတဲ့ စစ်ဖက်ရေးရာလုံခြုံရေး အရာရှိချုပ်ရုံးကို ထောက်လှမ်းရေး နာမည်ကိုပင် ဆက်သုံးခွင့်မပြုအောင် အငြိုးကြီးခဲ့ပါတယ်။ နယ်ဘက်ရှိ ဌာန ဆိုင်ရာတွေမှာ သွတ်သွင်းထားတဲ့ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်တွေကိုလည်း အရေးယူ ဖြုတ်၊ ထုတ်၊ ချ ခဲ့ပါတယ်။ ထောက်လှမ်းရေးက ထောက်ခံချက်ပေးခဲ့တဲ့ ဗိုလ်လောင်းတွေကိုပါ မကျန် ဆွေခုနှစ်ဆက်၊ မျိုးခုနှစ်ဆက် ထောက်လှမ်းရေးနဲ့ပတ်သက်သမျှ အားလုံးကို အရေးယူခဲ့ပါတယ်။

ဗိုလ်ခင်ညွန့်အပေါ် တချို့က ပြုပြင်ပြောင်းလဲရေးသမားလို့ မြင်ခဲ့ကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို 'ညီမလေးတစ်ဦးလို ခင်မင်ပါတယ်'လို့ စကားလုံးပစ်သွင်းပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လမ်းခင်းပေးခဲ့သလို ဒေါ်အောင်ဆန်းစုကြည်ကလည်း 'တပ်မတော်သားတွေဟာ ဖေဖေ့ရဲ့သားသမီးများဖြစ်တယ်' လို့အပြုသဘော တုန့်ပြန်ကြတဲ့အတွက် ပြည်သူလူထုအားလုံးက တခဲနက် ဝမ်းသာအားရကြိုဆိုခဲ့ကြပြီး နိုင်ငံတကာကတောင် အံ့သြနေရပါတယ်။ ဗိုလ်ခင်ညွန့်ဟာ အာဆီယံကို စည်းရုံးနိုင်ပြီး အီးယူကဲ့သို့ နိုင်ငံတကာရဲ့ ဖိအားပေးမှုကို အထိုက်အလျောက် လျော့ပါးအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ သို့သော်လည်း သေနတ်ပြောင်းဝမှာအာဏာရှိတာယ်ဆိုတဲ့ မော်စီတုန်းရဲ့ စကားအတိုင်း စစ်အာဏာရှင်နှစ်ဦးဟာ သေနတ်ပြောင်း 'ပြောင်းပြန်' လှည့်မှာစိုးရိမ်လွန်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်နေတဲ့ ဗိုလ်ခင်ညွန့်ကိုနှိပ်ကွပ်ခဲ့ပါတယ်။

ယနေ့ ထိပ်ပိုင်းအာဏာရှင်မှာ နဝတခေတ်က တက်လာသူနှစ်ဦးသာ ကျန်တော့လို့ 'ဘယ်သူခွဲခွဲ၊ ဒို့မခွဲ အမြဲစည်းရုံးမယ်' ဆောင်ပုဒ်အစား 'ဘယ်သူ့ဘယ်သူမှ တပ်ကိုမခွဲ၊ ဒို့အချင်းချင်းဘဲ ခွဲနေမယ်' ဆိုတာ သက်သေပြနေပါတယ်။ 'ဘေးပြောတာကို မယုံနဲ့၊ သွေးပြောတာကိုယုံ' ဆောင်ပုဒ်ဟာလည်း ပြောင်းပြန်ဖြစ်နေကာ ''ဘေးကမိန်းမတွေ ပြောတာကို ယုံပြီး၊ သွေးဖြစ်တဲ့ ရဲဘော်၊ရဲဘက်တွေက အချင်းချင်းသင့်မြတ်ရေး၊ ပြုပြင်ပြောင်းလဲရေး ပြောနေတာကိုတော့ မယုံဘူး'' ဖြစ်နေပါတယ်။ ဒ့ါအပြင် နအဖဟာ 'အမျိုးသားပြန်လည်သင့်မြတ်ရေး' အစား 'အမျိုးသားပြန်လည်သတ်ဖြတ်ရေး' ကို လုပ်ဆောင်နေပါတယ်။

ခြုံငုံသုံးသပ်ရရင် ဗိုလ်ခင်ညွန့်နဲ့ ထောက်လှမ်းရေးတပ်ဖွဲ့ ဟာ လုပ်ပိုင်ခွင့်အာဏာရှိပေမယ့် အင်အားကောင်းတဲ့ ကြည်းတပ်ရဲ့ မုန်းတီးပြီး ဖြိုခွဲခံခဲ့ရပါတယ်။ ဗိုလ်ကြီးအုံးကျော်မြင့်ကတော့ လုပ်ပိုင်ခွင့်အာဏာနဲ့ ကြည်းတပ်ရှိပေမယ့် အင်အားကောင်းတဲ့ ထောက်လှမ်းရေးတပ်ဖွဲ့ရဲ့ ဖြိုခွဲခြင်းခံရပါတယ်။ သို့သော် ဗိုလ်ကြီးအုံးကျော်မြင့်နဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့်တို့ဟာ

## တပ်မတော်အရာရှိတဦး၏ တင်ပြချက်

မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲဖို့နဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို အထိုက်အလျောက် တာဝန်ကျေစွာ လုပ်ခဲ့သူများဖြစ်တယ်လို့ဆိုနိုင်ပါတယ်။ 'တပ်မတော်ရဲ့သမိုင်းကြောင်းကို ကောင်းမွန်အောင် မျိုးဆက်သစ်တပ်မ–းတွေ လုပ်ဆောင်ဖို့ အမျိုးသားရေးတာဝန်' ကျန်ရှိနေပါသေးတယ်။ တပ်မတော်သားတွေကို ပြောကြားချင်တာက တပ်မတော်ရဲ့ဖခင် ဗိုလ်ချုပ်အောင်ဆန်းဟာ သူ့ရဲ့သမီး ဒေါ်အောင်ဆန်းစုကြည်ကို တပ်မတော်သားတွေရဲ့ သေနတ်ပြောင်းဝလှည့်လိမ့်မယ်လို့ မျှော်လင့်မိမှာ မဟုတ်ဘူး ဆိုတာကို သိစေချင်ပါတယ်။ မွေးစားဖခင် မဆလ၊ ပထွေး နဝတနဲ့ လင်ပါသား နအဖတို့ကို ကာကွယ်ပေးနေတဲ့ ပြည်သူမုန်းတဲ့ တပ်မတော်ဖြစ်နေတာကို တမလွန်ဘဝက ဗိုလ်ချုပ်သိသွားခဲ့ရင် မလွဲကေန် 'ရင်ထုမနာ' ဖြစ်နေမှာ အသေအချာဖြစ်ပါတယ်။ သားသုံးသားထဲမှာ သားကြီးဖြစ်တဲ့ စစ်သားတွေဟာ ညီအကို အချင်းချင်းဖြစ်တဲ့ သားလတ်ဘုရားသားနဲ့ သားထွေး ကျောင်းသားတို့ကို နအဖက ရန်တိုက်ပေးနေကြောင်း သဘောပေါက်ပြီး သားသုံးသားပူးပေါင်းကာ မိသားစု တွေ့ဆုံဆွေးနွေးရေး စားပွဲဝိုင်းသို့ရောက်အောင် ကြိုးပမ်းဆောင်ရွက်ရင်း အမိမြန်မာနိုင်ငံကို ကယ်တင်ကြရန် တိုက်တွန်းလိုပါတယ်။■

# အခန်းကြီး (၃)

## ဘုရားသား

## ဘုရားသားနဲ့ ဖြုတ်စိုရ်တရား

မြတ်စွာဘုရားရဲ့သားတော် ရဟန်းသံဃာတော်တွေဟာ ပြည်သူလူထုရဲ့ ဒုက္ခဆင်းရဲ ကျပ်တည်းရမှုနဲ့ နိုင်ငံထက်စီးနင်းလုပ်ခံရမှုတွေကို လက်ပိုက်ကြည့်မနေနိုင်ဘဲ နိုင်ငံရေးလှုပ်ရှားမှု တွေမှာ မလွှဲမရှောင်သာ ပါဝင်လာရပါတယ်။ ၁၉၆၅ ခုနှစ် မော်ဘီ သံဃာအစည်းအဝေးပြီး ကတည်းက မဆလပါတီ စစ်အာဏာရှင်နဲ့ ရဟန်းသံဃာတော်များဟာ အစေးမကပ်ဘဲ၊ ဘဝင် မကျ အဆင်မပြေမှုတွေ ရှိနေခဲ့ပါတယ်။ ၁၉၇၄ ခုနှစ် ဇွန်လ (၆) ရက်နေ့ အလုပ်သမားသပိတ်အရေး အခင်း ဖြစ်ပြီးနောက်မှာ ရဟန်းသံဃာတော်တွေရဲ့ ပါဝင်လှုပ်ရှားမှုဟာ အားယူစပြုနေပြီ ဖြစ် ပါတယ်။ ၁၉၇၄ ဒီဇင်ဘာလ (၅) ရက်နေ့မှာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး–းချုပ် ဦးသန့် ရဲ့ ဈာပနကိစ္စနဲ့ပတ်သက်ပြီး တက္ကသိုလ်ကျောင်းသားများက မကျေနပ်လို့ ဦးသန့် ရုပ်ကလာပ် ကို ကျိုက္ကဆံကွင်းမှ တက္ကသိုလ်ဝင်းသို့ ယူဆောင်သွားရာမှာ ဦးသန့်အရေးအခင်းကြီး ပေါ်ပေါက်လာ ပါတယ်။တက္ကသိုလ်ဝင်းအတွင်း နေ့စဉ် အစိုးရဆန့်ကျင်ရေးတရားပွဲများ ကျင်းပပြီး ပြည်သူ လူထု တက်ရောက်နားထောင်နေစဉ် လက်သီးလက်မောင်းတန်းပြီး ကြွရောက်လာကြတဲ့ ရဟန်းသံဃာတော်များအား ပြည်သူလူထုက လက်ခုပ်ဩဘာတီးကာ နှစ်ထောင်းအားရ ဖြစ် ကုန်ကြပါတယ်။ထိုအချိန်မှစပြီး စစ်အာဏာရှင်တွေဟာ အင်အား သုံးသိန်းကျော်ရှိတဲ့ ဘုရား သားတော် ရဟန်းသံဃာတော်တွေကို လျှော့တွက်လို့မရမှန်းသဘောပေါက်လာပါတယ်။

ဒါကြောင့် ၁၉၈၅ခုနှစ် စာအမှတ် (၃၃၀/၁/၈၅) နဲ့ နိုင်ငံတော်မဟာ သံဃနာယက အဖွဲ့ (မဟာန) ကို ဖွဲ့စည်းပြီး သာသနာတော် သန့်ရှင်းရေးခေါင်းစဉ်တပ်ကာ ကြပ်မတ်လာပါ တယ်။ ဒီထက်ပိုဆိုးတာက သံဃာတော်တွေကို သာသနာဝင်မှတ်တမ်း လုပ်ရမယ် လို့ ညွှန်ကြား လာခြင်း ဖြစ်ပါတယ်။ 'မဟာန' ဟာ မဆလ စစ်အာဏာရှင်တို့ အလိုကျအမိန့်အာဏာတွေ ကို ထုတ်ပြန်ပေးရခြင်း၊ သုဓမ္မာ၊ ရွှေကျင် စတဲ့ သံဃာအဖွဲ့အစည်းများအတွင်း ချုပ်ကိုင်ခြင်း၊ ၎င်းတို့ လိုလားတဲ့ သံဃာတော်တွေကို အခွင့်ထူးခံ မြှောက်စားခြင်း၊ ၎င်းတို့ကို ကန့်ကွက်မည့် သံဃာတော်များကို ဓမ္မစက်၊ အာဏာစက်တို့ သုံးကာ အရေးယူခြင်း၊ သာသနာဝင် မှတ်တမ်း အရ သံဃာတော်များရဲ့ လွတ်လပ်မှုကို ထိန်းချုပ်ခြင်း စသည်တို့ ပြုလုပ်လာကြရာ သံဃာ ထုအကြားမှာ ကျေနပ်မှုမရှိခြင်းများ ဖြစ်ပွားနေပါတယ်။ သံဃာတော်များရဲ့ ပါးစပ်ဖျားမှာ 'မဟာန' အဖွဲ့ဆိုတာ 'မဟာနဲ့' လို့ ပြောဆိုကြပြီး ပါတာကိုသာဖတ်ရတဲ့ 'ပါရာဖတ်' ဖြစ်နေပြီလို့လည်း ညည်းတွားနေကြပါတယ်။ဘုန်းကြီးအရေးကို ဘုန်းကြီးက ဖြေရှင်းမရတာ ဟာ စစ်အာဏာရှင်ရဲ့ ဘာသာရေးလွတ်လပ်ခွင့် ပြုတယ်ဆိုတဲ့ အချက်ကို အားနည်းစေပါ တယ်။ ဒါတွေကို သိမြင်နားလည်တဲ့ ရဟန်းသံဃာအများစုဟာ အဖိနှိပ်ခံ ပြည်သူများနည်းတူ

အာဏာရှင်လူတစ်စုကို လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ မြန်မာ့နိုင်ငံရေးမှာ စတင် လှုပ်ရှားလာပါတော့တယ်။

၁၉၈၆ခုနှစ်မှာ ရဟန်းပျို ဦးဂန္ဓသာရဟာ ပညာရာမိကမဟာ ကျောင်းတိုက် ဆရာတော် ဦးပညာဝံသ၊ ဗဟန်းညောင်တုန်းတိုက်အုပ် ဆရာတော်ဦးသူရိယ၊ ကျောက်ကုန်း မေဒိနီ ကျောင်းတိုက်ဆရာတော် ဦးအိန္ဒကတို့ထံမှာ 'ရဟန်းပျိုသမဂ္ဂ' ဖွဲ့စည်းရေးအတွက် လျှောက်ထားတင်ပြပြီး လိုအပ်တဲ့လမ်းညွှန်မှု ခံယူခဲ့ပါတယ်။ အဲဒီနောက် ဦးဂန္ဓသာရ၊ ဦးဣန္ဒက၊ ဦးဝိစိတ္တ၊ ဦးမင်္ဂလ၊ ဦးဇဝန၊ ဦးပဏ္ဍိတ အပါအဝင် ရဟန်းပျို (၉) ပါးဟာ ဦးဆောင် စည်းရုံးကာ လှုပ်ရှားဆောင်ရွက်ခဲ့ပါတယ်။ကျေးရွာ၊ ရပ်ကွက် ပဋ္ဌာန်းပွဲ၊ ရှင်ပြုပွဲ၊ တရားပွဲတွေမှာ မဆလ စစ်အာဏာရှင်စနစ် ချုပ်ချယ်ချက်နဲ့ ဗိုလ်နေဝင်းရဲ့ဖောက်ပြန်မှု၊ တာဝန်ကျေစပါး ခေါင်းစဉ်နဲ့ လယ်သမားများ မတရားခံရမှု၊ တစ်ပါတီစနစ်ဆိုးကြောင့် ပြည်သူအများ ကျန်းမာရေး၊ ပညာရေးချို့တဲ့ ဆင်းရဲကျပ်တည်းမှု၊ သာသနာတော်ကို ညှိုးနွမ်းအောင် ဆောင်ရွက်နေမှု တို့ကို ဆန့်ကျင်စည်းရုံး တရားဟောနိုင်ခဲ့ပါတယ်။

၁၉၈၈ခုနှစ် မတ်လမှာ ဖုန်းမော်အရေးအခင်းကြောင့် စက်မှုတက္ကသိုလ်ကျောင်းသားများ အုံကြွဆန္ဒပြနေချိန်မှာ ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေရှိ ကျောင်းသားများလည်း ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် ရဟန်းပျိုများက ပေါင်းကူးဆက်သွယ် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒ့ါအပြင် ရာပြည့်ကျောင်းတိုက်၊ မင်းဓမ္မကုန်းဝန်းကျင်နဲ့ ဘုန်းကြီးကျောင်းတွေမှာ ကျောင်းသားများ နားခိုရန်နဲ့ လုံခြုံရေးအကာအကွယ်ပေးရန် သံဃာတော်များက စီစဉ်ပေးနိုင်ခဲ့ပါတယ်။ တချို့ နေရာ လမ်းဆုံလမ်းခွတွေမှာ ရဟန်းသံဃာတော်များဟာ ထောက်လှမ်းရေးတာဝန် ထမ်း ဆောင်ပြီး စစ်ကြောင်းများနဲ့ စစ်ကားယာဉ်တန်း လှုပ်ရှားမှုတွေကို ကျောင်းသားများထံ သတင်းပေးနိုင်ခဲ့ပါတယ်။ ၁၉၈၈ခုနှစ် ဇွန်လ(၁၇)ရက်နေ့မှာ ရန်ကုန်တက္ကသိုလ် အပန်းဖြေ ရိပ်သာဝင်းအတွင်း ပြုလုပ်တဲ့ ကျောင်းသားထုဟောပြောပွဲတွေကို ဘုရားသားတော်တွေ ကြွရောက်ပူးပေါင်းလာကြပြီ ဖြစ်ပါတယ်။ အလားတူ ၁၉၈၈ ခုနှစ် ဩဂုတ်လ (၂) ရက်နေ့က ရွှေတိဂုံဘုရားမှာ ဘုရားသားသံဃာတော်များနဲ့ ကျောင်းသားတွေဟာ အတူတကွ စုဝေးကြပြီး မဆလ စစ်အာဏာရှင်ဆန့်ကျင်ရေးကို သပိတ်မှောက် တရားဟောပြောကြပါတော့တယ်။ ဩဂုတ်လ (၁၆) ရက်နေ့မှာတော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အပြင်ဘက်မှာ ပြည်သူ (၅၀၀၀) ကျော် စုဝေးရောက်ရှိနေပြီး စစ်တပ်က လူထုနဲ့ ဆေးရုံကို ပစ်ခတ်ခဲ့လို့ သေဆုံးသူများအတွက် ရဟန်းသံဃာတော်တွေက သရဏဂုံ တင်ပေးခဲ့ရပါတယ်။

စက်တင်ဘာလ(၄)ရက်နေ့မှာ တောင်ဥက္ကလာ (၄) ရပ်ကွက်မှာရှိတဲ့ ကြည်ကြည် ဘီစကွတ်စက်ရုံကို လူတစ်စု လာရောက်လုယက်နေကြောင်း ဖုံးဆက်သတင်းပို့လို့ ရဟန်း



**၈၈၈၈ အရေးတော်ပုံကြီးအတွင်း ဆန္ဒပြ သံဃာတော်များ**

သံဃာ (၉) ပါးနဲ့ ကျောင်းသား (၁၂) ဦး သွားရောက်ခဲ့ကြပါတယ်။ လုယက်သူတွေဟာ ရဟန်းသံဃာနဲ့ ကျောင်းသားတွေကို ဖမ်းဆီးပြီး စစ်မှုထမ်းဟောင်းရိပ်သာကို ခေါ်ဆောင်သွားခဲ့ပါတယ်။ အဲဒီအခါမှာ လူထုအင်အား ကြီးမားစွာ ထောင်ချီပြီး လိုက်လံဝိုင်းဝန်း တိုက်ခိုက်ခဲ့ကြပါတယ်။ ရဟန်းသံဃာနဲ့ ကျောင်းသားတွေဟာ ပြည်သူလူထုနဲ့ တသားတည်းဖြစ်နေပြီး ကြီးစွာသော ဦးဆောင်မှုကို ပေးနိုင်ခဲ့ပါတယ်။ ရဟန်းသံဃာတွေ စုပေါင်းပြီး ရဟန်းပျိုသမဂ္ဂ ဖွဲ့စည်းရေး ကြိုးပမ်းကြရာ ၁၉၈၈ ခုနှစ် ဩဂုတ်လ (၃၁) ရက်နေ့မှာ ရွှေတိဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်း ဓမ္မာရုံတွင် တတိယအကြိမ်မြောက် အစည်းအဝေးကို ကျင်းပနိုင်ခဲ့ပြီး တဆက်တည်းမှာ ‘ရန်ကုန်မြို့လုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂ’ ကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ အဲဒီသမဂ္ဂရဲ့ ဥက္ကဋ္ဌဟာ အင်းစိန်မြို့သစ်ကျောင်းက ဦးစန္ဒောဘာသ ဖြစ်ပြီး ဒုဥက္ကဋ္ဌဟာ ကြည့်မြင်တိုင်သာစုကျောင်းက ဦးပညာသီဟ ဖြစ်ပါတယ်။ အထွေထွေအတွင်းရေးမှူးကတော့ အင်းစိန်လေးကျွန်းစကြာကျောင်းက ဦးဂန္ဓသာရ ဖြစ်ပါတယ်။ ဗဟန်းပြဿဒ်ကျောင်းက ဦးဝိသုဒ္ဓအပါအဝင် ဆရာတော် သံဃာတော် (၂၅)ပါး အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

မန္တလေးမြို့မှာလည်း ‘ဂဠုန်နီ’ ရဟန်းပျိုအဖွဲ့ကို ဖွဲ့စည်းပြီး ၎င်းအဖွဲ့နဲ့ ရန်ကုန်မြို့လုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂအဖွဲ့တို့ ဆက်စပ်ညှိနှိုင်းကာ အထက်မြန်မာပြည်နဲ့ အောက်မြန်မာပြည်ကို ဧရိယာပိုင်း၍ ရဟန်းသံဃာတော်များ စည်းလုံးညီညွတ်မှုရရှိရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလဆန်းမှာ ပြည်သူလူထုတစ်ရပ်လုံးရဲ့

ဆူပူအုံကြွမှုကြောင့် မဆလရဲ့ အုပ်ချုပ်ရေးယန္တရား ရပ်ဆိုင်းလုနီးပါး ဖြစ်သွားခဲ့ပါတယ်။ အဲဒီအခါမှာ ရဟန်းသံဃာတော်တွေဟာ ရပ်ကွက်ကျေးရွာတွေမှာ ပြည်သူလူထုရဲ့ လုံခြုံရေး၊ ကင်းတာဝန် ချမှတ်ဆောင်ရွက်ရေး၊ တရားစီရင်ရေး၊ ဥပဒေ ထိန်းသိမ်းရေး၊ စည်းကမ်းရှိရေး၊ ဒုစရိုက်မှုများမဖြစ်ပွားရေး၊ ရိက္ခာ ရရှိရေး၊ စည်းရုံးရေး၊ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ရေး၊ ဆန္ဒပြရေး၊ တရားဟောပြောပွဲများ စီစဉ်ကျင်းပရေး စသည် တို့ကို စနစ်တကျ လမ်းညွှန်စီမံဆောင်ရွက်ခြင်း၊ မောင်တော် ယာဉ်နဲ့ လမ်းစည်းကမ်း ကြပ်မတ်ဆောင်ရွက်ပေးခြင်း စသည်တို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အသွင် တက်ကြွစွာ ဆောင်ရွက်တော်မူခဲ့ကြပါတယ်။

၁၉၈၈ခုနှစ်အရေးအခင်းမှာ ရန်ကုန်မြို့တော် အတွင်း အဓိက လှုပ်ရှားခဲ့တဲ့ ကျောင်းတိုက်တွေကတော့ သရက်တောကျောင်းတိုက်၊ ရန်ကင်းမေဒီနီ၊ တောင်ဥက္ကလာ ပါရမီ ငွေကြာယံကျောင်းတိုက်၊ သိမ်တော်ကြီး၊ အင်းစိန်ရွာမကျောင်းတိုက်နဲ့ ရွှေဘုန်းပွင့်ကျောင်းတိုက်များဖြစ်ကြပါတယ်။ ၁၉၈၈ စက်တင်ဘာလ (၆) ရက်နေ့က ရန်ကုန်အထွေထွေဆေးရုံကြီးမှာ 'အထွေထွေသပိတ်ကော်မတီ' ကို ဖွဲ့စည်းခဲ့ကြပါတယ်။ အဲဒီကော်မတီကြီးဟာ ရဟန်းသံဃာတော်တွေကိုကိုယ်စားပြုတဲ့ သံဃာအဖွဲ့အစည်းနဲ့ ကျောင်းသားများ၊ အလုပ်သမားများ၊ ရှေ့နေများ ၊ တက္ကသိုလ်ဆရာများစတဲ့ သမဂ္ဂပေါင်းစုံကို အခြေခံပြီး ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ အဲဒီ အထွေထွေသပိတ်ကော်မတီရဲ့ ဥက္ကဋ္ဌဟာ ရဟန်းပျိုသမဂ္ဂက 'ဦးပညိန္ဒ' ဖြစ်ပြီး အထွေထွေအတွင်းရေးမှူးမှာ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂမှ ကိုဇော်ထွန်း ဖြစ်ပါတယ်။ အလွှာအသီးသီးမှ အဖွဲ့ဝင်ပေါင်း (၁၁၉) ဦးနဲ့ ပါဝင်ဖွဲ့စည်းထားပါတယ်။ အရေးတော်ပုံကြီးကြပ်ရေး၊ နယ်များနဲ့ ဆက်စပ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင် သပိတ်မှောက်ရေးနဲ့ လမ်းမပေါ်ထွက်ပြီးဆန္ဒပြရေးစတဲ့ ဦးတည်ချက်တွေကို အထွေထွေသပိတ်ကော်မတီက အကောင်အထည်ဖော်ခဲ့ပါတယ်။ လူထုရဲ့ ဒီမိုကရေစီအုံကြွမှုအရှိန်အဟုန်ဟာ မြင့်သထက်မြင့်လာကာ မဆလစစ်အာဏာရှင်တွေကို ဖြုတ်ချနိုင်ခဲ့ပါတယ်။ ဒေါက်တာ မောင်မောင် ရဲ့ ရုပ်သေးအစိုးရဟာလည်း အကျပ်အတည်းနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။

၁၉၈၈ ခုနှစ် စက်တင်ဘာ (၁၇) ရက်နေ့မှာ ကုန်သွယ်ရေးဝန်ကြီးဌာနရုံးတွင် လုံခြုံရေးရယူထားတဲ့ စစ်သည်တစ်ဦးဟာ လူထုထဲက လက်လုပ်လက်စားတစ်ဦးရဲ့ လှောင်ပြောင်မှုကိုစိတ်မထိန်းနိုင်ဘဲ သေနတ်နဲ့ စတင်ပစ်ခတ်ခဲ့ရာ အုတ်နံရံကို ထိမှန်ပြီး ကလေးတစ်ဦးကို ပိတ်မှန်ခဲ့ပါတယ်။ အသွင်သဏ္ဍာန်၊ စရိုက်၊ သဘာဝ မတူညီကြတဲ့ သားသုံးသားဟာ ၁၉၈၈ အရေးအခင်းကာလကြီးရဲ့ အရေးပါတဲ့ အလှည့်အပြောင်းတစ်ခုမှာ အတူတကွ ယှဉ်တွဲ ဆင်းလာပုံကို ကုန်သွယ်ရေးအရေးအခင်းမှာ တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။

## သားသုံးသားနဲ့ လှုပတဲ့ပန်းချီကား



**၈၈၈၈ အရေးတော်ပုံကြီးအတွင်း ဆန္ဒပြ သံဃာတော်များ**

လူထုကြီးဟာ စစ်တပ်မှပစ်ခတ်ခဲ့မှုကြောင့် သေဆုံးခဲ့ရမှုအပေါ် နာကျည်းချက်ပြင်းထန်နေချိန်မှာ ကုန်သွယ်ရေးရုံးကို လုံခြုံရေးယူထားတဲ့တပ်ခွဲက ယခုလို စတင်ပစ်ခတ်ကြောင်း ကြားလိုက်တာနဲ့တပြိုင်နက် ကုန်သွယ်ရေးရုံးကို ချက်ချင်း ဝိုင်းဝန်းရောက်ရှိလာကြပါတယ်။ ဒီနောက် သေနတ်နဲ့ပစ်တဲ့ ရဲဘော်ကိုထုတ်ပေးဖို့ တောင်းဆိုကြပါတယ်။ အခြေအနေတင်းမာနေချိန်မှာ လူထုခေါင်းဆောင်အချို့နဲ့ ဗိုလ်ချုပ်ကြီးဟောင်းဦးတင်ဦးတို့ လာရောက်ပြီးဖြန်ဖြေရန် ကြိုးစားပေမယ့် လူထုက လက်မခံဘဲ ကုန်သွယ်ရေးဝန်ကြီးရုံးအတွင်း အတင်းဝင်ရောက်ရန် ကြိုးစားနေပါတယ်။ ဒီအချိန်မှာ လူထုကြီးကြားထဲကို ရဟန်းပျိုအဖွဲ့ ရောက်ရှိလာပြီး လမ်းဖယ်ပေးရန်အသံကြားသဖြင့် ဦးဂန္ထသာရအပါအဝင် ရဟန်းပျိုများကို ကုန်သွယ်ရေးရုံးသို့ဝင်ရန် လူထုကြီးက လမ်းရှင်းပေးလိုက်ကြပါတယ်။ ရဟန်းပျိုများထဲမှ ရဟန်းသံဃာတစ်ပါးဟာ ရုံးပေါ်ကိုတက်ရောက်ပြီး ခမရ (၆) တပ်ခွဲမှူးနဲ့ တွေ့ဆုံဆွေးနွေးနေပါတယ်။ ရဟန်းပျိုများဟာ လူထုကြီးရဲ့ ဒေါသနဲ့ ရုံးအတွင်းကို လုံးထွေးဝင်ရောက်နေမှုအား ထိန်းရန် မနိုင်မနင်းဖြစ်နေချိန်တွင် ကျောင်းသားများ ထပ်မံအားဖြည့်ရောက်ရှိလာမှ အဆင်ပြေကာ နည်းလမ်းရှာကြံကြပါတယ်။ လူထုကြီးဟာ ရုံးကိုပတ်ပြီး မီးရှို့ဖို့နဲ့ စစ်သားများကို သတ်ဖြတ်ဖို့တောင်းဆိုနေကြရာ အကယ်၍မီးရှို့လိုက်ပါက ခမရ (၆) တပ်ခွဲရဲ့ လက်နက်ခဲယမ်းမီးကျောက်များ ပေါက်ကွဲမှုအရှိန်အဟုန်ကြောင့် အလောင်းတွေ အပုံလိုက် သေဆုံးကုန်တော့မယ့်အရေး သမိုင်းအမဲစက်ကြီးဖြစ်ပေါ်ရန် အဆိုးဝါး အပြင်းထန်ဆုံးအချိန်ကို ရောက်ရှိနေပါတယ်။

ရဟန်းပျိုဦးဂန္ထသာရနဲ့ အဖွဲ့ဟာ ကျောင်းသားအဖွဲ့ကို သဘောထားမေးမြန်းဆွေးနွေးရာမှာ ကျောင်းသားများက တပည့်တော်တို့ လူသတ်ရန် စိတ်မကူးကြောင်း၊ မဆလစနစ်နဲ့ လက်အောက်ခံအမိန့်အရ လုပ်ရတဲ့ စစ်သားကို ခွဲခြားနားလည်ကြောင်း၊ တတ်နိုင်သမျှ ကယ်တင်ရန် ဆန္ဒရှိပါကြောင်း ပြောကြားခဲ့ပါတယ်။ဒီနေရာမှာ ကျောင်းသားတွေရဲ့ မြင့်မြတ်တဲ့ စိတ်ထားဟာ သမိုင်းမော်ကွန်းတင်လောက်ပြီး လူကို တိုက်နေတာမဟုတ်ဘဲ 'မူကိုသာ တိုက်နေကြောင်း' ပြသလိုက်ပါတယ်။ အဲဒီအခါမှာ ဦးဆောင်သံဃာက ခမရ(၆)တပ်ခွဲမှူးကို လက်နက်ခဲယမ်းများအား ယုံကြည်စွာ အပ်နှံဖို့နဲ့ အရပ်ဝတ် အမြန်လဲလှယ်ကြဖို့ ဆွေးနွေး

ပြောဆိုပါတယ်။ တပ်ခွဲမှူးကလည်း ရဟန်းသံဃာများ နဲ့ ကျောင်းသားတွေကို ယုံကြည်စွာ အားကိုး အားထားပြုကြောင်း၊ ပြည်သူလူထုကို မပစ်ရန် အမိန့်ပေးထားကြောင်း ပြန်လည်ဆွေးနွေး သဘောတူညီချက် ရရှိခဲ့ပါတယ်။ အဲဒီနောက် အချိန်ဆိုင်းနေရင် လူထုရဲ့ ဒေါသပေါက်ကွဲမှုကို မထိန်းနိုင်မှာ စိုးရိမ်လို့ စစ်သားတွေကို အရပ်ဝတ် အမြန်လဲလှယ်စေခဲ့ပါတယ်။ ဒါ့အပြင် စစ်သားတွေရဲ့ လက်မောင်းပေါ်မှာ ကျောင်းသားလက်ပတ်တွေကို ကျောင်းသားတွေက ဖြုတ်တပ်ပေးချိန်မှာတော့ စစ်သားတွေရဲ့မျက်လုံးတွေမှာ ဖော်မပြနိုင်တဲ့ ကြည်နူးမှုတွေကို တွေ့ရတယ်လို့ သိရှိခဲ့ရပါတယ်။

ကုန်သွယ်ရေးဝန်ကြီးရုံးရဲ့ လှေကားကဆင်းလာချိန်တွင် စစ်သားတစ်ဦးရဲ့ ဘယ်ဘက်မှာ ကျောင်းသား၊ ညာဘက်မှာ ဘုရားသား ညှပ်ပြီး သားသုံးသား ဆင်းလာပါတယ်။ အဲဒီမြင်ကွင်းဟာ အကြောင်းသိ၊ အတွင်းသိသူများအတွက် ယနေ့တိုင်၊ မမေ့နိုင်တဲ့ အံ့ဩဘွယ်ရာ လှပတဲ့ ပန်းချီကားတစ်ချပ်လို မြင်ယောင်နေပါတယ်။ ဘုရားသား ရဟန်းသံဃာတော်များရဲ့ အရှိန်အဝါ ကြီးမားမှု၊ ကျောင်းသားများရဲ့ မြင့်မြတ်တဲ့ မေတ္တာတရားလွှမ်းခြုံမှု အရိပ်အာဝါသ အောက်မှာ စစ်သားတွေဟာ ဒေါသဖြစ်နေတဲ့ လူထုကြီးကြားထဲက လွတ်မြောက်လာခဲ့ရပါတယ်။ ဒီဖြစ်ရပ်ဟာ သမိုင်းကြောင်းမှာ ဖျောက်ဖျက်လို့မရတဲ့ မှတ်ကျောက်တင် ဂုဏ်ယူစရာ အဖြစ် ကျန်ရစ်ခဲ့ပါတယ်။ နအဖ စစ်အာဏာရှင်တွေကို မေးချင်တာက ကုန်သွယ်ရေးရုံးမှာ ဘေးကျပ်နံကျပ်ဖြစ်နေတဲ့ စစ်သားတွေရဲ့ အသက်တွေကို ဘယ်လိုနည်းနဲ့ ကယ်တင်မလဲဆိုတာ နည်းလမ်းရှိရင် ပြောကြစမ်းစေချင်ပါတယ်။ တပ်ခွဲအနေနဲ့ လူထုကို ပစ်သတ်ပြီး ဖောက်ထွက်ရင်တော့ သွေးခင်းဇာတ်လမ်းနဲ့ သမိုင်းအမည်းစက် တင်မှာဖြစ်သလို စစ်သားတွေရဲ့ အသက်၊ လက်နက်ခဲယမ်းဆုံးရှုံးပြီး လူထုက စိတ်မထိန်းနိုင်ဘဲ မီးရှို့ခဲ့ရင် လည်း ပေါက်ကွဲမှုကြီး ကြောက်ခမန်းလိလိ မတွေးရဲစရာ အားလုံး သေကြေကြမှာ ဖြစ်ပါတယ်။ ကျောင်းသားနဲ့ ဘုရားသားတွေရဲ့ ကျေးဇူးကြီးမားမှုနဲ့ စစ်သားတွေရဲ့ အသက်ခန္ဓာကိုယ်အိုးစား ကွဲမှုမှ လက်မတင်လေး ကယ်တင်ခဲ့တာကို သတိရစေလိုပါတယ်။ သေဆုံးရမယ့် တစ်နေ့မှာ ရာထူးအာဏာများကို ယူဆောင်မသွားနိုင်ဘဲ မသေခင် တစ်နေ့ ပြည်သူလူထု ကောင်းကျိုးချမ်းသာကို မျှော်ကိုးပြီး သမိုင်းကြောင်းကောင်းအောင် ပြန်ပြင်ရေးဖို့ အချိန်ရောက်နေပါပြီလို့ ယနေ့ နအဖခေါင်းဆောင်များကို ပန်ကြားလိုပါတယ်။

ဒီကုန်သွယ်ရေးဇာတ်လမ်းဟာ မပြီးဆုံးသေးပါဘူး။ အိပ်ချင်ယောင်ဆောင်နေတဲ့သူကို နှိုးရခက်တယ်ဆိုတဲ့ ဆိုရိုးစကားအတိုင်း နအဖကို ဖနောင့်နဲ့ ပေါက်နှိုးပြီး ပြောလိုက်ချင်ပါတယ်။ သရက်တောကျောင်းတိုက်ကို ရောက်သွားတဲ့ ခမရ (၆) တပ်ခွဲက လက်နက်တွေကို စစ်တပ်က သွားရောက်ရှာဖွေတဲ့အခါ လက်နက် (၁၂)လက်၊ ၇ ဒသမ ၆၂ ကျည်ဆံတောင့် ၁၄၀၀၊

## တပ်မတော်အရာရှိတဦး၏ တင်ပြချက်

၂လက်မ မော်တာ ၃၅ တောင့်သာ သိမ်းဆည်းရမိခဲ့ပါတယ်။ အဲဒီအခါမှာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ရဟန်းပျို သမဂ္ဂအဖွဲ့ကို ကျည်ဆန်နဲ့ လက်နက်များ အကုန်အပ်နှံသင့်ပါကြောင်း တောင်းပန်လျှောက်ထားရာ ကျန်ရှိသောလက်နက်များကို ဗဟန်းရဲစခန်းသို့ ရဟန်းပျိုများက ဆက်လက်အပ်နှံခဲ့ပါတယ်။ ဒါ့ကြောင့် အကြမ်းမဖက်ဘဲ မေတ္တာတရားကြီးမားခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးသင့်ပါတယ်။ ဆက်လက်ပြီး ဘုရားသားတော်တွေကို စစ်အာဏာရှင်တွေက ဘယ်လိုစည်းရုံးလှုပ်ရှားကြတယ်၊ စည်းရုံးလို့မရတဲ့ ဘုရားသားတော်တွေ၊ ပတ္တနိက္ကုဇ္ဇန ကံဆောင်သပိတ်မှောက်ကြပုံကို ဆက်လက် တင်ပြသွားပါမယ်။

### ပထမအကြိမ် ပတ္တနိက္ကုဇ္ဇနကံဆောင်ပွဲ



ပတ္တနိက္ကုဇ္ဇနကံဆောင်နေကြသောသံဃာတော်များ

စစ်အာဏာရှင်တွေဟာ ရဟန်းသံဃာတွေ နိုင်ငံရေးမှာ ပါဝင်လှုပ်ရှားလာကြလို့ စိုးရိမ်ကြောင့်ကျပြီး သံဃာတော်တွေ အင်အားချိနဲ့သွားအောင် ဖွဲ့ထုတ်စည်းရုံးကြပုံတွေနဲ့ သီလ၊ သမာဓိအရာမှာ ပုထုဇဥ်များထက် ပိုမိုရင့်ကျက်တဲ့ သံဃာတော်တွေရဲ့ တုန့်ပြန်မှု စွမ်းအားကြီးမားပုံတွေကို ဆက်လက်တင်ပြသွားပါမယ်။

နဝတ စစ်အာဏာရှင်လက်ထက်မှာ ရန်ကုန်တိုင်း သံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နဲ့ သန်လျင်မင်းကျောင်းဆရာတော်တို့ကို စည်းရုံးပြီး ရန်ကုန်မြို့မှာရှိတဲ့ ရဟန်းသံဃာတော်တွေ၊ ကျောင်းသားတွေနဲ့ မပူးပေါင်းဖို့ ရဟန်းသံဃာတော်တွေ နိုင်ငံရေးလှုပ်ရှားမှုမှာ မပါဝင်၊ မပတ်သက်ဖို့တို့ကို ကြပ်မတ် ဆောင်ရွက်လာပါတယ်။ ဘုန်းကြီး နိုင်ငံရေးလုပ်တာကို

ဝိနည်းနဲ့ မညီသယောင် ဖိအားပေးလာပါတယ်။ နဝတဟာ ၎င်းအလိုကို အကြိုက်လိုက်တဲ့ ရဟန်းသံဃာတော်တွေကို ဘွဲ့ထူး၊ ဂုဏ်ထူးမျိုးစုံ အသစ်တီထွင် ဆက်ကပ် ချီးမြှင့်ခြင်းဖြင့် အလျှဒါယကာတိုးပွားစေပါတယ်။ ဆယ်လ်လူလာဖုန်း၊ ကြိုးဖုန်း၊ ပါဝါမီတာ၊ နောက်ဆုံးပေါ် ဆလွန်းကားစတဲ့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ပြီး စည်းရုံးကြပါတယ်။ ဘုန်းကြီးကျောင်းဆောက်လုပ်ခွင့် ဂရန်၊ ဘိလပ်မြေ၊ အုတ်ပါမစ် စသည်တို့ကို ပေးအပ်၍လည်း စည်းရုံးကြပါတယ်။ ဒ့ါအပြင် စစ်အာဏာရှင်တွေဟာ လုပ်ပိုင်ခွင့်အာဏာကို သုံးပြီး ဘုန်းကြီးကျောင်း ပညာသင်ကြားရေးနဲ့ လှည့်ကာ ဘုန်းကြီးတွေကို နိုင်ငံရေးလမ်းကြောင်းမှ ခွဲထုတ်လိုက်ပါတယ်။ ဘုန်းကြီးကျောင်း ပညာသင်ကြားရေးအတွက် ပရိဘောဂများ၊ ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းကြပါတယ်။ အမှန်တကယ် မြန်မာပြည်ရဲ့ ပညာရေးဟာ အဘက်ဘက်က နိမ့်ကျနေပြီး စစ်အာဏာရှင်တွေက ကူညီပံ့ပိုးမှု၊ အလေးပေး ဆောင်ရွက်မှုမရှိတာကိုသိတဲ့ ရဟန်းသံဃာတော်များဟာ စိတ်လက်မချမ်းမသာ ဖြစ်နေကြရပါတယ်။ စစ်အာဏာရှင်တွေဟာ ရဟန်းသံဃာတွေကို ဒီလို ဖဲ့ထုတ်စည်းရုံးခြင်းဖြင့် ‘‘သံဃာသင်းကွဲကံ’’ ကို ကျူးလွန်နေကြပါတယ်။

စစ်အာဏာရှင်တွေဟာ မိမိတို့ရဲ့ ရာထူးအာဏာတည်မြဲရေးအတွက် ရဟန်းသံဃာတော်တွေကို ခွဲခြားပြီး အခွင့်ထူးခံများ ပေး၍ စည်းရုံးရာ ရန်ကုန်တိုင်း သံဃ နာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးဆိုရင် လောကီလူမှုပြဿနာများ ဝင်ရောက်စွက်ဖက်တဲ့အထိ ဖြစ်လာခဲ့ပါတယ်။ အချို့လူတွေဟာ တရားရုံးမှာ အမှုဖြစ်ကြတဲ့အခါ အမှုနိုင်ဖို့ ဘုန်းကြီးမှတဆင့် တိုင်းမှူးထံ ဝင်ပြီး ချဉ်းကပ်ကြတာတွေ ဖြစ်လာပါတယ်။ တိုင်းမှူးက ရန်ကုန်မှာ ဘုန်းကြီးတွေ ဆူပူလှုပ်ရှားမှု မဖြစ်ပွားစေဖို့ ဆရာတော်ကြီးရဲ့ ဝင်ရောက်စွက်ဖက်မှုတွေ ရှေ့နေပမာ အကျိုးတော်ဆောင်မှုတွေကို လိုက်လျောပေးတာမျိုး တွေ့ရှိရပါတယ်။ ဘုန်းကြီးရဲ့အမှုသည်ဟာ ဥပဒေကြောင်းအရ မှားနေတာမျိုးလည်းရှိလို့ တရားရေးဆိုင်ရာ ဝန်ထမ်းတွေအနေနဲ့ ဦးနှောက်ခြောက်ရတာမျိုးလည်း တွေ့ရပါတယ်။ အဲဒီဆရာတော်ကြီးဟာ ရှေ့ပြေးဆိုင်ကယ် လမ်းရှင်းယာဉ်နဲ့ သွားလာတတ်လို့ ဘုန်းကြီးတိုင်းမှူးလို့ တိုးတိုးတိတ်တိတ် ပြောနေကြတာကိုလည်း ကြားသိရပါတယ်။ တဖက်မှာ စစ်အာဏာ ရှင်တွေဟာ ရဟန်းသံဃာတွေရဲ့ လွတ်လပ်ခွင့်ကို နည်းအမျိုးမျိုးနဲ့ ပိတ်ပင်ဟန့်တားခဲ့ပါတယ်။ နဝတခေတ် ၁၉၉၀ ခုနှစ် ဝန်းကျင်တွင် မင်္ဂလာဒုံ စော်ဘွားကြီးကုန်းအနီးရှိ ထန်းပင်ကုန်းဘုန်းကြီးကျောင်းမှာ ညစဉ် တရားဟော တရားပြနေစဉ် ရယကနှင့် လုံခြုံရေးအဖွဲ့များက ဧည့်စာရင်းဝင်စစ်ကာ နှောက်ယှက်ခြင်းပြုလုပ်ခဲ့ပါတယ်။ တရားပြနေတဲ့ ရဟန်းသံဃာက တရားဟောမယ့်အကြောင်း ကြိုတင်သတင်းပို့ထားပြီး ရယကအနေဖြင့် ဧည့်စာရင်းတိုင်ရမယ်လို့ မပြောခဲ့လို့ မတိုင်ခြင်းဖြစ်ကြောင်းနှင့် နောင်တွင် ဧည့်စာရင်းတိုင်မည် ဖြစ်ကြောင်း ဖြေရှင်းပြောဆိုခဲ့ပါတယ်။ တဖန် ဧည့်စာရင်းတိုင်ရာတွင်လည်း မှတ်ပုံတင် နံပါတ်မပါလို့ဆိုကာ ခွင့်မပြုဘဲ

အမျိုးမျိုး ပြဿနာရှာနေကြောင်း ကြားသိခဲ့ရပါတယ်။ အာဏာရှင်တွေရဲ့ ဘာသာရေး လွတ်လပ်ခွင့်ဆိုတာ ဒီလိုလုပ်တာလားဆိုပြီး မကျေမနပ် ဖြစ်ခဲ့ကြပါတယ်။

နဝတလက်ထက်မှာ ''ကျောင်း ဒကာ'' စီမံချက်ကိုရေးဆွဲပြီး ဘုန်းကြီးကျောင်း တိုင်းတွင် မှတ်ပုံတင်ပြုလုပ်ကာ သာသနာမှတ်တမ်း တိုက်ဆိုင်စစ်ဆေးခြင်း၊ ဘုန်းကြီးကျောင်း အဝင် အထွက်များကို စောင့်ကြည့်ခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း စသဖြင့် ရန်ကုန်မြို့မှာ ပိုက်စိပ်တိုက် ပြုလုပ်လာခဲ့ပါတယ်။ တပ်မတော်ကြည်း၊ ရေ၊ လေ မိသားစုများရဲ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွေကို ဘုန်းကြီးကျောင်းတွေမှာ ခမ်းခမ်းနားနား ပြုလုပ်ပြပြီး လှူဒါန်းရခြင်း အကြောင်းရင်းကို လျှောက် ထားကာ ရဟန်းသံဃာတော်များ စိတ်ပြောင်းသွားအောင်၊ သံဃာတော် အချင်းချင်း မသင့်မတင့် ဖြစ်အောင် စည်းရုံးလျှောက်ထားခဲ့ပါတယ်။

ရန်ကုန်မြို့မှာရှိတဲ့ ရဟန်းသံဃာတော်တွေကို အဲဒီလို စည်းရုံးထိန်းချုပ်ထားချိန်မှာ မန္တလေးမြို့က ရဟန်းသံဃာတွေဟာ ရှစ်လေးလုံးအထိမ်းအမှတ်အဖြစ် ၁၉၉၀ ခုနှစ် ဩဂုတ်လ (၈) ရက်နေ့မှာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခဲ့ကြပါတယ်။ အဲဒီအချိန်က အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည်မှ မပြုလုပ်ဖို့နဲ့ ပြုလုပ်ရင်အရေးယူမယ်လို့ ခြိမ်းခြောက်ခဲ့ပါတယ်။ ဒါပေမယ့် ၁၉၉၀ ဩဂုတ်လ (၈) ရက်နေ့ နံနက် (၆) နာရီမှာတော့ ဦးကဝိန္ဒာ ဦးစီးတဲ့ ငြိမ်းချမ်းရေးစစ်ကြောင်းနဲ့ ဦးရေဝတ ဦးစီးတဲ့ အိမ်တော်ရာစစ်ကြောင်းတို့မှ သံဃာအပါး ငါးထောင်မှ ခုနစ်ထောင်အထိ မန္တလေး (၈၄) လမ်းမကြီးတလျှောက် ဆွမ်းခံထွက်လာသည်ကို အံ့မခန်း မြင်တွေ့ရပါတယ်။ ၃၂လမ်းနဲ့ ၃၃ လမ်းကြား လူထုဒေါ်အမာ အိမ်နားအရောက်မှာ အသင့် ရောက်ရှိနေတဲ့ စစ်သားနဲ့ပုလိပ်တွေက လူစုခွဲဖို့ အမိန့်ပေးပါတယ်။ ရဟန်းသံဃာတော်တွေက ငြင်းဆန်နေလို့ စစ်သားနဲ့ ပုလိပ်တွေဟာ နံပါတ်တုတ်တွေနဲ့ တရကြမ်း ဝင်ရောက်ရိုက်နှက် ကြပါတော့တယ်။ ဆွမ်းခံသပိတ်တွေဟာ အလဲလဲအပြိုပြို ဖြစ်ကုန်ကြပါတယ်။ သံဃာတော် (၂)ပါး ပျံလွန်တော်မူပြီး သံဃာ (၁၇) ပါး အပါအဝင် ပြည်သူအများအပြား ဒဏ်ရာရရှိကြပါတယ်။ဒီဖြစ်စဉ်ကို မူတည်ပြီး နဝတကို ပတ္တနိက္ကုဇ္ဇနကံဆောင် သပိတ်မှောက်ရန် သံဃသမဂ္ဂီ၊ ရဟန်းပျို သမဂ္ဂ၊ ကျောင်းထိုင်ဘုန်းကြီးများသမဂ္ဂတို့ဟာ တညီတညွတ်တည်း ပူးပေါင်းဆုံးဖြတ်ကာ သံဃာ အင်အား နှစ်သောင်း ပါဝင်ခြင်းဖြင့် သပိတ်မှောက်ကံဆောင်ခြင်း ဆင်နွှဲခဲ့ကြပါတယ်။

## သပိတ်ကံအကျိုးဆက်

ရဟန်းသံဃာတော်များရဲ့ ပတ္တနိက္ကုဇ္ဇနကံ သပိတ်မှောက်ခြင်းဆိုရာမှာ ဝိနယ ပါဠိတော် (၄) စာမျက်နှာ (၂၆၂) တွင် ၎င်းသပိတ်ကံဆောင် နိုင်သော အချက် (၈)ချက်ရှိရာ သံဃာတော်များကို လှူဒါန်းမည့် လှူဘွယ်ဝတ္ထုပစ္စည်းများကို ပိတ်ပင်တားဆီးခြင်း၊ လာဘ် မရအောင်

ပြုလုပ်ခြင်း စသည်တို့ကို နဝတက ထင်ရှားစွာပြုလုပ်ခဲ့သဖြင့် ယခုကဲ့သို့ ကံဆောင်ရခြင်းဖြစ်ပါတယ်။ ပတ္တနိက္ကုဇ္ဇနကံအရ နဝတနဲ့နွယ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အလှူကို လက်ခံရယူရန် ငြင်းပယ်ခြင်း၊ နဝတရဲ့ မော်တော်ယာဉ် မှန်သမျှ ကျောင်းဝင်းအတွင်း အဝင်မခံတော့ခြင်း၊ ဝန်ထမ်းများ မဝင်ရဟု ဆိုင်းဘုတ်များ ချိတ်ဆွဲထားခြင်း၊ မလွှဲမရှောင်သာ အလှူခံရလျှင် ပန့်သကူစွန့်ကြဲခြင်း စတာတွေကို ရဟန်းသံဃာများ ဆောင်ရွက်လာကြရာ နဝတအတွင်း တုန်လှုပ်ခြောက်ခြားခဲ့ပါတယ်။ ရဟန်းသံဃာတွေကို ဆွမ်းကပ်လှူဒါန်းပွဲတွေမှာ ပင့်ဖိတ်လို့မရတဲ့ ပြဿနာတွေကြောင့် တပ်အတွင်း မကြေလည်မှုတွေလည်း ဖြစ်ပေါ်လာပါတယ်။

ရန်ကုန်မှ (မဟန) ဆရာတော်ကြီးတစ်ပါးမှ ညှိနှိုင်းခဲ့ရာ သပိတ်ကံဆောင်သံဃာတော်များအနေဖြင့် (၈–၈–၉၀) ရက်နေ့ ပစ်ခတ်မှုနဲ့ ပတ်သက်ပြီး ရေဒီယိုမြန်မာ့ရုပ်မြင်သံကြားတို့မှ နဝတက တရားဝင် ဝန်ချတောင်းပန်ရင် သပိတ်လှန်မယ်ဟု အကြောင်းပြန်ကြားခဲ့ပါတယ်။ နဝတက  တိုင်းမှူးအဆင့်သာ ဝန်ချတောင်းပန်မည်ဖြစ်ကြောင်း ပြန်လည်လျှောက်ထားရာ သံဃာတော်များလက်မခံဘဲ ဆက်လက် သပိတ်မှောက်ခဲ့ပါတယ်။ နဝတဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်က (မဟန) ဆရာတော်ကြီးများကို တပည့်တော် ဓမ္မစက်နဲ့ မရရင် အာဏာစက်နဲ့ သုံးပါမယ်လို့ လျှောက်ထားခဲ့ပါတယ်။ နဝတက (၃) ရက် အတွင်း သပိတ်လှန်ရန် ရာဇသံပေးခဲ့ပေမယ့် သံဃာတော်တွေက လက်မခံဘဲ ဆက်လက်သပိတ်မှောက်ရာ ဒီဇင်ဘာ (၈) ရက်နေ့မှာ စစ်တပ်မှ ကျောင်းတိုက်များအတွင်း တရကြမ်း ဝင်ရောက်ပြီး သံဃာတော်အပါး (၉၀)ကျော်ကို ဖမ်းဆီးခဲ့ပါတယ်။ လူဝတ်အတင်းအကျပ်လဲစေပြီး ထောင်သွင်းအကျဉ်းချခဲ့ပါတယ်။ ဖမ်းဆီးထောင်ချခဲ့တဲ့ ဆရာတော်များမှာ ဆရာတော် ဦးရေဝတ ဦးစီးတဲ့ သံဃသမဂ္ဂနဲ့ ရဟန်းပျို သမဂ္ဂတို့မှ ကိုးပါး၊ ဂန္ဓာရုံ တိုက်အုပ်ဆရာတော်၊ ရွှေဘုန်းပွင့်ဆရာတော်၊ သာကေတ မဟာဗောဓိဆရာတော်၊ ရန်ကင်းကျောက်ကုန်း မေဒိနီဆရာတော်၊ အင်းစိန်ရွာမဆရာတော်နှင့် သိမ်တော်ကြီးဆရာတော် မဂ္ဂင်ဆရာတော်၊ ဂဠုန်နီ သံဃာအဖွဲ့ဥက္ကဋ္ဌ ဦးကာပိယ၊ ဆရာတော် ဦးစန္ဒိမာ၊ တိပိဋကရေဆရာတော် ဒေါက်တာဦးသုမင်္ဂလာ စသည်တို့ကို ရက်စက်စွာ ထောင်ချခဲ့ပါတယ်။ မိမိတို့ရဲ့ ရာထူး၊ အာဏာတည်မြဲရေးအတွက် ဘုရားသားတော်တွေကို မတရား ထောင်ချခဲ့လို့ နိမိတ်ဆိုးအနေနဲ့ မြန်မာပြည် တန်ခိုးကြီးဘုရားများရဲ့ မျက်နှာတော်မှာ ချွေးစေး များကျခြင်း မြင်တွေ့ခဲ့ရပါတယ်။ ဗိုလ်ချုပ်စောမောင်ဟာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖြစ်ခဲ့ကြောင်းကို စစ်သမိုင်းပြတိုက်နှင့် အခြားမှတ်တမ်းများ၌ လုံးဝဖော်ပြခွင့် ဓါတ်ပုံချိတ်ဆွဲခွင့် မပြုခဲ့လောက်အောင် သပိတ်ကံကြောင့် ထိခိုက်ခဲ့ရပါတယ်။ နဝတ အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး စောမောင်လည်း စိတ်ဂယောင်ချောက်ခြားဖြစ်ပြီး ဘုရားသားတော်တွေရဲ့ ဘုန်းတန်ခိုး အာနုဘော်ကြောင့် တိုးတိုးတိတ်တိတ် အာဏာသိမ်းယူခံရကာ သိမ်ငယ်စွာ သေဆုံးခဲ့ရပါတယ်။

စစ်အာဏာရှူးတွေကြောင့် အာဇာနည်သံဃာများ ပေးဆပ်ခဲ့ရတဲ့ သမိုင်းကြောင်းဖြစ်ရပ်မှန်တွေဟာ မမေ့ပျောက်နိုင်တဲ့ အရိပ်ဆိုးကြီး ဖြစ်ခဲ့ရပါတယ်။

## မဟာမြတ်မုနိဘုရားကြီးအရေးအခင်း



မန္တလေးမဟာမြတ်မုနိဘုရားကြီး

၁၉၉၆ ခုနှစ်မှာ ဘုရားသားရဟန်းသံဃာတော်များဟာ မဟာမြတ်မုနိဘုရားကြီး ဖိုက်ဖောက်ခံရမှုနဲ့ ပတ်သက်ပြီး နဝတ စစ်အာဏာရှင် အပေါ် ဆက်လက်တိုက်ပွဲဝင်ခဲ့ကြပါတယ်။ ၁၉၉၆ ခု မတ်လ (၁၆) ရက်နေ့မှာ ဘုရားကြီးရင်ပြင်ပေါ်တွင် သံဃာအပါး (၇၀၀၀) တက်ရောက်ပြီး ရေကြည်ဆရာတော်ထံ ဖြေရှင်းချက်လျှောက်ထားကြပါတယ်။ ရေကြည်ဆရာတော်က ''မီးခတုန်း'' ပေါက်သွားတာဖြစ်နိုင်တယ်လို့ယူဆကြောင်း၊ ဒါယကာကြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အဲဒီအက်ကွဲကြောင်းကို သရိုးသိပ်၊ ရွှေသက်န်းကပ်ဖို့ပြောခဲ့လို့ တိုင်းမှူးကိုယ်တိုင်ဦးစီးပြီး လုပ်ကိုင်ဆောင်ရွက်ခဲ့ရကြောင်း ဖြေရှင်းရာပါတယ်။ သို့သော် တပေါင်းလဆန်း (၄) ရက်နေ့က သံဃာတော်တစ်ပါးဟာ ဘုရားကြီးရဲ့ဝမ်းဗိုက်မှာ အင်္ဂတေနဲ့ အုပ်ထားတဲ့ ဘီလပ်မြေအရာတွေ့ရကြောင်း ပြန်လည်ချေပပြောဆိုရာမှ သံဃာထုလည်း မယုံသင်္ကာ ဖြစ်ခဲ့ကြပါတယ်။ ရဟန်းသံဃာထုဟာ ရေကြည်ဆရာတော်ကို သရိုးကွဲအက်တာ၊ ဘယ်နေ့လောက်ကလဲလို့ မေးမြန်းရာ သဘာဝမကျစွာ (၉) နှစ်ရှိပြီလို့ပြန်ဖြေပါတယ်။ ဘယ်နေ့မှာ သရိုးခွာပြီး ရွှေသင်္ကန်းကပ်တာပါလဲလို့ မေးမြန်းပြန်ရာ ရေကြည်ဆရာတော်ဟာ နှုတ်ဆိတ်နေပြန်လို့ သံဃာတော်များ ဒေါသပေါက်ကွဲခဲ့ပါတယ်။ အဲဒီနောက် အခြေအနေတင်းမာလာလို့ အစည်း

အဝေးကိုမတ်လ (၂၃) ရက်နေ့ ကို ထပ်မံချိန်းဆိုဖို့ ညှိနှိုင်းခဲ့ကြပါတယ်။ ထိုစဉ် လူနှစ်ဦး ဝင်လာပြီး ကုလားများက အကြွေးတောင်းမရလို့ မြန်မာမိန်းကလေးကို အနိုင်ကျင့်ရန်ကြံစည်မှုနဲ့ ကိုရင်တစ်ပါးကိုလည်း ရိုက်နှက်ဖမ်းဆီးနေကြောင်း သံသယဖြစ်ဖွယ် သွေးထိုးလှုံ့ဆော်ခဲ့ပါတယ်။ စစ်အာဏာရှင်တွေဟာ ကုလား – မြန်မာ အဓိကရုဏ်းကိုဖန်တီးပြီး အာရုံပြောင်းခဲ့ခြင်းဖြစ်ပါတယ်။ သို့သော်လည်း ဘုရားကြီး ဗိုက်ဖောက်ခံရမှုနဲ့စပ်လျဉ်းပြီး ကျောင်းတိုက်အသီးသီးက အုန်းမောင်းခေါက်ကာ ဆန္ဒပြခဲ့ကြသည်အထိ ဆိုးရွားခဲ့ပါတယ်။ (၁၉၉၇) ခု ဖေဖော်ဝါရီလ (၂၂) ရက်နေ့မှာ မန္တလေးတိုင်း (မဟန) အဖွဲ့နှင့် သာသနာရေးဝန်ကြီး တွေ့ဆုံဆွေးနွေးပြီး ကျောင်းတိုက်တစ်ခုမှပြန်ထွက်လာရာ ဝန်ကြီးကားကို ခဲပေါက်ခံရကာ အုန်းမောင်းခေါက်ကြသည်အထိ ဆန္ဒပြခဲ့ကြပါတယ်။

စစ်အာဏာရှင်တွေဟာ ဘုန်းကြီးကျောင်းတွေမှာ ''နိုင်ငံရေးမဆွေးနွေးရ'' စာတန်းကို အတင်းအကြပ် ချိတ်ဆွဲခိုင်းခြင်း၊ (၁၉၉၀) ခု နဝတ အမိန့်အမှတ် (၆/၇/၂၀) များကို ထုတ်ပြန်ပြီး အမိန့်မရဘဲ ရှင်ပြု၊ ရဟန်းခံ မပြုလုပ်ရန်တားမြစ်ခြင်း၊ မယုံသင်္ကာလျှင် ဖမ်းဆီးခြင်းတို့ကို ပြင်းပြင်းထန်ထန် လုပ်လာပါတယ်။ ၁၉၉၈ ခု ဇန်နဝါရီလ (၈) ရက်နေ့မှာတော့ အိမ်တော်ရာမှာ ကျင်းပပြုလုပ်တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့အစည်းအဝေးကို မန္တလေး မစိုးရိမ် ဦးစီးနာယက ဆရာတော်ကြီး ''ဘဒ္ဒန္တ ကောဝိဒါဘိဝံသ'' ကိုယ်တော်တိုင် ဦးစီးပြီး ဆရာတော်ကြီးငါးပါး ကြွရောက်တော်မူကာ အဖမ်းဆီးခံ သံဃာတော်များလွတ်မြောက်ရေး၊ သံဃာတော်များ ညီညွတ်ရေး၊ (မဟန) အတွင်း ဝင်ရောက် ပူးပေါင်းခြင်း၊ ရွေးချယ်ခံခြင်းမပြုရေး၊ နဝတရဲ့ ဘွဲ့တံဆိပ်တော်များ လက်ခံခြင်းမပြုရေး စတာတွေကို ဆွေးနွေးတော်မူခဲ့ကြပါတယ်။ အဲဒီ အစည်းအဝေးကြီးကို အံ့သြဘွယ်ကောင်းလောက်အောင် နဝတဟာ နှောင့်ယှက်ခြင်း၊ ဝင်ရောက်ဟန့်တားခြင်း မပြုရဲလောက်အောင် ဘုရားသားတော်တွေ အောင်မြင်မှု ရရှိခဲ့ကြပါတယ်။

## ဒုတိယအကြိမ် ပတ္တနိက္ကုဇ္ဇန သပိတ်ကံဆောင်ပွဲ

ယနေ့ (၂၀၀၇) ခုနှစ် စက်တင်ဘာလမှာတော့ တကမ္ဘာလုံးက အံ့သြချီးမွမ်းမဆုံးဖြစ်ရလောက်အောင် ဘုရားသား ရဟန်းသံဃာတော်တွေဟာ မြန်မာ့နိုင်ငံရေး အလှည့်အပြောင်းအတွက် ကြိုးပမ်းစွမ်းဆောင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ရဟန်းသံဃာတော်တွေဟာ လောင်စာဆီဈေးနှုန်း မြင့်တက်မှုကြောင့် ပြည်သူလူထု စားဝတ်နေရေးကြပ်တည်းမှုကို မခံမရပ်နိုင်တော့ဘဲ တည်ငြိမ်အေးချမ်းစွာ မေတ္တာသုတ် ရွတ်ဖတ် သရဇ္ဈာယ်ပြီး လမ်းမတွေပေါ်မှာ ရွှေဝါရောင် တော်လှန်ရေးကြီး ဆင်နွှဲခဲ့ပုံဟာ မြင်ရ ကြားရသူတွေအတွက် မျက်ရည်ဖြိုင်ဖြိုင်

ကျခဲ့ရပါတယ်။ ၁၉၈၈ အရေးအခင်းနဲ့ မတူတာကတော့ မီဒီယာခေတ်မှာ အင်တာနက် ပြိုပြက်တု ဆက်သွယ်ရေးတွေကတဆင့် ဘုရားသားတော်တွေရဲ့ ရွှေဝါရောင်တော်လှန်ရေးကြီး ဟာ တကမ္ဘာလုံးကို ချက်ခြင်း ပျံ့နှံ့ခဲ့ပြီဖြစ်ပါတယ်။

(၂၀၀၇) ခုနှစ် စက်တင်ဘာလ (၅) ရက်နေ့က ပထမဦးဆုံး ပခုက္ကူမြို့မှာ မေတ္တာသုတ် ရွတ်ဖတ်သရဇ္ဈာယ်ပြီး လမ်းမတလျှောက် ကြွချီလာတဲ့ ရဟန်းသံဃာတော်တွေကို နအဖရဲ့ လက်ကိုင်တုတ် ကြံ့ဖွံ့နဲ့ စွမ်းအားရှင်အဖွဲ့တွေက ကြိုးကွင်းနဲ့ပစ်ဖမ်း၊ ခေတ်တိုင်မှာ ချည်တုတ်တဲ့အထိ အကြမ်းဖက် နှောင့်ယှက်ဖြိုခွင်းခဲ့ကြပါတယ်။ ပခုက္ကူမြို့နယ် ကြံ့ဖွံ့ အတွင်း ရေးမှူးဟာ ဘုရားသားတော်တွေရဲ့ အရှိန်အဝါကို ကြောက်လန့်တဲ့အတွက် ကြံ့ဖွံ့တာဝန်ခံ ဗိုလ်ချုပ် တစ်ဦးရဲ့ အရှိန်အဝါကိုသုံးကာ ပခုက္ကူအရေးအခင်းကိုဖြေရှင်းဖို့ တပ်မ (၁၀၁) ကို သွားရောက် အကူအညီ တောင်းခံခဲ့ရတယ်လို့ သိရှိရပါတယ်။ ဆန္ဒပြမှုကို ကြံ့ဖွံ့က ချေမှုန်းချိန်မှာ စစ်တပ်က သေနတ်ထောင်ဖောက်ပေးဖို့နဲ့ အနောက်က ရံပေးဖို့ ခိုင်းစေခဲ့တဲ့အတွက် သံဃာတော်တွေနဲ့ လူထုဟာ လူစုကွဲသွားခဲ့ပေမယ့် စစ်တပ်ဟာ အသုံးချခံဘဝကို ရောက်ရှိသွားပါတယ်။ ပခုက္ကူ ကိစ္စကို တချို့ (ကကကြည်း) ထိပ်ပိုင်းက မသိလိုက်ရလို့ ကြံ့ဖွံ့ကို ကြီးကြပ်တဲ့ စစ်တပ်က ဗိုလ်ချုပ်နဲ့ စစ်ရုံးက ဗိုလ်ချုပ်တွေ စကားများခဲ့ကြတယ်လို့ သိရှိရပါတယ်။




**စက်တင်ဘာရွှေဝါရောင်အရေးတော်ပုံကြီးတွင် ပတ္တနိက္ကုဇ္ဇနကံဆောင်နေကြသည့် သံဃာတော်များ**

အဲဒီပခုက္ကူဖြစ်စဉ်နဲ့စပ်လျဉ်းပြီး ရဟန်းသံဃာတော်တွေက တောင်းဆိုချက် (၄) ချက်ကို စက်တင်ဘာလ(၁၂)ရက်နေ့မှာ နအဖထံ ပေးပို့ခဲ့ပါတယ်။ ပခုက္ကူဖြစ်စဉ်နဲ့ ပတ်သက်ပြီး နအဖက ဝန်ချတောင်းပန်ရန် လောင်စာဆီဈေးနှုန်းကို ပြန်လည်လျှော့ချရန်၊ တွေ့ဆုံဆွေးနွေးရေးကို ဆောင်ရွက်ရန်နဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများ အားလုံးကို လွှတ်ပေးရန်တို့ ဖြစ်ကြပါတယ်။ နအဖက လိုက်လျောခြင်းမပြုတာကြောင့် ရဟန်းသံဃာတော်တွေဟာ စက်တင်ဘာလ (၁၈) ရက်နေ့မှာ ဒုတိယအကြိမ် ပတ္တနိက္ကုဇ္ဇနကံဆောင် သပိတ်မှောက်ပါတော့တယ်။ မြန်မာနိုင်ငံအနှံ့အပြားမှာ ရဟန်း သံဃာတော်တွေဦးဆောင်ပြီး ပြည်သူလူထု မြောက်မြားစွာ ပူးပေါင်း၍ ငြိမ်းချမ်းစွာ ချီတက်လမ်းလျှောက် ဆန္ဒပြခဲ့ကြပါတယ်။ စက်တင်ဘာလ (၂၄) ရက်နေ့မှာ တစ်နိုင်ငံလုံး အထွေထွေသပိတ်ကြီးကို စတင်ဆင်နွှဲလိုက်ပါတယ်။ စစ်အာဏာရှင်တွေဟာ ဘုရားသားတော်နဲ့ ပြည်သူတွေကို အကြမ်းဖက် နှိမ်နင်းခဲ့ပါတယ်။ လူထုကို လူထုနဲ့ ထိန်းကွပ်တဲ့နည်းနဲ့ ရှေးဦးစွာ ကြံ့ဖွံ့နဲ့ စွမ်းအားရှင်တွေကို အသုံးပြု နှိမ်နင်းခဲ့ပေမယ့် အောင်မြင်မှုမရရှိဘဲ နောက်ဆုံးမှာ လက်နက်အားကိုး ပစ်ခတ်နှိမ်နင်းခဲ့ပါတယ်။ ကျောင်းသားငယ်တွေ၊ ပြည်သူတွေ၊ ရဟန်းသံဃာတွေ ကျဆုံးခဲ့ရတဲ့အပြင် ဂျပန်နိုင်ငံက သတင်းထောက်တစ်ဦးလည်း ကျဆုံးခဲ့ရာ နအဖဟာ ကမ္ဘာ့အလယ်မှာ လူသတ်ကောင်အဖြစ် ဘွားဘွားကြီး ပေါ်ထွက်ခဲ့ပါတယ်။ နိုင်ငံရေးအကြပ်အတည်း အထွင့်အထိပ် ရောက်နေတဲ့ နအဖဟာ နိုင်ငံတကာဖိအားပေးမှုနဲ့ ပြည်သူလူထုအုံကြွမှုကို လမ်းကြောင်းပြောင်းဖို့ ကြိုးစားပြန်ပါတယ်။ အဲဒါကတော့ ဆက်ဆံရေးဝန်ကြီးဆိုပြီးထားရှိကာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဟန်ပြဆွေးနွေးသယောင် ဆောင်ရွက်ခြင်းဘဲဖြစ်ပါတယ်။ စစ်အာဏာရှင်တွေဟာ သူတို့ကြောက်ရွံ့တဲ့ ကျောင်းသားတွေနဲ့ ဘုရားသားတွေကို တရကြမ်း ဖမ်းဆီးထောင်ချကာ ဘုန်းကြီးကျောင်းများအား အကြမ်းဖက် ဝင်ရောက်ဖြိုခွင်း နှိမ်နင်းခဲ့ပါတယ်။ စစ်ဆင်ရေးသဖွယ် ညဥ့်နက်သန်းခေါင်အချိန်မှာ ဘုန်းကြီးကျောင်းများကို တိတ်တဆိတ်ဝင်ရောက်ပြီး ဘုရားသားတော်များကို ရိုက်နှက်ဖမ်းဆီးခေါ်ဆောင်ခဲ့ပါတယ်။ သံဃာ့ဥသျှောင်အဖွဲ့ကို အမေရိကန် နိုင်ငံ ဝါရှင်တန်မြို့တွင် ဖွဲ့စည်းခဲ့သည်။ ဥက္ကဋ္ဌအဖြစ် စင်္ကာပူနိုင်ငံမှ ဦးပညာဝံသဖြစ်ပြီး ဒုတိယ ဥက္ကဋ္ဌအဖြစ် အမေရိကန်နိုင်ငံမှ မစိုးရိမ်ဆရာတော်ကြီး ဘဒ္ဒန္တ ကောဝိဒါဘိဝံသဖြစ်ကာ ရဟန်းပျို သမဂ္ဂ ဥက္ကဋ္ဌ ဆရာတော် ဦးခေမာစာရ အပါအဝင် အတွင်းရေးမှူး (၂)ပါးဖြင့် ပါဝင်ဖွဲ့စည်း ခဲ့ပါသည်။ ရွှေဝါရောင်တော်လှန်ရေးလှုပ်ရှားမှုတွင် ဆရာတော် ဦးဂမ္ဘီရဦးစီးပြီး သံဃာ့တပ်ပေါင်းစု ဖွဲ့စည်းကာ လှုပ်ရှားခဲ့ပါတယ်။ နအဖရဲ့ နိုင်ငံတော်ကာကွယ်ရေး မဟာဗျူဟာတွေကို ဆက်လက်ဖတ်ရှုလေ့လာပြီး တော်လှန်ရေးသတိနဲ့ မြန်မာပြည်သူလူထုအားလုံး ပြည်တွင်း၊ ပြည်ပ ဟန်ချက်ညီညီ လက်တွဲကာ အောင်ပွဲသို့ ချီတက်ကြပါရန် ဆန္ဒပြုလိုက်ပါတယ်။■

# အခန်းကြီး (၄)
# နိုင်အောင်ဖိမယ့် နအဖ

## နဝတဥက္ကဋ္ဌရဲ့ဇာတ်သိမ်းပွဲ

၁၉၈၈ ခုနှစ်မှာ စစ်တပ်က အာဏာသိမ်းပြီးနောက် နဝတ၊ နအဖ ဖွဲ့စည်းကာ တိုင်းပြည်ကို အုပ်ချုပ်ခဲ့ရာမှာ သောကဗျာပါဒများ မြင့်မိုရ်တောင်ကြီးသဖွယ် စိုးရိမ်ထိတ်လန့်စွာနဲ့ မနိုင်မနင်း၊ ကသောင်းကနင်း ဖြစ်ခဲ့ပုံတွေကို ကိုယ်တွေ့ဖြစ်စဉ်များနှင့်တကွ တင်ပြသွားပါမယ်။ အဲဒီလိုတင်ပြရာမှာ ပြည်တွင်းမှာရှိတဲ့ ပြုပြင်ပြောင်းလဲရေးလိုလားတဲ့ တပ်က အရာရှိကြီးတချို့၊ လူပုဂ္ဂိုလ်၊ မြို့၊ ရွာ၊ အစိုးရဌာန၊ တပ်များရဲ့ ဂုဏ်သိက္ခာ လုံခြုံရေးကို ငဲ့ကွက်ပြီး အမည် ချန်လှပ်ဖော်ပြသွားမှာဖြစ်ပါတယ်။ ကုသိုလ်လည်းရ၊ မွန်မြတ်ဖြူစင်သန့်ရှင်းတဲ့ ဂုဏ်သိက္ခာ မူလကတည်းကရှိခဲ့တဲ့ ကြက်ခြေနီနဲ့ အရန်မီးသတ်တပ်ဖွဲ့ လိုမျိုး အဖွဲ့အစည်းတွေဟာ နအဖရဲ့ ဝင်ရောက်စွက်ဖက်မှု၊ နိုင်ငံရေးမှာ ဝင်ရောက် လှုပ်ရှားခိုင်းစေရန် ဖိအားပေးချုပ်ကိုင်မှုတွေကြောင့် အသုံးချခံရတဲ့ အရောင်ဆိုးခံရတဲ့ လူမှုရေးအဖွဲ့အစည်းများ အဖြစ် ပြောင်းလဲခဲ့ပြီဖြစ်ပါတယ်။ အလားတူ စတင်ဖွဲ့စည်းခါစက လူမှုရေးအဖွဲ့အစည်းလို့ စတင် ကြွေးကြော်တာထွက်လာခဲ့တဲ့ ကြံ့ဖွံ့ဟာလည်း ယခုအခါ နအဖရဲ့ လက်ကိုင်တုတ် ဖြစ်လာပုံတွေကို တင်ပြမှာဖြစ်ပါတယ်။

၁၉၈၈ စက်တင်ဘာ (၁၈) ရက်နေ့မှစပြီး စစ်အာဏာရှင်များဟာ နဝတ ဆိုပြီး နဝေတိမ်တောင် ဘဝနဲ့ စတင်တာထွက်ခဲ့လာရာမှာ ဗိုလ်ချုပ်များဟာ အနည်းဆုံး ဝန်ကြီးဌာန (၂)ခုမှ (၄) ခု အထိတောင် တွဲပြီး ကိုင်ရတဲ့ ဖြစ်စဉ်တွေကြောင့် နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးမှု အဓိကဖြစ်တဲ့ ဝန်ကြီးဌာနတွေရဲ့ မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ စီမံကိန်း၊ စီမံချက် စတာတွေကို ပီပြင်စွာ အကောင်အထည်ဖော်မှု အားနည်းခဲ့ပါတယ်။ အဲဒီ ဝန်ကြီး ဗိုလ်ချုပ်တွေဟာ ဆုံးဖြတ်ချက် မှားယွင်းမှု၊ အတွင်းရေးမှူး (၁) နှင့် (၂) တို့နှင့် သဟဇာတမဖြစ်မှု၊ အာဏာလွန်စွဲအားပြိုင်မှု၊ ကိုယ်ကျိုးစီးပွား အလွန်အမင်းရှာဖွေကြမှု စတာတွေကြောင့် ဝန်ကြီးဌာနများရဲ့ ဘတ်ဂျက်ကဲ့သို့ ရသင့်ရထိုက်တဲ့ အခွင့်အရေးများ ဆုံးရှုံးခဲ့ပါတယ်။ နေ့စဉ် နေ့တိုင်း နဝတဥက္ကဋ္ဌ ဗိုလ်ချုပ်စောမောင်ရဲ့ ဩဝါဒမိန့်ခွန်းရှည်ကြီးတွေကို ငြီးငွေ့စွာ နားထောင်နေရတာကြောင့် ဝန်ကြီးဌာနများရဲ့ အလုပ်လုပ်ချိန် မရှိတာမို့ အိမ်ကို ပြန်မအိပ်နိုင်တော့ဘဲ ညဘက်မှာ ဝန်ကြီးတွေဟာရုံးခန်းများအတွင်း ဖိုင်တွဲတစ်ထပ်ကြီးကြားထဲမှာ နစ်မြုပ်နေရပါတယ်။ ဖိုင်တွဲစာများကို ဂဃနဏ မကြည့်နိုင်ဘဲ ကိုယ်ရေးအရာရှိ PA များကို ဖတ်ခိုင်းပြီး မရေရာ၊ မသေချာ ဆုံးဖြတ်ချက်များကို နှုတ်က ဖြစ်သလို ပြောခိုင်းရတဲ့အထိ ပရမ်းပတာဖြစ်နေပါတယ်။ ဗိုလ်ချုပ်စောမောင်ဟာ (၁၉၈၈) အရေးအခင်းကြောင့် သွေးထွက်သံယိုဖြစ်ပြီး ခပ်ကြမ်းကြမ်း အာဏာသိမ်းရတဲ့ ဖြစ်စဉ်တွေနဲ့ ဘုရားသားတော်များရဲ့ သပိတ်ကံကြောင့် အချိန်တိုင်း လိပ်ပြာလန့်ဖြန့်နေရပါတယ်။ သတင်းစာရှင်းလင်းပွဲတစ်ခုမှာ (၁၉၈၈) ခုနှစ် လူထုအုံကြွမှုအရေးတော်ပုံကြီးအတွင်း

ရန်ကုန်မြို့တစ်ခုတည်းမှာပင် စစ်တပ်မှ ပစ်ခတ်လို့ သေကြေရတဲ့ အရေအတွက်ကို ဗိုလ်ချုပ်စောမောင်က ဆယ်ဂဏန်းသာရှိတယ်လို့ပြောခဲ့တဲ့အတွက် လူထုဟာ ''ဟာ''ခနဲ ဒေါသဖြစ်ခဲ့ရတာကို တွေ့ရှိရပါတယ်။ ကိုယ်တွေ့ဖြစ်စဉ်အရ ထိုအချိန်က တီဗွီဖန်သားပြင်ရှေ့တွင် အတူတူ ထိုင်ကြည့်နေမိတဲ့ ဆရာဝန်မိတ်ဆွေများက ကျနော့်ကို မေးခွန်းထုတ်တာ ခံရပါတယ်။ ကျနော်လည်း ဆရာဝန်တွေ ဆေးရုံမှာ လက်တွေ့ကုသပေးရတဲ့ လူနာအရေအတွက်ဟာ သက်သေရှိနေလို့ ဗိုလ်ချုပ်စောမောင်ပြောတဲ့ အရေအတွက်ဟာ မမှန်ကန်ကြောင်း ဝန်ခံခဲ့ရပါတယ်။ ဗိုလ်ချုပ်စောမောင်ဟာ ပြင်ပမီဒီယာအသံလွှင့်ဌာန၊ နိုင်ငံခြားသတင်းထောက်များရဲ့ မေးခွန်းများ၊ နိုင်ငံတကာရဲ့ ဖိအားပေးမှုတွေနဲ့ ပြည်တွင်းရှိ ဒီမိုကရေစီရရှိရေး တောင်းဆိုကြတဲ့ အဖွဲ့အစည်းများရဲ့လှုပ်ရှားမှု၊ ဝေဖန်ပြောဆိုမှုများကို ဒလစပ် ခုခံရှင်းလင်းနေရပါတယ်။ ဒီလို ရှင်းလင်းရာမှာ မိမိကိုယ်တိုင်၊ အထောက်အထား၊ အကိုးအကားများနဲ့ ကာကွယ်ပြောဆိုနိုင်ရေးအတွက် ဥပဒေစာအုပ်များ၊ ဓလေ့ထုံးစံ ကျမ်းဂန်များနဲ့ ဗုဒ္ဓတရားစာအုပ်များကို ပြန်ကြားရေး ဒုဝန်ကြီး ဦးစိုးညွန့်အား ရှာဖွေခိုင်းပြီး သိမ်းကျုံးကာ သဲသဲမဲမဲ ဖတ်နေတာမို့ ဗိုလ်ချုပ်စောမောင်ရဲ့ အသက်ကြီးရင့်မှုကြောင့် ဦးနှောက်ရဲ့ မှတ်မိနိုင်စွမ်း ထိခိုက်နေပါတယ်။ နေ့ညမပြတ် အိပ်ချိန်မရှိဘဲ အလုပ်က လူကိုပိနေပါတယ်။ ပိုဆိုးတာက ဗိုလ်ချုပ်စောမောင် အနေဖြင့် (မဆလ) အသွင်ပြောင်း (တစည) ပါတီကို အလွန်အကဲ အထင်ကြီး မျှော်မှန်းပြီး ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲအား ကျင်းပပေးခဲ့ရာမှ အရှုံးကြီးရှုံးခဲ့လို့ ၎င်းရဲ့ ကတိစကားအတိုင်း အနိုင်ရ NLD ကို အာဏာလွှဲပြောင်းပေးရမယ့် နိုင်ငံရေးအကြပ်အတည်း ရင်ဆိုင်နေရပါတယ်။ အဲဒီလို နိုင်ငံရေးအကြပ်အတည်းကြောင့် ဖိအားပေးခံနေရတဲ့ ဗိုလ်ချုပ်စောမောင်ဟာ လက်အောက်ခံ တိုင်းနဲ့ ပြည်နယ်များရဲ့ အုပ်ချုပ်ရေးယန္တရားကို ပြန်လှည့်မကြည့်နိုင်ချိန်မှာ တိုင်းမှူးတွေဟာ လုပ်ချင်သလို လုပ်နေပြီး နယ်စား၊ ပယ်စား ဘုရင်ငယ်လေးများသဖွယ် မင်းမူနေပါတယ်။ ဥပမာ သားသုံးသားမှာ တင်ပြပြီးခဲ့တဲ့အတိုင်း ဘုရားသား၊ ရဟန်းသား သံဃာတော်များဟာ ရှစ်လေးလုံး အထိမ်းအမှတ် ဆွမ်းခံပွဲ မန္တလေး၌ ကျင်းပစဉ် သွေးမြေကျခဲ့ရတဲ့ သမိုင်းဖြစ်စဉ်အရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည်အနေနဲ့ ထိန်းထိန်းသိမ်းသိမ်း မလုပ်နိုင်ခဲ့တာ ပေါ်လွင်နေပါတယ်။ ဒီဖြစ်စဉ်ကြောင့် ပတ္တနိက္ကုဇ္ဇနကံ ဖြစ်ပွားမှု ဂယက်ဟာ ဗိုလ်ချုပ်စောမောင်ကို သောကတောင်တန်း ဗျာပါဒ ပွားများစေခဲ့ပါတယ်။ ဗိုလ်ချုပ်စောမောင်ဟာ ဓမ္မစက်နဲ့မရရင် အာဏာစက်နဲ့ကျင့်သုံးမှာဖြစ်တယ်လို့ အတိအလင်း ပြောခဲ့ဖူးပါတယ်။ ယခုတဖန် ၂၀၀၇ ခုနှစ် စက်တင်ဘာလမှာ ဘုရားသားတော်တွေရဲ့ ပတ္တနိက္ကုဇ္ဇနကံဆောင် သပိတ်မှောက်ရာတွင်လည်း အာဏာစက်နဲ့ ကျင့်သုံးမယ်လို့ ဗိုလ်ချုပ်သန်းရွှေက ပြောခိုင်းတဲ့ အတွက် သွားလေသူ ဗိုလ်ချုပ်စောမောင်အား ကြည့်ပြီး သံဝေဂတရားယူသင့်ကြောင်း သတိ

ပေးလိုပါတယ်။ ဗိုလ်ချုပ်စောမောင်က (၁၉၉၁) ခုနှစ် တော်လှန်ရေးနေ့ အခမ်းအနား မိန့်ခွန်း ပြောကြားရာမှာ ရေးသားအတည်ပြုထားခဲ့တဲ့ မိန့်ခွန်း ပြောဆိုပြီးရုံနဲ့ အားမရလို့ စိတ်ထဲက ခံစားချက်တွေ မွန်းကြပ်မှုကြောင့် ပေါက်ကွဲထွက်လာတဲ့ စကားတွေကို နိုင်ငံတကာက စောင့်ကြည့်နေမှုကို သတိမထားနိုင်တော့ဘဲ (၂)နာရီမက ပြောဆိုခဲ့ပါတယ်။ နေပူထဲမှာ ရပ်နေကြတဲ့ စစ်ရေးပြစစ်သည်များ ပင်ပန်းမှုဒဏ် မခံနိုင်တော့တာမို့ ကွင်းထဲတွေမှာ ပစ်လဲကုန်ကြပါတယ်။ နောက် ဖြစ်စဉ်တစ်ခုကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ သူငယ်ချင်း ဖြစ်ခဲ့တဲ့ အိန္ဒိယ ဝန်ကြီးချုပ် ရာဂျစ်ဂန္ဓီဟာ မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေး ထောက်ခံအားပေးခဲ့ပါတယ်။ ဒါကို လက်တုန့်ပြန်တဲ့အနေနဲ့ အိန္ဒိယမှ ခွဲထွက်ဖို့ လွတ်လပ်ရေးတောင်းဆိုနေကြတဲ့ နာဂ လူမျိုးစုခေါင်းဆောင်များကို ရန်ကုန်သို့ဖိတ်ကြားကာ ဗိုလ်ချုပ်စောမောင်က "ကုလားတွေကို သတ်ဖြတ်ကြ၊လက်နက်ခဲယမ်းအကုန်ထောက်ပံ့ပေးမယ် ပြီးတော့ ပုတီးစိပ်ဖို့လည်း မမေ့ကြနဲ့" လို့ ဂယောင်ခြောက်ခြား ပြောခဲ့ပါတယ်။ အဲဒီသပိတ်ကံရဲ့ ဆိုးကျိုးဒဏ် သက်ရောက်မှု ဝင်လာပြီဖြစ်ပါတယ်။ ပိုဆိုးတာက မြန်မာ့အသံအဖွဲ့ ဝန်ထမ်းများကို ထပ်မံတွေ့ဆုံချိန်မှာ "မင်းတို့ ပုတီးဆောင်ထားကြ" လို့ ပြောတဲ့အတွက် စိတ်ဖောက်ပြန်နေကြောင်း ပေါ်လွင်သွားပါတယ်။ ဒါ့ကြောင့် တရားမဝင် တိုးတိုးတိတ်တိတ် အာဏာသိမ်းခံရပြီး သေဆုံးသည့်အခါတွင်လည်း သိမ်သိမ်ငယ်ငယ်ဖြင့် နိဂုံးချုပ်သွားရခြင်းဖြစ်ပါတယ်။

## ညကျောင်း (သို့မဟုတ်) ညာကျောင်း

ဗိုလ်ချုပ်သန်းရွှေဟာ နဝတမိတ်တောင် နဝတမှ နိုင်အောင်ဖိမယ့် နအဖသို့ ပြန်လည်ဖွဲ့စည်းစေခဲ့ပြီး ဗိုလ်ချုပ်စောမောင်ရဲ့ အားနည်းချက်များကို ရှောင်ရှားပြင်ဆင်ခဲ့ပါတယ်။ အခမ်းအနားများနဲ့ အစည်းဝေးတိုင်းမှာ ကိုယ်တိုင်မိန့်ခွန်းအသံဖြင့် ပြောကြားခြင်း မပြုလုပ်တော့ဘဲ ကြားခံတစ်ယောက်ကို ဖတ်ကြားခိုင်းပါတယ်။ ဗိုလ်ချုပ်စောမောင်ရှိခဲ့စဉ်က ကိုသန်းရွှေစာဖတ်အားနည်းတယ် လို့ ဝေဖန်ခံခဲ့ရဖူးတာကြောင့် နအဖ ဥက္ကဋ္ဌဖြစ်လာလို့ နဖူးတွေ့ဒူးတွေ့ဖြစ်လာချိန်မှာတော့ အကြံကုန် ဂဠုန်စားချက် ဦးဇောက် ဖောက်စားဖို့ စစ်ရုံးမှာ ညကျောင်းကို ဖွင့်လှစ်ခဲ့ပါတယ်။ နေ့ခင်းမှာ ဗိုလ်ချုပ်တွေကို ရုံးအလုပ်လုပ်စေပြီး ညပိုင်းမှာတော့ နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်သန်းရွှေထံ အခစားဝင်စေကာ ပြည်တွင်း NLD လှုပ်ရှားမှု၊ ပြည်ပ အတိုက်အခံအဖွဲ့အစည်းများကိစ္စ၊ အမျိုးသားညီလာခံကိစ္စ၊ ကျောင်းသားနဲ့ ဘုရားသားကိစ္စ၊ နိုင်ငံတကာဖိအားပေးမှု သံခင်းတမန်ခင်း၊ ပြည်ပအသံလွှင့်ဌာနများနှင့် မီဒီယာသတင်းစာများရဲ့ ထုတ်လွှင့်ချက်များ၊ စီးပွားရေးအခွင့်အလမ်းများ စတာတွေကို ဘယ်လို အကောင်အထည်

ဖော်နိုင်တယ်ဆိုတာ ဗိုလ်ချုပ်တွေထံမှ နည်းလမ်းတင်ပြခိုင်းပြီးမှ ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါတယ်။ တခါတရံ ဗိုလ်ချုပ်တွေဟာ ညဉ့်နက်သန်းခေါင်ကျော်တဲ့ အထိဆွေးနွေးရပြီး နံနက်လင်းအားကြီး ဘုန်းကြီးအုန်းမောင်းခေါက်ချိန်၊ အရုဏ်ဆွမ်းစားချိန်ရောက်မှ ပြန်လာရတဲ့အတွက် တစ်ဦးနဲ့ တစ်ဦး Good Morning လို့ စိတ်ညစ်ညူးစွာ နောက်ပြောင်နှုတ်ဆက်ခဲ့ရကြောင်း သိရှိရပါတယ်။ အဲဒီလို အကြံဉာဏ်ညှစ်ထုတ်ခံရလို့ စစ်တပ်အတွင်းမှာ ညကျောင်းလို့ ခေါ်ခြင်းဖြစ်ပါတယ်။ တကယ်တမ်းမှာတော့ ညာနေကြတဲ့ ကျောင်းသာဖြစ်ပါတယ်။ ညကျောင်းမှ အဓိက ထိပ်တိုက်တွေ့ရတဲ့သူများကတော့ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်ထဲရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးနဲ့ (ကက–လှမ်း) တို့ဖြစ်ကြပြီး အခြားဝန်ကြီးများ ကလည်း သူ့ထက်ငါ NLD နှင့် အတိုက်အခံ အဖွဲ့အစည်းများသတင်းကို လက်ဦးမှုယူပြီး တင်ပြနိုင်တဲ့အပေါ်မှာ တစ်ဦးနဲ့ တစ်ဦး ကြံဖန်ဂုဏ်ယူ အမှတ်ယူ ဖော်ထုတ်နေကြတာကိုလည်း တွေ့ရပါတယ်။ ဗိုလ်ချုပ်သန်းရွှေဟာ အချိန်မှန် Golf ကစားပြီး တရုတ်သိုင်းကားများကို လမ်းမတော် တရုတ်တန်းမှ မလွတ်တန်း ငှားရမ်းကြည့်ခြင်းဖြင့် ထွက်ပေါက်ရှာခဲ့ပါတယ်။ ဒီပဲယင်းအရေးအခင်းကြောင့် ဖိအားပေးခံရမှု မွမ်းကြပ်နေချိန်လိုမျိုးတွင် မြို့တော်ဝန် ဦးကိုလေးရဲ့ ငါးကန်များရှိတဲ့ မင်္ဂလာဒုံဥယျာဉ်ရှိရာသို့ ဗိုလ်ချုပ်သန်းရွှေဟာ သောကတောင်တန်း နေကြယ်များသန်းကာ သွားရောက် စိတ်ဖြေခဲ့ရကြောင်း သိရှိခဲ့ရပါတယ်။ ဗိုလ်ချုပ်သန်းရွှေဟာ မဟာဗျူဟာ လေ့လာရေးဌာနကြီးများကို ဖွဲ့စည်းစေပြီး ထောက်လှမ်းရေးမှ ဗိုလ်မှူးကြီးများကို ဌာနကြီးမှူး ဗိုလ်မှူးချုပ်အဆင့် ရာထူးတိုးမြှင့်ပေးကာ နိုင်ငံတကာအခြေအနေ အထူးသဖြင့် အနောက် နိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် တုန့်ပြန်မှုအလားအလာ၊ တရားဝင်သဘောထား၊ တရားမဝင်သဘောထား၊ CIA ကဲ့သို့ အဖွဲ့အစည်းများရဲ့ လှုပ်ရှားမှု၊ နိုင်ငံတကာ အီရတ်ကဲ့သို့ အရေးအခင်းများ စတာတွေကို လေ့လာသုံးသပ်စေပြီး စာတမ်းတင်စေခဲ့ပါတယ်။ အဲဒီ ထောက်လှမ်းရေးက ဗိုလ်ချုပ်တွေဟာ စာအုပ်ပုံကြီးတွေကြားမှာ နေ့စဉ်နဲ့မပြတ် စာတွေဖတ် နေရလို့ ''အာ''ခြောက်နေတာမို့ (ကကလှမ်း) က ဂျူနီယာအရာရှိများရဲ့ ဘီယာတမြမြနဲ့ စိုပြေထောနေတာကိုကြည့်ပြီး အခါအခွင့်သင့်တိုင်း သူတို့ရဲ့ဆရာ ဗိုလ်ချုပ်ခင်ညွန့်ထံ (ကကလှမ်း) သို့ ပြန်လည်သွတ်သွင်းရေး နားပူနားဆာလုပ်နေတာ ကြားသိရပါတယ်။

ဗိုလ်ချုပ်သန်းရွှေဟာ ကကပြည် G-1 စစ်ဦးစီးမှူး (ပထမတန်း) တာဝန်ထမ်းဆောင်ခဲ့ပြီး ရုရှားနိုင်ငံမှာ စိတ်ဓာတ်စစ်ဆင်ရေး သင်ယူခဲ့တဲ့အတွက် စိတ်ဓာတ်စစ်ဆင်ရေးနဲ့ ဝါဒဖြန့်ချိရေး ထိရောက်မှုကို သိရှိနားလည်ပြီး တစိုက်မတ်မတ် လုပ်နိုင်ခဲ့ပါတယ်။ (ကကပြည်) ကို ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးဟု ခေါ်တွင်စေပြီး မြဝတီတပ်မတော် အသံလွှင့်ဌာနတစ်ခု ဖွင့်လှစ်ခဲ့ပါတယ်။ နံနက်စာစားချိန်မှာ RFA, BBC, VOA ကဲ့သို့နိုင်ငံခြား

အသံလွှင့်ဌာနများက ထုတ်လွှင့်ချက်များကို သူ့ထံတင်ပြခိုင်းပြီး အချို့ကို သတိထား စောင့်ကြည့်ရန်၊ တချို့ကို တန်ပြန်စိတ်ဓာတ်စစ်ဆင်ထိုးနှက်ရန်၊ တချို့ကို အလံရှူးဖြင့်ပယ်ဖျက်ရန် သတ်မှတ်ခဲ့ပါတယ်။ ၁၉၈၈ အရေးအခင်းများတွင် မီဒီယာလက်နက်ကြောင့် မဆလ အစိုးရ ပြုတ်ကျရခြင်းဖြစ်ကြောင်း လက်အောက်ခံ ဝန်ကြီးများနှင့် ဗိုလ်ချုပ်များကို မှာကြားခဲ့ပြီး ၎င်းတို့ ကိုလည်း ဗိုလ်ချုပ်သန်းရွှေက မိမိကဲ့သို့ သတိထားပြုလုပ် ဆောင်ရွက်ရန် ပြောကြားခဲ့ပါတယ်။ ဒါ့ကြောင့် ဝန်ကြီးတွေဟာ နေ့စဉ် နိုင်ငံခြားအသံလွှင့်ဌာနများက ဘယ်အချိန် မိမိဝန်ကြီးဌာန အတွက် လာနိုင်မယ်ဆိုတာကို သောကတောင်တန်း ရင်တမမဖြင့် နားစွင့်နေရပြီး ဝန်ကြီးဌာနရဲ့ မကောင်းသတင်း ပါရှိခဲ့ပါက ညကျောင်းမှာ မျက်နှာအောက်ချပြီး ရှင်းလင်းပြနေရတာ တွေ့ရပါတယ်။ သတင်းစာရှင်းလင်းပွဲကို ခါတိုင်းလို ဆက်တိုက် မလုပ်ခိုင်းတော့ဘဲ မိမိ လုပ်ကွက် ပိုင်မှ၊ အထောက်အထား ခိုင်မာမှ ရှင်းလင်းခိုင်းပါတယ်။ လုပ်ကွက်ပိုင်တယ်ဆိုရာမှာ မူးယစ်ဆေးဝါး မီးရှို့ပြပွဲတွေလိုမျိုး၊ နိုင်ငံရေးအမြတ် ထုတ်လို့ရတဲ့ ပြကွက်လိုမျိုးမှ သတင်းစာ ရှင်းလင်းပွဲ လုပ်ခိုင်းပါတယ်။ နိုင်ငံခြားသတင်းထောက်တွေကို မခေါ်ယူခိုင်းတော့ဘဲ မြန်မာ သတင်းထောက်များကိုသာ တက်ခိုင်းပါတယ်။ ဒါ့အပြင် နအဖက စိတ်ဓာတ်စစ်ဆင်ရေးနဲ့ ဝါဒဖြန့်ချိရေး နည်းဗျူဟာများကို အရှိန်အဟုန် မြှင့်တင်တဲ့အနေနဲ့ မီဒီယာကို မီဒီယာဖြင့် ပြန်တိုက်ရာမှာ သတင်းစုံရရှိရေးအတွက် အဖွဲ့ (၄)ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါတယ်။ (စရဖ) လို့ခေါ်တဲ့ ထောက်လှမ်းရေး အသွင်ပြောင်းအဖွဲ့၊ SB လို့ခေါ်တဲ့ ရဲအထူးသတင်းတပ်ဖွဲ့၊ ဗိုလ်မှူးချုပ် ကျော်ဆန်း ဦးစီးတဲ့ နိုင်ငံတကာရှိ မြန်မာသံရုံးများအထိ ပြန်ကြားရေးဌာနမှ စီစစ်ရွေးချယ် တာဝန်ပေးတဲ့ သတင်းရရှိရေးနဲ့ တန်ပြန်ရေးအဖွဲ့၊ ဗိုလ်မှူးချုပ်သိန်းဇော် ဦးစီးတဲ့ ကြံ့ဖွံ့က သတင်းစုဆောင်းရရှိရေးတပ်ဖွဲ့ ဆိုပြီး အဖွဲ့ (၄)ဖွဲ့ ဖြစ်ပါတယ်။

## စိတ်ဓာတ်စစ်ဆင်ရေးနည်းဗျူဟာများ

နအဖအနေနဲ့ ပြည်သူလူထုကို စိတ်ဓာတ်စစ်ဆင်ရေးနည်းဗျူဟာအရ ဝါဒ ဖြန့်ချိမှု နဲ့ လှုံ့ဆော်မှုကို ဟန်ချက်ညီလုပ်ခဲ့ပါတယ်။ ပြည်သူလူထုရဲ့ ပြဿနာများကို အခြေခံ၍ ကြောက်ရွံ့ စိုးရိမ်စိတ်ဓာတ်၊ မုန်းတီးရွံရှာစိတ်ဓာတ်၊ မျှော်လင့်အားထားစိတ်ဓာတ် အမျိုးအစား အပေါ်မူတည်၍ လှုံ့ဆော်မှုနည်းလမ်း (၈)မျိုးသုံးကာ ပြည်သူလူထုပစ်မှတ်စိတ်ဓာတ်အား ဆွဲဆောင်သိမ်းသွင်းခဲ့ပါတယ်။ အဆိုပါ (၈) မျိုး ကတော့ အောက်ပါအတိုင်းဖြစ်ပါတယ် –

က။ မိုးခါးရေသောက်နည်း

ခ။သက်သေညွှန်းနည်း

ဂ။ စောင်းပါးရိပ်ခြေနည်း
ဃ။ အချက်ဆုံပြနည်း
င။ ပုတ်ခတ်နည်း
စ။ လွယ်လွယ်ရှင်းရှင်းနည်း
ဆ။ စရိုက်လိုက်နည်း
ဇ။ ဖုံးကွယ်နည်း

**မိုးခါးရေသောက်နည်း**

စည်းရုံးသူက မိမိရဲ့ဆန္ဒကို လျှို့ဝှက်ပြီး အများဆန္ဒကို ပြောချင်ဟန်ဆောင်ကာ မထောက်ခံသူကို ထောက်ခံလာအောင် သိမ်းသွင်းနည်းဖြစ်ပြီးယိမ်းယိုင်နေတဲ့သူကို ခိုင်မြဲစေပါတယ်။

**သက်သေညွှန်းနည်း**

သက်သေညွှန်းနည်း ဆိုတာကတော့ ထင်ရှားတဲ့ပုဂ္ဂိုလ်ကို နမူနာပြ၍ ပြောရပြီး ဖြစ်စဉ် အမှန်ဖြစ်ဖို့တော့လိုပါတယ်။

**စောင်းပါးရိပ်ခြေနည်း**

အချက်အလက်များကို ချပြပြောဆိုရာ၌ အဓိက အချက်အလက် ကို မဖော်ပြဘဲ ဆက်လက်ပြီး လူထုစဉ်းစားနိုင်အောင် လူထုရဲ့ သဘောထားကို အကဲခတ်တောက်ကြည့်တဲ့ နည်းဖြစ်ပါတယ်။

**အချက်ဆုံပြနည်း**

ပြောဆိုလိုတဲ့ အကြောင်းအရာအချက်အလက်များကို အသေးစိတ်ပြောပြပြီး အထင်ကြီးမှုကို ရယူစေပါတယ်။

**ပုတ်ခတ်နည်း**

လူဘိန်းစကား တစ်တစ်ခွခွပြောရပြီး လူထုကို မိမိဘက်ပါနိုင်မည့် အခြေအနေရှိမှသာ ပြောရမှာဖြစ်ပါတယ်။

### ဖုံးကွယ်နည်း

မိမိအားနည်းချက်ကို ဖျောက်ပြီး တစ်ဖက်အဖွဲ့အစည်းရဲ့ အားနည်းချက်များကို အကျယ်ချဲ့ကာ သေးသိမ်အောင် ပြောဆိုနည်းဖြစ်၍ ပုတ်ခတ်နည်းနဲ့ ပူးတွဲသုံးတတ်ပါတယ်။

### လွယ်လွယ်ရှင်းရှင်းနည်း

အများမစဥ်းစားမိတဲ့ အရေးပါတဲ့အချက်ကို ထိမိအောင် စည်းရုံးပြောဆိုတဲ့ နည်းဖြစ်ပါတယ်။

### စရိုက်လိုက်နည်း

လူထုနဲ့ ရင်းနှီးမှုကို ယူခြင်း၊ ဓလေ့ထုံးစံ လေးစားမှုပြသခြင်း၊ စီးပွားရေးအခွင့်အလမ်းများ၊ မက်လုံးများ အကျိုးတူဆောင်ရွက် ပေးခြင်းဖြင့် မြူဆွယ်စည်းရုံးခြင်းပဲဖြစ်ပါတယ်။

နအဖဟာ လှုံ့ဆော်နည်းနဲ့တွဲပြီး၊ ဝါဒဖြန့်နည်း၊ သွယ်ဝိုက်ဝါဒဖြန့်နည်း၊ လျှို့ဝှက်ဝါဒဖြန့်နည်းဆိုပြီး အမျိုးအစားအလိုက် အောက်ပါအတိုင်း ဝါဒဖြန့်ခြင်း နည်းဗျူဟာ (၁၃) မျိုးဖြင့် ဆောင်ရွက်လာပါတယ်

က။ တီးတိုးဝါဒဖြန့်ခြင်း။

ခ ။ ကောလာဟလ သတင်းလွှင့်ခြင်း။

ဂ ။ အပြောအဆို တိုင်ပင်ဆွေးနွေးခြင်းဖြင့် ဝါဒဖြန့်ခြင်း။

ဃ။ သတင်းစာ၊ အသံလွှင့်ရုံ စသည်တို့မှ ဝါဒဖြန့်ခြင်း။

င ။ အသံချဲ့စက်များနှင့် ဟောပြော ဝါဒဖြန့်ခြင်း။

စ ။ ဝတ္ထု၊ စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်း စသည်တို့နှင့် ဝါဒဖြန့်ခြင်း။

ဆ။ ပို့စတာ၊ ကာတွန်းများဖြင့် လည်းကောင်း၊
လက်ကမ်းစာစောင်များဖြင့် လည်းကောင်း ဝါဒဖြန့်ခြင်း။

ဇ ။ စာရွက်၊ စာတမ်းများ တိတ်တဆိတ်နံရံများ၌ ကပ်ခြင်းဖြင့် ဝါဒဖြန့်ခြင်း။

ဈ ။ သီချင်း၊ ဂီတများအသုံးပြု၍ ဝါဒဖြန့်ခြင်း။

ည။ ပြဇာတ်၊ ကဇာတ်သီဆိုပြသ၍ ဝါဒဖြန့်ခြင်း။

ဋ ။ ကုလသမဂ္ဂတွင် တင်ပြခြင်းဖြင့် ဝါဒဖြန့်ခြင်း။

ဌ ။ လူသားများပြုလုပ်ခဲ့သော အရာများ ပြုလုပ်၍ ဝါဒဖြန့်ခြင်း။

ဃ ။ အခြားသူများ၊ မိမိနအဖကို လိုလားတဲ့ အဖွဲ့အစည်းများရဲ့ လုပ်ဆောင်မှုများကို ကြိုတင်သိရှိအောင် အားပေးကူညီဆောင်ရွက်၍ ဝါဒဖြန့်ခြင်း။

နအဖဟာ စနစ်တကျ ဆက်ဆံရေး (၃) မျိုး ပြုလုပ်သွားပါတယ်။ ၎င်းတို့မှာ အစိုးရဌာနများနှင့်လည်းကောင်း၊ လူထုအဖွဲ့အစည်းများနှင့်လည်းကောင်း၊ လူထုအခြေခံ လူတန်းစားများနှင့်လည်းကောင်း ဆက်ဆံဆောင်ရွက်သွားပါတယ်။၎င်းအပြင် နအဖရဲ့ သတင်းပေး မိမိအမာခံလူများကို အစိုးရအား ဆန့်ကျင်တဲ့အသိုင်းအဝန်း၌ ထားရှိခြင်း၊ လူထု လူတန်းစားအဖွဲ့အစည်း များနှင့်စက်ရုံအလုပ်ရုံများ၌ ထားရှိခြင်းတို့ကို ဆောင်ရွက်လာပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ အစိုးရအား လုံးဝဆန့်ကျင်သူများ၊ ဆန့်ကျင်နိုင်ဖွယ်ရှိသူများ၊ ကြားနေသူများနှင့် စားဝတ်နေရေး ရှန်းကန်အာရုံစိုက်နေသူများ၊ အစိုးရအား နှစ်သက်ကူညီနေသူများ၊ ရာဇဝတ်မှု ကျူးလွန်သူများ၊ နိုင်ငံရေးသမားဟောင်းများ ဆိုပြီး လူတန်းစား (၅)မျိုး ခွဲခြားမှုအားသတင်းပေးများကို လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။ အဆိုပါ နည်းဗျူဟာများကို ကျင့်သုံးရာတွင် ဝန်ကြီးဌာနများမှာရှိတဲ့ ဝန်ထမ်းများကို တပ်ပုံစံ ရိုက်သွင်းကာ နိုင်ငံရေးဦးတည်ချက်(၁၂)ရပ်၊ တို့တာဝန်အရေး (၃)ပါး စတဲ့ တပ်မတော်ဆောင်ပုဒ်စာတန်းများ ကပ်စေပြီး မနက်တိုင်းသစ္စာဆိုခိုင်းကာ တန်းစီပြီး နိုင်ငံရေးဝင်ရောက်ရောထွေးမှု မရှိစေရေးအတွက် ထိန်းချုပ်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် အရေးအခင်းတွင် ပါဝင်ခဲ့သောဝန်ထမ်းများကို မေးခွန်းများ ဖြေကြားစေပြီး ခံယူချက်၊ ယုံကြည်ချက်နဲ့ နိုင်ငံရေး ရောထွေးနေပါက အရေးယူခဲ့ပါတယ်။ လူထုဆွဲဆောင်မှုအားအကောင်းဆုံးဖြစ်တဲ့ ရုပ်ရှင်၊ ဗွီဒီယို၊ ဗွီစီဒီ၊ ဒီဗွီဒီ ကားချပ်တိုင်းမှာ အစိုးရရဲ့ ပေါ်လစီ၊ မူဝါဒနဲ့ ဦးတည်ချက်များကို ထည့်သွင်းစေပါတယ်။စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်များတွင် မထည့်မနေရထည့်ခိုင်းပြီး အစိုးရကို အားပေးတဲ့ ဆောင်းပါးတစ်ပုဒ်ကို မထည့်မနေရ ထည့်ခိုင်းပါတယ်။ အတိုက်အခံ အဖွဲ့အစည်းတွေအပေါ် မဟုတ်မမှန် လုပ်ဇာတ် ပုဂ္ဂိုလ်ရေးထိခိုက်မှုများကို ထပ်ခါတလဲလဲ ပြောဆိုခိုင်းခြင်းဖြင့် လူထုသဘာဝအရ မှန်သယောင်ယောင် ထင်ယောင်ထင်မှား ဖြစ်စေတဲ့နည်းဗျူဟာဖြစ်ပါတယ်။ ဒီလိုနည်းဗျူဟာတွေ ကျင့်သုံးပေမယ့် ပြည်သူလူထုအပေါ် စည်းရုံးနိုင်မှုမအောင်မြင်တာတွေ့ရပါတယ်။ဗိုလ်ချုပ်သန်းရွှေက မိမိတို့ရဲ့ ဝါဒဖြန့်ချီချက်၊ အစိုးရမူဝါဒတွေကို လူထု တီဗွီပေါ်မှာကြည့်ပြီး ဘယ်လိုတုန့်ပြန်ကြသလဲလို့ ဗိုလ်ချုပ်တွေကို မေးကြည့်ခဲ့ပါတယ်။ တပည့်ရင်းများက လူထုအနေနဲ့ မကြည့်ချင်ကြလို့ ကျော်ကြည့်သွားခြင်း၊တီဗွီပိတ်လိုက်ခြင်းများ ပြုလုပ်တာတွေ့ရတယ်လို့ ပြန်ပြောကြပါတယ်။ ဒါကြောင့် နည်းဗျူဟာ တစ်မျိုးပြောင်းပြီး လူထုအကြိုက် ကိုးရီးယားကားများနဲ့ နိုင်ငံတကာသတင်းများမှာ ဝါဒဖြန့်ချီရေး

ညှပ်ထည့်ဖို့ မှာကြားခဲ့ပြန်တယ်။ ဗိုလ်ချုပ်သန်းရွှေဟာ ၁၉၈၈ ဒီမိုကရေစီ အုံကြွမှု အရေးအခင်းကြီးမှာ သွေးမြေကျအောင် စစ်တပ်မှ နှိမ်နင်းခဲ့ရသည့်အပေါ် သင်ခန်းစာယူပြီး နောင်အခါတွင် လူထုအရေးအခင်း ထပ်မံဖြစ်ပွားခဲ့ပါက တတ်နိုင်သမျှ စစ်တပ်ကို မသုံးရန် ဆုံးဖြတ်ချက်ချခဲ့ပါတယ် ■

# အခန်းကြီး (၅)

# နအဖ ၏ National Defense Strategy

## လုပ်ထုံးလုပ်နည်းများ

နိုင်ငံတော်ကာကွယ်ရေးမဟာဗျူဟာမှာ စစ်အခြေခံသဘောတရားဦးစွာလာပြီး သမရိုးကျ စစ်မဟာဗျူဟာ အခြေခံသဘောတရားများနှင့် စစ်ဆင်မှုဗျူဟာ အခြေခံသဘောတရားများသည်လည်းကောင်း၊ ပြည်သူ့စစ်မဟာဗျူဟာသည်လည်းကောင်း၊ အချင်းချင်း အပြန်အလှန် အမှီသဟဲပြုဆက်စပ်နေပါတယ်။ ပထမပိုင်းဖြစ်တဲ့ စစ်အခြေခံ သဘောတရားများမှာ အခန်းကြီး(၈) ခန်းပါရှိပါတယ်။ အဲဒါတွေကတော့ –

- က။ အခန်းကြီး(၁)–နိုင်ငံတော်ရဲ့အခြေခံမူပြုရသော အချက်ကြီးများ
- ခ။ အခန်းကြီး(၂)–တပ်မတော်ရဲ့အခြေခံသဘောတရားများ
- ဂ။ အခန်းကြီး(၃)–စစ်တို့ရဲ့မူရင်းသဘောများ
- ဃ။ အခန်းကြီး(၄)–နိုင်ငံတော်ရဲ့စစ်ရေးစည်းရုံးရေးအခြေခံသဘောများ
- င။ အခန်းကြီး(၅)–ကြည်းကြောင်းစစ်မဟာဗျူဟာ
- စ။ အခန်းကြီး(၆)–ရေကြောင်းစစ်မဟာဗျူဟာ
- ဆ။ အခန်းကြီး(၇)–လေကြောင်းစစ်မဟာဗျူဟာ
- ဇ။ အခန်းကြီး(၈)–အနုမြူစစ်မဟာဗျူဟာ

တို့ ဖြစ်ကြပါတယ်။ အဆိုပါ အခန်းကြီးများတွင် ပါဝင်သောအခန်းများမှာ ကျယ်ပြန့်နက်နဲလှ၍ ပြည်တွင်းလှုပ်ရှားမှုများနှင့် သက်ဆိုင်သောအခန်းများကိုသာ ကောက်နုတ်၍အောက်ပါအတိုင်း ထပ်မံ အသေးစိတ် ရှင်းလင်းပြပါမယ်–

**(၁) အခန်းကြီး (၃) စစ်တို့ရဲ့မူရင်းသဘောများ ■**

**အောက်ပါအတိုင်း အခန်းများပါဝင်ပါတယ်**

- (ကက) နိုင်ငံအချင်းချင်းပြဿနာ ဖြေရှင်းနည်းများ၊
- (ခခ) တိုက်ဖျက်ခြင်းနည်းလမ်း (၂)မျိုး၊
- (ဂဂ) စစ်တို့ရဲ့သဘာဝ ပြောင်းလဲခြင်းများ၊
- (ဃဃ) လက်နက်ကရိယာကြောင့် စစ်ဆင်မှုပြောင်းလဲခြင်းများ၊
- (ငင) ဝါဒသစ် စတဲ့ အခန်းငယ်တွေပါရှိပါတယ်။

**(၂) အခန်းကြီး (၄) နိုင်ငံတော်ရဲ့စစ်ရေးစည်းရုံးရေးဆိုင်ရာအခြေခံသဘောများ■**

**အောက်ပါအတိုင်း အခန်းများပါဝင်ပါတယ်**

- (ကက) စစ်မဟာဗျူဟာရည်မှန်းချက်များ၊
- (ခခ) စစ်ဦးဆောင်ခြင်းအဆင့် ခွဲခြားချက်များ၊

(ဂဂ) စည်းရုံးခြင်းအခန်းဆိုပြီး အခန်းငယ် (၃) ခန်း ပါရှိပါတယ်။

**အဆိုပါ အခန်းငယ်များတွင် ပါဝင်သောအခန်းငယ်များကို အောက်ပါအတိုင်း ထပ်မံစိတ်ဖြာထားပါတယ်။**

**(၁၁) စစ်မဟာဗျူဟာရည်မှန်းချက်များ ■**

**အောက်ပါအတိုင်းပါရှိပါတယ်**

- စစ်ပွဲအတွက်ချမှတ်အပ်တဲ့ ရည်ရွယ်ချက်
- ရန်သူအား မိမိတို့က စိတ်ဓာတ်လွှမ်းမိုးထားခြင်း
- အချက်အချာကျသောနေရာများကို လွှမ်းမိုးထားခြင်း၊
- ရန်သူ့စစ်အင်အား အလုံးအရင်းကို ချေမှုန်းခြင်း၊
- အချက်အချာဖြစ်သော စစ်ပစ္စည်းနှင့် ကုန်ချော၊ ကုန်ကြမ်းပစ္စည်းများကို သိမ်းပိုက်ခြင်း၊
- ဆက်သွယ်ရေးလမ်းကြောင်းတို့အား လွှမ်းမိုးထားခြင်းစတဲ့ ခေါင်းစဉ်ငယ်များ ပါရှိပါတယ်။

**(၂၂) စည်းရုံးခြင်း ■**

**အောက်ပါအတိုင်းပါရှိပါတယ်–**

- စစ်အင်အား စည်းရုံးခြင်း၊
- ခေါင်းဆောင်မှု စည်းရုံးခြင်း၊
- လူထုအင်အား စည်းရုံးခြင်း၊
- ဥစ္စာပစ္စည်းအင်အား စည်းရုံးခြင်း၊
- တပ်အလုံးအရင်း စုစည်းခြင်း၊
- တပ်တို့၌ လိုအပ်သောလူအင်အား စည်းရုံးခြင်း၊
- ကောင်းမွန်သောစစ်အင်္ဂါစဉ်နှင့် လေ့ကျင့်မှု၊
- တပ်တို့အား ကွပ်ကဲမှုနှင့် အုပ်ချုပ်မှုစတဲ့ ခေါင်းစဉ်ငယ်များပါရှိပါတယ်။

**(၃) အခန်းကြီး (၅) ကြည်းကြောင်းစစ်မဟာဗျူဟာ ■**

**အောက်ပါအတိုင်းအခန်းများ ပါရှိပါတယ်–**

(ကက) စစ်အောင်ရာသောအကြောင်းကြီးများ(၁၄)ချက်၊

(ခခ) ကြည်းတပ် စစ်မဟာဗျူဟာအခြေခံများ၊

(ဂဂ) စစ်မဟာဗျူဟာ၏အစိတ်အပိုင်းများ၊

(ဃဃ) စစ်မဟာဗျူဟာစစ်ဆင်နည်းများ၊

(ငင) စစ်နယ်ဝန်းရွေး ချယ်ခြင်း၊
(စစ) အချိန်နှင့် အကျယ်အဝန်း၊
(ဆဆ) အင်အားချင့်ချိန်ခြင်း
(ဇဇ) လေကြောင်းစစ် စတဲ့ အခန်းများပါရှိပါတယ်။

**(၄) အခန်းကြီး (၆) ရေကြောင်းစစ်မဟာဗျူဟာ ■**
**အောက်ပါအတိုင်း အခန်းများပါရှိပါတယ်–**

(ကက) ရေတပ်သဘောနဲ့သရုပ်၊
(ခခ) ရေကြောင်းစစ်မဟာဗျူဟာအခြေခံများ ခေါင်းစဉ်ငယ်ပါရှိပါတယ်။

**(၅) အခန်းကြီး (၇) လေကြောင်းစစ်မဟာဗျူဟာ ■**
**အောက်ပါအတိုင်းအခန်းများပါရှိပါတယ်–**

(ကက) လေကြောင်းအင်အားနှင့်အရေးသာမှု၊
(ခခ) စစ်ပရိယာယ်နှင့်စစ်နည်းဗျူဟာ၊
(ဂဂ) ပင်လယ်သုံးလေတပ်၊
(ဃဃ) ကြည်းလေပူးပေါင်းစစ်ဆင်ရေး၊
(ငင) လေကြောင်းသယ်ယူပို့ဆောင်ရေး၊
(စစ) လေကြောင်းခံစစ်နဲ့ ကာကွယ်ရေး၊
(ဆဆ) နိုင်ငံငယ်၏အင်အား စတဲ့ ခေါင်းစဉ်များပါရှိပါတယ်။

သမရိုးကျစစ်မဟာဗျူဟာ အခြေခံသဘောတရားများနဲ့ စစ်ဆင်မှုဗျူဟာ အခြေခံသဘောတရားများကိုအကျဉ်းချုပ်ပြီး အကြမ်းဖျင်းအခန်းကြီး (၆) ခန်း အောက်ပါအတိုင်း ခွဲခြားထားပါတယ်–

**(က) အခန်းကြီး(၁) အခြေခံသဘောတရား ■**
**အောက်ပါအတိုင်းဖြစ်ပါတယ်–**

(၁) စစ်ပွဲအမျိုးအစားများ၊
(၂) စစ်ရဲ့ အဓိပ္ပါယ်၊
(၃) နိုင်ငံအချင်းချင်းပြဿနာဖြေရှင်းနည်းများ၊
(၄) ခေတ်သစ်စစ်ပွဲသဘောများ၊

(၅) ဘက်စုံစစ်ပွဲအသွင်ကျင့်သုံးမှု၊
(၆) မဟာဗျူဟာနဲ့ အဂ္ဂမဟာဗျူဟာအခြေခံသဘောများ၊ အယူအဆများ
စတဲ့ ခေါင်းစဉ်ငယ်တွေ ပါရှိပါတယ်။

**(ခ) အခန်းကြီး (၂) အရေးကြီးသောစစ်မဟာဗျူဟာဆိုင်ရာသဘောတရားများ**
**အောက်ပါအတိုင်းပါဝင်ပါတယ်–**

(၁) ဗဟိုဟန်ချက် (Centre of Gravite)၊
(၂) အဆုံးစွန်အမှတ်များ(Culminating Points)၊
(၃) လေဒင်ပက်၏ စစ်မဟာဗျူဟာနှင့်စစ်နည်းဗျူဟာတို့၏ အနှစ်သာရများ၊
(၄) လုပ်ဆောင်ရန်အချက်များ၊
(၅) ရှောင်ရန် အချက်များ၊
(၆) လေကြီးတိုက်ပွဲသဘောတရား စတဲ့ ခေါင်းစဉ်ငယ်များပါရှိပါတယ်။

**(ဂ) အခန်းကြီး (၃) တိုက်ပွဲစဉ်နဲ့စစ်ဆင်ရေးစီမံကိန်း၊**
**စီမံချက်ရေးဆွဲခြင်းဆိုင်ရာ သဘောတရားများ ■**
**အောက်ပါအတိုင်း ပါဝင်ပါတယ်–**

(၁) စစ်နယ်ဝန်းရွေးချယ်ခြင်း၊
(၂) သတင်းနှင့်ထောက်လှမ်းရေး ၊
(၃) စစ်နယ်ဝန်းအဆင့်စစ်ဆင်ရေးစီမံကိန်း၊စီမံချက်များ၊
(၄) ရည်မှန်းချက်များရွေးချယ်ခြင်း၊
(၅) စစ်မြေပြင်အုပ်ချုပ်မှု
(၆) လုပ်ငန်းစဉ်များ စတဲ့ ခေါင်းစဉ်ငယ်များပါရှိပါတယ်။

**(ကက) သတင်းနှင့်ထောက်လှမ်းရေး ■**
**အောက်ပါအတိုင်းပါဝင်ပါတယ်–**

(၁၁) သတင်းရယူရေး၊
(၂၂) ပထဝီအနေအထား၊

(၃၃) ငြိမ်းချမ်းချိန်ကာလ သတင်းထောက်လှမ်းရေး၊
(၄၄) စစ်အတွင်းထောက်လှမ်းရေးတို့ ပါရှိပါတယ်။

**(ခခ) စစ်နယ်ဝန်းအဆင့်စစ်ဆင်ရေးစီမံချက်များ ■**
**အောက်ပါအတိုင်းပါဝင်ပါတယ်–**

(၁၁) စီမံကိန်းအကျယ်၊
(၂၂) အတိအကျ စီမံချက်ငယ်များ၊
(၃၃) တပ်မ–းကြီး၏ စီမံကိန်းများ၊
(၄၄) ဝေဖန်စစ်ဆေးရန် လိုအပ်သောအကြောင်းအရာများ၊
(၅၅) စီမံကိန်းများတွင် ဖြည့်သွင်းရတဲ့ အစိတ်အပိုင်းများ၊
(၆၆) ပြောင်းလွယ် ပြင်လွယ်ဖြစ်မှုများ ပါဝင်ပါတယ်။

**(ဂဂ) ရည်မှန်းချက်ရွေးချယ်ခြင်း ■**
**အောက်ပါအတိုင်းပါဝင်ပါတယ်–**

(၁၁) စစ်ရေးတာဝန်စီမံခန့်ခွဲခြင်း၊
(၂၂) ရည်မှန်းချက်ရွေးချယ်သတ်မှတ်ခြင်း၊
(၃၃) ပဏာမစစ်ဆင်ရေးများအတွက် ကြားခံရည်မှန်းချက်များ ထားရှိရွေးချယ်ခြင်းတို့ ပါဝင်ကြပါတယ်။

**(ဃဃ) စစ်မြေပြင်အုပ်ချုပ်မှု ■**
**အောက်ပါအတိုင်းပါဝင်ပါတယ်–**

(၁၁) တာဝန်အဆင့်ဆင့်များ၊
(၂၂) အခြေခံသဘောတရားများ၊
(၃၃) ရှင်းလင်းလွယ်ကူမှု၊
(၄၄) လုံလောက်ပြည့်စုံမှု၊
(၅၅) လွယ်ကူစွာပြောင်းလဲပြင်ဆင်နိုင်မှု၊
(၆၆) အလုပ်စွမ်းအားကောင်းမှု၊

(၇၇) ဆီလျော်မှု၊
(၈၈) အဆောက်အအုံများနှင့်
(၉၉) ဖြန့်ဝေခြင်း စသည့်အခန်းငယ်များ ပါဝင်ပါတယ်။

**(ငင) လုပ်ငန်းစဉ် ■**
**အောက်ပါအတိုင်းပါဝင်ပါတယ်–**

(၁၁) ထိုးစစ်၊ ခံစစ်လမ်းစဉ်များရွေးချယ်ခြင်း၊
(၂၂) စစ်မဟာဗျူဟာ ထိုးစစ် (သို့မဟုတ်) ခံစစ်ဆင်ခြင်း ထိရောက်မှု၊
(၃၃) ဆုံးဖြတ်ချက်များကို လွှမ်းမိုးနိုင်တဲ့ အခြားအကြောင်းအရာ အချက်အလက်များ ပါဝင်ပါတယ်။

**(ဃ)အခန်းကြီး (၄) စစ်မဟာဗျူဟာအရ စုရုံးခြင်း ■**
**အောက်ပါအတိုင်းအခန်းများပါဝင်ပါတယ်–**

(၁) စုရုံးရာမှာ ထည့်သွင်းစဉ်းစား ဆင်ခြင်ရမယ့် အချက်အလက်များ၊
(၂) စုရုံးရန်စီမံခြင်း၊
(၃) စုရုံးမှုကိုအကာအကွယ်ပေးခြင်း၊
(၄) စုရုံးကွပ်ကဲခြင်း၊
(၅) စုရုံးမှုနေရာသို့ရွှေ့ပြောင်းခြင်းနှင့် ရောက်ရှိခြင်း၊
(၆) အရံအင်အားစုများ စသည်တို့ ပါရှိပါတယ်။

**(င) အခန်းကြီး (၅) တပ်ကြီးများအသုံးပြုပုံသဘောတရားများ ■**
**အောက်ပါ အတိုင်း အခန်းများပါဝင်ပါတယ်–**

(၁) စစ်နယ်ဝန်းကြည်းတပ်အင်အားစု၊
(၂) တပ်တော်စု၊
(၃) စစ်မြေပြင်တပ်တော်များ၊
(၄) တပ်မကြီးများ၊
(၅) တပ်ကြီးများရဲ့ ကင်းထောက်အဖွဲ့အစည်းများ၊
(၆) အထူးတပ်များ ပါရှိပါတယ်။

**(စ) အခန်းကြီး(၆) စစ်နယ်ဝန်းစစ်ဆင်ခြင်း ■**

**အောက်ပါအတိုင်း ပါရှိပါတယ်–**

(၁) တပ်စုရုံးခြင်း၊
(၂) ချီစစ်၊
(၃) ထိုးစစ်၊
(၄) ခံစစ်၊
(၅) ခွာစစ်ကဏ္ဍကြီးများအလိုက် စစ်ဆင်ခြင်းများ၊
(၆) အရံအင်အားစုများ ပါဝင်ပါတယ်။

**၁၅။ ပြည်သူ့စစ်မဟာဗျူဟာတွင် အခန်းကြီး (၅)ခန်းပါရှိပါတယ် ■**

**အဲဒါတွေကတော့–**

(က) အခန်း(၁)–ပြည်သူ့စစ်အခြေခံအချက်များ
(ခ) အခန်း(၂)–ပြည်သူ့စစ်ဆင်နွှဲစဉ် လိုက်နာလုပ်ဆောင်ရန် လိုအပ်တဲ့အချက်အလက်များ
(ဂ) အခန်း(၃)–စစ်မဟာဗျူဟာအရ ခံစစ်ကာလတွင် ဆင်နွှဲမည့်စစ်ဆင်မှုများ
(ဃ) အခန်း(၄)–စစ်မဟာဗျူဟာအရ တန်ပြန်ထိုးစစ်အကြိုကာလတွင် ဆင်နွှဲမည့်စစ်ဆင်မှုများ
(င) အခန်း(၅)–စစ်မဟာဗျူဟာအရ တန်ပြန်ထိုးစစ်ကြီးကာလတွင် ဆင်နွှဲမည့်စစ်ဆင်မှုများ ပါဝင်ပါတယ်။

## ဆရာဒကာ၊ ကျောင်းဒကာ စီမံချက်

နအဖဉက္ကဋ္ဌ ဗိုလ်ချုပ်သန်းရွှေဟာ ၁၉၈၈ ခုနှစ် အရေးအခင်းကာလ မဆလ အစိုးရများ ပြုတ်ကျရခြင်း အကြောင်းရင်းကို သင်ခန်းစာယူ ဖေါ်ထုတ်ကာ နောင်လူထုအုံကြွမှု ထပ်မံ ဖြစ်လာပါက စစ်တပ်မသုံးတော့ဘဲ လူထုအုံကြွမှုကို လူထုက ထိန်းကွပ်ရေး နိုင်ငံတော်ကာကွယ်ရေး မဟာဗျူဟာ ချမှတ်ခဲ့ပါတယ်။ နအဖဉက္ကဋ္ဌဟာ ရန်ကုန်တိုင်း စစ်ဌာနချုပ်၊ စစ်ဦးစီးမှူး ပထမတန်း G-1 ဒုဗိုလ်မှူးကြီးသိုက်ထွန်းက တင်ပြခဲ့တဲ့ 'ဆရာဒကာစီမံချက်နှင့် ကျောင်းဒကာ' စီမံချက်တွေကို လေ့လာသုံးသပ်ပြီး အကောင်အထည်ဖော်ခဲ့ပါတယ်။ဆရာဒကာစီမံချက်မှာ အရေးအခင်းများတွင် တက်ကြွစွာ ပါဝင်တတ်တဲ့ ကျောင်းသားများကို ထိန်းကွပ်ရန်နဲ့ ကျောင်းဆရာ၊ဆရာမများအား ကြံ့ဖွံ့သို့ သွတ်သွင်းရေး ဖြစ်ပါတယ်။ ကျောင်းဒကာစီမံချက်မှာ

ဘုရားသားတော်များကို ထိန်းကွပ်ရန်၊ သံဃာ၀န်ဆောင်ဆရာတော်များကို စည်းရုံး သိမ်းသွင်းရန်နဲ့ ကြည်း၊ရေ၊လေ ဆွမ်းဆန်စိမ်း လောင်းလှူပွဲများ ပြုလုပ်ပေးခြင်းဖြင့် တပ်ဒကာအနေနဲ့ ဘုန်းကြီးများကို ထိန်းထားရန်ဖြစ်ပါတယ်။ ပထမအရံ အင်အားစုအနေနဲ့ ကြက်ခြေနီ၊ မီးသတ်၊ ကြံ့ဖွံ့တို့ကို စုစည်းတည်ဆောက်ပြီး ပြည်သူ့စွမ်းအားရှင်အဖြစ် ဖွဲ့စည်းထားရန် လျာထားပါတယ်။ ထပ်မံပြီး နိုင်ငံတကာကျူးကျော်စစ် အီရတ်ကဲ့သို့ နိုင်ငံကြီးတနိုင်ငံက ကျူးကျော်လာပါက ဒုတိယအရံအင်အားစုအနေနဲ့ ပြည်သူထဲမှ စစ်မှုထမ်းဟောင်းများကို အမာခံထားပြီး အစိုးရဌာန ၀န်ထမ်းအင်အားစုများနဲ့ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများကို အခြေခံကာ ပြည်သူ့စစ်စနစ်ကို ဖွဲ့စည်းထားစေခဲ့ပါတယ်။ ဒါ့အပြင် ပြည်တွင်းမှာရှိတဲ့ အတိုက်အခံအင်အားစုများကို နှိပ်ကွပ်ဖို့ ပြည်သူ့စွမ်းအားရှင်အဖွဲ့ကို အသုံးပြုကာ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ ကြံ့ဖွံ့နဲ့ ကြက်ခြေနီ၊ မီးသတ်များကို ပါ၀င်စုစည်းစေပြီး မြန်မာအရပ်စကား အခေါ်အ၀ေါ်အရ "ငါးကြင်းဆီနဲ့ ငါးကြင်းကျော်" နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ အဓိက ညွှန်ကြားချက်ကတော့ လူထုအုံကြွမှု ဖြစ်မလာခင်မှာ လူစုရုံးခွင့်ထုထည်ကြီးမားလာတာကို အခွင့်အလမ်းမပေးဘဲ အတိုက်အခံတွေရဲ့ လူစုရုံးမှု ၅ ဦးရှိရင် နအဖရဲ့ လက်ကိုင်တုတ်အဖွဲ့တွေက ၁၀ ဦးနဲ့ လက်ဦးမှုယူကာ ၀ိုင်းပတ်ချေမှုန်းဖို့ ညွှန်ကြားထားခဲ့ပါတယ်။

နိုင်ငံတော် ကာကွယ်ရေးမဟာဗျူဟာ အခန်းကြီး(၄) စစ်ဆင်မှု မဟာဗျူဟာ အခြေခံသဘောစုရုံးခြင်းအရ စွမ်းအားရှင်များကို စုရုံးရန်စီမံခြင်း၊ စုရုံးသူများကို ရဲနှင့် SBတို့က အကာအကွယ်ပေးခြင်း၊ စုရုံးကွပ်ကဲခြင်း၊ စုရုံးမှုနေရာများဖြစ်တဲ့ ကြံ့ဖွံ့ဌာနချုပ်များနှင့် ကျိုက္ကဆံကွင်း၊ မော်ဘီ ရဲတပ်ရင်းများ စတဲ့နေရာများသို့ရွှေ့ပြောင်းခြင်း၊ အရံအင်အားစုများဖြစ်တဲ့ ကြံ့ဖွံ့များ နာမည်ပျက်လာမှုကို ကာကွယ်ရန် လူမိုက်များနှင့် အခြေအနေမယ့်များကို ငှားရမ်းအသုံးချခြင်း၊ စတာတွေကို တွေ့ရမှာဖြစ်ပါတယ်။ရုတ်တရက်ကြည့်ရင် တိုက်ခိုက်ရန်ဖြစ်ပွားလို့ ဒေသခံ ရပ်ကွက်လူထုက လက်မခံတဲ့အသွင်မျိုး ဖန်တီးပြီး၊ စိတ်ဓာတ်စစ်ဆင်ရေး နည်းဗျူဟာနှင့်လည်း တွဲသုံးကာ ဖြိုခွင်းဖို့ ညွှန်ကြားထားပါတယ်။ နအဖဟာ ပြည်သူ့စစ်မဟာဗျူဟာအရ ဒုတိယအရံ အင်အားစုကို ဖွဲ့စည်းရာမှာ အသက် (၁၅)နှစ်မှ (၄၆) နှစ် အတွင်းကို စစ်တိုက်ခိုက်နိုင်ဖို့အထိ ရည်မှန်းပြီး၊ အသက် (၄၆)နှစ်မှ (၅၆)နှစ်အတွင်း လူကြီးပိုင်းများနဲ့ အမျိုးသမီးများကိုတော့ မြို့ရွာလုံခြုံရေး၊ စက်ရုံအလုပ်ရုံစွမ်းအင်ဌာန ရိက္ခာဂိုဒေါင်များရဲ့ လုံခြုံရေးကို တာ၀န်ပေးအပ်ဖို့နဲ့ လိုအပ်ရင် ထောက်ပံ့ရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းကို ထိမ်းသိမ်းနိုင်သည်အထိ လေ့ကျင့်ပေးဖို့ မူ၀ါဒတွေကို နအဖဟာ ချမှတ်ခဲ့ပါတယ်။ ပြည်သူ့စစ်အဖွဲ့ကို အဓိက ကွပ်ကဲရန်မှာ နအဖက ဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကို အသုံးချမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ကာကွယ်ရေး မဟာဗျူဟာအခန်းကြီး (၃)တိုက်ပွဲစဉ်နဲ့ စစ်ဆင်ရေး၊

စီမံကိန်း၊ စီမံချက်ရေးဆွဲခြင်းအရ စွန်ရဲစီမံချက် များကဲ့သို့ စီမံချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်လာတာ တွေ့ရပါတယ်။

၁၉၉၆ ခုနှစ် မေလ (၅) ရက်နေ့က (ကက–ကြည်း) တတိယလေးလပတ် စစ်ဆင်ရေး၊ စစ်ရေး၊ စစ်ထောက် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ရာ တိုင်းနယ်မြေအတွင်းရှိ တပ်ရင်းအင်အားရဲ့ သုံးပုံ တစ်ပုံခန့် အသုံးပြုပြီး နယ်မြေ လုံခြုံရေးနှင့် နယ်မြေထိန်းသိမ်းရေးကို ဆောင်ရွက်ရာမှာ ပထမဦးစွာ ကြံ့ဖွတ်အသင်း၊ ကြက်ခြေနီ၊ မီးသတ်၊ ရဲတပ်ဖွဲ့ အင်အားစုများကို ဘယ်လိုပြောင်းလဲအသုံးပြုမည်ကို စီမံချက်ရေးဆွဲထားဖို့နဲ့ ဒုတိယအဆင့်အနေနဲ့ ပြည်သူလူထု အတွင်းမှာ မျိုးချစ်စိတ်ရှိသူ စစ်ပြန်စစ်မှုထမ်းဟောင်းများကို စည်းရုံးကာ ပြည်သူ့စစ်အသွင် ပြောင်းလဲပြုလုပ်ပြီး တိုင်းနယ်မြေလုံခြုံရေးအတွက် မည်ကဲ့သို့ တာဝန်ပေးဆောင်ရွက်မည်ကို လည်း စီမံထားကြဖို့ ညွှန်ကြားထားပါတယ်။

၁၉၉၈ ဖေဖော်ဝါရီလ(ကကကြည်း) လေးလပတ် စစ်ဆင်ရေး၊ စစ်ရေး၊ စစ်ထောက် ညှိနှိုင်းအစည်းအဝေးမှာ နိုင်ငံတော်ကာကွယ်ရေးမဟာဗျူဟာ (National Defense Strategy) ကို အရှိန်အဟုန်မြှင့်ဖို့ ညွှန်ကြားခဲ့ပါ တယ်။ ၁၉၉၈ ခုနှစ်က ရန်ကုန်တိုင်းစစ်ဌာနချုပ်ရဲ့ စီစဉ်မှုနဲ့ အမှတ်(၁) တိုင်းဗဟိုလေ့ကျင့်ရေးစခန်း (ဂျိုးဖြူ)မှာ မီးသတ် ၂၀၀ဦး၊ ကြက်ခြေနီ ၂၀၀ဦးကို သင်တန်းများ စတင် ပို့ချပေးခဲ့ပါတယ်။ ဒါ့အပြင်ဖောင်ကြီးနဲ့ ဇီးပင်ကြီး ဝန်ထမ်းတက္ကသိုလ် ကျောင်းများမှာ စစ်ရေးလေ့ကျင့်မှုကို တိုးချဲ့ သင်ကြားပေးခဲ့ပါတယ်။ (၂၀၀၂) ခုနှစ်မှ (၂၀၀၃) ခုနှစ် အထိ တပြည်လုံးအတိုင်းအတာနဲ့ တိုင်းစစ်ဌာနချုပ်များကို ပြည်သူ့စစ်မဟာဗျူဟာအရ အထူးတာဝန်ပေးခဲ့ပြီး အစိုးရဝန်ထမ်းတွေကိုတောင် စစ်သင်တန်းများ တက်ရောက်သင်ကြား စေခဲ့ပါတယ်။ ဥပမာ– ရန်ကုန်တိုင်းစစ်ဌာနချုပ်မှာ စစ်ဦးစီးမ–း ဗိုလ်မ–းကြီး ကိုယ်တိုင် ကြီးကြပ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ စစ်သင်တန်းများ အကန့်လိုက် ဖွင့်လှစ် သင်ကြား ခဲ့ပါတယ်။ စစ်တပ်က သင်ကြားပေးရမယ့် ဝန်ကြီးဌာနများနဲ့ ပြည်သူ့ရဲက သင်ကြားပေးရတဲ့ ဝန်ကြီးဌာနများဆိုပြီး ခွဲခြားထားပါတယ်။ စစ်တပ်က သင်ကြားပေးရတဲ့ ဝန်ကြီးဌာနများကို တော့ သက်ဆိုင်ရာဝန်ကြီးဌာနက စီစဉ်ပေးတဲ့နေရာတွေမှာ လေ့ကျင့်သင်ကြားပေးရပြီး ပြည် သူ့ရဲကတော့ ကျိုက္ကဆံကွင်းမှာ စုစည်းပြီး လေ့ကျင့်သင်ကြားပေးပါတယ်။ စစ်တပ်က သင်ကြားပေးရတဲ့ ဝန်ကြီးဌာနများကိုတော့ လေ့ကျင့်ရေး (၁) မှ ဆရာများက ကြီးကြပ်ကာ လက်နက်များကို ရန်ကုန်တိုင်းစစ်ဌာနချုပ် လက်အောက်ခံတပ်ရင်း လက်နက်တိုက်များမှ ထုတ်ယူစေပြီး လေ့ကျင့်ပြီးပါက ပြန်လည်အပ်နှံတဲ့စနစ် ကျင့်သုံးသင်ကြားခဲ့ပါတယ်။ စစ်ရေး လေ့ကျင့်ခန်း သင်တန်းတခုကို သုံးလသတ်မှတ်ပြီး စစ်ရေးပြ၊ လက်နက်ငယ် စစ်ရေးပြ၊ ကျည် ထိုးခြင်း၊ ချိန်ရွယ်ပစ်ခတ်နိုင်ရန်အထိ သင်ကြားပေးပါတယ်။ ဒါ့အပြင် လက်နက်ငယ်ဖြုတ် ခြင်း၊

တပ်ခြင်းကိုလည်း သင်ကြားပေးပါတယ်။ တချို့ဝန်ထမ်းများက စိတ်ဝင်စားပြီး တချို့ဝန်ထမ်းများက ရုံးဆင်းချိန်နောက်ကျမှ ပြန်ရလို့ စားဝတ်နေရေး ကျပ်တည်းတာကြောင့် စိတ်ညစ်နေတာကို တွေ့ရပါတယ်။ အမျိုးသမီးများပါ တက်ရောက်ရလို့ စစ်သင်တန်းဟာ မထင်မှတ်ဘဲ ကြီးကျယ်သွားပါတယ်။ သင်တန်းပြီးပါက တက်ရောက်ပြီးသူများကို အသက် ၅၅နှစ် အထက်အား အသက်ကြီးအုပ်စုနဲ့ အသက် ၄၆ နှစ်မှ ၅၄ နှစ်အထိကို အသက်လတ်အုပ်စု၊ အသက် ၁၈ နှစ်မှ ၄၅ နှစ်အထိကို အသက်ငယ်အုပ်စုဆိုပြီး အုပ်စု(၃)ခု ခွဲကာ တပ်စိတ်၊ တပ်စုများ စုဖွဲ့စေပါတယ်။ ဇီးပင်ကြီး၊ ဖောင်ကြီးဝန်ထမ်းတက္ကသိုလ်ဆင်း ဝန်ထမ်းများနဲ့ စစ်မှုထမ်းဟောင်းများက ခေါင်းဆောင်ကာ ဖွဲ့စည်းပုံဇယားနဲ့ ရန်ကုန်တိုင်းစစ်ဌာနချုပ်ထံ တင်ပြရပါတယ်။ ရန်ကုန်တိုင်းတစ်တိုင်းထဲမှာ စစ်သင်တန်းတက်ရောက်ခွင့်ရသူဟာ တစ်သိန်းကျော် ရှိကြောင်းသိရှိရပြီး တိုင်းစစ်ဌာနချုပ်များက တက်လာတဲ့စာရင်းကို ကကြည်း (စီမံ)က ကိုင်တွယ်ကာ ညှိနှိုင်းကွပ်ကဲရေးမ–းဖြစ်တဲ့ ဗိုလ်ချုပ်ရွှေမန်း ထံသို့ တင်ပြရပါတယ်။ ဆက်လက်ပြီး အရှိန်အဟုန်မြှင့်ခဲ့ပြန်ရာ တိုင်းဗဟို (၁) ဂျိုးဖြူသို့ အဆိုပါဝန်ထမ်းများကို ထပ်မံမွမ်းမံသင်တန်း တက်ရောက်စေပြီး “ကျည်”အစစ်များ၊ မောင်းပြန်ရိုင်ဖယ်များဖြင့် ပစ်ခတ်နိုင်ရန်နှင့် ယုံကြည်မှုရှိစေရန်အထိ လေ့ကျင့်သင်ကြားပေးပါတယ်။ ဒါ့အပြင် သင်တန်းမှာ ထူးချွန်သူတွေကို ဆုများ အသီးသီးချီးမြှင့်ပေးခိုင်းပြီး စစ်ဝတ်စုံချုပ်ခိုင်းပါတယ်။

## ငါ့မြင်းငါစိုင်း ကြပ်ပြေးရောက်ရောက်၊ ငါ့လှေငါထိုး မမြို့ရောက်ရောက်

နအဖရဲ့ နောက်ထပ် မဟာဗျူဟာတစ်ခုကတော့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနဲ့ စည်ပင်သာယာရေးဝန်ကြီးအား အထူးတာဝန်ပေးပြီး မြန်မာပြည်ရဲ့အကြီးဆုံး မဟာဗျူဟာလမ်းမကြီးကို ဖောက်လုပ်ခိုင်းပါတယ်။ အဆိုပါလမ်းကို ကား ၆ စီး တပြိုင်နက် ရင်ဘောင်တန်းသွားနိုင်ပြီး လိုအပ်ပါက လေယာဉ်များဆင်းသက်နိုင်ရန်အထိ အဖြောင့်တည့်တည့် ဖေါက်ခိုင်းပါတယ်။ အဲဒီလမ်းမကြီးဟာ အင်းတိုင် (ရန်ကုန်)မှ ပဲခူးရိုးမတောင်ခြေဖြတ်ပြီး မြန်မာပြည်ရဲ့ တောင်မှ မြောက်သို့ မြို့ကြီးများကို ရှောင်ကွင်းပြီး အညာမြေဖြတ်သန်းစေကာ မန္တလေးအထိ ဖောက်လုပ်မှာ ဖြစ်ပါတယ်။ အဲဒီ ဖောက်လုပ်မယ့်လမ်းကြီးနဲ့ မလွတ်တဲ့ ရွာတွေ၊ လယ်ကေတွေကို အတင်းအဓမ္မ သိမ်းယူကာ ဖယ်ရှားခိုင်းခဲ့ပါတယ်။ ဒါ့အပြင် ပဲခူးရိုးမကို ဖြတ်နိုင်တဲ့အရှေ့မှ အနောက်သို့သွားသော ရန်ကုန်–မန္တလေးလမ်းမကြီး၊ ရန်ကုန်–မကွေးလမ်းမကြီးနဲ့ ကန့်လန့်ဖြတ် ဆက်သွယ်နိုင်တဲ့ ဖြတ်လမ်း ၅ လမ်းကိုလည်း ဖောက်လုပ်စေခဲ့ပါတယ်။ ဒီလို ဖောက်လုပ်တာဟာ တင့်ကားများနှင့် ခြေလျင်တပ်များ စစ်ကစားနိုင်ရန်နဲ့

အရေးပေါ် လှုပ်ရှားနိုင်ရေးအတွက် နိုင်ငံတော်ကာကွယ်ရေးမဟာဗျူဟာ NDS အရ အကောင်အထည်ဖော်ခြင်း ဖြစ်တယ်လို့ သိရပါတယ်။ နအဖဟာ နိုင်ငံရေးအခင်းအကျင်းအရ စစ်ရုံးကို ကြပ်ပြေးသို့ ဖုတ်ပူမီးတိုက် ပြောင်းရွှေ့သွားရပုံနဲ့ နအဖရဲ့ လက်ကိုင်တုတ် ကြံ့ဖွံ့ ဖွဲ့စည်းပြီး အရှိန်ယူလာပုံကို ဆက်လက် တင်ပြသွားပါ့မယ်။

၁၉၉၈–၂၀၀၂ ခုနှစ် နိုင်ငံရေးအခင်းအကျင်းအရ ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်ခင်ညွန့်တို့ ညှိနှိုင်းသဘောတူညီချက်များ ရရှိထားပြီးဖြစ်လို့ အမျိုးသားညီလာခံ ကျင်းပပြီး ရွေးကောက်ပွဲလုပ်ပြီးပါက အစိုးရအဖွဲ့သစ်နှင့် သီးခြားဖြစ်စေရန် စစ်ရုံးတခု တည်းသာ ကြပ်ပြေးသို့ ပြောင်းရွှေ့ရေးစီမံချက်ချမှတ်ခဲ့ပါတယ်။ ဒုတိယ ဗိုလ်ချုပ်မှူးကြီး ၂ဦး ထားရှိပြီး မြန်မာပြည်အား တောင်ပိုင်းနှင့် မြောက်ပိုင်းတပ်တော်စုများအထိ NDS အရ ခွဲထုတ်ရန် လျာထားခဲ့ပါတယ်။ ဒါပေမယ့် ဒီပဲယင်းအရေးအခင်း၊ အီရတ်အရေးအခင်းများနဲ့ ဗိုလ်ချုပ်ခင်ညွန့်ကို အရေးယူတဲ့ ဖြစ်စဉ်များအရ ဖုတ်ပူမီးတိုက်ဖြစ်ကာ ကြပ်ပြေးသို့ ၁၁– ၁၁ – ၂၀၀၅ ခုနှစ်မှာ ဝန်ကြီးဌာနများအားလုံး ပြောင်းရွှေ့ခဲ့ရပါတယ်။ မူလက အစီအစဉ်မရှိပဲ ရုတ်တရက် ပြောင်းရွှေ့ခဲ့ခြင်းအပေါ် နယ်ဘက်ဝန်ထမ်းများနှင့် စစ်တပ်က အလယ်အလတ် အရာရှိကြီးများမှအစ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အဆင့်ထိ ဘဝင်မကျဘဲ စိတ်အနှောင့် အယှက်ဖြစ်ကာ အခက်အခဲပေါင်းစုံ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ ဒါကိုသိတဲ့ နအဖဥက္ကဋ္ဌဟာ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့မှာ ကျင်းပတဲ့စစ်ရုံး (ကြပ်ပြေး) လေးလပတ်အစည်း အဝေးမှာ ရှင်းလင်းချက်များပေးနေရကြောင်း သိရှိရပါတယ်။ ကြပ်ပြေးပြောင်းရခြင်းမှာ Historical Point View အရ လည်းကောင်း၊ Background History အရ တိုင်း စစ်ဌာနချုပ် များနှင့် တိုင်းနှင့်ပြည်နယ်များကို အထက်အောက် လွယ်ကူစွာ ဆက်သွယ်နိုင်လို့ လည်းကောင်း၊ Heart Land Theory အရ လည်းကောင်း၊ Economical Value/ Social Value Logistic Value/ NDS ရဲ့ Tactical Value အရ လိုအပ်လို့လည်းကောင်း၊ Strong Background လိုအပ်လို့ လည်းကောင်း ပြောင်းရခြင်းဖြစ်ကြောင်း စသဖြင့် အကြောင်းပြချက် များစွာနဲ့ ရှင်းလင်းပြောဆို နေရပါတယ်။ ဒ့ါအပြင် ပြည်ပစစ် ဖြစ်လာပါက The Whole Nation of State တနိုင်ငံလုံး အချက်အချာကျတဲ့နေရာဖြစ်လို့ ဘယ်လိုပြုလုပ်ရမယ် ဆိုတာကို စွန်ရဲစီမံချက်လိုမျိုး ကြိုတင်စဉ်းစား ပြုလုပ်သွားရန်လည်း တပ်ချုပ်ဗိုလ်သန်းရွှေက မှာကြားခဲ့တယ် လို့ သိရှိရပါတယ် ■

# အခန်းကြီး (၆)
# အသားထဲကလောက်

## အစမကောင်းတဲ့ ကြံ့ဖွံ့ရဲ့ ကိုယ်တွေ့ဖြစ်စဉ်

နအဖ မွေးထုတ်လိုက်တဲ့ ကြံ့ဖွံ့အဖွဲ့အစည်းနှင့်စပ်လျဉ်းပြီး စတင်ဖွဲ့စည်းတဲ့ ၁၉၉၃ ခုနှစ် အချိန်မှစ၍ အောက်ခြေမှာ ဘယ်လို စတင်ကြုံတွေ့ရတယ်ဆိုတာ ကိုယ်တွေ့ဖြစ်စဉ်နှင့်တကွ ဦးစွာ တင်ပြပါမယ်။ဒီလို တင်ပြရာမှာ အချိန်ကာလ ဒေသခံရွာ၊ အဖွဲ့အစည်း၊ တပ်နှင့်ဌာန ဆိုင်ရာ များရဲ့ ဂုဏ်သိက္ခာ၊ လုံခြုံရေးကို ငဲ့ကွက်ပြီး ချန်လှပ်ဖော်ပြသွားပါ့မယ်။

ကျွန်တော်ထိုင်တဲ့ တပ်စခန်းရှိတဲ့နေရာဟာ ကျေးရွာအုပ်စုကြီးဖြစ်ပြီး နယ်မြေ ကျယ်ဝန်းကာ လမ်းပမ်းဆက်သွယ်ရေး အဓိကကျတဲ့ နေရာဖြစ်ကာ ကျေးရွာအများအပြားကို လွှမ်းမိုးထားတဲ့နေရာ ဖြစ်ပါတယ်။ဒါ့အပြင် ကျေးရွာရယက၊ ပြည်သူ့ရဲ၊ ထောက်လှမ်းရေး၊ ပြည်သူစစ် စတဲ့ အဖွဲ့အစည်းများ စုံလင်မှုရှိတဲ့နေရာလည်းဖြစ်ပါတယ်။ ကျေးရွာရယကရဲ့ တင်ပြချက်အရ ရပ်ကွက်ရုံးကို ရံပုံငွေရှာဖွေပြီး ရုံးသစ်ထူထောင်ဖို့ စိုင်းပြင်းနေချိန်ဖြစ်ပါတယ်။ တစ်နေ့သောအချိန်မှာ တပ်ရင်းမ–းက ကြေးနန်းဖြင့် လည်းကောင်း၊ မရဝ ဆိုတဲ့ တိုက်ရိုက်စက် ပေါ်တွင် ပြောဆို၍လည်းကောင်း၊ မြို့နယ်ပညာရေးမ–းတစ်ဦးလာလိမ့်မယ် ဖြစ်ကြောင်း၊ ကြံ့ဖွံ့ အဖွဲ့အစည်းရုံးနှင့် ဖွဲ့စည်းရေးအတွက် အစစအရာရာ ကူညီပေးလိုက်ဖို့ ကျွန်တော့်အား ညွှန်ကြားလိုက်ပါတယ်။ မကြာခင် မြို့နယ်ပညာရေးမ–းဆရာကြီးတစ်ဦး ရောက်ရှိလာပြီး ကျွန်တော်နှင့် တွေ့ဆုံပါတယ်။ ဆရာကြီးက ဒီနယ်မြေတွင်ကြံ့ဖွံ့အတွင်းရေးမ–း တစ်ဦး ရွေးချယ် ပေးရန် ရှိကြောင်း၊ ဒါ့အပြင် ဖွဲ့စည်းဖို့လုပ်၍ ရုံးခန်းဖွင့်လှစ်နိုင်ရေး စီစဉ်ပေးစေလိုကြောင်း ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ ကျွန်တော်လည်း ရယကဥက္ကဌ ခေါ်ယူပြီး ဆွေးနွေးပွဲစတင်ခဲ့ပါတယ်။ အဲဒီမှာ ကျေးရွာလူကြီးဖြစ်သူ ရယကဥက္ကဌက မေးခွန်းထုတ်တဲ့အပေါ် ကျွန်တော်နှင့် ပညာရေးမ–းတို့ အကြပ်ရိုက်သွားပါတယ်။ သူ့မေးခွန်းက ကြံ့ဖွံ့ဟာ ဥက္ကဌမရှိဘဲ အတွင်းရေးမှူးသာရှိလို့ ကွန်မြူနစ်တွေလား။ ရယက အဖွဲ့အစည်းရဲ့ လက်အောက်ခံဖြစ်နိုင်လား၊ ကြံ့ဖွံ့ဟာ လူမှုရေး အဖွဲ့လို့ဆိုရင် လုပ်အားပေးနဲ့ သန့်ရှင်းရေး လုပ်ခိုင်းလို့ရမလား။ ကြံ့ဖွံ့မှာ ရန်ပုံငွေရှိ၊ မရှိ စတာ တွေကို မေးမြန်းပါတော့တယ်။ ဆရာကြီးက ကြံ့ဖွံ့ဟာ နိုင်ငံရေးအဖွဲ့အစည်းမဟုတ်ကြောင်း၊ လူငယ်များနဲ့ အခြေခံထားလို့ ဥက္ကဌမထားဘဲ အတွင်းရေးမှူးထားခြင်းဖြစ်ကြောင်း၊ ရန်ပုံငွေ မရှိကြောင်း ဖြေဆိုခဲ့ပါတယ်။ ရယက ဥက္ကဌက ကြေနပ်ပုံမပေါ်သေးဘဲ အတွင်းရေးမှူး ရွေးချယ်ရင် ကျနော် တာဝန်ပေးတဲ့သူဆိုရင် ဖြစ်မလားဆိုပြီးတော့ ထပ်ကွန့်ပါတယ်။ အဓိက ရယက ဥက္ကဌ မကျေနပ်တာက ရပ်မိရပ်ဖတွေရဲ့ ချွေးနည်းစာနဲ့ ရန်ပုံငွေ စုစည်းတည်ဆောက်နေတဲ့ ရပ်ကွက်ရုံးသစ်ကြီးကို ကြံ့ဖွံ့အား ဖဲ့၍ မပေးလိုခြင်းကြောင့် ဖြစ်ပါတယ်။ ကျနော်လည်း အစည်းအဝေး ခေတ္တနားပြီး ထမင်းစားနားချိန်မှာ အကျပ်အတည်းဖြစ်နေလို့ ဆရာဖြစ်သူ တပ်ရင်းမှူးကို စစ်ကူတောင်း ပြောပြသော်လည်း ဆရာပီသစွာနဲ့ မင်းဘာသာမင်း ကြည့် လုပ်ပါ

လို့ပြောပြီး ခေါင်းရှောင်ခဲ့ပါတယ်။ ကျနော်လည်း ရယကဥက္ကဋ္ဌကို တဦးတည်း ရုံးခန်းသို့ခေါ်ကာ စည်းရုံးဖျောင်းဖျတော့မှ အလျှော့ပေးခဲ့ပါတော့တယ်။

မြို့နယ်ပညာရေးမှူးဆရာကြီးက ကြံ့ဖွံ့အတွင်းရေးမှူးကို ရယကဥက္ကဋ္ဌက ရွေးပေးတာ သဘောမတွေ့ကြောင်း၊ လူမှုရေးအဖွဲ့အစည်းဖြစ်လို့ အချိန်ပေးနိုင်သူနှင့် အနစ်နာခံနိုင်သူ ဖြစ်သင့်ကြောင်း ပြောပြန်ပါတယ်။ နောက်ဆုံးမှာ ရွေးကောက်ပွဲလုပ်ဖို့ (၃)ဦးသား သဘောတူညီ ဆုံးဖြတ်ခဲ့ကြပါတယ်။ ကျနော်မှ မူဝါဒ ချမှတ်ပေးရာမှာ ဒီမိုကရေစီကျကျ မဲဆန္ဒပုံး (၃)ပုံး ထားရှိရန် လိုအပ်ကြောင်း၊ တစ်ပုံးက ရယက ဥက္ကဋ္ဌ ကြိုက်တဲ့သူဖြစ်ရန်၊ တစ်ပုံးမှာ ယခင် မဆလ အဖွဲ့ဝင်ဟောင်း သက်ကြီးရွယ်အိုတစ်ဦးနှင့် ကျန်တစ်ပုံးကတော့ ရွာထဲက စီးပွားရေး တောင့်တင်းပြီး သွက်သွက်လက်လက် လူလတ်တစ်ဦးကို ရွေးချယ်ပေးရန် လျာထားလိုက်ပါတယ်။ ကန့်လန့်ကာ ကာထားပြီး ဆန္ဒမဲပုံးတွေရှေ့မှာ ရွေးချယ်ခံမယ့် ပုဂ္ဂိုလ်များရဲ့ဓာတ်ပုံ အရည်အချင်း သတ်မှတ်ချက်များ ကပ်ထားစေကာ မြို့နယ်ပညာရေးမှူးနဲ့ ပြည်သူ့ရဲမှ စခန်းမှူး (၂)ဦးကို ဆန္ဒမဲ ပုံးများရှေ့တွင် ထိုင်စေပြီး မဲထည့်သူများ မဲအလေအလွင့်မဖြစ်စေရေး ကြပ်မတ်စေပါတယ်။ အရံ မဲပုံးတစ်ပုံးကိုလည်း ထားရှိပြီး (၃) ဦးစလုံးကို မကြိုက်ရင် ထည့်ရန်ဖြစ်ပါတယ်။ ကျနော်နဲ့ ဆရာကြီး မျှော်လင့်ထားတဲ့အတိုင်း စီးပွားရေးတောင့်တင်းပြီး လူမှုရေးဝါသနာပါတဲ့ လူလတ် တစ်ဦးက မဲဆန္ဒအများဆုံးရကာ သူ့ကို အတွင်းရေးမှူးအဖြစ် ရွေးချယ် တာဝန်ပေးအပ်နိုင်ခဲ့ပါ တယ်။ အဲဒီအခါမှာ ရယက ဥက္ကဋ္ဌအနေနဲ့ ရုံးခန်းတဝက် ဖွဲ့ပေးရေးကိစ္စကို ကန့်ကွက်မှုမရှိစေရေး ကျနော်မှ ဖိအားပေးညှိနှိုင်းပေးခဲ့ရပါတယ်။ ရယက ဥက္ကဋ္ဌက လွယ်လွယ်ကူကူနဲ့ မလျှော့ပေးဘဲ အစည်းအဝေးခမ်းမ တစ်ခုတည်းသာရှိလို့ အစည်းဝေးကျင်းပရာမှာ တိုက်ဆိုင်နေရင် ဘယ်အဖွဲ့ အစည်းကို ဦးစားပေးရမလဲလို့ မေးခွန်းထုတ်ပြန်ရာ ကျနော်မှ ပုံမှန်အစည်းအဝေး တိုက်နေ တယ်ဆိုရင် အချိန်ညှိရန်နှင့် အရေးပေါ်အစည်းအဝေးရှိတဲ့အဖွဲ့ကို ဦးစားပေးရန် ဆုံးဖြတ်ပေးခဲ့ ပါတယ်။ ကြံ့ဖွံ့ကို အစကတည်းက အောက်ခြေအဖွဲ့အစည်းတွေ အစာမကြေမှုနဲ့ ကြံ့ဖွံ့ရဲ့ ဗိုလ်ကျမှုတွေ၊ အနိုင်ကျင့်မှုတွေကြောင့် ပြည်သူတွေ မျက်စိစပါးမွေးစူးလာနိုင်တယ်လို့ ကျနော်မှ ဆရာကြီးကို ပြောဆိုခဲ့ပါတယ်။ ရန်ပုံငွေမရှိဘဲ ကိုယ့်ခြေထောက်အပေါ် ကိုယ်ရပ်တည်ခြင်းဟာ ကောင်းသလိုလိုနဲ့ တကယ်တော့ မကောင်းကြောင်း၊ ယခုအချိန်တွင် အောက်ခြေအဖွဲ့အစည်း များဖြစ်တဲ့ ရယက၊ ပြည်သူ့ရဲ၊ ပြစ်သူ့စစ်အဖွဲ့တွေရဲ့ အကြံအဖန် ရိက်စားအကွက်များ၊ အကောက်ဂိတ်များအပေါ် ကြံ့ဖွံ့အား ပေးစားမှုပြုသနာဟာ သူများထမင်းအိုး လက်လျှို နှိုက်သလိုမျိုး ဖြစ်နေလို့ မဖြစ်သင့်ကြောင်း ကျနော်မှ ပြောဆိုခဲ့ပါတယ်။

## အဆိပ်ပင်ရေလောင်း

နအဖရဲ့ လက်ကိုင်တုတ်ကြံ့ဖွံ့ကို ၁၉၉၃ ခု စက်တင်ဘာလ ၁၅ ရက်နေ့မှာ စတင်ဖွဲ့စည်းထူထောင်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှာ မှတ်ပုံတင်ခဲ့ပါတယ်။ မြန်မာ့နိုင်ငံရေး သမိုင်းစဉ်ကို ပြန်ကြည့်ရင် ၁၉၅၈–၆၀ မှာ ဗိုလ်နေဝင်းရဲ့ အိမ်စောင့်အစိုးရ လက်ထက်က စစ်တပ်ရဲ့ အမာခံ ကြောရိုးအဖြစ် ရှိနေခဲ့တဲ့ "နိုင်ငံတော်ကြံ့ခိုင်ရေးအသင်း" ကို မှီငြမ်းပြီး တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီအသင်းကြီးကို ပြန်ကြည့်မယ်ဆိုရင် ဥက္ကဋ္ဌဟာ ပြည်ထဲရေးဝန်ကြီး ဦးခင်မောင်ဖြူ၊ ဒုတိယဥက္ကဋ္ဌက ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်မှူးချုပ်အောင်ကြီး၊ အတွင်းရေးမှူးဟာ ဗိုလ်မှူးကြီးမောင်မောင်တို့ ဖြစ်နေတာ တွေ့ရပါတယ်။ အခု ကြံ့ဖွံ့အသင်းကြီးကို ပြန်ကြည့်ရင်လည်း ဗဟိုနာယကနဲ့ အဖွဲ့ဝင်တွေအားလုံးဟာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ဝန်ကြီးချုပ်၊ အတွင်းရေးမှူး(၁)၊ ကစထမှူးများ၊ စစ်ထောက်ချုပ်၊ ကာကွယ်ရေးဦးစီးချုပ် ရေ နဲ့ လေ၊ တိုင်းမှူးများအားလုံးဟာ ဖွဲ့စည်းပုံမှာ ပါနေတဲ့အပြင် အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများအဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွေမှာ ပါဝင်နေသူတွေ အားလုံးဟာလည်း အစိုးရအဖွဲ့ဝင် ဝန်ကြီး၊ ဗိုလ်ချုပ်များ၊ ဒုဝန်ကြီးများ ပါဝင်နေတာကို တွေ့ရပါတယ်။ ပထမဦးဆုံး အထွေထွေ အတွင်းရေးမှူးဖြစ်တဲ့ ယခင် ပညာရေးဝန်ကြီး ဦးသန်းအောင်ဟာ အရပ်သား ဖြစ်ပေမယ့် ၎င်းပြုတ်သွားပြီးတဲ့နောက် လယ် ဆည် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တာဝန်ယူခဲ့ပြီး ဝန်ကြီးချုပ်က အပေါ်က ကြပ်မတ်ကာ ဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ နအဖ အဖွဲ့ဝင်များနဲ့ တိုင်းမှူးများဟာ ကြံ့ဖွံ့ရဲ့ နာယက အဖွဲ့ဝင်များ အဖြစ်ရှိနေပြီး အဓိကဖွဲ့စည်းပုံအရ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများအဖွဲ့ကိုလည်း အဆင့်ဆင့် ဖွဲ့စည်းထားပါတယ်။ အတွင်းရေးမှူး (၅) ဦးထားရှိပြီး ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် (၁၉) ဦးကို ယူနီဖောင်းဖျောက်ထားတဲ့ဝန်ကြီး၊ ဒုဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယ မြို့တော်ဝန်များနဲ့ ဖွဲ့စည်းထားပါတယ်။ ၎င်းတို့နဲ့ အတွင်းရေးမှူးများထဲမှ တချို့ကို တိုင်းနဲ့ ပြည်နယ်အလိုက် တာဝန်ခံများအဖြစ် တာဝန်ပေးအပ်ထားပါတယ်။ ကြံ့ဖွံ့ရုံးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် လုပ်နိုင်ရန် အသင်းကြီးရဲ့ ဌာနချုပ်မှူး၊ ဒုတိယဌာနချုပ်မှူး၊ သင်တန်းတာဝန်ခံများ ထားရှိကာ စနစ်တကျ ဖွဲ့စည်းထားပါတယ်။ ဥက္ကဋ္ဌ ရာထူးအဖြစ်မထားဘဲ မြို့နယ်၊ ခရိုင်၊ တိုင်းနဲ့ပြည်နယ်အလိုက် အတွင်းရေးမှူး တွဲဘက်အတွင်းရေးမှူးရာထူးများ၊ အလုပ်အမှုဆောင်များဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းထားပါတယ်။ ကြံ့ဖွံ့ဌာနချုပ်ရဲ့ ရုံးသစ်ကြီးကို ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်မှာ ခေတ်မီ Auto Power Windoor မှန်ကြီးများအပါအဝင် ငွေသိန်းပေါင်းသောင်းနဲ့ချီပြီး အကုန်အကျခံကာ တည်ဆောက်ခဲ့ပါတယ်။ ကြံ့ဖွံ့သင်တန်းကျောင်းကို ယခင်

မော်ဘီဗိုလ်သင်တန်းကျောင်းတွင်ဖွင့်လှစ်ခဲ့ပြီး နောက်ပိုင်းမှာ ညောင်နှစ်ပင် အမျိုးသားညီလာခံ ကျင်းပတဲ့ အဆောက်အဦးများကို ညီလာခံပြီးပါက ကြံ့ဖွံ့က ပြန်လည်လွှဲပြောင်းသုံးစွဲ ရယူမှာ ဖြစ်ပါတယ်။

ညောင်နှစ်ပင်ညီလာခံမှာ ဆောက်လုပ်ထားတဲ့ အဆောက်အဦးတွေဟာ ကြံ့ဖွံ့ အတွက်ဖြစ်လို့ ငွေကြေးအမြောက်အမြား ကုန်ကျခံသုံးစွဲခဲ့ပေမယ့် ယခင် ကြံ့ဖွံ့ အထွေထွေ အတွင်းရေးမှူး ဦးသန်းအောင်နဲ့ အတွင်းရေးမှူး ဦးအောင်သောင်းတို့ရဲ့ အပေါင်းအပါ ကုမ္ပဏီ များရဲ့ မတရား ကိုယ်ကျိုးစီးပွားရှာကြံမှုကြောင့် ညီလာခံစတင်ခါစမှာ အဆောက်အဦးတွေဟာ မိုးယိုခြင်း၊ ပြန်လည်ပြုပြင်ရခြင်းနဲ့ ညီလာခံကိုယ်စားလှယ်တွေ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရကြောင်း သိရှိရပါတယ်။ ကြံ့ဖွံ့ စတင်ဖွဲ့စည်းခါစက လူမှုရေးအသင်းကြီးလို့ စတင်ခဲ့ပြီး ရန်ပုံငွေဘတ်ဂျက်ကို နိုင်ငံတော်မှ ပံ့ပိုးမှုမရှိဘဲ မိမိခြေထောက် မိမိရပ်တည်ရေးအသွင် ဆောင်ရွက်ခဲ့ပါတယ်။ တိုင်းနဲ့ ပြည်နယ် တာဝန်ခံများဖြစ်ကြတဲ့ ဝန်ကြီးများ၊ ဒုဝန်ကြီးများဟာ မိမိတို့ ကြံ့ဖွံ့အသင်း မျက်နှာ ရရေး အတွက် အပြိုင်အဆိုင် ပံ့ပိုးခဲ့ကြလို့ ကြံ့ဖွံ့တစ်ဖွဲ့နဲ့ တဖွဲ့ ပြိုင်ဆိုင်မှုများ၊ အဆင့်အတန်း ကွာဟမှုများ ကြီးမားလာခဲ့ပါတယ်။ စီးပွားရေး အခွင့်အလမ်းများ ပေးခဲ့ကြလို့ စီးပွားရေး လုပ်ငန်း မက်လုံးတွေမက်ပြီး အသင်းဝင်ရောက်ကြသူတွေ၊ အခွင့်အရေး မျှော်ကိုးလိုသူတွေနဲ့ ပြည့်နှက်နေပါတယ်။ ကြံ့ဖွံ့စတင်ဖွဲ့စည်းစဉ် ၎င်းတို့ရဲ့ ရည်ရွယ်ချက်မှာ ပါတီ၊ နိုင်ငံရေးနှင့် ကင်းစင်ရေး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အဓွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော် အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေး၊ ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန် ကာကွယ်စောင့်ရှောက်ရေး စတဲ့ ရည်ရွယ်ချက်များဖြစ်ကြောင်း နအဖက အမျိုးသားရေး အသင်းကြီးအဖြစ် ဝါဒဖြန့်ကာ တာထွက်ခဲ့ပါတယ်။ အမှန်တကယ် ကြံ့ဖွံ့ဖွဲ့စည်းရတဲ့ နောက်ကွယ် ရည်ရွယ်ချက်ဟာ နိုင်ငံတော်ကာကွယ်ရေး မဟာဗျူဟာအရ ''တတိယအရန် အင်အားစု'' ဖွဲ့စည်းပေါ်ထွက်ရေးသာဖြစ်ပါတယ်။

နဝတ ခေတ်ဦးနှင့် မဆလ ခေတ်များက သင်ခန်းစာကို ရယူပြီး လူထုအုံကြွမှုဖြစ်လာ ခဲ့ရင် လူထုကို လူထုက ပြန်လည် ထိန်းကွပ်တဲ့မဟာဗျူဟာ Strategy ကို နအဖက ချမှတ်ခဲ့ခြင်းဖြစ်ပါတယ်။ အဓိက စစ်အာဏာရှင်ကို ခြိမ်းခြောက်နေတဲ့ ကျောင်းသားအင်အားစု၊ ရဟန်းသံဃာများနဲ့ အတိုက်အခံအင်အားစုများကို နှိပ်ကွပ်ချေမှုန်းဖို့ရည်ရွယ်ပြီး ကြံ့ဖွံ့ကို ဖွဲ့စည်းခဲ့ကြောင်း တွေ့ရှိရပါတယ်။ ကြံ့ဖွံ့စတင်ဖွဲ့စည်းချိန်မှာ အစိုးရအထက်တန်းကျောင်း၊ ကောလိပ်၊ တက္ကသိုလ်တွေက ကျောင်းဆရာ၊ ဆရာမတွေကို အမိန့်အရ မဝင်မနေရ ဝင်ခိုင်းပြီး ကျောင်းသားထုအတွင်းကို စတင်ထိုးဖောက်စည်းရုံးပါတော့တယ်။ အစိုးရဝန်ထမ်းများ အားလုံး ကိုလည်း အတင်း သွတ်သွင်းထားပါတယ်။

## သခင်အားရ ကျွန်ပါး၀

ကြံ့ဖွံ့ စတင်ဖွဲ့စည်းစဉ် တာဝန်ပေးအပ်ခံရတဲ့ ဝန်ကြီးအချို့နဲ့ ဒုဝန်ကြီးတချို့ဟာ မိမိတို့ အဖွဲ့ကို ငွေကြေးအင်အား ပံ့ပိုးပေးရုံနဲ့ လုံလောက်ပြီလို့ ယူဆခဲ့ကြပါတယ်။ ဒါပေမယ့် မှော်ဘီ ဗိုလ်သင်တန်းကျောင်းမှာ ဖွင့်လှစ်ခဲ့တဲ့ ကြံ့ဖွံ့သင်တန်းမှာ နအဖ ဥက္ကဋ္ဌ ကိုယ်တိုင် ညအိပ်ပြီး အနီးကပ် ကြပ်မတ်လေ့ကျင့်သင်ကြားပေးတဲ့အခါ ဝန်ကြီးများဟာ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ပြီး မိခင် ဝန်ကြီးဌာနတွေကို ပစ်ပယ်၍ ညအိပ် လေ့ကျင့်ပေးကြရပါတော့တယ်။ ကြံ့ဖွံ့တွေကို အဖွဲ့ငယ်အလိုက်၊ အစုလိုက် ဆွေးနွေးပွဲများ ကျင်းပစေကာ စာတန်းဖတ်ပွဲများ၊ NLD နဲ့ အတိုက်အခံ အဖွဲ့အစည်းများအပေါ် သုံးသပ်ချက်၊ ဝေဖန်ချက် စတာတွေကို လေ့ကျင့်သင်ကြားပေးပါတယ်။ နိုင်ငံရေးသိပ္ပံ၊ စစ်ရေးပညာနဲ့ သတင်းစာရေးသားနည်း၊ စုံစမ်းထောက်လှမ်းနည်း စတဲ့ ထောက်လှမ်းရေး ပညာရပ်တွေ၊ နိုင်ငံတကာရေးရာ၊ စီးပွားရေးနဲ့ လူမှုရေးကဏ္ဍပေါင်းစုံ သင်ကြားပေးခဲ့ကြပါတယ်။ ဒါ့ကြောင့် ကြံ့ဖွံ့ကို တတိယ အရန်အင်အားစု ပါတီတစ်ရပ်အသွင် ဖွဲ့စည်းဖို့ဆိုတာ ထင်ရှားနေပါတယ်။

နအဖရဲ့ အမျိုးသားညီလာခံကို NLD မှကိုယ်စားလှယ် (၈၆) ဦးဟာ ပါတီရဲ့ ဆုံးဖြတ်ချက်နဲ့ မတက်ရောက်တော့ဘဲ ထွက်ခွာသွားခဲ့တဲ့အတွက် ၁၉၉၆ ခု မတ်လ (၃၁) ရက်နေ့မှာ ညီလာခံကို ရပ်နားခဲ့ရပါတယ်။ ဒီအတွက် လက်ညှိုးထောင် ခေါင်းညိတ်မလုပ်တဲ့ NLD ကို နအဖက မကျေမနပ် ဖြစ်ခဲ့ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ဟာ ခွဲခြားလို့မရကြောင်း နအဖက သိရှိပြီးနောက်ပိုင်း NLD ကိုနှိပ်ကွပ်ဖို့ ကြံ့ဖွံ့ကို အဓိကရုဏ်း နှိမ်နင်းရေးသင်တန်းများ ပေးလာပါတယ်။ ကြံ့ဖွံ့ကို ပထမဆုံးအကြိမ် အားစမ်းမှုအဖြစ် ၁၉၉၆ ခု မေလ (၁၄) ရက်နေ့က ဝန်ကြီးဟောင်း ဦးနုရဲ့ (၁) နှစ်ပြည့် ဆွမ်းသွပ်အလှူပွဲကို တက်ရောက်လာတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့အဖွဲ့ကို ခရမ်းချဉ်သီးတွေနဲ့ ပစ်ပေါက်ခိုင်းခဲ့တဲ့အပြင် နိုဝင်ဘာလ (၉) ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည် တို့ပါလာတဲ့ မော်တော်ယာဉ်တန်းကို ခဲနဲ့ပေါက်ခိုင်းစေတဲ့အထိ ပြုမူလာပါတယ်။ ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည် ကားပေါ်မှာ အနီးကပ်လုံခြုံရေးနဲ့ သတင်းထောက်လှမ်းဖို့လိုက်ပါလာတဲ့ အမှတ် (၁၂) ထောက်လှမ်းရေးတပ်က ဗိုလ်မှူးနေစိုး ကိုယ်တိုင် နှောက်ယှက် တိုက်ခိုက်မှုသတင်းကို မရရှိလိုက်လို့ အိုင်ကွန်စကားပြောစက်နဲ့ ပျာပျာသလဲ သတင်းပို့နေတယ်လို့ သိရပါတယ်။ ကကလှမ်းက ကြားဖြတ်အရေးပေါ် အစီအစဉ်အရ လူကြီးက လုပ်ခိုင်းလိုက်လို့ ဖြစ်ကြောင်းနဲ့ အသာမေးနေခိုင်းကြောင်း သိရှိခဲ့ရပါတယ်။

၁၉၉၆ ခုနှစ်မှာ တပြည်လုံးအနေနဲ့ ကြံ့ဖွံ့အင်အားပြပွဲကြီး Show of Forcesတွေ ပြုလုပ်ခဲ့ပါတယ်။ ၁၉၉၈ ခုနှစ် မေလ (၂၇) ရက်နေ့က NLD အဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲ (၈) နှစ်မြောက် အောင်ပွဲနေ့မှာ (၃)လအတွင်း လွှတ်တော်ခေါ်ယူပေးဖို့ ဒေါ်အောင်ဆန်းစုကြည်က

နအဖကို တောင်းဆိုလိုက်ချိန်မှ စတင်ကာ ထိပ်တိုက်ရင်ဆိုင်မှု ကြီးမားလာပါတယ်။ စက်တင်ဘာလ (၁၆) ရက်နေ့မှာ လွှတ်တော်ကိုယ်စားလှယ် ၂၅၀ ဦးရဲ့ ကြိုတင် သဘောတူညီချက်နဲ့ အဖွဲ့ဝင် (၁၀) ဦးပါဝင်သော လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP) ကို ဖွဲ့စည်းခဲ့ပါတယ်။ နအဖဟာ မခံမရပ်နိုင် တုန်လှုပ်ခြောက်ခြားသွားပြီး အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်တွေ၊ စည်းကော်မတီတွေ၊ ပါတီဝင်တွေကို ကြံ့ဖွံ့ရဲ့ ပါဝါအားကို ရယူကာ စက်တင်ဘာလ (၂၅) ရက်နေ့မှာ ပါတီဝင်ပေါင်း (၉၁၂) ဦးအား သိမ်းကျုံးဖမ်းဆီး နှစ်ရှည်ထောင်ဒဏ် ချမှတ်ခဲ့ပါတယ်။ တချို့ကိုလည်း အတင်းအကြပ် နုတ်ထွက်ခိုင်းပါတယ်။ ဒီနေရာမှာ ကြံ့ဖွံ့ရဲ့ ပါဝါအားကို ယူတဲ့ပုံစံက လွှတ်တော်ကိုယ်စားလှယ်အိမ်တွေကို ကြံ့ဖွံ့အား စေလွှတ်ပြီး စည်းရုံးခြိမ်းခြောက်ခိုင်းတဲ့ နည်းလမ်းများ၊ နယ်မြေခံလူထုကို မြှူဆွယ်စည်းရုံး၍ ခေါင်းမာနေတဲ့ လွှတ်တော်ကိုယ်စားလှယ်ကို အယုံအကြည်မရှိကြောင်း၊ ကန့်ကွက်ဆန္ဒပြစေမှုများ၊ ဖိအားပေး ကန့်ကွက်ကြောင်း လက်မှတ်ထိုးခိုင်းစေမှုများ စတဲ့ နည်းလမ်းပေါင်းစုံ ကျင့်သုံးခဲ့ပါတယ်။ အဖွဲ့ချုပ်ရုံးများကို ပိတ်ခိုင်းခဲ့သလို အဖွဲ့ချုပ်ကို ထောက်ခံအားပေးနေတဲ့ ပြည်သူတွေနဲ့ ကုန်သည်စီးပွားရေး လုပ်ငန်းရှင်တွေကို အကြောင်းရှာဖမ်းဆီးဖို့ မှတ်တမ်းတင် စာရင်းပြုစုဖို့ ကြံ့ဖွံ့ကို တာဝန်ပေးအပ်ပါတယ်။ NLD နဲ့ ဆက်နွယ်နေတဲ့ ဝန်ထမ်းများကိုတောင် အလွတ်မပေးဘဲ စောင့်ကြည့်နှိပ်ကွပ်ပါတယ်။ ဒါ့အပြင် ကြံ့ဖွံ့ကို ထောက်လှမ်းရေးတပ်ဖွဲ့အသွင် ပုံသဏ္ဌာန်မျိုး သွတ်သွင်းလာပြီ ဖြစ်ပါတယ်။ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများဟာလည်း ကြံ့ဖွံ့ကို လျှော့မတွက်ရဲဘဲ တိုင်းမှူးနဲ့ အထက်လူကြီးတွေ နယ်မြေဒေသ ဆင်းလာရင်တောင် ကြိုဆိုရာမှာ ကြံ့ဖွံ့ကိုဖိတ်ကြားရပါတယ်။ ကြံ့ဖွံ့ စတင်ဖွဲ့စည်းခါစမှာ ကျောင်းသားလူငယ်အများစုပါဝင်ပြီး (၄၉) ရာခိုင်နှုန်း၊ အလုပ်သမား (၁၃) ရာခိုင်နှုန်း၊ တောင်သူလယ်သမား (၂၂) ရာခိုင်နှုန်း၊ အသိပညာရှင်၊ အတတ်ပညာရှင် စီးပွားရေးလုပ်ငန်းရှင် (၁၆) ရာခိုင်နှုန်းနဲ့ အင်အား (၅)သန်းရှိကြောင်း နအဖက ကြေညာခဲ့ပါတယ်။ အရည်အတွက်ဖောင်းပွမှု ထုထည်ကြီးမားနေမှုကို ပြချင်တဲ့သဘော၊ မဝင်မနေရ အတင်းသွတ်သွင်းခြင်းဖြစ်ပါတယ်။ အချို့ကလည်း ဟမ်းဖုန်းပါမစ်များနဲ့ စီးပွားရေး အခွင့်အရေးများ မျှော်ကိုးပြီး အသင်းဝင်သူများ ဖြစ်နေရာ လူပေါင်းစုံ အကျင့်ပေါင်းစုံ ကြံ့ဖွံ့ကြီးဟာ သခင်အားရ ကျွန်ပါးဝမယ့် အသင်းကြီး ဖြစ်ကြောင်း တွေ့မြင်နေရပါတယ်။

## ဒေါ်အောင်ဆန်းစုကြည်နှင့် ကြံ့ဖွံ့ ထိပ်တိုက်တွေ့ဆုံခြင်း

၁၉၉၆ ခုနှစ် နိုဝင်ဘာ (၁၁) ရက်နေ့ ကြံ့ဖွံ့အသင်းအမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၇) ဖွင့်ပွဲ အခမ်းအနားမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကြံ့ဖွံ့တွေရဲ့ အဓိကတာဝန်ဟာ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ပြတ်ပြတ်သားသား ချေမှုန်းသွားဖို့ ဖြစ်တယ်ဆိုတဲ့ မှာကြားချက်နဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ယာဉ်တန်းအကြမ်းဖက် တိုက်ခိုက်ခံရတာ သက်သေပြနေပါတယ်။ ၂၀၀၁ ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့ ပုဂံမြေ ရာစုနှစ်သစ် အကြို လူထုအစည်းအဝေးပွဲကြီး ပုဂံနှီးနှောဖလှယ်ပွဲ ကျင်းပခဲ့ရာမှာ ကြံ့ဖွံ့အင်အားကို အဓိကထား ကျင်းပခဲ့ပါတယ်။ ၂၀၀၂ ခုနှစ် မေလ (၆) ရက်နေ့ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်က ပြန်လွှတ်ခဲ့ပြီးတဲ့နောက် နအဖဟာ နိုင်ငံရေးသမိုင်းကဏ္ဍတစ်ရပ် ဖွင့်လှစ်လိုက်ပါပြီလို့ ကြေညာလိုက်သလို ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပါတီစည်းရုံးရေးခရီးစဉ်ကိုလည်း ကြိုဆိုကြောင်း ဧပြီလ (၁၅) ရက်နေ့က အပြုသဘော တုန့်ပြန်ခဲ့ပါတယ်။ မကွေးတံတား လေ့လာရေးခရီးစဉ်လို နေရာမျိုးမှာ နအဖဟာ VIP ကြိုဆိုတဲ့ပုံစံမျိုးနဲ့ ကြိုဆိုပေးခဲ့ပါတယ်။ အမှန်မှာတော့ ထိုးတော့မယ့်ဆင် နောက်တစ်လှမ်းဆုတ်ခြင်းသာ ဖြစ်ပါတယ်။

ကြံ့ဖွံ့အများစုရဲ့ အတွေးစိတ်ထဲမှာ နအဖရဲ့ ပရိယာယ်ကို မသိဘဲ မူလအသင်းဝင်ကတည်းက အခွင့်အရေးရဖို့ တစ်ခုတည်း ကိုသာ မျှော်လင့်ထားတာမို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နယ်မြေစည်းရုံးရေးခရီးစဉ်ကို မနာလိုမရ–စိမ့် ဖြစ်ခဲ့ကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို လူထုရဲ့ ထောက်ခံအားပေးမှု ကြီးမားလာမှုအပေါ် ကြံ့ဖွံ့တွေဟာ စိုးရိမ်သောက ဝင်လာပြီး စဉ်ဆက်မပြတ် အဖျက်သဘောဆောင်တဲ့ သတင်းများကို နေ့စဉ် နအဖဥက္ကဋ္ဌထံ တင်ပေးနေကြပါတယ်။ ဥပမာ ဒေါ်အောင်ဆန်းစုကြည်ယာဉ်တန်း ကားလမ်းမပေါ်မှာ ရင်ပေါင်တန်းပြီး စည်းကမ်းမဲ့ သွားလာနေကြောင်းနဲ့ လူထုစည်းဝေးပွဲတွေ စည်းကမ်းမဲ့လုပ်နေကြောင်း၊ ရုံးခန်း ဖွင့်လှစ်ရာမှာ လုပ်ထုံးလုပ်နည်းနဲ့ မညီကြောင်းစသဖြင့် တစ်စိတ်ကို တစ်အိတ်လုပ်ကာ အထင်အမြင်လွဲမှားအောင် လုပ်ကြံပြောဆိုကြပါတယ်။ ကြံ့ဖွံ့တာဝန်ခံ ဝန်ကြီးများ၊ ဒုဝန်ကြီးများကလည်း သာသာထိုးထိုး၊ မျက်နှာလိုမျက်နှာရ နအဖဥက္ကဋ္ဌကို ပုံကြီးချဲ့ပြီး မမှန်သတင်းတွေ တင်ပြပေးပါတယ်။ လူထုထောက်ခံမှုရနေတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ဝန်ကြီးအချို့နဲ့ ဒုဝန်ကြီးအချို့ဟာ ကြံ့ဖွံ့နဲ့ လူထုအင်အားပြ ပြိုင်ဆိုင်လိုပြီး စတန့်ထွင် တင်ပြခဲ့ကြပါတယ်။ ဒါ့ကြောင့် ဒေါ်အောင်ဆန်းစုကြည် စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ် ရောက်လာကတည်းက ကြံ့ဖွံ့များဟာ စတင်လှုပ်ရှားမှု ပြုခဲ့ပါတယ်။ ဒုတိယဝန်ကြီး (၄) ဦးဟာ ကြိုတင်သွားရောက်ကာ ကြံ့ဖွံ့အဖွဲ့တွေကို သွေးထိုးလှုံ့ဆော်မြှောက်ပင့်မှုတွေ စတင် လုပ်ဆောင်လာပါတော့တယ်။ မေလ (၉) ရက်နေ့ ကောလင်းမြို့ကို ရောက်လာတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့အဖွဲ့ကို ကြံ့ဖွံ့

တွေက ဆိုင်းဘုတ်တွေ၊ ပိုစတာတွေ ကိုင်ဆောင်ကာ အော်ဟစ်ဆန္ဒပြခဲ့ကြပါတယ်။ အလားတူ အင်းတော်မြို့ကို ရောက်လာချိန်မှာလည်း ကြံ့ဖွံ့အင်အား (၅၀) ခန့် ဆိုင်းဘုတ်ကိုင် ကြွေးကြော် ဆန္ဒပြခဲ့ကြပါတယ်။ ကသာမြို့အဝင်မှာလည်း ကြံ့ဖွံ့တွေက ကားလမ်းကို ပိတ်ဆို့ပြီး ဆူပူ သောင်းကျန်းခဲ့ပါတယ်။ ခယက ဥက္ကဋ္ဌ၊ မယကဥက္ကဋ္ဌနဲ့ ရဲမှူးကြီးတွေက ကြံ့ဖွံ့တွေကို လာရောက် ဖျောင်းဖျပြောဆိုပေမယ့် လုံးဝ ဂရုမစိုက်ဘဲ ဆက်လက်ပိတ်ဆို့ထားရာ စစ်တပ်မှ တပ်ရင်းမှူး တစ်ဦး ကိုယ်တိုင် လာရောက်အမိန့်ပေးတားဆီးတော့မှ ကြံ့ဖွံ့တွေ ဖယ်ရှားပေးခဲ့ကြပါတယ်။ ၂၀၀၃ ခု မေလ (၁၂) ရက်နေ့မှာလည်း မိုးကောင်းမြို့ကိုအသွား ဟိုပင်လမ်းခွဲအရောက်မှာ ပိုစတာဆိုင်းဘုတ်တွေ ကိုင်ဆောင်ဆန္ဒပြနေတဲ့ ကြံ့ဖွံ့ (၃၀) ယောက်နဲ့ မျက်နှာချင်းဆိုင်မှာ NLD ကို ထောက်ခံအားပေးတဲ့ လူထု (၁၀၀) ခန့် ထိပ်တိုက်တွေ့ဆုံပြီး ပဋိပက္ခဖြစ်မယ့် အနေ အထားမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အရှိန်အဝါကို လေးစားနားထောင်မှုကြောင့် လူထုဟာ အေးအေးဆေးဆေး လူစုခွဲသွားခဲ့ပါတယ်။ မေလ (၁၆) ရက်နေ့ မြစ်ကြီးနားမြို့ကို ရောက်လာ ချိန်မှာတော့ ကြံ့ဖွံ့ရဲ့ နှောက်ယှက်မှုဟာ ပိုမိုပြင်းထန်လာပါတယ်။ ကြံ့ဖွံ့ အဖွဲ့ဝင် (၃၀၀)ခန့်က လေးခွတွေ၊ တုတ်၊ ဓားတွေကိုင်ဆောင်ကာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ကားတန်းကို ခြိမ်းခြောက် ကြိမ်းမောင်းတာတွေ ပြုလုပ်ခဲ့ကြပါတယ်။ တဖန် မဘိမ်းမြို့သို့ ဒေါ်အောင်ဆန်းစုကြည်တို့ မဝင်မီ ကြံ့ဖွံ့တို့က ဦးအောင်သွားပြီး သစ်တင်ကားကြီး (၆)စီးကို အဝင်အထွက် ဆူညံအောင် မောင်းနှင်စေပြီး ကွင်းပြင်မှာ လူထုအစည်းအဝေး မလုပ်နိုင်ရန်ပြုလုပ်ခြင်း၊ မြို့ခံလူထုကို နောင်အင်းဆည်ပြုပြင်ရေးလုပ်အားပေးပွဲ အတင်းအကျပ်လုပ်ခိုင်းကာ ကြိုဆိုမှုကို နှောင့်ယှက် ဟန့်တားခဲ့ပါတယ်။ ဇန်းမော်မြို့အဝင် (၃) မိုင်ကျေးရွာအနီးမှာလည်း ကြံ့ဖွံ့ (၂၀၀) ကျော်က ထိုနည်းအတိုင်း ကားတန်းကို ပိတ်ဆို့ရပ်တန့်ခိုင်းတဲ့အပြင် ဦးတင်ဦးရဲ့ကားကို လက်သီးနဲ့ ထုရိုက်တာတွေ၊ ကင်မရာတွေနဲ့ ဗွီဒီယိုကင်မရာတွေကို အဓမ္မသိမ်းယူဖို့ ကြိုးစားတဲ့အထိ အတင့်ရဲလာကြပါတယ်။ မေလကုန်ခါနီးမှာ ကချင်ပြည်နယ်ကအပြန် မန္တလေးတိုင်းအဝင် သပိတ်ကျင်းမြို့နယ်၊ လက်ပန်လှရွာနှင့် ကျည်တောက်ပေါက်ရွာမှာ ကြိုတင်စီစဉ်ထားတဲ့ ကြံ့ဖွံ့ တွေက အောက်တန်းကျစွာ သံပုံးတွေတီး၊ အသံချဲ့စက်တွေနဲ့ အော်ဟစ်ဆဲဆိုတဲ့အပြင် ကားတန်းကို အုတ်ခဲနဲ့ထု၊ လေးခွနဲ့ပစ်ကာ (၂)မိုင်လောက်အထိ ဘေးချင်းယှဉ်လိုက်ပြီး လမ်းဘေးက ကြိုဆိုနေတဲ့ ပြည်သူတွေကို ကားနဲ့ အတင်းလိုက်တိုက်ခဲ့ပြန်ပါတယ်။ ဒီလို ကြံ့ဖွံ့ တွေရဲ့ ရိုင်းစိုင်းတဲ့အပြုအမူတွေကြောင့် ပုထုဇဉ်လူသား ဒေါ်အောင်ဆန်းစုကြည်ဟာ သည်းမခံ နိုင်တော့ဘဲ ကြံ့ဖွံ့တွေကို ဝေဖန်ရှုတ်ချတဲ့မိန့်ခွန်းကို ပြောကြားခဲ့ပါတယ်။

ဒီအချက်ကို စောင့်ကြည့်နေတဲ့ အာဏာငမ်းငမ်းတက်နေတဲ့ ဝန်ကြီးတွေက နအဖ ဥက္ကဋ္ဌထံကို ကြံ့ဖွံ့ အစော်ကားခံနေရကြောင်း သွေးထိုးစကား တင်ပြခဲ့ကြပါတယ်။ ကြံ့ဖွံ့ဘက်ကို

ရပ်တည်မလား၊ ဒီအတိုင်းဘဲ ဆက်ကြည့်နေမလားဆိုတာ နအဖဥက္ကဋ္ဌဟာ အကျပ်အတည်း တွေ့နေရပြီ ဖြစ်ပါတယ်။ ကြံ့ဖွံ့ဟာ နအဖအနေနဲ့ သူတို့ဘက်ကို မလွဲမသွေ ရပ်တည်မယ်လို့ ယုံကြည်နေသူများဖြစ်ရာ လက်စွမ်းပြရန် ဟန်ရေးတပြင်ပြင် ဖြစ်နေကြပါတယ်။ ကြံ့ဖွံ့များရဲ့ သွေးထိုး လှုံ့ဆော်မှုကြောင့် နအဖဥက္ကဋ္ဌလည်း ဒေါသဖြစ်ပြီး မုံရွာအတက် ဒီပဲယင်း ကျည်ရွာမှာ နှိပ်ကွပ်ဖို့ နမခတိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်ကို အမိန့်ပေးလိုက်ပါတော့တယ်။

## အကြမ်းဖက်မှုကျူးလွန်လာတဲ့ကြံ့ဖွံ့

ကြံ့ဖွံ့အတွင်းရေးမှူး ဖြစ်နေတဲ့ အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းဟာ အဖားတော်သူနှင့် ကျောင်းဆရာလုပ်ခဲ့သူပီပီ ဗိုလ်ချုပ်သန်းရွှေအား ကြံ့ဖွံ့အဖွဲ့ အကြမ်းဖက်ကျူးလွန်မှု ဖြစ်ပွားစေရေးအတွက် သွေးထိုးခဲ့ရာမှာ အဓိကနေရာမှ ပါဝင်ခဲ့သူဖြစ်ပါတယ်။ အဲဒီအချိန်ကာလက ဝန်ကြီးဌာန (၄)လပတ် အစည်းအဝေးတွေမှာ စက်မှုကုန်ထုတ်လုပ်မှု အကြောင်း မဆွေးနွေးဘဲ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ကို ပုတ်ခတ်ပြောဆိုပြီး ၎င်းတို့အား ပြည်ပအားကိုးနေသူများဖြစ်လို့ တိုင်းပြည်က နေရာမပေးနိုင်ကြောင်း၊ ဝန်ထမ်းများအား ပြောဆိုနေတယ်လို့ သိရပါတယ်။ ကြံ့ဖွံ့ ရွေးကောက်ပွဲ ဝင်ခဲ့ရင် အဲဒီဝန်ကြီးဟာ လွှတ်တော် အမတ်ရွေးချယ်ခံပြီး ရာထူးအာဏာ ပြန်လိုချင်တဲ့ သဘောဆောင်တယ်လို့ ဝန်ထမ်းများက မှတ်ချက်ပြုကြပါတယ်။ ကြံ့ဖွံ့တွေကို ငွေကုန်ကြေးကျ သိန်းပေါင်းများစွာ ရင်းနှီးကုန်ကျခံခဲ့ပြီး အချိန်ယူ ပျိုးထောင်ခဲ့ရလို့ ဒီလို ထိပ်တိုက်တွေ့နေချိန်မှာ နအဖဥက္ကဋ္ဌအနေနဲ့ ကြံ့ဖွံ့အဖွဲ့ရဲ့ ရပ်တည်မှု ပြတ်သားမှုရှိ၊ မရှိကိုလည်း စမ်းသပ်ကြည့်ချင်တာလည်း ပါပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ယာဉ်တန်း မုံရွာမှအတက် ဒီပဲယင်းမြို့ ကျည်ရွာမှာ အကြမ်းဖက် ဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါတယ်။ ဒီပဲယင်း အရေးအခင်းဖြစ်အောင် အနီးကပ်ဆောင်ရွက်သူဟာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်ဖြစ်ပြီး ဒီပဲယင်းကျည်ရွာအနီးတွင် ကားကြီး (၆) စီးထားရှိကာ အကြမ်းဖက်နှိပ်ကွပ်ရေးအတွက် စီမံချက်ချလုပ်ဆောင်၍ ရဟတ်ယာဉ်ဖြင့် ရွှေဘိုနှင့် မုံရွာအကြား ကွပ်ကဲမှုပေးခဲ့ပါတယ်။ ဒီနေရာမှာ နအဖ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်က သဘောမတူ ဘဝင်မကျခဲ့သော်လည်း နအဖအတွင်း တင်းမာတဲ့အုပ်စုက ကြီးစိုးနေလို့ အကြိတ်အနယ် ပြောဆိုနေရပါတယ်။ တာချီလိတ်၊ မယ်ဆိုင် တံတားသစ်ဖွင့်ပွဲအပြီးတွင် ဗိုလ်ချုပ်ခင်ညွန့်က ဒေါ်အောင်ဆန်းစုကြည်နဲ့ ထပ်မံ တွေ့ဆုံဦးမည်ဟု ပြောဆိုတာကို ကြည့်ခြင်းဖြင့် အခြေအနေကို ထိန်းသိမ်းရန် ကြိုးစားခဲ့ကြောင်း သိရှိရပါတယ်။ အရေးအခင်းဖြစ်တဲ့နေ့ မေလ (၃၀) ရက်နေ့ တွင် ဒီပဲယင်းသို့ ထောက်လှမ်းရေးမှ အင်အား (၁၀၀)ခန့် စေလွှတ်လိုက်သော်လည်း နောက်ကျ

သွားပြီဖြစ်ပါတယ်။ မုံရွာမြို့တွင် ထောက်လှမ်းရေးမှ ကြိုးကိုင်ပြောခိုင်းသော အာဏာပိုင်တစ်ဦးက ဒေါ်အောင်ဆန်းစုကြည်အား ဒီပဲယင်းကို မတက်ရန်နှင့် နှိပ်ကွပ်ဖို့ အစီအစဉ်ရှိကြောင်း ပြောခိုင်းလိုက်တယ်လို့ သိရှိရပါတယ်။ ကျည်ရွာအနီး ဒေါ်အောင်ဆန်းစုကြည်ယာဉ်တန်း ရောက်ရှိလာစဉ် ဘုန်းကြီး အယောင်ဆောင် ကြံ့ဖွံ့တစ်ဦးက စတင်တားဆီးရာမှစပြီး ကြံ့ဖွံ့များရဲ့ အကြမ်းဖက်လုပ်ရပ်ဟာ မြန်မာ့သမိုင်းတွင် အမည်းစက်တင်ခဲ့ပြီဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးတို့ဟာ အသက်ဘေးမှ သီသီလေး လွတ်ခဲ့ရပါတယ်။ ကံကောင်းထောက်မစွာဖြင့် လွတ်လာခဲ့သော NLD လူငယ် (၁၇) ဦးလည်း ထပ်မံဖမ်းဆီးခံရကာ ထောင်ကျခဲ့ပါတယ်။ ဒီပဲယင်းအရေးအခင်းကြောင့် နိုင်ငံတကာမှ ဖိအားပေးတောင်းဆိုမှု ပြင်းထန်လာသောကြောင့် နအဖက ဇွန်လ (၁၀) ရက်နေ့တွင် မစ္စတာရာဇာလီကို ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်ပေးလိုက်ရပါတယ်။ ဒီလို နအဖက နိုင်ငံရေးအကျပ်အတည်း တွေ့နေချိန်မှာ အာဆီယံ ထိပ်သီးခေါင်းဆောင် အစည်းအဝေးကလည်း ရှိနေပြီမို့ ထွက်ပေါက်ရှာတဲ့အနေနဲ့ အစိုးရအဖွဲ့ပြင်ဆင်ပြီး ဗိုလ်ချုပ်ခင်ညွန့်ကို ဝန်ကြီးချုပ်အဖြစ် ပြောင်းလဲခန့်အပ်ခဲ့ပါတယ်။ ဗိုလ်ချုပ်ခင်ညွန့်က နိုင်ငံရေးထွက်ပေါက်တစ်ခု မလွဲမသွေလုပ်မှ ဖြစ်မယ်လို့ယုံကြည်ပြီး ဩဂုတ်လ (၃၀) ရက်နေ့တွင် အချက် (၇) ချက်ပါတဲ့ Road Map ကို တရားဝင်ချပြ ကြေညာခဲ့ပါတယ်။ ကြံ့ဖွံ့တွေကို ပြည်သူတွေရဲ့ ဒေါသပြေငြိမ်းပျောက်ကွယ်စေရန် ခေတ္တပျောက်ထားရာမှ Road Map ထောက်ခံပွဲကြီးကို စက်တင်ဘာ (၂၀) ရက်နေ့မှစပြီး ရန်ကုန်တိုင်းမှ စတင်ကာ ကြံ့ဖွံ့များက လုပ်ဆောင်လာခဲ့ပါတယ်။ တိုင်းနဲ့ပြည်နယ်အလိုက် ထောက်ခံပွဲကြီးကို မတက်မနေရ အတင်းအဓမ္မ ပြည်သူလူထုအား ဆက်တိုက်တက်ခိုင်းတာမို့ ပြည်သူများက ကြံ့ဖွံ့တွေကို မုန်းသထက် မုန်းလာပြီ ဖြစ်ပါတယ်။ တီဗွီဖန်သားပြင်တွင် သတင်းဖွင့်လိုက်တိုင်း ကြံ့ဖွံ့ သတင်းတွေကသာ နေ့စဉ်ရက်ဆက်ပါနေလို့ လူထုက ဝေဖန်ရှုတ်ချလာပါတယ်။ ဒါကို အားမရသေးဘဲ ဗေဒင်၊ နက္ခတ် ယတြာ၊ ခတ်ရိုက်ခတ်ဆင် ဝါသနာထုံတဲ့ နအဖဟာ ကြံ့ဖွံ့တွေကို ပုဂံမြို့မှာပင် ၂၀၀၃ ခုနှစ် အောက်တိုဘာ (၂၁) ရက်နေ့တွင် Road Map ပြည်လုံးကျွတ်ထောက်ခံပွဲကြီး ကျင်းပစေခဲ့ပါတယ်။ တိုင်းနဲ့ ပြည်နယ်အသီးသီးက ကြံ့ဖွံ့တွေကို အောက်တိုဘာ (၁၇) ရက်နေ့ကစပြီး ကား၊ ရထား သင်္ဘောများဖြင့် လုံခြုံရေး အပြည့်အဝ ခြံရံပြီး လိုက်ပါပို့ဆောင်ပေးတာကို အံ့သြဖွယ်ရာ တွေ့ရပါတယ်။ ကြံ့ဖွံ့ဗဟိုကွပ်ကဲမှုရုံးကို သတင်းပို့တဲ့အခါမှာ ကြံ့ဖွံ့တွေကို ပုဂံမှာ အောင်မြေနင်းဖို့နဲ့ အင်အားပြထောက်ခံပွဲ တက်ခိုင်းပါတော့တယ်။ ကြံ့ဖွံ့ပေါင်း ၁၉၉၀ ဦး အတိအကျကို စုဝေးတက်ရောက်ခိုင်းတာဟာ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို နာမ်နှိမ်ဟန်ရှိပါတယ်။ နံနက်စောစော (၁)နာရီ (၅)မိနစ်တိတိ အောက်တိုဘာ (၂၂) ရက်နေ့မှာ ဘိုးတော်သန်းလှ အစီအမံဖြင့် မြစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသော ပုဂံမြို့သူ

ဒေါ်အောင်ဆုရှင် (၅၈)နှစ်ကို ရံရွှေတော် (၉)ယောက်နှင့်အတူ အလိုတော်ပြည့်ဘုရား ပရိဝုဏ် ရှေ့တွင် ယတြာချေပွဲ ကျင်းပခဲ့ပါတယ်။ ပရိဝုဏ်ရှေ့မှာလည်း အချင်းပေ (၁၈၀) အကျယ်ရှိတဲ့ ကျင်းတစ်ခုထားပြီး ထွန်းညှိအသုံးပြုခဲ့တဲ့ အမွှေးနံ့သာမီးတိုင် ၁၉၉၀ ကိုလည်း မြှုပ်ခဲ့ပါတယ်။ ရွှေစည်းခုံဘုရားမှာ အစည်းအဝေး ကျင်းပပြုလုပ်နေတဲ့ ကြံ့ဖွံ့ ၁၉၉၀ ဦးကိုလည်း အဲဒီမနက် ၇ နာရီ ၄၅ ပြီးတာနဲ့ အပြန်၌ အလိုတော်ပြည့်ဘုရားရှေ့မှာ မြေဖို့ထားတဲ့ အဆိုပါ ကျင်းကြီး ပေါ်က တန်းစီဖြတ်သန်းစေကာ နင်းခိုင်းပါတော့တယ်။

## မင်းသားခေါင်းဆောင်းပေးထားတဲ့ ဘီလူး

ဒီပဲယင်း အကြမ်းဖက်မှုကြောင့် နာမည်ဆိုးနဲ့ ကျော်ကြားနေတဲ့ ကြံ့ဖွံ့ကို နိုင်ငံ တကာအလယ်မှာ နအဖက ပြန်လည်သိဒ္ဓိတင် ပေးခဲ့ပါတယ်။တရုတ်ပြည် ကွန်မြူနစ်ပါတီက ၂၀၀၄ ခုနှစ်စက်တင်ဘာလ (၃)ရက်နေ့မှ (၅)ရက်နေ့အထိ ပီကင်းမှာ ကျင်းပမယ့် တတိယ အကြိမ်မြောက် အာရှပါတီစုံ နှီးနှောဖလှယ်ပွဲကို အာရှ၊ ဥရောပ၊ အာဖရိကနဲ့ အမေရိကတိုက် ရှိ နိုင်ငံပေါင်း(၃၅)နိုင်ငံက နိုင်ငံရေးပါတီ (၈၄)ပါတီကို ဖိတ်ကြားခဲ့ပါတယ်။အဲဒီအခါမှာ မြန်မာနိုင်ငံက ကြံ့ဖွံ့အသင်းကို အခြားနိုင်ငံက အာဏာရပါတီတွေနဲ့ တန်းတူထားပြီး ဖိတ်ကြား စေခဲ့ပါတယ်။ ကြံ့ဖွံ့အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ထွေးဦး ခေါင်းဆောင်တဲ့ ကြံ့ဖွံ့အဖွဲ့များ သွားရောက်ခဲ့ပြီး တရုတ်သမ္မတ ဟူကျင်တောင် ကိုယ်တိုင် လက်ခံအားပေး တွေ့ဆုံခဲ့ပါတယ်။ တရုတ်နိုင်ငံ ပီကင်းအသံလွှင့်ဌာနကလည်း ဗိုလ်ချုပ်ထွေးဦးနဲ့ တွေ့ဆုံမေးမြန်းခဲ့ပြီး ကြံ့ဖွံ့ အကြောင်းကို ပေါလစ်တင်ပေးလိုက်တာ တွေ့ရပါတယ်။တရုတ်ကွန်မြူနစ်ပါတီဟာ ကြံ့ဖွံ့ကို တရားဝင် ပါတီတစ်ရပ်အဖြစ်နဲ့ ပွဲထုတ်ကာ နိုင်ငံတကာက နိုင်ငံရေးပါတီများနဲ့ မိတ်ဆက်ပေးခဲ့ ပါတယ်။ ၂၀၀၄ ခုနှစ်အောက်တိုဘာမှ ၂၀၀၅ခုနှစ် စက်တင်ဘာအထိ ကြံ့ဖွံ့အသင်း အတွင်းရေးမှူးတွေ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်တွေ၊ ကြံ့ဖွံ့ကေဒါတွေကို ချစ်ကြည်ရေးနဲ့ လေ့လာရေး ပြည်ပခရီးစဉ်များ ဆက်တိုက် စေလွှတ်ခဲ့ပြန်ပါတယ်။ကြံ့ဖွံ့အသင်းကြီးရဲ့ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံက ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရို အဖွဲ့ဝင်နဲ့ အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုဥက္ကဋ္ဌ မစ္စတာဝမ်ကျောက်ကာ ဦးဆောင်တဲ့အဖွဲ့ဟာ နိုဝင်ဘာ(၁၄)ရက်နေ့မှာ မြန်မာနိုင်ငံကို အလည်အပတ်ရောက်ရှိလာပါတယ်။ ကုလသမဂ္ဂ အဖွဲ့အစည်းတွေနဲ့ သံတမန်တွေကိုလည်း နအဖအကြီးအကဲတွေနဲ့ မတွေ့ဆုံမီ ကြံ့ဖွံ့အဖွဲ့ကို အရင် တွေ့ဆုံဂါရဝပြုစေသော အစဉ်အလာမဟုတ်တဲ့ မူတစ်ရပ်ကို ဇွတ်အတင်းချမှတ်ခဲ့ပါတယ်။

ပိုဆိုးတာက နိုင်ငံတကာအကူအညီတွေကို ရယူဆောင်ရွက်ရင် ကြံ့ဖွံ့အသင်းကတစ်ဆင့် ဖြတ်သန်းသွားရမယ်ဆိုတဲ့မူကို နအဖက တီထွင်ချမှတ်ခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီမှ အကျဉ်းထောင်အတွင်း သွားရောက်တွေ့ဆုံရာတွင်လည်း ကြံ့ဖွံ့ပါမှ သွားရမယ်ဆိုတဲ့ မဖြစ်နိုင်သော စည်းကမ်းများကို သတ်မှတ်လာပါတယ်။

၂၀၀၅ ခုနှစ် ဒီဇင်ဘာလ (၆)ရက်နေ့ မနက်(၁၀)နာရီမှာ ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်မှာရှိတဲ့ ကြံ့ဖွံ့ဗဟိုဌာနချုပ် အစည်းအဝေးခန်းမမှာ သတင်းစာရှင်းလင်းပွဲတရပ်ပြုလုပ်ခဲ့ရာ အထွေထွေအတွင်းရေးမှူးက နိုင်ငံရေးအခြေအနေနဲ့ လူထုဆန္ဒအပေါ် မူတည်ပြီး အဖွဲ့ဝင် (၂၂)သန်းကျော် ရှိလာပြီဖြစ်တဲ့ ကြံ့ဖွံ့အဖွဲ့ကြီးကို နိုင်ငံရေးပါတီတစ်ရပ်အဖြစ် ပြောင်းလဲဖွဲ့စည်းကောင်း ဖွဲ့စည်းနိုင်တယ်လို့ မျက်နှာပြောင်တိုက်ကြေညာခဲ့ပါတယ်။နအဖဟာ ROAD MAP ချပြပြီးကတည်းက ကြံ့ဖွံ့ကော်မတီအဆင့်ဆင့်ကို ရွေးကောက်ပွဲအသစ်အတွက် စီမံချက်ရေးဆွဲပြီး ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားဖို့ ညွှန်ကြားချက်တွေ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာနယ်မြေအလိုက် မဲပေးနိုင်သူ အရေအတွက်စာရင်းကို ပြုစုကြဖို့၊ မဲပေးနိုင်သူတွေအနက် ဆန့်ကျင်ဘက်ပါတီတွေကို မဲပေးနိုင်မယ့် စာရင်းကို အနီးစပ်ဆုံး ခန့်မှန်းတင်ပြကြဖို့၊ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ ကော်မတီတွေကို ကျစ်လစ်ခိုင်မာအောင် ဖွဲ့စည်းထားကြဖို့၊ ရာစု၊ ထောင်စုအကွက်တွေ သတ်မှတ်ပြီး အသင်းဝင်အရေအတွက် တိုးမြင့်လာအောင် စည်းရုံးသွားကြဖို့၊ အသင်းဝင်ထဲက အမာခံအသင်းဝင် ( Hard Core)တွေနဲ့ လက်ရွေးစင်အမာခံအသင်းဝင် ( Inter Hard Core) တွေကို စီစစ်ရွေးချယ်လေ့ကျင့်ပေးဖို့၊ မိမိဒေသအတွင်း နိုင်ငံရေးအခြေခိုင်မာရေးနဲ့ စည်းရုံးလုပ်ရှားမှု ကျယ်ပြန့်ရေးဆောင်ရွက်ကြဖို့၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းများရဲ့ လှုပ်ရှားမှုနယ်မြေ ကျဉ်းမြောင်းပပျောက်ဖို့ နည်းလမ်း(၆)သွယ်ဖြင့် ဆောင်ရွက်သွားဖို့၊ သာလွန်အင်အားနဲ့ ချေမှုန်းသွားနိုင်ဖို့ စသဖြင့် ညွှန်ကြားခဲ့ပါတယ်။ ဒါပေမယ့် ကြံ့ဖွံ့တွေဟာ မူလကတည်းက ခံယူချက်နှင့် အကျင့်သီလ မကောင်းသူများဖြစ်ပြီး အတိုက်အခံတွေကို အောက်လမ်းနည်းဖြင့် ဘိန်း (သို့မဟုတ်) ချဲ၊ စာရွက်စာတမ်းများနှင့် ပစ်ဖမ်း၊ ညှော်စာရင်းမတိုင်လို့ဆိုပြီး လက်တလုံးခြားဖမ်း၊ စတဲ့ နည်းလမ်းမျိုးစုံဖြင့် ဖမ်းဆီးဆောင်ရွက်နေတာတွေ့ရပါတယ်။

## စစ်အာဏာရှင်ရဲ့ လက်ကိုင်တုတ်

ရေဝတီတိုင်း ဘိုကလေးမြို့နယ် NLD အဖွဲ့ချုပ်ရုံးမှာ ကျင်းပဖို့ပြင်ဆင်ထားတဲ့ (၅၉) ကြိမ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို မကျင်းပနိုင်အောင် ကြံ့ဖွံ့အင်အားနှင့်

ဒေသအာဏာပိုင်တွေ ပူးပေါင်းပြီး အကြမ်းဖက်ခြိမ်းခြောက်ခဲ့တယ်လို့ သိရပါတယ်။ ၂၀၀၇ခုနှစ် ဇန်နဝါရီလ (၃) ရက်နေ့ နေ့လည်ပိုင်းတွင် ဘိုကလေး မယကဥက္ကဋ္ဌနှင့် ကော်မရှင်တို့က အဖွဲ့ချုပ်ဥက္ကဋ္ဌကိုခေါ်ယူပြီး အခမ်းအနားကို ကျင်းပခွင့်ပြုမှာ မဟုတ်ကြောင်း၊ ဖြစ်လာမယ့် ပြဿနာတွေကို တာဝန်ယူရမယ်လို့ ခြိမ်းခြောက်ပြောဆိုခဲ့ပါတယ်။ ဒါ့အပြင် မြို့နယ်စည်ပင် အဖွဲ့ကလည်း ဗိုလ်ချုပ်အောင်ဆန်းရဲ့ အဆိုအမိန့်ပါ စာတန်းကို ဖြုတ်ချပေးဖို့ ဖိအားပေးလာပါ တယ်။ ည (၇)နာရီခွဲမှာ လူ(၅၀)ခန့်ဟာ တုတ်၊ ဓား လက်နက်တွေ ကိုင်ဆောင်ပြီး NLD ဥက္ကဋ္ဌနေအိမ်ကို ဝိုင်းကာ ဆူပူအော်ဟစ်ခဲ့ရာ အနီးအနားမှာရှိတဲ့ ဒုရဲအုပ်ကို အခြေအနေ ထိန်းသိမ်းပေးဖို့ တိုင်ကြားတဲ့အခါမှာ သူ့ကို အထက်ကပေးအပ်တဲ့ တာဝန်တွေထဲမှာ ဒီတာဝန်မပါဘူးလို့ ငြင်းဆိုခဲ့တာကြောင့် ရဲစခန်းအထိ သွားရောက်ပြီး အမှုဖွင့်တိုင်ကြားမှ ဆူပူမှုကိစ္စ ရပ်ဆိုင်းသွားခဲ့ပါတယ်။ ည(၁၂) နာရီအချိန်မှာ ကားတစ်စီးနဲ့အတူ လူအုပ်တစ်အုပ် ထပ်ရောက်လာပြီး ဧည့်စာရင်းတိုင်ကြားသူ (၁၆) ဦးကို စစ်ဆေးစရာရှိလို့ မယကရုံးကို လိုက်ခဲ့ဖို့ အတင်းအကျပ် တောင်းဆိုခဲ့ပြန်တယ်။ အဖွဲ့ချုပ်တာဝန်ရှိသူတွေက (၇) ရပ်ကွက် ရယကရုံးကို အသိပေးတိုင်ကြားပြီးဖြစ်လို့ မလိုက်နိုင်ဘူးလို့ ငြင်းဆိုလိုက်တဲ့အချိန်မှာ ရယက အဖွဲ့ဝင်သစ် သိန်းထွန်းဆိုသူ ကြံ့ဖွံ့အမာခံက ဦးဆောင်ပြီး ကြွေးကြော်သံများနှင့် ဆူပူအော်ဟစ်ကာ ဗိုလ်ချုပ်ရဲ့ အဆိုအမိန့်စာတန်းကို အတင်းအဓမ္မ ဖြုတ်သွားခဲ့ပါတယ်။ ဇန်နဝါရီလ (၄)ရက်နေ့ နံနက် (၇)နာရီခန့်မှာ ရယက ဥက္ကဋ္ဌခေါင်းဆောင်သော လူ(၁၅၀)ခန့်ရှိ အကြမ်းဖက်အုပ်စုဟာ NLD ဥက္ကဋ္ဌအိမ်သို့ ထပ်မံရောက်ရှိလာပါတယ်။ ဧည့်စာရင်းတိုင်ထားသူ (၁၆) ဦးအား ရုံး လိုက်ခဲ့ဖို့ ထပ်မံခြိမ်းခြောက်ခဲ့လို့ ရုံးသို့ (၂)သုတ်ခွဲပြီး လိုက်သွားခဲ့ရတယ်လို့ သိရပါတယ်။ အလားတူ (၂၀၀၇)ခု နှစ် ဧပြီလအတွင်း လူ့အခွင့်အရေး လှုပ်ရှားဆောင်ရွက်သူများဖြစ်တဲ့ ကိုမောင်မောင်လေးနဲ့ ကိုမြင့်နိုင်တို့(၂)ဦးကို ဟင်္သာတမြို့နယ်တွင် ကြံ့ဖွံ့များက ဥပဒေမယ့် ရိုက်နှက်ခဲ့ကြပါတယ်။ အပြစ်ကျူးလွန်သူများမှာ အရေးယူမခံရဘဲ ရိုက်နှက်ခံရသူ (၂)ဦး အပါအဝင် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူ (၆) ဦးဟာ တရားစွဲဆိုခြင်း ခံရပါတယ်။ ဒါ့အပြင် သိမ်ကြီးဈေးရှေ့မှာ ကုန်ဈေးနှုန်းကျဆင်းရေး အပါအဝင် အထွေထွေကျပ်တည်းမှုကို ဆန္ဒပြတောင်းဆိုနေတဲ့ ကိုထင်ကျော်ဦးဆောင်တဲ့ အဖွဲ့ကိုလည်း ကြံ့ဖွံ့ပါဝင်တဲ့ ပြည်သူ့ စွမ်းအားရှင်အဖွဲ့က အကြမ်းဖက် ဖမ်းဆီးခဲ့ပါတယ်။ ဆင်းရဲတဲ့သူများအတွက် အသုဘကိစ္စ လိုက်ပါဆောင်ရွက်ပေးနေတဲ့ မင်းသား ကိုကျော်သူတို့အဖွဲ့ကို လိုင်စင်သက်တမ်းတော်တော်နဲ့ တိုးမပေးဘဲ ကြံ့ဖွံ့က ဝင်ရောက်စွက်ဖက်နေတာတွေဟာ လူထု စိတ်မချမ်းမြေ့စရာများ ကြုံတွေ့နေရခြင်းဖြစ်ပါတယ်။

(၂၀၀၆) ခုနှစ် ဇန်နဝါရီလ (၃) ရက်နေ့မှာ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံတဲ့ ကြံ့ဖွံ့အင်အားပြပွဲကို မြို့နယ်အသီးသီးမှာ တပြိုင်တည်း ကျင်းပပြုလုပ်သွားကြဖို့ ကြံ့ဖွံ့ဗဟိုက ညွှန်ကြားချက်တွေ ထုတ်ပြန်လာပြန်ပါတယ်။ ဒီအခမ်းအနားတွေကို ကြံ့ဖွံ့ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်လူကြီးများကိုယ်တိုင် အနီးကပ်ကြပ်မတ်ပြီး စီမံသွားပါတယ်။ ဒီတခါ ထူးခြားတာက သဘာပတိကအစ ထောက်ခံသူများ အပါအဝင် ပါဝင်တက်ရောက်သူများကို မြို့နယ်ကြံ့ဖွံ့အဖွဲ့ဝင်များ ကိုယ်တိုင်က စီစစ်ရွေးချယ်ထားဖို့ ပါရှိပါတယ်။

## ဖျက်မြင်း

(၂၀၀၃) ခုနှစ် ဒီပဲယင်းအရေးအခင်း မတိုင်ခင် ဒေါ်အောင်ဆန်းစုကြည်ခရီးစဉ်မှာ ကြိုဆိုခဲ့တဲ့ လူထုပရိသတ် အင်အား သိန်းနဲ့ချီပြီး ပါဝင်လာတာကို နအဖအနေနဲ့ သဘောပေါက်နားလည်ပြီး ဒီတစ်ကြိမ်ပြုလုပ်မယ့် ရွေးကောက်ပွဲအသစ်ကို အဘက်ဘက်မှ သေချာအောင် အချိန်ယူပြင်ဆင်ထားပုံကို တင်ပြသွားပါမယ်။ ညောင်နှစ်ပင်ညီလာခံ မစတင်မီ (၂၀၀၄) ခုနှစ် နှစ်ဆန်းပိုင်းကတည်းက သက်ဆိုင်ရာ တိုင်းတာဝန်ခံတွေဖြစ်ကြတဲ့ ကြံ့ဖွံ့ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး၊ ဒုဝန်ကြီးတွေ ကိုယ်တိုင် သက်ဆိုင်ရာ နယ်မြေများရှိ ကြံ့ဖွံ့များကို တွေ့ဆုံခဲ့ပြီး အသေးစိတ် လမ်းညွှန်မှာကြားမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ညီလာခံအတွင်းမှာ ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက လမ်းကြောင်းပေးတဲ့အတိုင်း ထောက်ခံဆွေးနွေးကြဖို့ ညီလာခံအပြီးမှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ကို အတည်ပြုပေးဖို့နဲ့ ရွေးကောက်ပွဲသစ် ကျင်းပပြုလုပ်နိုင်ဖို့အတွက် မိမိတို့ သက်ဆိုင်ရာနယ်မြေအလိုက် မီးသေအောင် ကြိုတင်ပြင်ဆင်စီမံချက်တွေ ရေးဆွဲချထားဖို့ မှာကြားခဲ့တယ်လို့ သိရပါတယ်။ ဒါ့အပြင် Road Map (၇) ရပ်လုံး အောင်မြင်အထမြောက်ဖို့အရေးဟာ ကြံ့ဖွံ့အဖွဲ့ကြီးရဲ့ အဓိက အမျိုးသားရေးတာဝန်ကြီးတစ်ရပ်ဖြစ်တယ်လို့ အတင်းအကျပ် သတ်မှတ်ခဲ့ကြပါတယ်။ ညီလာခံမှာ ဆွေးနွေးကြမယ့် အဓိကအချက်များဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူမှာ တပ်မတော်ဟာ အနာဂတ် မြန်မာ့နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍမှာ မဖြစ်မနေပါရမယ်။ လွှတ်တော်အဆင့်ဆင့်နဲ့ အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်မှာလည်း တပ်မတော်က (၂၅) ရာခိုင်နှုန်း ပါကိုပါရမယ် စတဲ့ အချက်ကြီးများကို ထောက်ခံဆွေးနွေးကြဖို့ ဖျက်မြင်းအနေနဲ့ ကျန်တဲ့ (၇၅) ရာခိုင်နှုန်းကို NLD အနိုင်မရရေးအတွက် ရွေးကောက်ပွဲမှာ ကြံ့ဖွံ့က ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံဖို့ ကြိုတင်ပြင်ဆင် စည်းရုံးမှုတွေ ပြုလုပ်သွားရမယ်လို့ ကြံ့ဖွံ့ဗဟိုက လမ်းညွှန်ခဲ့ပါတယ်။ ညောင်နှစ်ပင် အမျိုးသားညီလာခံမှာလည်း နအဖ လိုချင်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံမျိုး သဘောတူညီချက် အလွယ်တကူရရှိစေဖို့

ကြံ့ဖွံ့အဖွဲ့ဝင် အများအပြားကို အမျိုးမျိုးသော ကိုယ်စားလှယ်များအသွင် သွတ်သွင်းပြီး တက်ရောက်ခိုင်းပါတယ်။ ဒါ့ကြောင့် ညီလာခံကိုယ်စားလှယ် (၁၀၈၈)ဦးအနက် အနည်းဆုံး (၈၀၀) ဦးဟာ အမိန့်နှင့် အာဏာကို ကြောက်ရတဲ့ဝန်ထမ်းများနှင့် ကြံ့ဖွံ့များသာဖြစ်လို့ ညီလာခံမှာ နအဖ စိတ်ကြိုက် ရေးဆွဲနိုင်ခြင်း ဖြစ်ပါတယ်။ (လက်နက်နှင့် ငြိမ်းချမ်းရေး ရယူထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များပါရှိတဲ့) အထူးဖိတ်ကြားထားသောအဖွဲ့နှင့် တသီးပုဂ္ဂလ ကိုယ်စားလှယ်များပါသော အစုအဖွဲ့များသာ ဆွေးနွေးပွဲများတွင် ညပိုင်းအထိ အကြိတ်အနယ် ကြာမြင့်အောင် ဆွေးနွေးကြပြီး ကျန်တဲ့အစုအဖွဲ့များ၏ ဆွေးနွေးပွဲများမှာမူ လက်ညှိုးထောင်၊ ခေါင်းညိတ် စောစီးစွာပြီးသွားတယ်လို့ သိရပါတယ်။

ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ကျေးရွာနဲ့ရပ်ကွက်အလိုက် မဲပေးနိုင်သူစာရင်းများကို ပြုစုပြီး ပြည်သူ လူထုစည်းရုံးမှုတွေနဲ့ တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေနဲ့ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ကြံ့ဖွံ့တွေကို အတင်းအဓမ္မ လုပ်ခိုင်းလာပါတယ်။ ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်နယ်မယ့် မြို့နယ်အတွင်း သြဇာတိက္ကမရှိသူ၊ ကြံ့ဖွံ့အဖွဲ့ဝင် (၅)ဦးရဲ့ အမည်စာရင်း ပြုစုသွားရန်၊ အမျိုးသားညီလာခံကို တားဆီး၊ နှောင့်ယှက်ဖျက်ဆီးကြမယ့် လူတွေအား အချိန်မီ ဖော်ထုတ်ချေမှုန်းသွားကြရန် မှာကြားခဲ့တယ်လို့ သိရပါတယ်။ စစ်အာဏာရှင်များပီပီ နအဖဟာ အခြေခံအဖွဲ့အစည်းဖြစ်တဲ့ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အဆင့် ဒေသဆိုင်ရာ အာဏာပိုင်များကို ပြန်လည် အစားထိုးခန့်အပ်ခဲ့ရာမှာ ကြံ့ဖွံ့အများစုပါဝင်တဲ့ အာဏာပိုင် အဖွဲ့အစည်းဖြင့် ပြောင်းလဲခဲ့ပြီ ဖြစ်ပါတယ်။ အချို့နေရာဒေသများတွင် ဥပမာ တာချီလိတ်မြို့ ဆန်ဆိုင်းရယကဥက္ကဋ္ဌအသစ် ခန့်အပ်ရာ၌ ကြံ့ဖွံ့က ကြိုးဆွဲရာ ကနိုင်တဲ့ ပြည်သူလူထု မကြိုက်တဲ့လူမျိုးကို ဇွတ်အတင်းခန့်အပ်ခဲ့တာမျိုး လုပ်ခဲ့တယ်လို့ သိရပါတယ်။

## နအဖရဲ့ နည်းပရိယာယ် စင်ပြိုင်အဖွဲ့ငယ်များ

၂၀၀၆ ခုနှစ် နှစ်ဆန်းပိုင်းကစပြီး နအဖဟာ NLDနှင့် သူ့ရဲ့အင်အားစုများကို ချိနဲ့သွားအောင် အနုနည်း၊ အကြမ်းနည်း နည်းဗျူဟာတွေကျင့်သုံးပြီး အရှိန်အဟုန်မြင့် လုပ်ဆောင်လာတာ တွေ့ရပါတယ်။ စင်ပြိုင် NLD အဖွဲ့၊ စင်ပြိုင် (၈၈) မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)၊ စင်ပြိုင်အလုပ်သမား၊ လယ်သမားအဖွဲ့၊ စင်ပြိုင်အမျိုးသားရေး အဖွဲ့ ထူထောင်ပေးပြီး အချင်းချင်း ထိပ်တိုက်ရင်ဆိုင်မှုဖြစ်နေအောင် ဖန်တီးပေးတဲ့အထိ ပြုလုပ်လာကြပါတယ်။ (၂၀၀၆) ခုနှစ် ဩဂုတ်လ (၃၀) ရက်နေ့တွင် (၈၈)မျိုးဆက် ကျောင်းသားလူငယ်များ ပြည်ထောင်စုမြန်မာနိုင်ငံ ဆိုတဲ့အဖွဲ့ဟာ နအဖရဲ့ Road Map (၇)ချက်ကို

အပြည့်အဝ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း NLD နဲ့ (၈၈) မျိုးဆက်ကျောင်းသားလူငယ်များရဲ့ ရပ်တည်ချက်ကို ဆန့်ကျင်သွားမည်ဖြစ်ကြောင်း ကြေညာထားတာတွေ့ရပါတယ်။ ဒါ့ကြောင့် နအဖရဲ့ ပြည်တွင်းမီဒီယာတွေကို အသုံးချခွင့်ပြုပြီး အဆိုပါအဖွဲ့ရဲ့လှုပ်ရှားမှုကို ဝါဒဖြန့်ချိပေးနေတာ တွေ့ရပါတယ်။ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်နေ့မှာ ရန်ကင်းမြို့ ကျောက်ကုန်း၊ ကျောင်းကြီးဘုန်းကြီးကျောင်းမှာပြုလုပ်တဲ့ ပြည်ထောင်စုနေ့အကြိုအမျိုးသား နိုင်ငံရေးအင်အားစုများရဲ့ ပထမအကြိမ် တွေ့ဆုံပွဲ ပြုလုပ်ခဲ့ပါတယ်။ ဒီတွေ့ဆုံပွဲမှာ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေး ကျောင်းတော်သားစု ဆိုတဲ့ ဦးလှမြင့်အဖွဲ့၊ ခေတ်သစ်နိုင်ငံရေးဘောဂဗေဒ ကျောင်းတော်သားစု ဆိုတဲ့ ဦးလှသိန်းအဖွဲ့၊ နိုင်ငံရေး ဘောဂဗေဒလေ့လာရေး မျိုးဆက်သစ်ကျောင်းတော်သားစု ဆိုတဲ့ ဦးအုန်းလွင်အဖွဲ့၊ NLD မှထုတ်ပယ်ထားသော ဦးရဲကိုနဲ့ ညီလာခံတက်ရောက်နေတဲ့ လွှတ်တော်ကိုယ်စားလှယ်များဖြစ်တဲ့ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်၊ ဦးတင်ဝင်း၊ ဝံသာနု NLD ဒေါက်တာ စိုးလင်းတို့အဖွဲ့၊ ကိုအေးလွင်တို့ ဦးဆောင်သော (၈၈) မျိုးဆက်ကျောင်းသားအဖွဲ့တို့ တက်ရောက်ခဲ့တာတွေ့ရပါတယ်။ ဒီနေရာမှာ ထူးခြားတာ ရန်ကင်းကျောင်းကြီးဘုန်းကြီးကျောင်းဟာ စက်မှု(၁) ဝန်ကြီး ဦးအောင်သောင်းဟာ ဘုံကထိန်ဝါဆိုသင်္ကန်း အမြဲဆည်းကပ် ကိုးကွယ်လှူဒါန်းနေတဲ့ကျောင်းဖြစ်သလို ကြံ့ဖွံ့အတွင်းရေးမှူး ဖြစ်တာနဲ့အညီ ၎င်းရဲ့ စီမံမှုဖြစ်တာ သေချာသလောက်ရှိပါတယ်။ ကြံ့ဖွံ့အမာခံထားရှိတဲ့ ပြည်သူ့စွမ်းအားရှင်အဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပြီး မီးသတ်၊ စည်ပင်၊ ကြက်ခြေနီများပါဝင်ကြကာ လူထုအသွင်ဖန်တီးရေးနဲ့ အတိုက်အခံ အဖွဲ့အစည်းများက ဘုရားရင်ပြင် ဝတ်ပြုဆုတောင်းပွဲ အေးချမ်းစွာလုပ်လာခဲ့ရင်တောင် ပြည်သူက လက်မခံတဲ့ အသွင်မျိုး ဖန်တီးကာ ပြည်သူကို ပြည်သူက ထိန်းကွပ်တဲ့ပုံစံမျိုး အကောင်အထည် ဖော်လာတာတွေ့ရပါတယ်။ နောက်ကွယ်မှာ ကြံ့ဖွံ့မြို့နယ်အမှုဆောင်များနဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ကြိုးကိုင်လူစုထားပေးပြီး ကင်မရာများ၊ တုတ်၊ ဝါးရင်းတုတ် အပါအဝင် ဆိုင်ကယ်၊ ဒိုင်နာကားများ အစုံအလင် စီစဉ်ထားကာ သာလွန်အင်အားဖြင့် အကြမ်းဖက်ချေမှုန်းနိုင်ရေး စီစဉ်ပေးခဲ့ပါတယ်။

## ပြည်သူ့ချဉ်ဖတ် အမြစ်ဖြတ်

ကြံ့ဖွံ့အမာခံတွေကို သတင်းထောက်လှမ်းရေးနည်းတွေ လျှို့ဝှက်သင်ကြားပေးပြီး မိမိမြို့နယ် အတွင်းမှာရှိတဲ့ မယက၊ ရဲတပ်ဖွဲ့နဲ့ စစ်တပ်အပါအဝင် ဌာနဆိုင်ရာ ဝန်ထမ်းတွေအားလုံးကို စောင့်ကြည့်ခိုင်းပြီး အာဏာအလွဲသုံးစားပြုမှု၊ အဂတိ လိုက်စားမှု၊ အကျင့် စာရိတ္တပျက်ပြားမှု၊ ဆန့်ကျင်ဘက် နိုင်ငံရေးအသင်းအဖွဲ့တွေမှာ ပါဝင်ပတ်သက်မှုရှိမရှိ စတဲ့ Report

တွေ့ တင်ခိုင်းနေတာကြောင့် ပထမဦးဆုံး မုန်းတီးတဲ့သူကတော့ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် အစိုးရရုံးဝန်ထမ်းများသာဖြစ်ပါတယ်။ ဒုတိယ မုန်းတီးခဲ့သူများကတော့ စစ်တပ်ဖြစ်လာပြီး ကြံ့ဖွံ့တွေကိုပင် လုံခြုံရေးလုပ်ပေးရတဲ့အတွက် အခွင့်ထူးခံ လူတန်းစားအဖြစ် မြင်နေကြပြီဖြစ်ပါတယ်။ တတိယ မုန်းတီးတဲ့သူများကတော့ ပြည်သူလူထုပဲဖြစ်ပါတယ်။ ကြံ့ဖွံ့တွေဟာ စစ်တပ်ပုံစံ ဗဟိုဦးစီးစနစ်အရ သွတ်သွင်းစည်းရုံးခံရပြီး အချို့ကလည်း နအဖရဲ့ စီးပွားရေးမက်လုံးများ၊ အခွင့်အလမ်းများ ပေးလာ၍ ဝင်ရောက်လာသော ခံယူချက်မရှိသည့် သူများဖြစ်ကြောင်း ပြည်သူလူထုက သိရှိလာပြီ ဖြစ်ပါတယ်။ ကြံ့ဖွံ့ရဲ့ မူလရည်ရွယ်ချက်ဖြစ်တဲ့ ပါတီနိုင်ငံရေးနဲ့ ကင်းရှင်းသည့် လူမှုရေးအဖွဲ့အစည်းအသင်းကြီးသက်သက်သာ ဖြစ်ရမယ်လို့ ကြွေးကြော်ခဲ့ပေမယ့် တကယ်တမ်း လက်တွေ့နယ်ပယ်တွင် နအဖရဲ့ နိုင်ငံရေးကစားကွက်ထဲသို့ ကျရောက်သွားကာ နိုင်ငံရေးပါတီအသွင် ခြေလှမ်းလှမ်းမှု အသွင်သဏ္ဍာန်များ ပေါ်ထွက်လာပြီဖြစ်ပါတယ်။

ပြည်သူလူထုကို စည်းရုံးရမည်ဆိုသော်လည်း ကြံ့ဖွံ့များက လက်တွေ့ဆက်ဆံပြုမူဆောင်ရွက်မှုအပိုင်းတွင် အာဏာရှင်ဆန်ဆန် အကြမ်းဖက်မှု ဥပဒေမယ့်ပြုလုပ်မှုများကြောင့် ပြည်သူလူထုက စိတ်တိုနေပြီ ဖြစ်ပါတယ်။ ပြည်သူလူထု အများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်သည်နှင့်အညီ သနားကြင်နာစိတ်နှင့် မေတ္တာတရားပွားများလိုစိတ်၊ သည်းခံစိတ်များနှင့် ပြည့်နှက်နေကာ နိုင့်ထက်စီးနင်း ပြုလုပ်လာတဲ့ ကြံ့ဖွံ့များအပေါ် အလိုလိုမုန်းတီးစိတ်တိုးသထက် တိုးဖြစ်လာမှာ သေချာပါတယ်။ ကြံ့ဖွံ့များဟာ ဆွေးနွေးပွဲများမှာ ဒီမိုကရေစီနည်းကျကျ လွတ်လပ်စွာ ဝေဖန်ဆွေးနွေးခွင့်၊ အားနည်းချက်တွေကို ထောက်ပြခွင့် မရှိတာကို တွေ့ရသဖြင့် ရေရှည် တည်တံ့ခိုင်မြဲမှာမဟုတ်ကြောင်း တွေ့ရှိရပါတယ်။ အရည်အချင်းထက် အရေအတွက်ကို ဦးစားပေးသော ကြံ့ဖွံ့များသည် ခံယူချက် ယုံကြည်ချက်မရှိသူများသာ အများစုပါရှိကြသည့်အပြင် စီးပွားရေးကျပ်တည်းသူများနှင့် အခြေခံလူတန်းစားများ၊ ဝိသမလောဘရှိသော ကုန်သည်များပါ ရောနှောပါဝင်နေကြပါတယ်။ ရွှေဝါရောင် တော်လှန်ရေးကြီးတွင် ဝင်ရောက်နှောက်ယှက်ဟန့်တားကြသော ကြံ့ဖွံ့များ၏ အမည်စာရင်းကို ပြည်သူလူထုက အင်တာနက်ပေါ်တွင်တင်၍ လည်းကောင်း၊ (RFA, BBC, VOA) သို့ဆက်သွယ်၍ လည်းကောင်း ကြံ့ဖွံ့များ၏ လိပ်စာနှင့် တာဝန်များကိုဖော်ပြကာ အကြမ်းဖက်မှုများကိုလက်မခံကြောင်း သက်သေပြခဲ့ပါတယ်။ အာဏာရှင်တစုရဲ့ လက်ကိုင်တုတ်ဖြစ်နေတဲ့ ပြည်သူ့ချဉ်ပတ်ကြံ့ဖွံ့များကို ပြည်သူလူထု၏ စည်းလုံးညီညွတ်မှုဖြင့် အမြစ်ပြတ်ချေမှုန်းသွားဖို့ တိုက်တွန်းလိုက်ရပါတယ်။ ဒါကြောင့် တကယ်တန်း မျိုးချစ်စိတ်ဖြင့် ခံယူချက်အပြည့်နှင့် အုံကြွလာသော ရဟန်းသံဃာများနှင့် ကျောင်းသားများ၏ ရွှေဝါရောင်တော်လှန်ရေးကို ထိထိရောက်ရောက် ဟန့်တားနိုင်ခြင်း မရှိကြောင်း သက်သေပြလျက် ရှိနေပါတယ်။

# အခန်းကြီး (၂)

# ရွှေဝါရောင်တော်လှန်ရေးနှင့် နအဖ၏ဗျူဟာ

## မြန်မာ့တပ်မတော်၏ အသုံးချခံဘဝ

ဗိုလ်ချုပ်သန်းရွှေဟာ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးကို ဖိအားပေးကာ လုံထိန်းရဲများ၊ ကြံ့ဖွံ့စွမ်းအားရှင်များကို ရန်ကုန်မြို့တော်အတွင်း ဆန္ဒပြလူထုအား ချေမှုန်းသွားနိုင်ရေး ဦးစွာညွှန်ကြားခဲ့ပါတယ်။ ဗိုလ်ချုပ်မောင်ဦးဟာ တိုင်းမှူးဘဝနဲ့ တပ်မှာရှိစဉ် ၎င်းစီးနင်းလာတဲ့ မော်တော်ယာဉ်တန်းအား မသိလို့ ကျော်သွားမိတဲ့ ကားတစ်စီးကို အတင်းပြန်ကျော်တက်ပြီး ကားမောင်းသူကို ဆင်းပြီး ပါးရိုက်တဲ့အထိ ကြမ်းတမ်းခက်ထန်ခဲ့သူ ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီး ဖြစ်လာတဲ့အခါကျတော့လည်း ဝန်ထမ်းတွေကို စိတ်မထင်ရင် မထင်သလို ဖြုတ်၊ ထုတ်၊ ချ အရေးယူ ကြမ်းတမ်းခဲ့သူ ဖြစ်ပါတယ်။ ဒီလို ဇာတ်ကြမ်းတိုက်သူ၊ ယုတ်မာရိုင်းစိုင်းသူ ဖြစ်တာကြောင့် လက်အောက်ခံလုံထိန်းရဲတွေကလည်း ဆရာ့ခြေရာနင်းကာ ကြမ်းတမ်းစွာ ရိုက်နှက်ခဲ့ပါတယ်။ ဘုရားသားတော် သံဃာတော်တွေကို သွေးသံရဲရဲ ရိုက်နှက်ထားတာ မြင်တွေ့ရလို့ ပြည်သူလူထုဟာလည်း မကြောက်မရွံ့ ဆန္ဒပြမှုတွေမှာ ပါဝင်လာခဲ့ကြပါတယ်။ လုံထိန်းရဲတွေကို အရပ်ဝတ်နဲ့ ဝတ်ဆင်စေကာ ကြံ့ဖွံ့တွေနဲ့ ရောနှောထားပြီး ဆန္ဒပြသူတွေကို တုတ်နဲ့ ရိုက်နှက်ဖမ်းဆီးစေခဲ့ပါတယ်။ ဒ့ါအပြင် လက်လုပ်လက်စား အခြေအနေမယ့်များကို ငွေပေးငှားရမ်းပြီး လူမိုက်အငှားနဲ့ လူထုကို နှိပ်ကွပ်ပါတယ်။ ဒါပေမယ့် ရန်ကုန်မြို့က လူထုအုံကြွမှုကြီး အရှိန်မြင့်တက်လာတာနဲ့အမျှ ရဲနဲ့ ကြံ့ဖွံ့တို့ဟာ မထိန်းနိုင် မသိမ်းနိုင်ဖြစ်နေပြီး စစ်တပ်ကို ခေါ်ယူနှိမ်နင်းရတဲ့ အခြေအနေ ဖြစ်လာပါတယ်။ ရန်ကုန်မြို့ အခြေအနေဟာ မမျှော်လင့်ဘဲ ဘုရားသားတော်တွေ အမြောက်အမြားဆန္ဒပြလာပြီး ပြည်သူလူထု သိန်းချီပြီးပါဝင်လာတာကြောင့် ရန်ကုန်မြို့လုံခြုံရေးအတွက် တပ်မ (၆၆)နဲ့ တပ်မ (၇၇) တပ်တွေကို ခေါ်ယူအင်အားဖြည့်တင်းပေးခဲ့ရပါတယ်။ တပ်မ (၆၆) ဟာ ပြည် အင်းမက လာတာဖြစ်ပြီး ရန်ကုန်ကို ဆွဲသုံးမယ်ဆိုရင် ကကကြည်းရဲ့ ခွင့်ပြုချက်ကို ရယူရမှာဖြစ်ပါတယ်။

ကကကြည်းကို ကိုင်ထားတဲ့ ဗိုလ်ချုပ်မောင်အေးက သူ့မှာ တာဝန်ရှိတယ်လို့ ခံယူထားပြီး ဗိုလ်ချုပ်ရွှေမန်းနဲ့ သဟဇာတမဖြစ်ပဲ သဘောထားကွဲလွဲနေကြောင်း သိရှိရပါတယ်။ ကြည်းတပ်ကိစ္စအချို့ကို ဗိုလ်ချုပ်သန်းရွှေက ဗိုလ်ချုပ်ရွှေမန်းအား အရေးပေါ်ကိစ္စ အကြောင်းပြပြီး တိုက်ရိုက်ခိုင်းစေတာတွေရှိတာမို့ ဗိုလ်ချုပ်မောင်အေး မသိလိုက်တာမျိုးလည်း ရှိပါတယ်။ ကြည်းတပ်ကိစ္စအဝဝအား ဗိုလ်ချုပ်မောင်အေးက တာဝန်ယူထားတာဖြစ်လို့ နောင်မှာ သမိုင်းကြောင်းအရ သူ့တွင် တာဝန်ရှိလာမှာဖြစ်ကြောင်း မကြာခဏ စောဒကတက်နေပြီး မူဝါဒပိုင်းနှင့် လက်တွေ့အမိန့်ပေးမှုတွေဟာ လွဲချော်နေတာကြောင့် စိတ်မသက်မသာ ဖြစ်နေတယ်လို့လည်း သိရှိရပါတယ်။ ကာကွယ်ရေးဦးစီးချုပ် ကြည်း ဗိုလ်ချုပ်မောင်အေးဟာ တိုင်းမှူးတွေကို မှာကြားထားရာမှာ လူထုကို ဖြစ်နိုင်က မပစ်ဖို့နဲ့ တပ်၊ ဌာနချုပ်၊ အိမ်ထောင်သည်လိုင်းများနှင့် စက်ရုံ၊

အလုပ်ရုံ၊ အစိုးရရုံးတွေကို အကြမ်းဖက်ကျူးလွန်မှု ပြုလုပ်လာကြမှသာ ပစ်ခတ်ဖို့ မှာကြားခဲ့တယ်လို့ သိရှိရပါတယ်။ ရဟန်းသံဃာတော်တွေရဲ့ စီတန်းလမ်းလျှောက် ဆုတောင်း မေတ္တာပို့ပွဲတွေမှာ ဘာသာရေး ကြည်ညိုကိုင်းရှိုင်းကြတဲ့ စစ်တပ်က ဗိုလ်ချုပ်တချို့နဲ့ တပ်မတော်သားအများစုဟာ ဝင်ရောက်ဖြေရှင်းလိုစိတ် မရှိကြကြောင်း၊ တိုင်းမှူးတွေအနေနဲ့ မီးစင်ကြည့်ပြီး ကနေရတာတို့ကြောင့် တိုင်းနဲ့ ပြည်နယ် အရေးအခင်းတွေမှာ ဖြေရှင်းပုံ နည်းလမ်းမတူကြတာကို တွေ့ရှိရပါတယ်။ ရန်ကုန်မြို့တော်တွင် ရဟန်းသံဃာတော်တွေ လူထုအုံကြွမှုကြီးမားတာကြောင့် နိမ်နင်းရာတွင် အမိန့် (၃)မျိုး ရောထွေးနေတယ်လို့ သိရှိရပါတယ်။ စွမ်းအားရှင်တွေနဲ့ ကြံ့ဖွံ့တွေကို ဦးစီးတဲ့ စစ်တပ်က ဗိုလ်ချုပ်တွေရဲ့အမိန့်ရယ်၊ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ရဲ့ အမိန့်ရယ်၊ ရန်ကုန်တိုင်း တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းရဲ့ အမိန့်ရယ်ဆိုပြီး ရှုပ်ထွေးခဲ့ပါတယ်။ ဒီနေရာမှာ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ရဲ့ တပည့်အရင်းဖြစ်သူပီပီ ကကြည်းရဲ့အမိန့်ကို တိတိကျကျလိုက်နာသူဖြစ်ပါတယ်။ ဒါကြောင့် ရှေ့ပိုင်း စောစောအချိန်ကာလတွေမှာ ရန်ကုန်မြို့တော်က ဘုရားသား လူထုအုံကြွမှုကြီးကို တပ်က ဝင်ရောက်စွက်ဖက်မှုမရှိသေးတာကြောင့် ဘုရားသားတွေရဲ့ အောင်မြင်မှုအရှိန်အဟုန် မြင့်မားလာတာကို တွေ့ရပါတယ်။ ဗိုလ်ချုပ်လှဌေးဝင်းဟာ တိုင်းမှူးဖြစ်ပေမယ့် ယခင်တိုင်းမှူးတွေလို ချက်ချင်းလုပ်ကိုင်ခွင့်အာဏာမရရှိခဲ့ဘဲ ဗိုလ်ချုပ်မြင့်ဆွေရဲ့ ထိန်းချုပ်မှု၊ စွက်ဖက်မှုများကို မကြာခဏကြုံတွေ့နေရကြောင်းသိရှိရပါတယ်။ ဗိုလ်ချုပ်သန်းရွှေရဲ့တပည့်အရင်း ဗိုလ်ချုပ်ရွှေမန်း၊ ဗိုလ်ချုပ်မြင့်ဆွေတို့ရဲ့ ဝင်ရောက်ကိုင်တွယ်လို့သာ ရန်ကုန်မြို့တွင် အကြမ်းဖက်မှုဖြစ်ပွားကာ သွေးမြေကျခဲ့ရပါတယ်။

နမခတိုင်းမှူး ဗိုလ်ချုပ်သာအေးဆိုလျှင်လည်း မုံရွာမြို့၌ ဘုရားသားတော်များ အေးချမ်းစွာ မေတ္တာပို့နိုင်ခဲ့လို့ သေနတ်သံတောင် မကြားရလို့ မြို့အခြေအနေ ကောင်းမွန်ခဲ့ပါတယ်။ ဘာသာတရား ရှိသေကိုင်းရှိုင်းသူ တိုင်းမှူးတစ်ဦးဖြစ်တဲ့ ဗိုလ်ချုပ်သာအေးကို တပ်မတော်သားအများစုနှင့် ရဟန်းသံဃာ ပြည်သူလူထုက ချစ်ခင်အားကိုး မျှော်လင့်ချက်ထားရှိပေမယ့် လည်း နအဖ စစ်အာဏာရှင်များက ရိပ်မိ၍ ကစထမှူးအဖြစ် ၎င်းအား ပြောင်းရွှေ့ခဲ့ကြောင်း သိရှိရပါတယ်။ လပခတိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဟာ ဗိုလ်ချုပ်သန်းရွှေနဲ့ ဗိုလ်ချုပ်မောင်အေးတို့ နှစ်ဦးအကြား မူဝါဒများကို လိုအပ်သလိုမီးစင်ကြည့်ကနိုင်လို့ ရဟန်းသံဃာများသော မန္တလေးမှာ သေနတ်ထောင်ဖောက်ရုံသာ ပြုလုပ်ရပြီး သွေးမြေမကျပဲ တည်ငြိမ်စွာ ဖြေရှင်းပေးနိုင်ခဲ့ပါတယ်။ မပခတိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်ကတော့ နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်သန်းရွှေရဲ့အမိန့်ကို တိကျစွာ အကောင်အထည်ဖော်ပြီး ညပိုင်း ဘုန်းကြီးကျောင်းတွေကို ဝင်ရောက်စီးနင်း အကြမ်းဖက်သည်အထိ ကျူးလွန်ခဲ့ပါတယ်။ ဒီနေရာမှာ ဗိုလ်ချုပ်အုန်းမြင့်ကို ထိပ်ပိုင်း ရာထူးတိုးပေး

ခါနီးမှာ ဗိုလ်ချုပ်သန်းရွှေက မသိတသိ၊ မမှတ်မိ ဖြစ်နေလို့ စစ်ဖက်လက်ထောက် ဗိုလ်ချုပ်နေဝင်းက ဗိုလ်ချုပ်အုန်းမြင့်ကို ဗိုလ်ချုပ်သန်းရွှေနှင့် တစ်တပ်တည်းမှာ နေခဲ့ဖူးကြောင်း ရာဇဝင်မှတ်မိအောင် ဖော်ကောင်လုပ်ပေးလို့ တိုင်းမှူးဖြစ်လာရခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ဗိုလ်ချုပ်အုန်းမြင့်အနေနဲ့ အာဏာကို မီးကုန်ယမ်းကုန်သုံးကာ စစ်အာဏာတည်မြဲရေးအတွက် တပ်ချုပ်ကို ဖားနေရခြင်းဖြစ်ပါတယ်။

## နိဂုံးချုပ်

နအဖဟာ ဒီမိုကရေစီကို တရားသဖြင့် ရယူချင်တဲ့ ပြည်သူလူထုရဲ့ သဘောထားအစစ်အမှန်ကို မျက်ကွယ်ပြုမှု၊ သတင်းအမှားများဖြစ်တဲ့ ရဟန်းအတု၊ ရဟန်းအယောင်များဆိုပြီး ထုတ်လွှင့်မှု၊ လူထုစည်းရုံးရေးအစား အကြမ်းဖက် နှိပ်ကွပ်သတ်ဖြတ်မှု စတာတွေကို ဆက်တိုက်ကျူးလွန်နေတာကြောင့် သူတို့ချမှတ်ထားတဲ့ National Defense Strategy မအောင်မြင်ဘဲ ပြိုကွဲသွားရခြင်းဖြစ်ပါတယ်။ နအဖက ပြုစုပျိုးထောင်ပေးတဲ့ လက်ကိုင်တုတ်၊ ကြံ့ဖွံ့တွေနဲ့ စွမ်းအားရှင်တွေဟာ လူထုအုံကြွမှုကို ငြိမ်းချမ်းစွာ တားဆီးထိန်းသိမ်းနိုင်စွမ်းမရှိတာကြောင့် စစ်တပ်ကိုသာ ခေါ်ယူရပြီး လက်နက်အားကိုး ဖြေရှင်းခဲ့ရပြီဖြစ်ပါတယ်။ ယနေ့မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းမှာ သားသုံးသားထဲမှ ကျောင်းသားနှင့် ဘုရားသားတို့ လက်တွဲပြီး စည်းလုံးညီညွတ်မှုရလဒ် ပေါ်ထွက်လာခဲ့ပြီ ဖြစ်ပါတယ်။ ဒီရလဒ်ကောင်းကို အရှိန်အဟုန်မကျစေဖို့နဲ့ ဒီမိုကရေစီပန်းတိုင်ကို တွန်းပို့နိုင်အောင် ပြည်သူ့တပ်မတော်အဖြစ် ရပ်တည်နိုင်ဖို့အချိန်ကျရောက်နေပြီဖြစ်ကြောင်း စစ်သားတွေကို သတိပေးလိုပါတယ်။ ပြည်သူလူထုကိုလည်း မေတ္တာရပ်ခံချင်တာကတော့ ပြည်သူ့ဘက်ကို ရပ်တည်လာတဲ့တပ်မတော်သားများရှိလာခဲ့ပြီဆိုရင်လည်း နအဖက အသေရရ အရှင်ရရ ချေမှုန်းမှာဖြစ်လို့ အမြန်ပူးပေါင်းကာ ညီညွတ်သော တပ်ပေါင်းစုအဖြစ် ဖွဲ့စည်းပြီး ကြားဖြတ်အစိုးရ ဖွဲ့စည်းနိုင်သည်အထိ ကြိုးစားသွားရန်ဖြစ်ပါတယ်။ လူထုအနေဖြင့် စစ်တပ်နဲ့ စစ်အာဏာရှင်ကို ပြတ်သားစွာ ခွဲခြားပစ်ပြီး အခြေအနေကောင်း တစ်ခုကို အားယူစောင့်ဆိုင်းနေကြတဲ့ ပြည်ချစ်တပ်မှူးကြီးတွေ၊ အရာရှိ၊ အကြပ်၊ တပ်သားတွေ အမြောက်အမြား ရှိနေကြတာကြောင့် ပြည်သူလူထုနဲ့အတူ ပြောင်းလဲရပ်တည်နိုင်တဲ့ အလားအလာကောင်းများ ရှိနေပြီဖြစ်ကြောင်း တင်ပြလိုက်ရပါတယ် ■

DPNS
မြန်ကြားရေး

"တပ်မတော်ရဲ့ သမိုင်းကြောင်းကို ကောင်းမွန်အောင် မျိုးဆက်သစ်တပ်မှူးတွေ လုပ်ဆောင်ဖို့
အမျိုးသားရေးတာဝန် ကျန်ရှိနေပါသေးတယ် ..."



# ဗိုလ်ထက်မင်း
# တပ်မတော်အရာရှိတစ်ဦး၏ တင်ပြချက်

design **thiha maung maung**. ad 2008